www.burmeseclassic.com

ရွှေပဒေသာစာပေ

# ကြယ်စင်မှူးဝေ

## အလွမ်းသင့်ရောင်ခြည်




( အချစ်လုံးချင်းဝတ္ထု(သစ်) )

www.burmeseclassic.com

www.burmeseclassic.com


**ပုံနှိပ်မှတ်တမ်း**

| | | |
|---|---|---|
| ပုံနှိပ်ထုတ်ဝေခြင်း | - | ပထမအကြိမ်၊ ၂၀၁၃၊ စက်တင်ဘာ။ |
| ထုတ်ဝေသူ | - | ဦးအေးလွင် (၀၄၁၅၂) ရွှေဥစာပေတိုက် အမှတ် (၃၃)၊ ကျီတော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ | - | ဦးအေးလွင် (၀၈၂၁၀) ရွှေပဒေသာအော့ဖ်ဆက် အမှတ် (၃၃)၊ ကျီတော်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ဈေး | - | ၁၃၀၀ ကျပ် |
| အုပ်ရေ | - | ၅၀၀ အုပ် |

ကြယ်စင်မျှုးဝေ ၈၉၅.၈၃

အလွမ်းသင့်ရောင်ခြည် / ကြယ်စင်မျှုးဝေ။ - ရန်ကုန် ရွှေဥစာပေ ၊ ၂၀၁၃ ။

၃၀၃ - စာ ၊ ၁၂.၃ x ၁၈ စင်တီ ။

(၁) အလွမ်းသင့်ရောင်ခြည်


BURMESE CLASSIC .com

# ကြယ်စင်မျှုးဝေ

# အလွမ်းသင့်ရောင်ခြည်

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

## အခန်း ၁

*လွှမ်းသီသီ* ...

အရပ်က (၆)ပေလောက်မှာ ခပ်ဖြောင့်ဖြောင့်ကိုယ်ဟန်နှင့် စမတ်ကျလှသည့် ဝတ်ပုံစားပုံတို့ကြောင့် သူတို့လောကမှာတော့ သူဟာ ရွှေမင်းသားတစ်ပါး။

ရုပ်ကလည်း အချောဆုံးထဲမပါတောင်မှ ယောက်ျားပီသတဲ့အထဲပါပြီး မျက်ခုံးမျက်လုံးထင်းထင်း၊ နှာတံပေါ်ပေါ်နှင့် ပိရိသည့်နှုတ်ခမ်းတွေကြောင့် လူချောစာရင်းမှပယ်လို့မရ။

ငယ်စဉ်ကတည်းက မိဘအမွေရထားတာချင်းအတူတူ အစ်ကို လွှမ်းကိုကိုက အသုံးအဖြုန်းဝါသနာပါပြီး သူကတော့ အိမ်၊ မြေ၊ တိုက်တာဝယ်တာ ဝါသနာပါသူ။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ညီအစ်ကိုနှစ်ယောက်စလုံးက အသက်တစ်နှစ်ပဲကွာပြီး ဆယ်တန်းအောင်သည်မှာအတူတူ။ အစ်ကိုက ဆေးတက်ပြီး သူကတော့ အင်ဂျင်နီယာဘွဲ့ကိုယူခဲ့သည်။

သူ ဆောက်လုပ်ရေးအလုပ်တွေ၊ အိမ်ခြံမြေတိုက်တာတွေနှင့် တော်တော်အခြေကျနေကာမှ အစ်ကိုဖြစ်သူ လွှမ်းကိုကိုမှာ ဒေါက်တာပေါက်စအဖြစ် မြို့လေးတစ်မြို့မှာ တာဝန်ကျသည်။

ဆိုပါစို့၊ သူ့အသက် (၂၆)နှစ်၊ အစ်ကို့အသက် (၂၇)နှစ်။ ယခုအရွယ်မှာ အစ်ကိုက အိမ်ထောင်တွေဘာတွေကျ၊ သမီးလေးတစ်ယောက်ရပြီး ဘဝကိုရိုးရှင်းစွာ ဖြတ်ကျော်ချိန်မှာ. . .

သူကတော့ ဟိုက်ဘော့သူဌေးတစ်ဦးဖြစ်ဖို့ရာ အလားအလာကောင်းတွေနှင့် ဘဝကို ချီတက်နေပေပြီ။ 'လွှမ်းညီညီ ဆောက်လုပ်ရေး'ဆိုတာလည်း တော်တော်ထင်ရှားနေပြီမဟုတ်ပါလား။

သူ့မှာ မိဘတွေထားခဲ့တဲ့ ညီအစ်ကိုနှစ်ဦးပိုင် တိုက်ကိုလည်း အမ်းပေးနိုင်ခဲ့ပြီ။ အစ်ကိုက သူနေသည့်မြို့မှာ တိုက်ဝယ်ချင်တယ်ဆိုလို့ သူ အမ်းပေးခဲ့ရတာပါ။ အစ်ကိုလည်း အခုတော့ တိုက်နှင့်ကားနှင့် လုပ်ငန်းနှင့်ပေါ့။

ညီအစ်ကိုနှစ်ယောက် အနေဝေးကြပေမယ့် သွေးက





နီးမြဲ။ ပြေးကြည့်မှ ဒီညီအစ်ကိုနှစ်ယောက်ပဲရှိတာလေ။ သူ့ရဲ့ တစ်ဦးတည်းသောတူမလေး 'ယမုန်ယုယ'ကိုလည်း သူချစ်ပါသည်။ ယခုမှ လေးနှစ်သမီးလေးရှိပေမယ့် ခေတ်ကလေးပီပီ လည်လိုက်တာ လွန်ပါရော။

တစ်နှစ်တစ်ခါလောက် သူရှိရာရန်ကုန်သို့လာတိုင်း လိုချင်တာ ပူဆာတတ်သည့်တူမလေးဟာ လူကြီးတွေများ သင်ထားသလားမှတ်ရ၏။

"ဦးဦး. . . မီးမီးတို့ကားနဲ့ ဦးဦးကား လဲပေး။ ဦးဦးကားက ပိုမိုက်တယ်"

"ဦးဦးတိုက်ကို မီးမီးကြိုက်တယ်၊ မီးမီးတို့တိုက်က တိုက်ကြမ်းကြီး။ လဲပေးနော်"

သူအသက်ရှုကျပ်သွားအောင် ပြောဆိုပူဆာတတ်သည့် တူမလေးအား. . .

"မီးမီး စာကြိုးစား၊ မီးမီး ဆယ်တန်းကို ဘာသာစုံဂုဏ်ထူးထွက်ရင် ကားလဲပေးမယ်။ ဆရာဝန်မကြီးဖြစ်လာရင် တိုက်ပါ ဆောက်ပေးမယ်"

"ဟာ! ဆယ်တန်းအောင်ဖို့က အဝေးကြီးပဲ၊ ခုတောင် မီးမီးက ကျောင်းမှမနေရသေးတာ။ အခုပေး. . . အခုပေး၊ ဦးဦး



www.burmeseclassic.com

www.burmeseclassic.com



က ကပ်စေးနဲ့ကြီး"

အရွယ်နှင့်မလိုက် ပူဆာနေလိုက်တာများ သူ့မအေက သင်ပေးထားသလားမှတ်ရသည်။ ပြောနိုင်တာတော့မဟုတ်။ သူ့မအေ မြခွန်းဆက်ချိုဟာ လောဘတွေတငေါငေါ။ လွန်ခဲ့သော ခြောက်နှစ်က အစ်ကို့တောင်းဆိုမှုကြောင့် ရွှေ့နေရွှေ့ရပ်တွေရွှေ့မှာ တန်ဖိုးဖြတ်ပြီး အမ်းပေးခဲ့ရသည့် မိဘဘိုးဘွားပိုင် တိုက်ကြီးကိုကြည့်ပြီး ရင်ထုမနာဖြစ်နေတာလည်း မြခွန်းဆက်။

"မောင်ဟာလေ သိပ်ညံ့တာပဲ၊ ဒီလောက်နေရာကောင်း ထုထည်ကောင်းတဲ့တိုက်ကြီးကိုများ သူ့ညီကို ပေါပေါလောလော ပေးခဲ့ရသတဲ့။ ညီကလည်း အစ်ကိုနုံမှန်းအမှန်းသိတော့ မှိန်းချနေတာပဲ။ သူကတော့ တန်ဖိုးသိမှာပေါ့။ ဆောက်လုပ်ရေးအင်ဂျင်နီယာကြီး၊ ကန်ထရိုက်တာကြီးပဲလေ"

သူ့ခေတ်နဲ့သူ တန်ဖိုးဖြတ်ပေးခဲ့၊ အစ်ကို့အလိုလိုက်ပေးခဲ့ရတဲ့သူ့ကိုယ်ပင် အပြစ်တွေဖို့လို့၊ အစ်ကို သူ့မြို့မှာ တိုက်ဝယ်မယ်ဆိုတုန်းကလည်း သူသဘောတူခဲ့တာမဟုတ်။

"အစ်ကိုရာ၊ လောလောဆယ် ငှားနေလိုက်, ပြီးရော။ အစ်ကို အရပ်တကာလှည့်နေလည်း နောက်ဆုံးကျ ကိုယ့်မိဘတွေခေါင်းချခဲ့တဲ့ ဒီရန်ကုန်မှာပဲ ပြန်နေမှာမဟုတ်လား။ ဝယ်





မနေစမ်းပါနဲ့"

"ဟာ! ညီလေးကလည်း၊ အခု အစ်ကိုနေတဲ့တိုက်က ဈေးချောင်တယ်ကွ။ သူတို့က ရောင်းတော့မှာဆိုတော့ အစ်ကို ဆွဲကားလိုက်ချင်တယ်။ နောက် ဆရာဝန်ဖြစ်ပြီး ကားလေးတစ်စီးမှမရှိတာလည်း အောက်ပါတယ်ကွာ"

"အစ်ကိုစီးနေတဲ့ကား ရှိသားပဲ"

"အဲဒါ အစ်ကို့ကိုယ်ပိုင်မှမဟုတ်ဘဲ၊ ညီ့ကားကိုယူပြီး စီးနေရတာ လိပ်ပြာမလုံပါဘူးကွာ။ နောက်ပြီး အစ်ကို ဒီနှစ် မိန်းမယူတော့မှာလေ။ တိုက်ပိုင်ကားပိုင်နဲ့ အခြေကျချင်ပါပြီကွာ။ ညီလေး အဖိုးဖြတ်ပြီး အမ်းပေးစမ်းပါ။ လုပ်ပါ. . . မင်းက ကြံတက်ဖန်တတ်ပါတယ်"

ငယ်ငယ်တည်းက တစ်ဖွတ်ထိုး တဇောက်ကန်းအစ်ကို့ကို လွှမ်းညီညီ ဘယ်လိုမှတရားချလို့မရ။ သည်တော့ လုပ်ငန်းထဲမှငွေကို လှည့်ထုတ်ပြီး အမ်းပေးလိုက်ရတာပါပဲ။

"ကိုယ့်ညီလက်ထဲမှာ မိဘပစ္စည်းရှိနေတာ ဘာနှမြောစရာလိုမလဲကွာ။ သူစိမ်းလက်ထဲရောက်သွားမှာသာ အစ်ကိုက နှမြောတာပါ"

နောက်တော့ တာဝန်ကျရာမြို့မှာပဲ အ[illegible]ဘာဝ်ယော



www.burmeseclassic.com

www.burmeseclassic.com



အိမ်ထောင်ကျ၊ အခြေကျနေသလို သူလည်း ကိုယ့်ရဲ့ကြံရည်ဖန်ရည်တွေနှင့် လုပ်ငန်းတွေ တိုးတက်အောင်မြင်လာလိုက်တာ ယခုဆို သူဟာ တော်တော်လူသိများလာကြသည်အထိ။

❋ ❋ ❋



## အခန်း ( ၂ )

ညနေစောင်းပြီမို့ ဆိုက်ထဲမှာ ကိုယ်တိုင်ကြီးကြပ် ညွှန်ကြားနေရာမှ လွှမ်းညီညီ တပည့်ကျော် ထက်ရှားကို ရေခဲစိမ်ဘီယာအေးအေးလေး ယူခိုင်းလိုက်သည်။ နားဦးမှပါ။ တစ်နာရီလောက်နေပြီးရင်တော့ ပြန်တော့မယ်။

လွှယ်လင့်တကူချထားသည့် ကုလားထိုင်လေးမှာ ဝင်ထိုင်ရင်း ထက်ရှား ဖောက်ပေးသည့်ရေခဲစိမ်ဘီယာကို တမြုံ့မြုံ့စုပ်လိုက်သည်။ သည့်ခဏ ဖုန်းမြည်လာသဖြင့် သူ ထက်ရှားကို လက်မနှင့်ညွှန်ပြလိုက်သည်။ တော်ရုံတန်ရုံလောက်ဆို ထက်ရှားပဲဖြေရှင်းလိမ့်မည်၊ သို့သော်. . .

"ဗျာ!"



www.burmeseclassic.com

www.burmeseclassic.com



ထက်ရှားရုပ်က ဖုန်းပင်လှွတ်ကျတော့မတတ် ကြောင်သွားလျှင် လွှမ်းညီညီလှမ်းမေးလိုက်၏။

"ဘာဖြစ်တာလဲကွ၊ မင်းကြီးဒေါ်ကြီး လင်နောက်လိုက်သွားလို့လား"

သူဟောက်နေပေမယ့် ထက်ရှားက သူ့ကိုဖုန်းထိုးပေးလိုက်သဖြင့် လွှမ်းညီညီ ဖုန်းကိုင်လိုက်ရသည်။

"ဟဲလို. . . လွှမ်းညီညီပါ"

"ကိုလွှမ်းညီညီ၊ ခင်ဗျားအစ်ကိုနဲ့မိသားစု ရွှေစက်တော်ဘုရားဖူးသွားရင်း လမ်းမှာကားမှောက်လို့ အခု. . ."

"ဗျာ! ဘယ်လို. . . ဘယ်လို"

စောစောက ထက်ရှားထက် သူ့ရုပ်က ပိုဆိုးမည်သာ။ ဘာကြောင့်ဆို ကမ္ဘာပေါ်မှာ သွေးရင်းသားရင်းဆိုလို့ ဒီညီအစ်ကို နှစ်ယောက်တည်းရှိတော့တာ မဟုတ်ပါလား။ တစ်ဖက်မှ ဖုန်းဆက်သူက. . .

"အခု မင်းဘူးဆေးရုံကနေ ဆက်နေတာပါ။ လူနာက အသည်းအသန်ဖြစ်နေပါပြီ။ လူနာရဲ့ဆန္ဒအရ ခင်ဗျားကို တဖွဖွခေါ်နိုင်းနေလို့ပါ။ ဖြစ်နိုင်ရင် အခုချက်ချင်းပဲ လိုက်လာစေချင်ပါတယ်"





"ဟုတ်ကဲ့. . . လာပါပြီ"

နောက်ထပ်သတင်းတွေပင် သူမကြားနိုင်တော့။ ချက်ချင်းပင် အစ်ကို့နောက်သို့လိုက်ဖို့ သူပြင်၏။ သူ့လက်ထောက်များကို လုပ်ငန်းနှင့်ပတ်သက်ပြီး လွှဲထားခဲ့လို့ရသည်။ လွှမ်းညီညီအသွင်က စိုးရိမ်စိတ်ကြောင့် တစ်ကိုယ်လုံးတုန်ယင်နေ၏။ ခြေမကိုင်မိလက်မကိုင်မိအသွင်။

"ထက်ရှား ငါ့နောက်လိုက်ခဲ့"

"ဟုတ်. . . ဟုတ်ကဲ့ပါဆရာ"

ငွေကလည်း သူ့ကားထဲမှာ အဆင်သင့်ပါနေပြီမို့ ထက်ရှားကို ကားမောင်းခိုင်းကာ၊ သူ ကိုယ့်စိတ်ကိုတည်ငြိမ်အောင် အတတ်နိုင်ဆုံးထိန်းချုပ်ရသည်။

"ဘုရား! ဘုရား! အစ်ကို ဘာမှမဖြစ်ပါစေနဲ့၊ အစ်ကို့ အသက်ချမ်းသာရာရပါစေ"

သူ့မှာ တစ်ကိုယ်လုံး မီးလောင်ခံနေရသလို ပူလောင်နေရာမှာ မနေ့က အစ်ကို့နှုတ်ဆက်စကားသံကို ပြန်ပြီး ကြားယောင်လိုက်၏။

"ညီရေ့ အစ်ကိုတို့မိသားစုတွေ ရွှေစက်တော်သွားကြမလို့။ တကယ်ကျ ညီနဲ့ပါအတူသွားချင်တာ။ ဒါပေမဲ့ ညီက



www.burmeseclassic.com

www.burmeseclassic.com



မအားဘူးမဟုတ်လား''

''ဟုတ်တယ် အစ်ကို၊ အစ်ကိုလည်း ညီ့ကို တစ်လကြို လောက် ကြိုပြောထားရင် စီစဉ်လို့ရတာပေါ့''

''တော်ပါကွာ၊ မင်းက အလုပ်လောဘကြီးတဲ့ကောင်ပါ။ တစ်ယောက်တည်းများ ဘာလို့ဒီလောက်တောင် သိမ်းကျုံးငွေ ရှာနေရတာလဲကွာ။ ငါတော့ သေရင်ထားခဲ့ရမယ့်ဒီငွေတွေကို လောဘတကြီးရှာမနေတော့ဘူး။ အားလုံးဟာ သေရင်ထားခဲ့ရ မှာပါ။ ပစ္စည်းဥစ္စာ စိန်ရွှေငွေ တိုက်တာ အားလုံး အားလုံး သေ ရင် ထားခဲ့ရမှာပဲ''

''အစ်ကိုကလည်းဗျာ၊ သေစကားတွေ တယ်ပြောနေ ပါလား။ သေရင်ထားခဲ့ရမှာပေမယ့် မသေခင် လူဖြစ်ဖို့စားဖို့ ရှာရ သေးတာပေါ့ဗျ''

''အေးပါကွာ၊ အစ်ကို ညီ့အတွက်ပါ ပိုပြီးကုသိုလ်လုပ် ခဲ့ပါ့မယ်။ နောက်နှစ်တော့ ကိုညီအစ်ကိုတွေ အတူတူဘုရားဖူး ထွက်ကြမယ်ကွာ. . . နော်''

''ဟုတ်ကဲ့ပါ၊ နောက်နှစ်ကျ အတူသွားမယ်''

ဩော်. . . ယခုတော့ အစ်ကို့ခမျာ အသည်းအသန်လူ မမာကြီးဖြစ်နေရှာပြီတဲ့။ ကျန်တဲ့လူတွေရော။ အစ်ကို့စကားအရ





သူတို့မိသားစုနှင့် သူ့မိန်းမဘက်မှအမျိုးအဆွေတွေပါ ကားနှစ် စီးသွားကြတာမို့ ကျန်တဲ့လူတွေလည်း ကားမှောက်တဲ့အထဲ ပါ နေမှာအမှန်။

အစ်ကို့ဖုန်းကို သူလှမ်းဆက်သွယ်တော့ မရ။ အစ်ကို ကိုယ်တိုင် အသည်းအသန်ဖြစ်နေရှာပြီမို့ သူ့ဖုန်းလည်း ဘယ် ရောက်နေပြီလဲမသိတော့။

သည့်စဉ် သူ့ထံဖုန်းဝင်လာသဖြင့် လွှမ်းညီညီ စိုးရိမ်စိတ် ပူစွာ နားထောင်လိုက်၏။

''မောင်လွှမ်းညီညီ၊ အန်တီက မင်းရဲ့မရီး မြခွန်းဆက် ရဲ့အမေပါ''

''ဟုတ်ကဲ့ပါ အန်တီ၊ အခြေအနေတွေပြောပါဦး။ အခု ကျွန်တော်လည်း ကားထွက်လာနေပါပြီ။ လမ်းမှာပါ။ အမြန်ဆုံး လာနေပါပြီဗျာ''

''အေးအေး. . . အခြေအနေတွေက ဆိုးတယ်။ မင်း အစ်ကိုတို့ကားနဲ့ ဆိုင်ကယ်နဲ့တိုက်မိပြီး မှောက်သွားတာ''

''ဗျာ!''

ဆိုက်ကယ်နှင့်တိုက်မိသည်ဆိုတော့ တစ်ဖက်မှာရော ဘာဖြစ်သွားသလဲ။ လူသေမှုတွေဘာတွေ ရင်ဆိုင်ရဦးမလား



www.burmeseclassic.com

www.burmeseclassic.com



မသိ။ သူ့ဦးနှောက်တွေ ပူထူနေရပါသည်။

"ပြော. . . ပြောပါအန်တီ"

"မင်းအစ်ကိုကို အခု ခွဲခန်းထဲက ထုတ်လာနေပြီ၊ အခြေအနေတွေကတော့ ငါးဆယ်ငါးဆယ်ပဲ။ စိတ်မချရသေးဘူး၊ မင်းအစ်ကိုက တစ်ချိန်လုံး မင်းကိုပဲမေးနေလို့"

"အစ်ကို့ဒဏ်ရာ တော်တော်ဆိုးသလားဗျာ။ ဘယ်မှာထိသွားတာလဲ။ သူ့မိန်းမနဲ့သမီးလေးရော"

အဒေါ်ကြီးကတော့ စကားပြောတာ ပြတ်တောင်းပြတ်တောင်းမို့ သူ အလောတကြီးမေးရ၏။

"အန်တီ့သမီးလည်း အရေးပေါ်ခန်းမှာပဲ။ သူက ခါးဆစ်ရိုးတွေ ကျိုးသွားတယ်။ မင်းတူမလေးကတော့ လက်တစ်ဖက်နဲ့ခြေတစ်ဖက် ကျိုးသွားတယ်"

"အိုဗျာ"

လွှမ်းညီညီ ဘာတွေပြန်ပြောရမှန်းမသိအောင်ပင် စိတ်ထိခိုက်သွားမိစဉ် တစ်ဖက်မှဆက်ပြောနေတာကို ကြားနေရလေ၏။

"သူတို့ကားမှာပါတဲ့ အန်တီ့တူမကတော့ ပွဲချင်းပြီး ဆုံးပါးသွားခဲ့တယ်။ သူတို့ဒဏ်ကိုခံရတာပေါ့လေ။ ဩော်. . . ဒါထက်





မင်း ငွေများများတော့ ယူလာခဲ့နော်။ အမှုအခင်းအတွက်ရော ဆေးရုံတက်ရတဲ့အတွက်ရော ရှင်းရမယ်"

သူမပြောလည်း လုပ်သင့်တာလုပ်သွားမည့်သူကို ထပ်ဆင့်ညွှန်ကြားချက်တွေပေးလာတော့ လွှမ်းညီညီ စိတ်ထဲထင့်ခနဲဖြစ်ရ၏။ သူ ဒီအဒေါ်ကြီးနှင့် အစ်ကို့မင်္ဂလာဆောင်မှာ တစ်ခါဆုံဖူးပါသည်။ တော်တော်စီးပိုးပြီး တော်တော်တရားမဲ့သည့်အဒေါ်ကြီးပါ။

သူတို့ကိုယ်သူတို့ အထည်ကြီးပျက်တွေ၊ မင်းစိုးရာဇာတွေလို့ခံယူထားပြီး ရွှေထီးဆောင်းခဲ့ရတာတွေကိုသာ တသသဖြစ်နေတတ်သူ။ လောကကြီးနှင့်ဘောင်ချော်နေသူပါပဲ။ ဘာမှလည်း ဘဝင်မြင့်စရာမရှိပါဘဲနှင့်။

"ကြားလား. . . မောင်လွှမ်းညီ၊ ငွေများနိုင်သမျှ များများယူလာခဲ့"

"ကျွန်တော် လမ်းမှာရောက်နေပြီ၊ ပါသင့်သလောက်ပါတယ်။ အစ်ကို့အတွက် စိတ်သောကရောက်ရတဲ့အထဲဗျာ"

"ဟဲ့! ပါးစပ်က သောကရောက်နေရုံနဲ့ မပြီးဘူး။ အရေးကြီးတာက ငွေပဲ။ ဒီမှာအမှုအခင်းတွေလည်း ရှင်းရဦးမယ်။ ဆေးဖိုးတွေလည်း ရှင်းရဦးမယ်။ မင်း လူလိုသိပါ. . . ဒါပဲ"



www.burmeseclassic.com

www.burmeseclassic.com



ဩော်. . . ဒုက္ခ ဒုက္ခ။ တစ်ဖက်မှဖုန်းပိတ်သွားပေမယ့် သူ့မှာ စိတ်အနှောင့်အယှက်တွေ တစ်သီကြီးဖြစ်ကျန်ခဲ့ရသည်။ အစ်ကို့အတွက် သောကရောက်ရသည့်နည်းတူ အစ်ကို့ယောက္ခမကြီးကို အမြင်ကတ်ရတာလည်း မနည်း။

ဒီလိုမိန်းမကြီးမျိုးကတော့ သေတာတောင် ငိုမယ့်သူရှိမှာမဟုတ်ဘူး။

မင်းဘူးရောက်အောင် သူနှင့်ထက်ရှားတို့ ကားကိုမနားဘဲ တစ်လှည့်စီမောင်းပြီး တက်ခဲ့ကြသည်။ ဘုရားသိကြားမလို့ အစ်ကိုမသေပါစေနဲ့ဗျာ။

သူ့ရဲ့ တစ်ဦးတည်းသော သွေးသားဖြစ်သည့် အစ်ကို့အတွက် လွမ်းညီညီ တစ်လမ်းလုံး မေတ္တာတွေပို့၊ ဘုရားစာတွေ ရွတ်ရင်းနှင့် ထိုညက ခရီးပြင်းနှင်ခဲ့ရသည်မှာ သူ့အတွက် တကယ့်အိပ်မက်ဆိုးကြီးပါပေ။

❋ ❋ ❋



## အခန်း ( ၃ )

''ဖြစ်မှဖြစ်ရလေဗျာ''

မင်းဘူးသို့ မိုးမလင်းခင်ရောက်သွားတော့ ခွဲစိတ်ခန်းမှ ထုတ်ထားသည့်အစ်ကို့အသွင်က မမြင်ရက်မကြည့်ရက်စရာ။

နံရိုးတွေကျိုးသွားပြီး အသည်းကိုသွားထိခိုက်သည့်ဒဏ်ရာက အကြီးစား။ လူနာက အသက်ယှဲ့ယှဲ့လေးမို့ နီးစပ်ရာဆေးရုံမှာပင် ခွဲစိတ်လိုက်ရ၏။ ကျန်လူနာတွေရော အရေးပေါ်ကုသမှုတွေလုပ်ထားပြီး သင့်တော်ရာဆေးရုံသို့ ရွှေ့ကြရမည့်အဖြစ်ပါ။

သူရောက်သွားတော့ အစ်ကို့ကို ပိုက်မျိုးစုံနှင့်ဆက်သွယ်ထားပြီး အောက်ဆီဂျင်လည်းပေးထားသည်။ အစ်ကို့အသွင်က လုံးဝအခြေအနေမကောင်းတော့။ သတိလည်း ယခုထိရမလာ။



www.burmeseclassic.com

www.burmeseclassic.com



သူ့မြို့မှ သူ့ကိုခင်မင်ကြသူအချို့လည်း ဆေးရုံသို့လိုက်လာခဲ့ကြပြီမို့ အစ်ကို့အနားမှာ သိုင်းသိုင်းဝိုင်းဝိုင်း။ အစ်ကို့မိတ်ဆွေအချို့က. . .

''အဖြစ်ဆိုးလိုက်တာဗျာ၊ ဖြစ်ကတည်းက သတိလည်းမလာတော့တာ။ ဒဏ်ရာက ဆိုးတယ်၊ တော်တော်ပြင်းတယ်။ နံရိုးတွေကျိုးပြီး အသည်းကိုသွားစိုက်တာ''

''ဗျာ!''

သူ့ကိုဖုန်းဆက်တဲ့သူကတော့ အစ်ကို သူ့ကို တဖွဖွခေါ်နိုင်းနေသတဲ့။ သူ့ယောက္ခမကြီးကလည်း အစ်ကို သူ့ကိုတစ်ချိန်လုံးမေးနေသတဲ့။ ယခုအပြောအရဆိုရင်ဖြင့် အစ်ကိုဟာ ဖြစ်ကတည်းက ယခုအချိန်ထိ တစ်ခါမှ သတိလည်မလာသေးသည့်ပုံ။ ဘယ်သူ့စကားကိုယုံရမှာလဲ။

အစ်ကို့မျက်နှာက သွေးဆုတ်ပြီး ဖြူဖျော့နေလိုက်တာ။ ဒဏ်ရာတွေကလည်း ညိုမည်းစွဲလို့။ မနေ့က နေ့လယ်နှစ်နာရီလောက်ကတည်းက ဖြစ်သည့်ကိစ္စ။

လွှမ်းညီညီ အစ်ကို့ကိုကြည့်ပြီး မျက်ရည်ပေါက်ပေါက်ကျအောင် ခံစားနေရပေမယ့် ရင်ထဲမှာ ဘဝင်မကျ။

သူ့စိတ်ဓာတ်ကိုက ကလိမ်ကကျစ်ကျတာ၊ လိမ်လည်





လှည့်စားတာတွေကို မကြိုက်။ ယခုလိုအဖြစ်အပျက်ကြီးထဲမှာတောင် ဘာတွေကြံစည်ဦးမှာတဲ့လဲ။ ဘာတွေအမြတ်ထုတ်ချင်သေးလို့လဲ။

အစ်ကို့ကုတင်အနီးမှာ သူ မျက်ရည်တွေဖြိုင်ဖြိုင်ကျနေတုန်း သူ့လက်ကိုလာဆွဲခေါ်သူကြောင့် သူလှည့်ကြည့်လိုက်တော့ အစ်ကို့ယောက္ခမကြီးကိုတွေ့လိုက်ရသည်။

ဒေါ်မြမြသင်း။ အသက်ငါးဆယ်လောက်ရှိပြီး အရွယ်နှင့်မလိုက်အောင် ပြင်ဆင်၊ အရွယ်နှင့်မလိုက်အောင် လူလည်နပ်ပါးကျသည့်မိန်းမကြီး။

''မင်းမရှိနဲ့တူမလေးကိုလည်း လိုက်ကြည့်ပါဦး။ သူတို့နှစ်ယောက်လည်း မချိမဆန့်ခံစားနေရတာပါ။ အန်တီ့သမီးခမျာလည်း ခါးဆစ်ရိုးတွေကျိုးသွားလို့ ထိုင်လို့မရ အိပ်လို့မရနဲ့မို့ အိပ်ဆေးထိုးထားရတယ်။ မင်းတူမလေးခမျာလည်း ခြေရောလက်ရော ကျောက်ပတ်တီးတွေ ကိုင်ထားရတယ်''

သူတို့ကိုလည်း လွှမ်းညီညီ သနားပါသည်။ သို့သော် သူ့စိတ်ထင် သူ့အစ်ကိုက သေတော့မည်ထင်ပါသည်။ ဘာပဲဖြစ်ဖြစ် အစ်ကိုမသေခင် သူ့ကိုတစ်ခုခုပြောခဲ့မှာ၊ တစ်ခုခုပြခဲ့မှာကို သူမြင်ချင်သည်။ အစ်ကိုတစ်ယောက်လုံး၏နောက်ဆုံးခရီးကို သူ



www.burmeseclassic.com

www.burmeseclassic.com



အလုံးစုံသိရှိလိုက်ချင်တာ သူ့ရဲ့အကြီးမားဆုံးသောဆန္ဒ။

အတွေ့ကြီးတယ်လို့ပဲပြောပြော၊ အစ်ကိုက သေတော့မှာ။ မရီးနှင့်တူမလေးက သေလောက်သည့်ဒဏ်ရာတွေမဟုတ်။ သေမှာမစိုးရိမ်ရ။ သည်တော့ လွှမ်းညီညီ ကိုယ့်လက်ကိုယ်ပြန်ရုန်းလိုက်သည်။

''ကျွန်တော့်အစ်ကိုက အခြေအနေမကောင်းတော့ဘူး။ သူ့အနားမှာပဲ ကျွန်တော်နေချင်တယ်''

လွှမ်းညီညီဆိုတာလည်း လောကကြီးကို သိပ်အားနာတတ်တာမဟုတ်။ လုပ်ချင်တာဆို လုပ်လိုက်ရမှဆိုသည့်လူ။

''မင်း. . . မင်း တော်တော်လူမဆန်ပါလား။ တစ်ဖက်ကလည်း မင်းတူမလေးနဲ့ မင်းမရီးပါပဲ။ သူတို့ဘယ်လောက်အားငယ်နေမလဲ။ အားပေးဖို့လေးတောင် မင်းမလိုက်ဘူးလား''

''ပြီးမှအားပေးမယ်၊ အစ်ကိုက ပိုပြီးအရေးကြီးနေပြီ''

ဒေါ်မြမြသင်းကိုထားခဲ့ပြီး သူ အစ်ကို့ကုတင်နားသို့ ပြန်ကပ်လာခဲ့သည်။ အစ်ကို့အနားမှာ သူ့ထက်အရင် စောရောက်နေကြသည့်အစ်ကို့မိတ်ဆွေများ ရှိနေကြပါသည်။

အားလုံးပင် စကားမပြောကြတော့ဘဲ အစ်ကို့ကို ဝိုင်းကြည့်နေကြသည်။ အောက်ဆီဂျင်ပေးထားသည့်ကြားထဲမှ ဖုတ်





လှိုက်ဖုတ်လှိုက်ဖြစ်လာ၊ သွေးသီးလာသည့်အစ်ကို့အသွင်ကို သူ မကြည့်ရက်။

ဘာမှအချက်မပြဘဲ လောကကြီးထဲက ထွက်ခွာသွားတော့မလို့လား အစ်ကို။ နှုတ်တောင်မဆက်ဘဲ လက်တောင်မပြဘဲ မျက်လုံးလေးနဲ့တောင် မကြည့်ခဲ့ဘဲ ငါ့ကိုထားခဲ့တော့မလို့လား အစ်ကို။

အံကိုတင်းတင်းကြိတ်ရင်း သူ အစ်ကို့မျက်နှာကို စေ့စေ့စိုက်ကြည့်နေခဲ့စဉ် အစ်ကို့မျက်လုံးတွေ သွေးရူးသွေးတမ်းပွင့်လာခဲ့သည်။

''အစ်ကို. . . အစ်ကို. . . ညီ ဒီမှာ၊ ညီလေ. . . ညီ''

အစ်ကို့လက်မောင်းကိုဆုပ်ကိုင်ရင်း သူ အငမ်းမရပြောတော့ အစ်ကို သူ့ကိုမြင်သွားခဲ့သလားမသိ။ သို့သော် အစ်ကို့မျက်လုံးကြီး တလည်လည်ဖြစ်သွားပြီး ချက်ချင်းပင် ဇက်ကျိုးသွားခဲ့ရာ သူနှင့်တစ်ကွ အစ်ကို့မိတ်ဆွေအားလုံး ငိုညည်းသံများနှင့် ယူကျုံးမရဖြစ်သွားခဲ့ကြရသည်။

''အစ်ကို. . . အစ်ကို. . . ညီ့ကိုထားခဲ့ပြီလားဗျာ''

သူကတော့ အဆိုးဆုံးပေါ့။ အစ်ကို့အတွက် သူ့ရင်ထဲနင့်ကျပ်နေအောင် ခံစားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ကံတူအကျိုးပေးညီအစ်ကို။ ငယ်စဉ်ကတည်းက ဖေဖေက သူတို့ဆယ်နှစ်သားအရွယ်မှာ ဆုံးသည်။ မေမေက သူတို့ဆယ်တန်းအောင်သည့်နှစ်မှာ ဆုံးသည်။ ညီအစ်ကိုနှစ်ယောက်တစ်ယောက်ကိုတစ်ယောက် အမှီသဟဲပြုရင်း လောကကိုချီတက်ခဲ့ကြတာလည်း အတူတူ။

တစ်ယောက်ကိုတစ်ယောက် အားပေးရင်း ညီအစ်ကိုပေမယ့် မိတ်ဆွေလို၊ သူငယ်ချင်းလို၊ ချစ်သူတွေလို။

တစ်ယောက်က ဆရာဝန်ဖြစ်ပြီး တစ်ယောက်ကတော့ အင်ဂျင်နီယာ၊ ဆောက်လုပ်ရေးကံထရိုက်တာကြီး။

လောလောဆယ် သူက အရေးသာနေပေမယ့် တစ်နေ့မှာ ညီအစ်ကိုနှစ်ယောက် အတူတူပျော်ရွှင်ကြဖို့၊ စံစားကြဖို့ဆိုတာ သူ့ခေါင်းထဲမှာရှိပါသည်။

သို့သော် အစ်ကိုယူသည့်မိန်းမနှင့် သူ့အသိုင်းအဝိုင်းက လောဘတွေ ငန်းငန်းတက်ကာ၊ ဖြူစင်သည့်သူတို့ညီအစ်ကိုကြားမှာ အရောင်ဆိုး၊ သပ်လျှိုလာကြတော့ သူ့စိတ်ကူးတွေ ဖရိုဖရဲဖြစ်ရမတတ်။

ဒီလိုအသိုင်းအဝိုင်းနှင့်တော့ သူအတူနေလို့ဖြစ်မှာမဟုတ်တော့။ အစ်ကို့ကိုသာ လိုအပ်တာတွေဖြည့်ဆည်းပေးဖို့ သူစိတ်





ကူးရပါသည်။ ယခုတော့ သူ့စိတ်ကူးတွေ အစ်ကိုမသိလိုက်။

"အစ်ကိုရယ်၊ အဖြစ်ဆိုးလိုက်တာဗျာ"

ယောက်ျားကြီးပေမယ့် သူ အစ်ကို့ရင်ဘတ်ပေါ်မှာ မျက်နှာအပ်ရင်း မျက်ရည်တွေဖြိုင်ဖြိုင်ကျကာ အားလုံးကိုမေ့လျော့နေမိတော့. . .

သူ့ကိုမဲ့ရွဲ့၊ လက်ခါပြရင်း စကားတင်းဆိုနေသူက ဒေါ်မြမြသင်းပါပေ။

"အလကား. . . မုသာမာယာတွေ များနေတာ၊ ဒီလိုပုံစံဒီလိုအချွဲတွေနဲ့ အစ်ကို့ပစ္စည်းတွေကို မောင်ပိုင်စီးပြီး ကြီးပွားနေခဲ့တာလေ။ သူကတော့ အရမ်းကြီးပွားနေတာပေါ့။ အိမ်က မောင်စိတ်ကောင်း၊ မောင်လူရိုးကြီးက ညီကိုအဟုတ်ထင်နေတာ"

ဒါကို ထက်ရှားကတော့ လုံးဝမခံနိုင်။ ကားမှောက်မှုကြောင့် လူတွေသေတဲ့လူသေ၊ ကျိုးတဲ့လူကျိုးဖြစ်နေရသည့်ကြားထဲ သူတစ်ပါးအတင်းကို ပြောဖြစ်အောင်ပြောနေသည့်မိန်းမကြီးအား အမြင်ကပ်ပါသည်။

နောက်မှရှင်းမည်။ ယခုတော့ တေးမှတ်ထားလိုက်ဦးမည်။

ဆရာက သူ့အစ်ကိုနားမှာ ခံစားကြေကွဲနေရှာသည်မို့



www.burmeseclassic.com

www.burmeseclassic.com



ထက်ရှား သူ့ဆရာအတွက် အားလုံးသိအောင် အခြေအနေတွေကို ဘေးလူတစ်ယောက်အနေနှင့် လျှောက်စုံစမ်းလိုက်သည်။ သူဟာ ဆရာ့လူဆိုတာလည်း မသိကြဘူးမဟုတ်ပါလား။

ထက်ရှား ဆေးရုံထဲမှာ လျှောက်သွားလိုက်ရင်း ကားမှောက်သည့်သတင်းကိုလည်း တိကျနိုင်သမျှတိကျအောင် ဘေးလူတွေထံမှစုံစမ်းသည်။ ဒေါ်မြမြသင်းပါးစပ်မှ ထွက်မည့်အလိမ်အညာစကားတွေကို သူတို့အလုံးစုံယုံလို့မဖြစ်ပါလေ။

''ကားမှောက်တာက ရွှေစက်တော်က အပြန်မှာပါ။ ဘုရားကပြန်တော့ နေကလည်းပူလို့ ဒေါက်တာတို့ကားက ဘေးပေါက်တွေဖွင့်စီးကြတယ်တဲ့''

''ဩော်. . . ဒုက္ခပါပဲ''

''ရှေ့ကားမှာ ဒေါက်တာတို့မိသားစုသုံးယောက်နဲ့ ဒေါ်မြမြသင်းတူမ၊ နောက် သူနာပြုဆရာမလေးတစ်ယောက်လည်းပါတယ်။ နောက်ကားမှာတော့ ဒေါ်မြမြသင်းတို့လင်မယားနဲ့ သူ့မိတ်ဆွေသုံးယောက်၊ နောက် သူ့သမီးအငယ်တို့ပါတယ်''

''ဒေါက်တာ့ကားမှောက်တော့ အကုန်ထိခိုက်ကုန်ရောလား''

''ဒေါက်တာ့ကားက ဒေါ်မြမြသင်းတူမ ပွဲချင်းပြီး ဆုံးတယ်။ ကားတံခါးဖွင့်ထားတော့ ကားမှောက်တာနဲ့ လွင့်ကျကုန်ကြတာလေ။ ဒေါက်တာ့ဇနီးနဲ့သမီးက ခါးကျိုးတဲ့လူကျိုး၊ ခြေလက်ကျိုးတဲ့လူ ကျိုးကြတယ်''

''ဟိုသူနာပြုဆရာမလေးဆိုတာရော''

''သူကတော့ ဘာမှမဖြစ်ဘူး''

''ဟင်! ဘာဖြစ်လို့လဲ''

''သူက ကားကူရှင်နှစ်ခုကြားမှာ ပရိတ်ရွတ်ရင်း ကိုင်ထားမိတာလေ။ သူ့ဘက်က ကားတံခါးလည်း မပွင့်၊ ကူရှင်လည်း ကိုင်ထားတော့ ကားမှောက်ပေမယ့် ထိခိုက်ဒဏ်ရာမရဘူး။ သူတစ်ယောက်ပဲ ဘာမှမဖြစ်တာ။ အခု သူ့ကို စစ်ချက်ယူပြီးလို့ သူ့အိမ်က ပြန်ခေါ်သွားပြီ''

''ဟို. . . ဆိုင်ကယ်နဲ့တိုက်မိတာဆို၊ ဆိုင်ကယ်သမားရော ဘာဖြစ်သွားလဲ။ ဆိုင်ကယ်ရော''

''ဆိုင်ကယ်လည်း တောင်စောင်းလိမ့်ကျသွားတယ်။ ရဲတွေ ပြန်တင်ထားရတယ်။ ဆိုင်ကယ်မောင်းသမားကတော့ ပွဲချင်းပြီးပဲ၊ အဲ. . . သူ့ညီမလေးတော့ ဒီဆေးရုံမှာပဲ ဆေးကုခံနေရတယ်''

''သူကရော ဘာဖြစ်သွားသေးလဲ''







www.burmeseclassic.com

www.burmeseclassic.com



''သူလည်းကံကောင်းတယ်ဗျ၊ ကားနဲ့ဆိုင်ကယ်တိုက်တာနဲ့ လွင့်ကျသွားပေမယ့် သူလွင့်ကျသွားတာက တစောင်း၊ ရေအိုင်လေးထဲ ကျသွားတာ။ ဒါကြောင့်မသေတာ၊ လွင့်တဲ့အရှိန် ပြင်းပေမယ့် ရေထဲကျတော့ မသေတော့ဘူးပေါ့''

''ကျိုးပဲ့သွားသေးလားဗျာ''

''ကျိုးတော့မကျိုးဘူး၊ ဒါပေမဲ့ သူလည်း လောလောဆယ် ကယောက်ချောက်ချားဖြစ်နေတာပေါ့ဗျာ။ အစ်ကိုကလည်း ရုပ်ပျက်ဆင်းပျက်နဲ့ သေသွားရှာတာကိုး''

''သူတို့ဘက်က လျော်ကြေးတွေဘာတွေ တောင်းသေးလား။ အမှုတွေဘာတွေရော လုပ်ဦးမှာလား''

''တစ်ဖက်က ကားပိုင်ရှင်လည်း သေသွားမှုပဲဗျာ။ အမှု လုပ်မယ်မထင်ပါဘူး။ သူတို့ကြည့်ရတာလည်း ရိုးရိုးအအ တောသူတောင်သားလေးတွေပါဗျာ''

ထက်ရှားတစ်ယောက် ဆေးရုံထဲပတ်ပြီး စနည်းနာပြီးမှ သူ့ဆရာလွှမ်းညီညီရှိရာအခန်းသို့ ပြန်လာခဲ့ပါသည်။ သူ့ဆရာကတော့ အစီအစဉ်တွေဆွဲလျက်။

သူ့အစ်ကိုနှင့်ဒေါ်မြမြသင်းတို့ကို သူတို့နေထိုင်ရာမြို့သို့ပြန်ခေါ်ဖို့။ ပြီးမှပင် စျာပနချဖို့။





သည့်မှာပင် ဒေါ်မြမြသင်းကလည်း ဝင်ရောက်အရေးဆိုခဲ့သည်မှာ. . .

''အန်တီ့သမီးနဲ့မြေးကိုလည်း ဒီဆေးရုံမှာ မထားခဲ့ချင်ဘူး။ သူတို့ခမျာလည်း နီးရာဆေးရုံမို့သာ အရေးပေါ်ကုသမှုတွေ လုပ်ပေးရှာတာ။ အန်တီ့သဘောကတော့ သူတို့ကို ရန်ကုန်ခေါ်သွားစေချင်တယ်။ မောင်လွှမ်းညီညီလည်း သေသွားတဲ့ ကိုယ့်အစ်ကိုရဲ့မျက်နှာကိုထောက်ထားပြီး သူတို့ကိုတာဝန်ယူပေးစေချင်တယ်''

''ဗျာ!''

နေရင်းထိုင်ရင်းပင် လွှမ်းညီညီ တရားခံဖြစ်ရပေတော့မည်။ ပြောကြေးဆို သူလည်းမအေတစ်ယောက်ပဲ။ ယခုတော့ သူ့တာဝန်ကို ကိုယ့်အပေါ်ပုံချလာသည်မို့ လွှမ်းညီညီဘာပြန်ပြောရမှန်းမသိ။ လောလောဆ[illegible] [illegible]မ်ကဲ့အတွက် ပူဆွေးသောကရောက်နေရသည့်ခံစားချက်ပင် ယောင်ချ[illegible]ဖြစ်ရတော့မတတ်။

အစ်ကို့မျက်နှာကိုထောက်ထားပြီး သူ ကူညီထောက်ပံ့နိုင်ပေမယ့် ယခုလို သူ့နောက်ထိုးထည့်ပြီး၊ သူ့ခေါင်းပေါ် တာဝန်ပုံပေးလိုက်တာကြီးကတော့ ဒီမိန်းမကြီး လူလည်ကျလွန်းသည်။ ပြီးတော့ ပြောပုံကိုလည်းကြည့်ဦး။ အချိန်အကာနဲ့အသတ် မရှိ။



www.burmeseclassic.com

www.burmeseclassic.com



တစ်သက်လုံးများ တာဝန်ယူပေးစေချင်တာလားမသိ။

သို့သော် အားလုံးပူဆွေးသောကရောက်နေရချိန်မို့ လွှမ်းညီညီ စကားလုံးတွေကို မျိုချလိုက်ပါသည်။

''အန်တီ သင့်တော်သလိုစီစဉ်ပါ။ ကျွန်တော်လည်း အစ်ကို့အတွက် ခံစားနေရလို့ ဘာမှမပြောချင် မစီစဉ်ချင်သေးပါဘူး''

အမှုအတွက်၊ ဆေးကုသမှုတွေအတွက် ကုန်ကျစရိတ်တွေကလည်း သိန်းလေးငါးဆယ် မက။ သည်ကြားထဲ သေဆုံးသူဆိုင်ကယ်သမားရဲ့မိသားစုတွေက နစ်နာကြေး(လျော်ကြေး) တောင်းလို့ဆိုပြီး သိန်းငါးဆယ်။

ဒေါ်မြမြသင်းမှတစ်ဆင့် ပေးလိုက်ရသည့်ငွေတွေဆိုတာ ဖွေးခနဲဖွေးခနဲ။ ထက်ရှားကတော့ သူ့ဆရာ၏မျက်နှာကို တကြည့်ကြည့်။ ဘာတွေသတိပေးချင်နေသည်မသိ။

လွှမ်းညီညီ အစ်ကို့အတွက် ခံစားနေရသည်မို့ ဘာမှသိပ်ပြီးတွေးတောမနေတော့။ ကိစ္စအားလုံးပြေလည်အောင် ဖြေရှင်းပေးပြီး အစ်ကိုနေ့ဆိုင်ရာ မြန်အောင်သို့ပြန်ထွက်ခွာကြဖို့ စီစဉ်ရသည်။

သူတို့အဖွဲ့ ထွက်ခွာဖို့အတွက် အားလုံးပေါင်း ကားသုံး





စီး။ သေဆုံးသူနှစ်ဦးအတွက် နာရေးကူညီမှုအသင်းမှ အသုဘယာဉ်က တစ်စီး၊ နောက် ဒေါ်မြမြသင်းရဲ့ကားဟောင်းကြီးက တစ်စီး၊ နောက် လွှမ်းညီညီရဲ့လင့်ခရူဆာ၊ အားလုံးပေါင်း သုံးစီး။

''ဆေးရုံရှေ့မှာ ကားသုံးစီးထွက်ခွာဖို့ တန်းစီပြီးကာမှ ထက်ရှားက သူ့ဆရာကို လက်ကုတ်ပြီး ဆေးရုံထဲပြန်ခေါ်လျှင် လွှမ်းညီညီ နဝေတိမ်တောင်နှင့် ပြန်ပါသွားရသည်။

ဒေါ်မြမြသင်းကတော့ သူ့သမီး၊ သူ့မြေးတွေနှင့် အရေးသယ်နေလို့ သူတို့နှစ်ယောက်ကို မမြင်လိုက်။

''ဘာဖြစ်လို့လဲ ထက်ရှား၊ ကားတွေနေပူမိလိမ့်မယ်။ အခုပဲ ဆယ်နာရီကျော်နေပြီ''

''ပြစရာနဲ့ ပြောစရာရှိလို့ ဆရာ။ ခဏလေး''

ထက်ရှားခွဲခေါ်သွားသည့် လူနာဆောင်သို့ လွှမ်းညီညီ ပါသွားရပြီ။ သူညွှန်ပြရာသို့ကြည့်လိုက်တော့ ကုတင်ပေါ်မှာ ငုတ်တုပ်လေးထိုင်ပြီး ငေးမျှော်နေသည့်ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရသည်။

''အဲဒါ ဘယ်သူလဲ၊ ဘာဖြစ်လို့ ငါ့ကိုပြတာလဲ''

''အဲဒါ ဆရာ့အစ်ကိုကားနဲ့တိုက်မိလို့ သေသွားရတဲ့ဆိုင်ကယ်သမားရဲ့ညီမလေးလေ''



www.burmeseclassic.com

www.burmeseclassic.com



"ဟင်! ဒါပေမဲ့ ငါ သူတို့မိသားစုကို လျော်ကြေးပေးလိုက်ပြီလေ"

"အဲဒီလျော်ကြေးက ဒေါ်မြမြသင်းကြီး လူလည်ကျတာ၊ သူရတာ။ သူတောင်းတာမဟုတ်ဘူး"

"ဘာ! မင်းက ဒါတွေဘယ်လိုလုပ်သိလဲ"

"ကျွန်တော်က ဆေးရုံထဲမှာ တစ်ချိန်လုံးလျှောက်သွားနေတာလေ။ အဖြစ်အပျက်အမှန်တွေကို ဆရာ့ကိုယ်စား စုံစမ်းပေးနေတာ။ ဒေါ်မြမြသင်းကြီး လူလည်ကျနေတာကိုလည်း မခံချင်လို့"

ထက်ရှားစကားကြောင့် လွှမ်းညီညီ ငိုင်ကျသွားရသည်။ လူနာကောင်မလေးကတော့ သူတို့ဆရာတပည့်ကိုမမြင်ပါ။ လိပ်ပြာလွင့်နေသူလို၊ အဝတ်စုတ်လေး ပုံချထားသလို လူနာကုတင်ပေါ်မှာ ငေးမောလို့။ ဆံပင်ရှည်တွေဖရိုဖရဲနှင့် ကောင်မလေးပုံစံက ဖြူဖြူပါးပါး။ သောကပရိဒေဝတွေ လွှမ်းမိုးနေသူမို့ ရုပ်လေးက ဖြူစုတ်ဖြူဖတ်။

"ဒါဆို သူ့အတွက် ငါဘာလုပ်ပေးရမလဲ။ ငွေထပ်ပေးခဲ့ရမလား"

"မဟုတ်ပါဘူးဆရာ၊ ကျွန်တော်စုံစမ်းကြည့်တော့ သူ





တို့မှာ မောင်နှမနှစ်ယောက်တည်းရှိတာ။ အစ်ကို့ကိုပဲ အားကိုးနေရရှာတာတဲ့။ သူ့အစ်ကိုသေသွားတဲ့အတွက် အားကိုးရာမဲ့၊ မှီတွယ်ရာမဲ့ဖြစ်နေတဲ့ကောင်မလေးပါဆရာ"

"သူကရော အစ်ကို့အတွက် အမှုတွေဘာတွေ မလုပ်ဘူးလား။ လျော်ကြေးမတောင်းဘူးလား"

"ဘာမှမလုပ်ပါဘူး ဆရာ၊ ရိုးသားဖြူစင်တဲ့ တောသူတောင်သားလေးတွေပါ"

"ကဲ! ငါဘာလုပ်ပေးရမလဲကွာ၊ ရှင်းရှင်းပြော"

"ဆရာ သူ့ကိုတာဝန်ယူမပေးနိုင်ဘူးလား"

"ဘာကွ! တစ်လောကလုံးရှိသမျှတာဝန်တွေ ငါ့ခေါင်းပေါ် ပုံချချင်တာလား. . . မင်းက"

စောစောက မပေါက်ကွဲခဲ့ရသမျှ ယခုကျ လွှမ်းညီညီ ထက်ရှားအပေါ် ပေါက်ကွဲလိုက်ပေပြီ၊ သို့သော် ထက်ရှားကလည်း သူ့တပည့်ပီသစွာ ခေါင်းကခပ်မာမာ။

"ဒါတော့ ဆရာ့သဘောပဲလေ၊ ကောင်မလေးပုံစံကို ဆရာတစ်ခေါက်လောက် ထပ်ကြည့်လိုက်ပါဦး။ သူတို့က နုံလို့အလို့ တရားမစွဲ အမှုမလုပ်ကြပေမယ့် ဆရာ့အစ်ကိုရဲ့ပယောဂကြောင့် သူ့အစ်ကိုသေဆုံးခဲ့ပြီလေ။ လောကအလယ်မှာ မှီခိုရာ



www.burmeseclassic.com

www.burmeseclassic.com



မဲ့နေတဲ့ ဆယ်ကျော်သက်အရွယ်ကောင်မလေးတစ်ယောက်ကို ကျိုးထိုးထိုး ခွေးစားစားဆိုပြီး ဆရာပစ်ထားခဲ့မှာလား။ ဒေါ်မြမြ သင်းကြီးလို လူလည်ကျနေတာမဟုတ်ဘူးနော်။ ဆရာစဉ်းစား သင့်တာကိုပြောနေတာ။ ဒီကောင်မလေးဟာ ပိုင်ရှင်မဲ့လူနာတစ် ယောက်ပါဆရာ''

လွှမ်းညီညီ ထက်ရှားစကားကြောင့် ရင်ထဲနင့်သွားပြီး ကောင်မလေးကိုထပ်ကြည့်မိပြန်သည်။ ပိုင်ရှင်မဲ့လူနာတဲ့။ အဖြစ် ဆိုးလိုက်တာ။

ဘာပဲဖြစ်ဖြစ် ငါ့အစ်ကိုကြောင့် ဒီကောင်မလေး ဒီလို အဖြစ်ဆိုးရတာ။ ငါ့မှာ တာဝန်ရှိတာပေါ့။ ငါတာဝန်ယူသင့်တာ ပေါ့။ ဆေးလေးဘာလေး ကုပေးပြီး သူ့ဆွေမျိုးနီးစပ်ဆီ ပြန်ပို့ ပေးရုံလောက်တော့ ငါတာဝန်ယူသင့်တယ်။

ဒေါ်မြမြသင်းကြီးလို လူလည်ကျ၊ ကလိမ်ကကျစ်ကျ နေတာမဟုတ်ဘူး။ ဒါဟာ ရိုးသားတဲ့အဖြစ်အပျက်လေးတစ်ခု။

သူ ထက်ရှားကိုခေါင်းညိတ်ပြလိုက်ပြီး ဆေးရုံအုပ်ကြီး နှင့် သွားတွေ့လိုက်သည်။ အကျိုးအကြောင်းတွေပြောပြပြီး တာ ဝန်ယူလိုက်တော့ ဆေးရုံအုပ်ကြီးက လူနာကောင်မလေးကို သူ့ ထံလွှဲပေးလိုက်သည်။





ကောင်မလေးနာမည် သူ ယခုမှသိရသည်။ ဇလပ်ဖြူ တဲ့။ တောင်ဇလပ်ပန်းလား၊ မြေပြန့်က ဇလပ်ပန်းလား။

ထက်ရှား လူနာကောင်မလေးကိုတွဲပြီး ကားဆီခေါ်လာ တော့ ဒေါ်မြမြသင်းကြီးခမျာ မျက်နှာပျက်သွားလိုက်တာ တကယ့် ကို ရှုပ်ပျက်ဆင်းပျက်။

''ဟဲ့! ဒီဂြိုဟ်ဆိုးမကို ဘာဖြစ်လို့ခေါ်လာရတာလဲ။ သွား သွား. . . ငါ့သားမက် သေရတာ ဒင်းတို့ကြောင့်၊ ငါ့သမီးနဲ့ ငါ့ မြေး ခုလိုဒုက္ခိတဖြစ်ရတာ သူတို့ကြောင့်။ သူတို့ဆိုင်ကယ်ကို ရှောင်လိုက်ရလို့ မှောက်သွားတာ။ သူ့မျက်နှာ ငါမကြည့်ချင်ဘူး မကြည့်ချင်ဘူး''

အကဲပိုစွာနှင့် ခုန်ပေါက်အော်ဟစ်နေတော့ ထက်ရှားက လည်း ခပ်ချဉ်ချဉ်ရှိသည်မို့ ပြန်အော်လိုက်သည်။

''မကြည့်ချင် မကြည့်နဲ့ အဒေါ်ကြီးရေ့၊ ခင်ဗျားသား မက်ကားနဲ့တိုက်လို့ သူ့အစ်ကိုလည်း တောင်အောက်လွင့်ကျ၊ ဆိုင်ကယ်ပါကျပြီး သေရတာ။ သူတောင် ကံကောင်းလို့ ရေအိုင် ထဲကျလို့ မသေတာ။ နာစရာရှိ သူ့ဘက်က နာရမှာ''

''ဟဲ့! အဲဒါ ငါ့ရန်သူဟဲ့၊ ဘာဖြစ်ဖြစ် သူ့မျက်နှာ ငါ လုံးဝမကြည့်ချင်ဘူး။ ငါ့အိမ်ထဲ သူ့ကိုလုံးဝအဝင်မခံနိုင်ဘူး''



www.burmeseclassic.com

www.burmeseclassic.com



''ရတယ်၊ ခင်ဗျားမကြည့်ချင်နေ၊ ကျုပ်ကတော့ ခေါ်မှာပဲ။ လူပီသစွာနဲ့ တာဝန်ယူသင့်သူကို ယူရမှာပဲ''

တပည့်လိမ္မာ ဆရာအာပတ်လွတ်တဲ့။ သူ့ကိုယ်စား ထက်ရှားကပင် ဒေါ်မြမြသင်းကြီးကို အတိုက်အခံလုပ်ပြီး ဇလပ်ဖြူကို ကားပေါ်တင်ခဲ့သည်။

သူတို့ကားခမျာ ယခုတော့ လူနာတင်ယာဉ်ဖြစ်နေရ၏။ အစ်ကို့ဖနီး မြခွန်းဆက်၊ နောက် သမီးလေး ယမုန်ယုယ၊ ပြီးတော့ ဇလပ်ဖြူ။

✵ ✵ ✵



## အခန်း ၄

အစ်ကို့ချာပနပြီးတော့ လွှမ်းညီညီ ရန်ကုန်ပြန်ဖို့ပြင်၏။ မြန်အောင်မှာ သူ တစ်ညပဲအိပ်သည်။ နောက်တစ်နေ့ အစ်ကို့ ချာပနကို နေ့လယ်ဆယ့်နှစ်နာရီမှာ ချသည်မို့ ညနေလေးနာရီမှာ သူ ရန်ကုန်ပြန်ဖို့ပြင်၏။ ပြင်တယ်ဆိုတာလည်း ကားမောင်းထွက်ရုံပါပဲ။

ဒေါ်မြမြသင်းကြီး၏ အတ္တကြီးမှု၊ ကလေးဆန်မှုတွေကတော့ တစ်ခုပြီးတစ်ခု၊ တစ်ပြဿနာပြီး တစ်ပြဿနာ။

ဇလပ်ဖြူကို သူ့အိမ်မှာ လက်မခံနိုင်ပါဆိုသဖြင့် သူတို့ဆရာတပည့် ခေါင်းခဲနေရတုန်း အစ်ကို့ကားနှင့်လိုက်ပြီး သေဘေးမှလွတ်ခဲ့သည့်သူနာပြုဆရာမလေးက သူ့အိမ်သို့ခေါ်သွားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တော်သေးသည်။ ဆရာမလေးက. . .

''ဆိုင်ကယ်ကလည်း ကားကိုရှောင်တာပါပဲ။ ကားက အမြန်မောင်းနေတာရယ်၊ လမ်းရှင်းနေတုန်း ဖြုန်းခနဲတွေ့လိုက်ရတာကြောင့် တိုက်မိသွားတာပါ။ ဆိုင်ကယ်ကြောင့် ကားမှောက်ရတာမဟုတ်ပါဘူး၊ လမ်းတွေကလည်း ကျဉ်းတော့လေ၊ ဒေါက်တာတို့ကလည်း အရမ်းပျော်နေကြတော့''

ဘာပဲဖြစ်ဖြစ် အခြေအနေတွေကို အမှန်အတိုင်း လွှမ်းညီညီ သုံးသပ်မိပါသည်။ ဒါတောင် ယခုကျ ကောက်ညှင်းကမစေး၊ ဆန်ကြမ်းက စေးဆိုသလို ဒေါ်မြမြသင်းကြီးကပဲ တစ်ယူသန်စွဲနှင့် ဇလပ်ဖြူကို ရန်သူလိုသတ်မှတ်နေရသေး၏။

သူပြန်ဖို့နှုတ်ဆက်လိုက်တော့ ဒေါ်မြမြသင်းကြီး တစ်စခန်းထပေပြီ။ မင်းသမီးကြီးတစ်ယောက်လိုပင် အားလုံးရဲ့ရှေ့မှာ မျက်ရည်လည်ရွဲ ငိုကြီးချက်မနှင့်။

''အမယ်လေး! သားမက်ကလေးရှေ့ မင်းကိုအားကိုးနေရတဲ့အန်တီ့သမီးနဲ့မြေး၊ ခုတော့ သောင်ပြင်မှာလွှတ်တဲ့ရွှေဟင်္သာတွေ ဖြစ်ကျန်ခဲ့ပါပေါ့။ မောင်လွှမ်းညီညီရယ်၊ အန်တီ့သားမက်က သူ့ညီကိုသိပ်အားကိုးရှာတာပါ။ သူအသက်ထွက်ခါနီးတောင် ညီကိုတဖွဖွနဲ့မေးပြီး သူ့မယားနဲ့သမီးကိုအပ်နေတာပါ''





''အန်တီတောင်းပန်ပါတယ်ကွယ်၊ အန်တီတို့မှာတော့ ပင်စင်စားတွေမို့ ကိုယ့်ဝမ်းတောင် ကိုယ်မနည်းရှာစားနေရတာပါ။ ကိုယ့်အစ်ကိုရဲ့မျက်နှာကိုထောက်ထားပြီး မင်းမရီနဲ့တူမလေးကိုတော့ ဆေးကုပေးပါကွယ်။ အန်တီ့လက်ထဲ ဝကွက်ထားခဲ့ရင်တော့ သူတို့သေမှာမလွဲပါပဲ။ ဆေးကုပေးရုံပါပဲနော်''

ဆေးကုပေးရုံပဲဆိုတော့လည်း လွှမ်းညီညီ မျက်နှာမလွှဲသာပြန်။ ဘာပဲပြောပြော အစ်ကို့မျက်နှာက ရှိသေးသည်။ တူမလေးကိုလည်း သူချစ်ပါသည်။ ယခုအချိန်ထိ တစ်ခါမှနွေးနွေးထွေးထွေးမဆုံဖူးပေမယ့် အစ်ကို့သွေးမို့ သူတန်ဖိုးထားပါသည်။

''ကောင်းပြီလေ. . . ဒါဆိုလည်း သူတို့နှစ်ယောက်ကို ကျွန်တော် တာဝန်ယူပြီး ဆေးကုပေးပါ့မယ်။ ဒါပဲမဟုတ်လား။ ကဲ! သူတို့အတွက် အထုပ်အပိုးတွေပြင်''

ဘယ်အချိန်ကတည်းက စီစဉ်ထားသည်မသိ။ သူ ပါမစ်ပေးလိုက်သည်နှင့် အထုပ်အပိုးတွေက ရှေ့သို့ရောက်လာလေ၏။ နောက် ဒေါ်မြမြသင်းအသွင်က တစ်ခုခုပြောချင်သေးသည့်ပုံ။ အိမ်ပေါ်မှာရှိသည့်လူတွေကလည်း သူတို့ကိုဝိုင်းကြည့်လို့။

''အန်တီဘာပြောချင်သေးလို့လဲ''

''ဪ. . . သူတို့ကိုပြုစုဖို့အတွက် မောင်ညီညီ့မှာ တာ



www.burmeseclassic.com

www.burmeseclassic.com



ဝန်များကြီးနေမလားလို့''

''ရတယ်၊ သူတို့ကို ဆေးရုံဆေးခန်းတစ်ခုခုမှာ သင့်တော်သလို တင်ပေးမယ်။ နာ့စ်ငှားပေးမယ်''

''ဟို. . . လူနာအတွက် ချက်ပြုတ်ဖို့ပြုစုဖို့အတွက် အန်တီတို့သားအမိပါ လိုက်ပါရစေ။ ကိုယ့်သမီးနဲ့ကိုယ့်မြေးကို အန်တီတို့ကိုယ်တိုင် ပြုစုပါရစေကွယ်။ ဆေးရုံတင်တယ်တယ်ဆိုရင် လူနာစောင့်လည်း လိုပါတယ်။ မောင်ညီက ဒါတွေမသိလို့ လွယ်လွယ်ပြောနေတာ''

အငိုလွယ် အံရှုက်ခက်ဆိုတာ ဒါမျိုးဖြစ်မည်။ ဒါမှမဟုတ် ငါးပိရလို့ ဆားတက်လာလေသလား။ မရီးနှင့်တူမကို တာဝန်ယူလိုက်ပြန်တော့ သူတို့ကိုပြုစုစောင့်ရှောက်ဖို့ မအေနှင့်ညီမပါ လိုက်လာမတဲ့။

အေးလေ. . . ဒါလည်းဟုတ်တာပဲ။ လူနာပြုစုရတယ်ဆိုတာ လွယ်တာမဟုတ်။

''ဒါဆိုလည်း လိုက်ပေါ့ဗျာ. . . မြန်မြန်တော့ပြင်ကြ။ ကျွန်တော်မစောင့်နိုင်တော့ဘူး။ အဲ! ရက်လည်ကျရင်ရော''

''အဲဒီကျမှ တစ်ခေါက်ပြန်လာမယ်၊ မောင်ညီရော ပြန်လာရမှာမဟုတ်ဘူးလား။ ကဲကဲ. . . အန်တီတို့အမြန်ဆုံး အထုပ်





အပိုးပြင်လိုက်ပါ့မယ်''

တကယ်ကျ ဒေါ်မြမြသင်း အစီအစဉ်ချပြီးသားပါ။ သမီးနှင့်မြေးအတွက် ဆေးကုသစရိတ်သက်သာစေရန်အပြင် အဆင်ပြေလျှင် လွှမ်းညီညီနှင့်သူ့သမီးအငယ်ကိုပါ အိမ်ထောင်ချပေးဖို့အထိ စီစဉ်ပြီးသား။

အဲ! အဲဒီလိုမှဖြစ်မလာရင်တော့ မင်းသားကြီးမလုပ်ရလို့ ပတ်မကြီးထိုးဖောက်တယ်ပဲပြောပြော၊ ဒေါ်မြမြသင်း လွှမ်းညီညီဆီမှာ သူ့သမီးနှင့်မြေးအတွက် အမွေခွဲမည်။ ဝေစုတောင်းမည်။

သူမအစီအစဉ်က ငါးရလျှင်ရ၊ မရလျှင်ရေချိုးပြန်မည့် အစီအစဉ်။ ဘယ်ဖက်ကမှမလွတ်စေရ။ ဒေါ်မြမြသင်းနှင့် သမီးအငယ် မြခွန်းခြယ်တို့ လျင်မြန်စွာပင် အထုပ်အပိုးများကို ပြင်ကြသည်။ အင်း. . . တကယ်ကျ အထုပ်အပိုးက အစကတည်းက ပြင်ပြီးသား။ ယခုက ပြင်ချင်ယောင်ဆောင်နေကြရုံ။

နာရီဝက်လောက်ကြာတော့ အထုပ်အပိုးများနှင့် သားအမိနှစ်ယောက် ထွက်လာကြ၏။ အိမ်မှာ ကျန်ခဲ့မှာ ဒေါ်မြမြသင်း၏အသက် (၁၅)နှစ်လောက်ကြီးသည့်ခင်ပွန်းသည်နှင့် သားအငယ်ဆယ်တန်းသုံးခါကျထားသည့် ဖိုးတာ။

သူတို့အဖွဲ့ ကားပေါ်တက်မည်ပြင်တုန်း ဒေါ်မြမြသင်း



www.burmeseclassic.com

www.burmeseclassic.com



လက်မခံသဖြင့် တခြားမှာသွားနေရရှာသည့် ဇလပ်ဖြူကို သူနာပြုဆရာမလေးက လာပို့လေ၏။

သည်မှာတင် ဝူးဝူးဝါးဝါးနှင့် ဒေါသတွေကြီးကာ အော်ဟစ်ဆူပူနေသူကတော့ ဒေါ်မြမြသင်းပါပေ။

"ဟင်! ဒီကောင်မ ခုထိပါလာတုန်းလား။ ခုထိ အရှက်မရှိ ကပ်နေတုန်းလား။ လျှော်ကြေးပေးပြီးတာတောင် မကျေနပ်သေးဘူးလား။ သွား. . . နင်ခုထွက်သွား။ နင့်မျက်နှာ ငါမကြည့်ချင်ဘူး။ ဂြိုဟ်ဆိုးမ၊ အကုသိုလ်တုံးမ"

ပြောဆို ဆဲဆိုနေသည်မှာ ဘီလူးသရဲစီးနေသည့်နှယ်။ သို့သော် ဇလပ်ဖြူကတော့ သူမပြောနေတာတွေကို မျက်လုံးလေးအပြူးသားနှင့် ငေးလို့။ လောလောဆယ် စိတ်လွင့်ပါးနေသူမို့ ဘာတွေပြောနေသည်ကိုတောင် သူ့ခမျာ လုံးစေ့ပါဒ်စေ့ မသိရှာ။

ဇလပ်ဖြူခမျာ လောလောဆယ် စိတ်အားရော ရုပ်အားပါ ငယ်နေသူမို့ စိတ်တွေက ကတိမ်းကပါး။ သို့သော် သူ့ကိုပြောနေမှန်းတော့သိသည်မို့ မျက်ရည်တွေကျလာကာ နေရာမှာပင် သတိလစ်တော့မတတ် ယိမ်းယိုင်လာလျှင် ထက်ရှားကပင် ဇလပ်ဖြူကိုတွဲကာ ကားခေါင်းထဲသို့ ဝင်ထိုင်စေလိုက်၏။ သည်အခါ ဘီလူးသရဲစီးသလို ပိုစီးလာသူမှာ ဒေါ်မြမြသင်းပါပေ။





"ဟင်! သူလိုက်ရင် ငါတို့မလိုက်ဘူး။ ဒီမှာ မောင်ညီရဲ့ အဲဒီဟာမက မင်းနဲ့ဘာဆိုင်သတုန်း၊ ကိုယ့်အစ်ကိုရဲ့မိန်းမနဲ့တူမ ထက်ပိုပြီး သူ့ကိုအရေးပေးစရာလား။ အရာသွင်းစရာလား။ မင်းကိုယ့်လုပ်ပုံကိုယ် ပြန်စဉ်းစားကြည့်ပါဦး။ သူ့ကို မင်းလျော်ကြေးပေးပြီးပြီလေ၊ မင်းတာဝန် ဘာမှမရှိတော့ဘူး။ သူ့ကိုခေါ်ရင် မင်းမရီးနဲ့တူမကို ထားခဲ့ပေတော့"

ထက်ရှားမှာ သူ့ဆရာကိုကြည့်ပြီး အားမလိုအားမရ။ ခါတိုင်း နေရာတကာမှာ ဖျတ်လတ်သွက်လက်ခဲ့သည့် သူ့ဆရာ ယခုကျ အစ်ကိုသေဆုံးသွားတာနှင့် စိတ်ဓာတ်ခွန်အားတွေ လျော့ကျကုန်ပြီလား။

သို့သော် သူထင်သလိုတော့မဟုတ်ပါချေ။ ဒေါ်မြမြသင်း ပြောနေသမျှ ခေတ္တစူးစိုက်ကြည့်ပြီးမှ ပြောမည့်ပြောတော့လည်း

"ဒေါ်မြမြသင်း သူ့ကိုဘယ်လောက်လျော်ကြေးပေးခဲ့သလဲ"

"အဲ. . ."

တကယ်တော့ မအူမလည်နှင့် စိတ်ဒုက္ခရောက်နေရှာသည့်ကောင်မလေးကို ဆရာဝန်တွေဆရာမတွေရှေ့မှာပင် ဆေးဖိုးဆိုပြီး ငွေသုံးသိန်းတင်ပေးခဲ့ပြီး လွှမ်းညီညီထံမှာကျတော့ ငွေ



www.burmeseclassic.com

www.burmeseclassic.com



သိန်းငါးဆယ်တောင်းခဲ့တာ သူ။

သားမက်နှင့်သမီး၏ကားမှောက်သည့်ကိစ္စမှာပင် မဖွယ်မရာအမြတ်ထုတ်ခဲ့သူမှာ သူ။ မင်းဘူးမှာလုပ်ခဲ့တာမို့ လွှမ်းညီညီဘယ်တော့မှ ပြန်မသိလောက်ဘူးရယ်လို့ လုပ်ခဲ့တာပါ။

သို့သော် ဟန်ကိုယ့်ဖို့မဟုတ်ပါလား။ ပျက်ကျသွားသည့်မျက်နှာကို ပြန်တင်းပြီး ပြောရဲစွာနှင့်ပြောချပစ်လိုက်တာပါပဲ။

"သိန်းငါးဆယ်လေ၊ ဘာလဲ. . . ဒီကောင်မက လျော်ကြေးထပ်လိုချင်လို့ ကပ်နေတာလား။ လူကြီးသူမတွေရှေ့မှာတင်အမှုကိုကျေအေးလက်မှတ်ထိုးပြီးသား။ လျော်ကြေးပေးပြီးသား။ အဲဒါကြောင့် ဒီကောင်မကို လက်မခံပါနဲ့လို့ပြောတာ။ မောင်ညီကို ပြဿနာမတက်တက်အောင် လုပ်တယ်"

"အန်တီပြောတာ ဟုတ်မဟုတ် မင်းဘူးဆေးရုံကို ဖုန်းတစ်ချက်လောက် ဆက်လိုက်ရုံနဲ့ ပေါ်တယ်နော်။ ကျွန်တော့်ကို ဆရာဝန်ကြီးက လိပ်စာကတ်ပေးလိုက်ပြီးသား။ ဖုန်းနံပါတ်ရပြီးသား။ ဖုန်းတစ်ချက်လောက်ဆက်လိုက်ရုံနဲ့ အားလုံးရှင်းသွားမှာပါ။ ဒီကောင်မလေး ရှိတာမရှိတာနဲ့မဆိုင်ဘူး. . . သူ့ကိုတော့ ကျွန်တော် အနိုက်အတန့်တာဝန်ယူရမှာပဲ။ ဆေးကုပေးရမှာပဲ"

"အန်တီ သူ့ကိုမကြည့်နိုင်ရင်လည်း ကျန်ခဲ့၊ ကျွန်တော့်





မရီးနဲ့တူမကိုပဲခေါ်သွားမယ်။ လူနာပြုစုဖို့တွေဘာတွေဆိုတာ ငှားလို့ရပါတယ်။ အန်တီတို့ကျန်ခဲ့။ ကဲ! ထက်ရှားရေ၊ သွားကြစို့"

စကားကိုတည်ငြိမ်စွာပင်ပြောပြီး လွှမ်းညီညီ ဒေါ်မြမြသင်းကိုလှည့်မကြည့်တော့။ သူ့မရီးနှင့်တူမကိုလည်း ကားနောက်ဘက်မှတင်ပြီးသားမို့ လွှမ်းညီညီ ကားရှေ့မှတက်လိုက်သည်။

ကားရှေ့ခန်းက သုံးယောက်စီးလို့ရရုံမို့ ထက်ရှား၊ ဇလပ်ဖြူနှင့်သူပါ စီးလိုက်ရုံနှင့် ပြည့်သွားပေပြီ။ သည်အခါ စောစောကဘီလူးထွက် ထွက်နေသည့်ဒေါ်မြမြသင်းခမျာ ဗျူဟာပြောင်းရရှာပေပြီ။ သူမအဖြစ်က အလိုကြီးလို့ အရနည်းရပြီမဟုတ်ပါလား။ အနိုင်မှအရှုံးသို့ ကူးပြောင်းသွားပြီမို့ ခေါင်းမမာနိုင်တော့။

လွှမ်းညီညီအနားသို့ အပြေးကပ်လိုက်ပြီး. . .

"မောင်ညီရယ်၊ အန်တီက မင်းအစ်ကိုကိုသတ်တဲ့ တရားခံမကို မမြင်ချင်လို့ ဒေါသ[illegible]ချက် ပြောမိတာပါ။ ဒီကောင်မလူလည်ကျတာလည်း မခံနိုင်လွန်းလို့ပြောမိတာပါ။ လျော်ကြေးပေးပြီးသားကို ထပ်လိုက်၊ ထပ်ရှုပ်နေရင် မင်းအထိနာမှာစိုးလို့ပြောတာပါ။ အန်တီ့သမီးနဲ့မြေးအဆင်ပြေဖို့အတွက် အန်တီတို့လိုက်မှဖြစ်မှာပါ။ အန်တီ့သမီး မြခွန်းခြယ်က ကားမူးတတ်လို့ကားရှေ့မှာ ထားမယ်။ ဒီကောင်မကို နောက်ဘက်က စီးပစေ"



www.burmeseclassic.com

www.burmeseclassic.com



ကားထဲမှာ နေရာဦးနေလျှင် ဖလပ်ဖြူကတော့ ဘာမှ မသိရှာပါ။ သို့သော် ထက်ရှားက ဖလပ်ဖြူအတွက် တိုက်ပွဲဝင်ရန်အသင့်။

''ဆရာ၊ ဖလပ်ဖြူနဲ့ဒီမိန်းမကြီးက တည့်တာမဟုတ်ဘူးနော်။ အတူစီးလို့မဖြစ်ဘူး။ ကားမူးတယ်ဆိုတာလည်း ယုံမနေနဲ့. . . အလကား''

သည်တော့မှ လွှမ်းညီညီခေါင်းညိတ်လိုက်ပြီး အလိုဆန္ဒတွေများနေသည့် ဒေါ်မြမြသင်းကြီးကို နောက်ဘက်သို့သာ လက်ညှိုးညွှန်လိုက်ရ၏။

''နောက်မှာပဲ စီးတော့ အန်တီ၊ ကားထွက်တော့မယ်''

ကားတံခါးပိတ်ပြီး စက်နှိုးလိုက်သည်မို့ ဒေါ်မြမြသင်းကြီး ကမန်းကတန်း မကျေမနပ်နှင့်ပင် ကားနောက်ဘက်မှ တက်လိုက်ရပေသည်။ ထက်ရှားကတော့ သူ့ဆရာကို ခပ်တိုးတိုးပင် သတိပေးနေလေ၏။

''ဆရာ၊ ဒီမိန်းမကြီးက မလွယ်ဘူးနော်။ ဆရာတော့ သူတို့ကိုတင်လာမိက၂ မှားပြီထင်တယ်။ မြစိမ်းဇာတ်ဆုပ်ထဲကလို ကိုဘုန်းကြွယ် သိုက်ဆရာခေါ်လာမိသလို မှားပြီလို့ ကျွန်တော်ထင်နေတယ်။ ကလိမ်ကကျစ်မကြီး''





''အေးပါကွာ. . . ငါသိပါတယ်၊ ဒါပေမဲ့ ငါ့အစ်ကိုမျက်နှာက ရှိသေးတယ်လေ။ ဆေးကုရုံတော့ ကုပေးလိုက်မယ်ကွာ။ ပြီးရင် ပြန်ကြပေါ့''

''ကျွန်တော်ထင်တာတော့ ဆရာ့ကို သူတို့အဖွဲ့ မောင်ပိုင်စီးကြလိမ့်မယ်ထင်တယ်''

''ရမလားကွ၊ ငါလည်း လူနုံလူအမှုမဟုတ်ဘဲ''

''သတိတော့ အများကြီးထားပါဆရာ''

''အေးပါကွာ၊ ငါ့ကိုသတိပေးတာကျေးဇူးပဲ။ မင်းလည်း ငါ့ကိုစောင့်ရှောက်ပေါ့''

''ကိုယ့်ဆရာပဲဗျာ၊ စောင့်ရှောက်မှာပေါ့။ ဒါပေမဲ့ ဆရာ၊ သိုက်ဆရာတွေ တကယ်စွမ်းလာရင် ဘာမှန်းညာမှန်းတောင် မသိလိုက်ရဘဲ သိုက်ကြီးတစ်ခုလုံး ပျက်စီးဆုံးရှုံးသွားရတာနော်၊ ကျွန်တော်တော့ မျက်ခုံးခပ်လှုပ်လှုပ်ပဲ၊ တော်ကြာ သူကစွမ်းလွန်းလို့ ကျွန်တော်ပါ ပြေးရမလား လွင့်ရမလားပ''

''မင်းကလည်းကွာ၊ ငါ့ကို သူငယ်နှပ်စားလေးများ မှတ်နေသလား။ အစ်ကို့ကိုသာ သူချုပ်ကိုင်လို့ရမယ်။ ငါ့ကိုမရဘူးမှတ်''

ထက်ရှား ကားမောင်းရင်း နောက်ကိုလက်မနှင့် ညွှန်ပြ



www.burmeseclassic.com

www.burmeseclassic.com



လိုက်တော့ လွှမ်းညီညီ နောက်ကြည့်မှန်မှတစ်ဆင့် ကြည့်လိုက်သည်။

ကားမူးတတ်သည်ဆိုသည့် သူ့သမီးက ရယ်လို့မောလို့ပါလားလေ။

ဒီမိန်းမကြီး တကယ့်ကိုမလွယ်။

✻ ✻ ✻



## အခန်း ၅

''အား. . . မောင်ညီအစ်ကိုပိုင်တဲ့ တိုက်ကြီးက တကယ့်ကို ခမ်းနားလှပါလား။ ခုချိန်ဆို တန်ဖိုးနည်းမှာမဟုတ်ဘူးနော်။ သိန်းပေါင်း ဘယ်နှသောင်းတောင်လဲ''

အင်းယားလမ်းသွယ်ထဲရှိ ဘိုးဘွားစဉ်ဆက် ပိုင်လာခဲ့သည့်နှစ်ထပ်တိုက်ကြီးကိုကြည့်ပြီး ဒေါ်မြမြသင်း ရင်ထုမနာဖြစ်ချေပြီ။ စကားပြောတာကလည်း အနှောင့်မလွတ် အသွားမလွတ်၊ 'မောင်ညီတို့ ညီအစ်ကိုပိုင်တဲ့တိုက်ကြီး' တဲ့။ လွှမ်းညီညီ ဘာမှမဖြေရှင်းမနေချင်တော့ပါ။ ပါးစပ်ကပြောရုံပဲလေ။

သူတို့အိမ်မှာ အလုပ်သမားရယ်လို့လည်းမထားဘဲ ဆရာကပည့်နှစ်ယောက်သာ နေကြသည်မို့ သူတို့ကို တံခါးဖွင့်ပေးမည့်



www.burmeseclassic.com

www.burmeseclassic.com



သူလည်းမရှိပါ။ ဒေါ်မြမြသင်းကတော့ နှစ်ထောင်းအားရတွေ ဖြစ်နေလေ၏။ တကယ့်ခွင်ပဲ။

ထက်ရှားပင် အရင်ကားပေါ်မှဆင်းပြီး ခြံတံခါးကို သော့ဖွင့်လိုက်သည်။ နောက် အိမ်တံခါးကိုအပြေးဖွင့်လိုက်ပါ၏။ ကားခြံထဲသို့ဝင်လာပြီး တိုက်ရှေ့ဆင်ဝင်မှာရပ်လိုက်လျှင် ဒေါ်မြမြသင်းကပင် ကိုယ့်အိမ်ကိုယ့်ရာကိုပြန်ရောက်သည့်နှယ်။ ပိုင်စိုးပိုင်နင်းနှင့်. . .

"ကဲ! ဆင်းကြ ဆင်းကြ၊ သမီး မြခွန်းဆက်, ဒါကိုယ့်အိမ်ပဲလေ။ ဘာမှအားမနာနဲ့။ ကိုယ့်ကျန်းမာရေးက ပိုပြီးအရေးကြီးတယ်။ နေဦး. . . ဟဲ့! ဟို ထက်ရှား၊ လာပါဦး။ ဒီမှာ ကလေးကို အထဲပွေ့ချီသွားပေးလေ၊ ငါ့မြေးက ခြေရောလက်ရော ကျိုးထားတာ။ မောင်ညီက မင်းမရီးကိုပွေ့ချီလာခဲ့ပါကွယ်။ သူ့ခမျာ ဒါးရိုးအက်သွားတာဆိုတော့ လမ်းလည်းမလျှောက်နိုင်၊ အိပ်လို့လည်းမရ၊ ထိုင်လို့လည်းမရနဲ့၊ ဒုက္ခကိုကြီးပါတယ်ကွယ်။ တစ်ခါတည်းသေသွားတဲ့ လွှမ်းကိုကိုပဲ အေးတယ်"

"ဗျာ"

ကိုယ့်အစ်ကိုသေတာကိုပင် နှစ်ထောင်းအားရဖြစ်နေလေတော့ လွှမ်းညီညီ စိတ်တိုရသည်။ ပြီးတော့ ပြောပုံဆိုပုံကလည်း





ကြည့်ပါဦး။ ဒီမိန်းမကြီးဟာ တော်တော်အလိုက်ကမ်းဆိုးမသိတာပဲ။ ကိုယ့်က နှမြောတွန့်တိုနေတာမဟုတ်ပေမယ့် ကိုယ့်အိမ်ကို သူတို့အိမ်လိုသဘောမျိုးပြောပြီး ကိုယ့်ယောက်ျားအိမ်ပေါ် ကိုယ်ပြန်တက်လာသလို အားမနာပါးမနာဖြစ်နေသည့်အခါ စေတနာတွန့်ဆုတ်မိတာအမှန်။

သူကလည်း ပညာပြန်ပြလိုက်တာပါပဲ။

"ထက်ရှား၊ မြခွန်းဆက်ကို ခေါ်လာခဲ့။ ငါ ယမုန်နဲ့ကို ချီခဲ့မယ်"

'ဟုတ်ကဲ့ပါဆရာ"

ကဲ! ဘာတတ်နိုင်သေးလဲ။ တကယ်လည်း ထက်ရှားဆိုတာ အသားညိုညို ဗလကောင်းကောင်းနှင့် ထောင်ထောင်မောင်းမောင်းလေ။ ရုပ်ကတော့ ရွက်ကြမ်းရေကျိုပါ။ သဘောဖြူ အူစင်းရုပ်။

ထက်ရှားကလည်း ဒေါ်မြမြသင်းကြီး လူလည်ကျသမျှ ဆရာ့အတွက် ရှေ့မှအသေခံကာကွယ်ဖို့အထိ စိတ်ကူးပြီးသားမို့ မြခွန်းဆက်ကိုပဲ ပွေ့ချီလိုက်ပါသည်။ ကလေးအမေမို့ ဝချင်ချင်ဖြစ်နေသည့်မြခွန်းဆက်ဟာ ပေါင်ချိန် (၁၄၀)လောက်တော့ရှိမှာမလွဲ။



www.burmeseclassic.com

www.burmeseclassic.com



လွှမ်းညီညီက ကိုယ့်တူမ ယမုန်လေးကိုပဲ ယုယစွာပွေ့ချီလိုက်ပါသည်။

''လာ. . . ဦးဦးဆီလာ သမီး''

သူနှင့်ထက်ရှားတို့ လူနာများကို အိမ်ထဲသို့ခေါ်သွားနေစဉ် ဘာဝန်စည်စလယ်မှမပါဘဲ အဝတ်တစ်ထည်ကိုယ်တစ်ခုနှင့် လိုက်လာသည့် ဇလပ်ဖြူအား ဒေါ်မြမြသင်းကြီး နိုင်ပါးလေတော့သည်။

''ဟဲ့! ဟိုကောင်မလေး၊ ရော့! ဒါတွေသယ်၊ ဘာယောင်ချာချာလုပ်နေတာလဲ''

ဒေါ်မြမြသင်းပေးသည့် ရောမအဝတ်အိတ်ကြီးနှင့် ဆွဲခြင်းကြီးတွေကိုကြည့်ပြီး ဇလပ်ဖြူသယ်ဖို့ကြိုးစားပေမယ့် လူက အစားမဝင် အအိပ်မဝင်ဖြစ်နေတာကြောင့် အားမရှိသဖြင့် မသယ်နိုင်၊ မ,မနိုင်ဖြစ်နေရာ ဒေါ်မြမြသင်းကြီးက ဇလပ်ဖြူကို အော်ဟစ်ဆူပူကာ ခေါင်းကိုတဒေါက်ဒေါက်ခေါက်နေလေ၏။

'ဘာအူကြောင်ကြောင်လုပ်နေတာလဲ၊ သယ်လေ,သယ်၊ အပျင်းမ. . . ရေသာခိုဖို့တော့ မကြိုးစားနဲ့''

အပြင်မှာ ဇလပ်ဖြူတစ်ယောက် ဒုက္ခရောက်နေတုန်း ထက်ရှားနှင့် လွှမ်းညီညီတို့ ပစ္စည်းတွေသယ်ပေးဖို့ အပြင်ပြန်





ထွက်လာသည်နှင့်တိုးလေ၏။

''ဟင်! ခင်ဗျား သူ့ကိုဘာအနိုင်ကျင့်နေတာလဲ။ သူလည်း လူနာပဲလေ။ သွားသွား. . . ဇလပ်ဖြူ၊ အိမ်ထဲဝင်။ အေးအေးဆေးဆေးနားပါ''

''ဘာလူနာလဲ၊ ဘယ်နေရာမှ မကျိုးမပဲ့တဲ့အကောင်းကြီးကို။ အလကား. . . မူယာမာယာများနေတာ။ ဘာရောဂါမှရှိတာမဟုတ်ဘူး''

ထက်ရှားနှင့် လွှမ်းညီညီတို့ ဒေါ်မြမြသင်းကိုကြည့်ပြီး တော်တော်စိတ်ပျက်သွားမိကြ၏။ ဆရာတပည့်နှစ်ယောက် သူတို့၏အဝတ်အိတ်တွေကိုသာ သယ်ပြီး အိမ်ထဲသို့ဝင်ခဲ့ရာ ဒေါ်မြမြသင်းနှင့် သူ့သမီးအငယ်မြခွန်းခြယ်တို့နှစ်ယောက်က ခပ်ကျော့ကျော့ပင် နောက်မှလိုက်လာကြလေ၏။

ကျယ်ဝန်းခမ်းနားလှသော ဧည့်ခန်းထဲမှာလည်း မျက်လုံးတွေက ဟိုကြည့်ဒီကြည့်။ အိမ်မှာ အိမ်ရှင်မလည်းမရှိ၊ အိမ်အလုပ်သမားလည်းမရှိတာမို့ လွှမ်းညီညီပင် စားရေးသောက်ရေးတွေ စီစဉ်ရပေမည်။

ခါတိုင်းက ဆရာတပည့်နှစ်ယောက်တည်းမို့ ကြုံရာနေရာမှာ ဝယ်စားချင်စား၊ အချိန်ရလျှင် အိမ်မှာချက်စားကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးနှစ်ယောက်တည်းပေမယ့် သူတို့နှစ်ယောက်လုံး အချက်အပြုတ် အသိမ်းအဆည်းအကုန်ရပါသည်။

သူတို့ရန်ကုန်ရောက်ချိန်ဟာ နံနက်လေးနာရီလောက်မို့ လောလောဆယ် အနားယူဖို့ပဲလိုအပ်သည်။ ဒါကို သူစီစဉ်မှာပင် မစောင့်ဘဲ ဒေါ်မြမြသင်းကပင် ဦးအောင် ဆရာကြီးလုပ်ပြန်သည်။

"ကဲ! မောင်ညီ၊ အန်တီတို့ ဘယ်မှာနေရမလဲ။ နားချင်ပြီ။ အန်တီ့အတွက် တစ်ခန်းပေး၊ သမီးငယ်က တစ်ခန်း၊ သမီးကြီးက တစ်ခန်း"

မြခွန်းဆက်က တစ်ခွန်းတော့ ဝင်ပြောပါသည်။

"မီးမီးနဲ့အတူထားပေးပါ မာမီ၊ ကလေးကို သမီးလည်း ကြည့်ရှုစောင့်ရှောက်ရတာပေါ့"

"အို! မဖြစ်ပါဘူး၊ သမီးက ခါးရိုးကျိုးထားတာ။ ကလေးနဲ့အတူထားတော့ ချိမိပိုးမိမယ်။ မဖြစ်ဘူး မဖြစ်ဘူး. . . မြေးလေးကိုလည်း တစ်ခန်းပေး။ ကဲ! မောင်ညီ၊ အမြန်ဆုံးစီစဉ်လေ။ အန်တီတို့အရမ်းပင်ပန်းနေပြီ"

တစ်လမ်းလုံး အလှည့်ကျကားမောင်းလာရသည့် သူတို့နှစ်ယောက်က မပင်ပန်းရဘဲ နောက်မှအိပ်လိုက်လာသူတွေက





ပင်ပန်းနေသည့်အခါ စိတ်ကောင်းရှိသည့်ထက်ရှားပင် ခပ်ချဉ်ချဉ်၊

"ကားမောင်းလာရတဲ့လူတွေ ပင်ပန်းဖို့ အနားယူဖို့လေးလည်း တွေးပေးကြပါဦးဗျာ။ ဒီကလည်း စီစဉ်ပေးမှာပါ။ ခေတ္တတော့ စောင့်ကြပါဦး"

"ဟဲ့! မင်းတို့က ယောက်ျားသားတွေလေ၊ ဒီမှာက လူနာတွေနဲ့ နုနုနယ်နယ်မိန်းကလေးတွေ၊ တူမလား။ မင်းတို့က ဒေါင်ကျကျ ပြားကျကျ ခံနိုင်ရည်ရှိပြီးသား။ ဒီမှာသာ မွေးလာကတည်းက ရွှေဖွန်းကိုက်မွေးလာရတဲ့ ရွှေရေးပန်းဆက် နေလာခဲ့ရတဲ့မိန်းကလေးတွေ"

လွှမ်းညီညီက ထက်ရှားကိုမျက်ရိပ်ပြပြီး ဧည့်ခန်းထဲမှ ဆွဲခေါ်သွားရင်း. . .

"ဒီမိန်းမကြီးနဲ့ စကားနိုင်လုမနေပါနဲ့တော့ ငါတပည့်ရယ်။ ကဲ! သူတောင်းနေတဲ့အခန်းလေးခန်း ဘယ်လိုပေးပါ့မလဲ။ ဒါပဲ အရင်ဆုံးစဉ်းစား။ တို့အိမ်မှာက အားလုံးပေါင်းမှ အိပ်ခန်းလေးခန်းပဲရှိတာလေ။ အပေါ်ထပ်မှာ မိသားစုအိပ်ခန်း နှစ်ခန်း၊ အောက်မှာ မိသားစုအိပ်ခန်းနှစ်ခန်း၊ အပေါ်ထပ်က ငါ တစ်ခန်း၊ မင်း တစ်ခန်းယူပြီးပြီ။ ဟိုကောင်မလေးကိုလည်း ဘယ်ချောင်ထိုးထားရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



သူခေါင်းခဲနေတော့ ထက်ရှားက လက်ဖြောက်တစ်ချက် တီးလိုက်ရင်း. . .

''ဆရာကလည်း ဒါလေးများ လွယ်ပါတယ်၊ ကျွန်တော်တို့က ဆောက်လုပ်ရေးကုမ္ပဏီတောင် ဖွင့်ထားတဲ့သူတွေလေ။ အောက်ထပ်အခန်းကျယ်နှစ်ခုကို လေးခုရအောင် ချက်ချင်းဖွဲ့လိုက်မယ်။ အိမ်မှာ ကြိတ်သားတွေလည်းရှိသားပဲ''

''သူတို့က အောက်ထပ်မှာ နေချင်ပါ့မလား''

''ဘာလို့မနေချင်ရမှာလဲ၊ နှစ်ယောက်က လူနာ၊ နှစ်ယောက်က လူနာစောင့်ရှောက်ဖို့လိုက်လာကြတာ။ ခါးကျိုးတဲ့လူနဲ့ ကလေးက ခြေရောလက်ပါ ပတ်တီးကိုင်ထားရတာ၊ အောက်မှာပဲ ခုချက်ချင်း အခန်းဖွဲ့လိုက်ကြစို့''

''အေး. . . ဒါဆိုလည်း ချက္ကာ လုပ်ကွာ''

မိုးမလင်းခင်ကပင် အောက်ထပ်မှအခန်းကျယ်ကြီးနှစ်ခုကို ဆရာတပည့်နှစ်ယောက်သား အခန်းလေးခန်းရအောင် ဖွဲ့နေကြရ၏။ တစ်နာရီလောက်ကြာတော့ အဆင်ပြေသွားပေပြီ။ အခန်းထဲမှာ ကုတင်တွေလည်းထည့်ပြီး၊ အိပ်ရာတွေလည်း ခင်းပေးပြီးပေါ့။

''ကဲ! ဆရာ့ရဲ့ဒုက္ခအိုးတွေကို သွားပြီးခေါ်၊ နေရာချပေး





ကြစို့''

''အေးကွာ၊ ငါ မင်းကိုအားနာပါတယ် ထက်ရှားရယ်။ ငါပျော့ညံ့ရာများ ကျနေပြီလားကွာ''

''မကျပါဘူး၊ ပျော့ညံ့တဲ့အဆင့်ထိတော့ မရောက်သေးပါဘူး၊ ဆရာ့ဘက်ကတော့ သွားလေသူအစ်ကို့မျက်နှာကိုထောက်ထားတာ။ လူသားချင်းစာနာနေတာမဟုတ်လား''

''ဟုတ်တယ်၊ အစ်ကို့ကိုယ်စား ကြည့်ပေးနေတာ''

''ဟိုမိန်းမကြီး လိုတာထက်ပိုပြီး အခွင့်အရေးမယူဖို့ကိုတော့ ဆရာ သတိထားရလိမ့်မယ်။ သူက လူလိုသိတာမဟုတ်ဘူး''

''အေးပါကွာ၊ ငါသဘောပေါက်ပါတယ်။ မင်းသာ ငါ့ဘက်မှာ ရှိနေပါစေ''

''ဆရာ့တပည့်က ဆရာ့ရဲ့ပဋ္ဌမံတပ်သားပါဗျာ။ ဆရာသာ မကျဆုံးပါစေနဲ့၊ အဲ! ဆရာ၊ ဇလပ်ဖြူအတွက်လည်း နည်းနည်းတော့ ခေါင်းထဲထည့်ဦးနော်။ တော်ကြာ နေရင်းထိုင်ရင်းနဲ့ ဇလပ်ဖြူခမျာ ငရဲတွင်းထဲခုန်ဆင်းမိတဲ့လူလို ဖြစ်နေဦးမယ်၊ ဒေါ်မြမြသင်းကြီးရဲ့လက်ထဲမှာ ဖွတ်ဖွတ်ကျေနေဦးမယ်''

''အေး. . . အဲဒါလည်း မှန်တယ်။ နေဦး၊ သူ့ကို ငါတို့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာထားရမလဲ''

''အပေါ်ထပ်ထောင့်က စတိုခန်းကိုရှင်းပြီး ထည့်ထားပေးလိုက်မယ်ဆရာ''

''ဒေါ်မြမြသင်းကြီးက ကျေနပ်ပါ့မလား။ သူတို့တော့ အောက်ထပ်ထားပြီး ဇလပ်ဖြူကျမှ အပေါ်ထပ်ထားလို့လေ''

''ဟော! ခုကတည်းက ဆရာ သူ့လောင်းရိပ် သူ့ဩဇာအောက်မှာ ပိနေပြီ။ ဒါ ကိုယ့်အိမ်ပဲဆရာရယ်၊ သူ့အိမ်မှမဟုတ်တာ။ လုပ်သင့်တာလုပ်ပြီး ဖြစ်သင့်တာဖြစ်ပေးရမယ့်မဟုတ်လား။ ဆရာရယ်. . . အောက်ထပ်မှာ သူတို့နဲ့သာ အတူထားရရင် ဒီကောင်မလေး သူတို့ရဲ့ခိုင်းဖတ်ဖြစ်ပြီး တစ်ခါတည်း ကြိုးဆွဲချသေချင်သွားမှာပဲ''

''မင်းပြောတာလည်း မှန်တာပဲ''

လွှမ်းညီညီနှင့် ထက်ရှားတို့ ညှော်ခန်းထဲပြန်ရောက်လာတော့ ညှော်ခန်းထဲမှာ အားလုံးပရိုဖရဲ။ ညှော်ခန်းဆက်တီရှည်တစ်ခုပေါ်မှာ ယမုန်လေးကို သိပ်ထားပြီး မြခွန်းဆက်ကလည်း ဆိုဖာတစ်ခုမှာ မှီပြီးအိပ်နေပါသည်။

ဒေါ်မြမြသင်းနှင့်မြခွန်းခြယ်တို့နှစ်ယောက်ကလည်း ဆိုဖာနှစ်ခုမှာ မှီပြီးအိပ်နေကြ၏။





''ဩော်''

လွတ်နေသည့်ညှော်ခန်းကြမ်းပြင်ကော်ဇောပေါ်မှာ ကွေးကွေးလေးအိပ်နေရှာသူကတော့ ဇလပ်ဖြူ။ ဒေါ်မြမြသင်းတို့မိသားစုတွေ နေရာယူလိုက်တော့ သူကလေးအတွက် နေရာမရှိတော့ပြီမို့ အရမ်းလည်းအိပ်ချင်နေရှာသည်မို့ ကြမ်းခင်းကော်ဇောပေါ်မှာ ကွေးကွေးလေး။

မိုးလည်း လင်းပါပြီ။ နံနက်ခြောက်နာရီ ထိုးတော့မည်လေ။ သူတို့ကိုမနှိုးချင်လို့ ခေတ္တရပ်ကြည့်နေစဉ် ဒေါ်မြမြသင်းက အရင်နိုးလေ၏။

''အမယ်လေး! ကြာလိုက်တာတော်၊ တမင်ပညာပြနေသလားအောင်းမေ့ရတယ်။ ကဲ! ပြီးပြီလား မောင်ညီ၊ အန်တီတို့အဖွဲ့တွေကို နေရာချထားပေးပါဦး။ ဟိုကောင်မလေးကို အန်တီ့အခန်းထဲမှာ ထားမယ်။ ဒါမှ လိုသလိုခိုင်းလို့ရမယ်။ အလကားလူပိုတစ်ယောက်ရဲ့တာဝန်ဆိုတာ နည်းတာမဟုတ်ဘူးကွယ့်၊ တန်အောင် ခိုင်းပေးရမယ်''

ဘိန်းစားချင်းအတူတူ တစ်မူးပိုရှုဆိုတာလိုပါပဲ။ အတူတူ လူပိုတွေချင်းအတူတူ သူတို့ကိုယ်သူတို့တော့ ဘယ်လိုတွက်ချက်လိုက်သည်မသိ၊ ကိုယ့်ကိုယ်ကို အိမ်ရှင်လို့များ မှတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ပြီလားပင်။ အားနာနေလို့ကတော့ သူတို့နှစ်ယောက်ကိုပါ နိုင်းစားမည့်မိန်းမကြီးပါပဲ။

''မဖြစ်ဘူး အန်တီ၊ သူ့ကိုနိုင်းဖို့ခေါ်လာတာမဟုတ်ဘူး။ အစ်ကို့ပယောဂကြောင့် သူ့ဘဝလေး ကမောက်ကမဖြစ်သွားရပြီမို့ ကျွန်တော် ဖေးမကူညီဖို့ခေါ်လာတာ။ သူလည်း ကျွန်တော် ကူညီရမယ့်လူနာတစ်ယောက်ပဲ''

လွှမ်းညီညီ၏တည်ငြိမ်သောအပြောကို ကြားလိုက်ရလျှင် ဒေါ်မြမြသင်းအသွင်က မြွေကိုက်ခံလိုက်ရသည့်နှယ်။

''ဘာ! မင်းက သူ့ကို တစ်သက်လုံးကူညီစောင့်ရှောက်ဖို့ခေါ်လာတာဟုတ်လား။ မောင်ညီရယ်၊ မင်း့ နွားကျလှချည်လား။ သူ့စရိုက်နဲ့သူ ရှင်းပြီးသားလူတစ်ယောက်ကိုများ ဝန်ထုပ်ဝန်ပိုးအဖြစ်နဲ့ ခေါင်းပေါ်ရွက်ချင်ရသေးတယ်။ အန်တီက မင်းကိုသနားလို့ပြောတာပါ။ မင်းမှာ မရီးနဲ့တူမလေးရဲ့တာဝန်ကိုလည်း ထမ်းရဦးမယ်လေ''

ဒေါ်မြမြသင်းပြောပုံက ကိုယ့်ကိုမလေးမစားနှင့် သူ့လက်အောက်ငယ်သားတစ်ယောက်လို ပြောဆိုဆက်ဆံနေလျှင် ထက်ရှားကို သူမျက်ရိပ်ပြလိုက်၏။ ထက်ရှားကလည်း သဘောပေါက်ပြီးသား။ ဒီမိန်းမကြီးကို အမြင်ကတ်နေတာလည်းကြာပြီလေ။





''အန်တီ စကားပြောတာ ကြည့်ပြောပါ၊ ဒါ 'လွှမ်းညီညီဆောက်လုပ်ရေး'ရဲ့ဒါရိုက်တာကြီးဗျ။ လမ်းဘေးက တေလေကြမ်းပိုးမဟုတ်ဘူး။ ခင်ဗျားသားမက် လက်ထောက်ဆရာဝန်လေးလောက်မဟုတ်ဘူး။ ခင်ဗျားမသိတတ်ဘူးလား၊ ဘယ်လိုမိန်းမကြီးလဲ။ သူ့အရိပ်ကိုလာခိုပြီး သူ့ကိုလေးလေးစားစားဆက်ဆံမှပေါ့။ ခင်ဗျားသတိထားလိုက်ဖို့က ဒါ ခင်ဗျားသားမက်မဟုတ်ဘူး။ ခင်ဗျားတို့နဲ့ဘာမှမတော်တဲ့ သူစိမ်းတစ်ယောက်''

ထက်ရှားစကားကြောင့် ဒေါ်မြမြသင်းကြီး ဆွေ့ဆွေ့ခုန်သွားပုံက မီးခဲတက်နင်းမိသည့်နှယ်။

''ဟင်! ဟင်! နင် လူပါးဝလှချည်လား။ နင်က ဘာဆိုင်လို့လဲ။ ကျွန်က ကျွန်လိုနေတာမဟုတ်ဘူး။ ဒါ ငါ့သားမက်လည်းဆိုင်တယ်၊ ဒါကြောင့် ငါ့သမီးနဲ့လည်းဆိုင်တယ်၊ ငါတို့က သူ့အရိပ်ကိုခိုတာမဟုတ်ဘူး။ ကိုယ်ြ့သားမက်အရိပ် ကိုယ်ပြန်လာကြတာ''

စောစောစီးစီးပင် ဒေါ်မြမြသင်း အစွယ်တွေထုတ်ပြနေတော့လျှင် လွှမ်းညီညီ မနေသာတော့ချေ။ အစ်ကိုရှိသေးလျှင် အစ်ကို့သဘောထားအရ သူငဲ့ညှာပေးရရဲ့။ ယခုတော့ သူမပုံစံက ကိုယ့်ကိုယ်ပင် ပြန်နှင်ချတော့မတတ် လောဘတွေနှင့် ငန်းငန်းတက်



www.burmeseclassic.com

www.burmeseclassic.com



နေလေရာ. . .

"အန်တီ စကားအပြောအဆိုဆင်ခြင်ပေးပါ၊ ကျွန်တော် စေတနာပျက်အောင် မလုပ်ပါနဲ့။ ပစ္စည်းဥစ္စာအကြောင်းတွေကို ကျွန်တော်မပြောချင်ပေမယ့် အန်တီ့ပုံစံက ငန်းငန်းတက် လျှမ်းလျှမ်းတောက်နေတော့ ပြောရတော့မယ်။ ဒီအိမ်က အစ်ကိုကိုယ်တိုင် မြန်အောင်မှာ တိုက်ဝယ်၊ ကားဝယ်ချင်လို့ အဖိုးဖြတ်ပြီး အမ်းခိုင်းခဲ့တာ"

"အို! သူက ဘာမှနားလည်တဲ့သူမဟုတ်ဘူး၊ တန်ဖိုးလည်းသိတာမဟုတ်ဘူး။ သူ့ညီလက်ထဲ အတင်းထိုးထည့်နေတာ။ သင်းကိုလည်းစိတ်နာတယ်"

ဒေါ်မြမြသင်းတစ်ယောက် အစိမ်းသရဲတွေ ပူးကပ်နေသလို လူစိတ်ပျောက်နေလျှင် သမီးနှစ်ယောက်က သူတို့အမေကို ဝိုင်းဝန်းတောင်းပန်ရ၏။

"တော်ပါတော့ အမေရယ်၊ ဘာဖြစ်လို့ ဒါတွေလျှောက်ပြောနေရတာလဲ။ သမီးတို့ ဆေးကုရအောင် လာကြတာလေ။ ကိုညီရယ်၊ ဆက်, တောင်းပန်ပါတယ်၊ မေမေ့ကိုခွင့်လွှတ်လိုက်ပါနော်။ သူလည်းအဖြစ်ဆိုးပေါ့မြင်ပြီး စိတ်ကယောက်ကယက်ဖြစ်နေပြီလားမသိဘူး"





မြခွန်းဆက်မှာ အသက်(၂၄)နှစ်သာရှိသေးသဖြင့် လွှမ်းညီညီထက်လည်း ငယ်ပါသည်။ မြခွန်းခြယ်ကတော့ အသက်(၂၀)အရွယ်။ ဖြူဖြူချောချောလေးပါပဲ။ သူကတော့ မအေ့ကိုယ်စား လွှမ်းညီညီတို့နှစ်ယောက်ကို အားနာနေသည့်ပုံ။

ဇလပ်ဖြူကတော့ ယခုမှပင် ကြမ်းပြင်မှာ ငုတ်တုပ်လေးထိုင်နေပြီး ဟိုကြည့်ဒီကြည့်နှင့်။

သမီးနှစ်ယောက်ကဝိုင်းပြီး မအေကိုဆွဲထားရင်း လက်ကုတ်ခြေကုတ်နှင့် သတိပေးတာကြောင့် ဒေါ်မြမြသင်း သတိပြန်ကပ်သွားသည်။ ဟုတ်သားပဲ၊ ငါလုပ်ပုံက ရောက်ရောက်ချင်းဆောက်နဲ့ထွင်း။ ဒီကောင့်ကို အချိုသတ်မှပါလေ။

ဒေါ်မြမြသင်း စိတ်ကိုလျှော့လိုက်ပြီး၊ လွှမ်းညီညီကို တောင်းပန်လိုက်ရသည်။

"ဆောရီး. . . မောင်ဉာဏ်ကြီးရယ်၊ အန်တီ ခုတလော ဘာဖြစ်နေတယ်မသိပါဘူး။ မကောင်းဆိုးဝါးဘုတ်များ စီးနေသလားအောင်းမေ့ရတယ်။ တောင်းပန်ပါတယ်ကွယ်၊ အန်တီတို့က မောင်ညီ့ရဲ့မိခိုသူတွေပါ။ သေသွားတဲ့အစ်ကို့မျက်နှာထောက်ပြီး မောင်ညီ့မရီးနဲ့တူမလေးကို ဆေးကုပေးပါနော်"

"အဲဒီလိုပြေပြေလည်လည်ပြောစမ်းပါ။ အန်တီတို့က



www.burmeseclassic.com

www.burmeseclassic.com



အုပ်စုလိုက်ကြီးလည်း အားမနာပါးမနာတက်လာကြသေးရဲ့။ အိမ်ရှင်တွေကို ဟောက်လားဟိန်းလားနဲ့ မလေးမစားလုပ်တာတော့ မကောင်းပါဘူး။ အန်တီသတိထားရမှာက ဒါအမွေတောင်းဖို့လာတာမဟုတ်ဘူးဆိုတာပဲ။ တောင်းလို့လည်းမရဘူးနော်။ အမွေကရှင်းပြီးသား၊ ရှေ့နေရှေ့ရပ်တွေနဲ့ကို သေသေချာချာရှင်းပြီးလင်းပြီးသား။ ကျွန်တော့်ဆရာက နေရာတကာ အားနာနေမှာ ပေမယ့် ကျွန်တော်ကတော့ သူ့ရှေ့ကနေ အကာအကွယ်ပေးနေရမှာပဲ''

ထက်ရှားပြောသမျှ လွှမ်းညီညီ သဘောကျစွာ ကြည့်နေလျှင် ဒေါ်မြမြသင်းကလည်း ပြန်လှန်ခွပ်တာပါပဲ။

''မင်းကတော့ နောက်လိုက်ခွေး ပီသပါပေတယ်။ သခင့်အတွက်ဆို အသေခံကိုက်မယ့်သဘောပေါ့''

သည်တစ်ခါဝင်ပြောသူကတော့ လွှမ်းညီညီ။ သူ မနေသာတော့ပါ။ ဒီမိန်းမကြီးက သူတို့ဆရာတပည့်နှစ်ယောက်ကြား သပ်ကြီးကြီးလျှိုနေပြီကိုး။

''အန်တီစကားပြောတာ ရိုင်းလှချည်လား။ အဲဒီလောက်ရိုင်းနေရင် ကျွန်တော်တို့အတူနေလို့ဖြစ်မှာမဟုတ်ဘူး။ ထက်ရှားဆိုတာ ကျွန်ပေ့ာ်ရဲ့ညီတစ်ယောက်ပါပဲ။ သူလည်း ကျွန်တော့်လုပ်ငန်းထဲမှာ ရှယ်ယာပါတယ်။ ကဲ! ထက်ရှားရေ့၊ သူတို့ကို ဒီ





မှာထားလို့ဖြစ်မှာမဟုတ်ဘူး။ လူနာနှစ်ယောက်ကို ဆေးရုံတင်မယ်။ သူတို့လူကောင်းနှစ်ယောက်က အစောင့်လုပ်။ အဲဒီအတွက် နားဖို့ပြုဖို့ တိုက်ခန်းတစ်ခု ရှာပေးလိုက်မယ်''

''ကောင်းတယ်ဆရာ၊ အဲဒီအကြံကောင်းတယ်''

အလိုကြီးအရနည်းဖြစ်ရတော့မည်မို့ ဒေါ်မြမြသင်းရောသမီးတွေပါ ဗျူဟာပြောင်းကြရပေပြီ။ ချက်ချင်းပင် မျက်ရည်လည်ရွဲတွေဖြစ်ကုန်ကြပြီး. . .

''ဒီလိုတော့ မရက်စက်လိုက်ပါနဲ့မောင်ညီရယ်။ အန်တီတို့မှာ အသိအကျွမ်းလည်းမရှိ၊ အားကိုးလည်းမရှိမို့ မောင်ညီတို့ကိုပဲ အားကိုးရမှာပါ။ အန်တီတို့ပြောမှားဆိုမှားရှိရင် ခွင့်လွှတ်ပါကွယ်။ မင်းတို့ပဲ သင့်တော်သလိုစီမံပါနော်။ အန်တီတို့ နာခံပါ့မယ်''

''ဒါဆိုလည်း အိမ်ရှင်တွေကို လေးလေးစားစားတော့ ဆက်ဆံကြဗျာ။ ကိုယ့်အိမ်မှာနိုင်းထားတဲ့အနိုင်းအစေကို ဆက်ဆံတဲ့လေသံမျိုးနဲ့ လာမလုပ်နဲ့ပေါ့။ ကဲ! ဆရာရေ့၊ ဆရာ့မှာ တစ်ညလုံးကားမောင်းလာရတာ၊ အိမ်ပေါ်တက်ပြီး ကိုယ့်အခန်းမှာသာ ခေတ္တသွားနားပေတော့''

''အေးကွာ၊ သူတို့ကိုဆေးခန်းပြဖို့ ဆေးရုံတင်ဖို့တွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း ညနေမှစတော့မယ်။ ငါအရမ်းပင်ပန်းနေပြီ။ ငါ့တပည့်ကိုပဲ လွှဲခဲ့မယ်နော်''

''စိတ်ချ ဆရာ. . . စိတ်ချ၊ ကဲ! ကိုယ့်ပစ္စည်းတွေ ကိုယ်သယ်ခဲ့ကြ။ အခန်းတွေလိုက်ပြမယ်''

လွှမ်းညီညီတက်သွားပြီမို့ ထက်ရှားကို ဝိုင်းမျက်စောင်းထိုးကြရင်း ဒေါ်မြမြသင်းတို့တစ်သိုက် စိတ်ထဲမှ မေတ္တာပို့နေကြလေ၏။

''ငါတို့အထုပ်တွေ ကူသယ်ပေးဦးမှပေါ့။ ဟိုကောင်မလေး. . . လာ၊ ဘာရူးသလိုနှမ်းသလိုလုပ်နေတာလဲ။ ရော့! ဒီအထုပ်သယ်၊ သမီးနဲ့မြေးက ခဏနေဦးနော်။ ပစ္စည်းတွေအရင်ပို့ဦးမယ်''

အခန်းလေးခန်းထဲ အဆင်ပြေစွာ နေရာချပေးပြီးလျှင် ဒေါ်မြမြသင်းကြီးက ဇလပ်ဖြူအတွက် စပ်စုလေ၏။

''သူ့ကိုရော ဘယ်မှာထားမလို့လဲ''

''ဘယ်မှာထားထား ခင်ဗျားအပူမပါဘူး''

''ဟင်! နင်မိုက်ရိုင်းလိုက်ချည်လား၊ ကိုယ့်အမေအရွယ်မှန်းမသိ''

''မအေအရွယ်ကရော ကျွန်တော့်ကို သားလိုသဘောသားလို့လား၊ နင်းဆုတ်နေတဲ့ဟာ။ ကိုယ့်ကိုကူညီနေတဲ့သူတွေကိုစော်ကားလိုစော်ကား၊ ကျေးဇူးတင်ရမှန်းမသိဘာမသိနဲ့''

''ဟဲ့! ကျေးဇူးတင်စရာလား၊ သေသွားတဲ့သူ့အစ်ကိုရဲ့မျက်နှာနဲ့ ဒီတာဝန်တွေအားလုံး သူယူကိုယူရမှာပဲ။ လူဆို လူ့တာဝန်ဝတ္တရားကို သိရမှာပဲ''

''အပြောကောင်းတယ်၊ ခင်ဗျား သူ့စေတနာကို မစော်ကားနဲ့။ ဟိုက စေတနာအပြည့်နဲ့တာဝန်ယူနေတဲ့ကိစ္စ။ ခင်ဗျားသာ လောဘတွေဒေါသတွေ ရောယှက်ပြီး လိုချင်စိတ်တွေ လျှမ်းလျှမ်းတောက်နေတာ။ သူတစ်ပါးပစ္စည်းကိုမပစ်မှားကောင်းဘူး။ စိတ်လျှော့. . . စိတ်လျှော့''

ထက်ရှားပြောပြီး ထွက်သွားတော့ ဒေါ်မြမြသင်းတစ်ယောက် ဆတ်ဆတ်တုန် ကျန်ခဲ့လေ၏။

''ဒင်းတော့သိမယ်၊ ဒီအိမ်က လွင့်ထွက်သွားအောင်အစွမ်းကုန်ကြိုးစားရမယ်''

''မေမေကလည်း အခြေအနေမကြည့်ဘူး။ အရမ်းလုပ်နေတာပဲ။ ဒီလိုစီမံကိန်းမျိုးဆိုတာ စိတ်ရှည်ရမယ်လေ''

''အေး. . . ဟုတ်တယ်၊ သမီးငယ်ပြောတာ ဟုတ်တယ်၊ ငါတို့အသာလျှိုနေလိုက်ကြဦးစို့။ နောက်မှ တစ်ဆင့်ပြီးတစ်ဆင့်







www.burmeseclassic.com

www.burmeseclassic.com



ကြုံစည်တာပေါ့။ မိခြယ်… သူ့ညစ္စာပစ္စည်းတွေကို မြင်တယ်မလား''

ဒေါ်မြမြသင်းတို့မိသားစုမှာ မိဘလက်ထက်က ချမ်းသာခဲ့ပေမယ့် သူတို့လက်ထက်မှာ ဟန်သာရှိတော့သဖြင့် အရာရာကို မရောင့်ရဲနိုင်ဘဲ ဒေါသတွေလောဘတွေ တက်နေကြသူတွေလည်း ဖြစ်သည်။

သူတို့စိတ်ထဲမှာ လွှမ်းညီညီဟာ အမွေအားလုံးကို မောင်ပိုင်စီးထားပြီး ကြီးပွားချမ်းသာနေသူ။ လွှမ်းကိုကိုကတော့ ညီ့အတွက် စွန့်လွှတ်အနစ်နာခံပြီး မဖြစ်စလောက်အမွေကိုသာ ယူခဲ့သူ။

''ကဲကဲ. . . အနားယူလိုက်ကြဦး။ ပြီးမှ သူ့အစီအစဉ်အတိုင်း ဆက်ရတာပေါ့''

''မေမေလည်း အပြောအဆို အနေအထိုင်ဆင်ခြင်၊ ခုချိန်မှာ ဘီလူးထွက် ထွက်နေရင် ကိုယ်တွေပဲ ဆင်းပြေးရလိမ့်မယ်''

''အေးပါအေးပါ၊ ငါလည်းရမလားလို့စမ်းကြည့်တာပါ''

သားအမိတွေ ဆင်ကြံကြံဖို့စဉ်းစားရင်း လောလောဆယ် အနားယူလိုက်ကြလေသည်။

✻ ✻ ✻



## အခန်း (၆)

လောလောဆယ် အနားမယူနိုင်သေးတာက ထက်ရှား။ ဆရာဟာ သူ့အတွက်တော့ ကျေးဇူးရှင်၊ ကယ်တင်ရှင်။ သူ့အသက်(၁၄)နှစ်အရွယ် လူမမယ်ဘဝကပင် ဆရာဟာ လမ်းပျောက်နေခဲ့သည့်သူ့ကို အရိပ်ပေးခဲ့သူ။ လမ်းပြပေးခဲ့သူ။ ယခုဆို ခြောက်နှစ်တောင်ရှိခဲ့ပြီလေ။

သူ့အဖေက ဆရာ့ဆိုက်ထဲက ပန်းရံဆရာ။ အရက်မူးပြီး အလုပ်ဆင်းတော့ မတော်တဆ အက်ဆီးဒင့်နှင့် သူ့အဖေ ထိခိုက်ဆုံးပါးခဲ့တော့ သူ့ကိုလျော်ကြေးပေးခဲ့သည်။ သားအဖနှစ်ယောက်တည်းဆိုတာသိလိုက်ရတော့ သူ့ကိုခေါ်ယူစောင့်ရှောက်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



နောက် ပညာသင်ပေးပြီး ဘွဲ့လေးတစ်ခုရတော့ အခု ဆရာ့ဆောက်လုပ်ရေးလုပ်ငန်းထဲမှာပင် သူလည်းအလုပ်ဝင်နေခဲ့သည်။ နောက် အတူနေကြသူတွေမို့ ဆရာတပည့်လို ညီအစ်ကိုလို သားအဖလို ချစ်ကြတာလည်းအမှန်။

အဖေ့အတွက် လျော်ကြေးပေးသည့်ငွေကိုလည်း ဟိုတုန်းကတည်းက ဆရာ့လုပ်ငန်းထဲမှာပဲ ပြန်ထည့်ထားခဲ့တာမို့ ယခုဆို ရှယ်ယာသဘောဖြစ်နေပေပြီ။ သူရသည့်လစာဆိုတာလည်း ပြန်ပြီးရင်းနှီးမြှုပ်နှံထားလိုက်တာပါပဲ။ သူက ဆရာ့ဆီမှာပဲ နေရစားရသည်လေ။

"မင်းအတွက် တိုက်ခန်းလေးတစ်ခု လုပ်ထားတယ်။ တစ်ချိန်ကျ အိမ်ထောင်ရက်သားကျရင် အခြေကျနေအောင်ပေါ့ကွာ။ လောလောဆယ်တော့ ငှားစားပေါ့"

ဆရာဟာ သူ့အတွက်ဆို အစ်ကိုလို အဖေလို ကောင်းလှသူပါ။ ဤလိုလူအတွက်မှ သူမကာကွယ်လျှင် မည်သူ့အတွက် ကာကွယ်ရမှာလဲ။ ယခုဆို သူ့မှာ တိုက်ခန်းပိုင်တောင်ရှိနေပေပြီ။

သည်တော့ ဆရာ့ကိစ္စဟာ သူ့ကိစ္စ၊ ဆရာ့ဒုက္ခဟာ သူ့ဒုက္ခပေါ့။ ယခုလည်း ဆရာ့ဒုက္ခအိုးတွေရဲ့စားရေးသောက်ရေးအတွက် သူထမင်းဟင်းချက်ရန် ပြင်ဆင်နေရသည်။ နေရာတကာ





အလွယ်ကြုံကြိုက်ပြီး ဝယ်စားမည်ဆိုလျှင် ငွေတွေအများကြီးကုန်မှာပေါ့။ သည်တော့ အိမ်မှာလည်း ဆန်နှင့်ရေခဲသေတ္တာထဲမှာ အသားငါး၊ ဟင်းသီးဟင်းရွက်တွေ ရှိနေတာပဲ။

ဂက်(စ်)မီးဖိုနှင့် ဟင်းချက်မည်။ ထမင်းကို ပေါင်းအိုးနှင့်တည်မည်ပေါ့။

သူ မီးဖိုထဲမှာ အလုပ်တွေရှုပ်နေခိုက် သူ့အနားသို့ တရွေ့ရွေ့ရောက်လာသူဟာ ဇလပ်ဖြူ။

အစ်ကိုသေဆုံးပြီး သူလည်း ရေအိုင်ထဲသို့ အရှိန်ပြင်းစွာကျရောက်ခဲ့သူမို့ ဇလပ်ဖြူမှာ အသိစိတ်တွေက ဝေဝေဝါးဝါး။ သိသလိုမသိသလိုလို၊ အိပ်မက်မက်ပြီး လျှောက်သွားနေရသူနှယ်။

ထက်ရှားအနီးသို့ ဖြည်းဖြည်းလေးရောက်လာပြီး မဝံ့မရဲမေးလိုက်ပုံက သနားစဖွယ်။

"အစ်ကို. . . ကျွန်မရဲ့အစ်ကိုကြီး ဘယ်ရောက်သွားလဲ"

သူ့အစ်ကိုရင်းကိုမေးနေပုံက ရင်ထဲနင့်စရာ။ ဇလပ်ဖြူအရွယ်က အသက်(၂၀)ပင်ရှိသေးဟန်မတူ။ အသားဖြူပြီး အရပ်က ငါးပေခွဲလောက်။ မကျန်းမာသူမို့ မျက်လုံးတို့က ရီဝေဝေ။ အဖျားငွေ့သွေးလည်း ရှိပုံရသည်။

ဖြူစင်ရိုးသားသည့်တောသူမလေးမို့ သူမအသွင်က နု



www.burmeseclassic.com

www.burmeseclassic.com



နုနယ်နယ်။ သူဘယ်လိုဖြေလိုက်ရမှာလဲ စဉ်းစားနေခိုက် သူတို့ ရှိရာမီးဖိုထဲသို့ လွှမ်းညီညီဝင်လာခဲ့သဖြင့် ထက်ရှား အသက်ရှူ ချောင်သွားသည်။

''သူ့ကိုမေး၊ ဇလပ်ဖြူရဲ့အစ်ကိုကြီး ဘယ်မှာရှိတယ်ဆို တာ ဆရာသိတယ်''

ဇလပ်ဖြူ ထက်ရှားလက်ညှိုးထိုးပြရာသို့ ကြည့်လိုက် လျှင် လွှမ်းညီညီကိုတွေ့လိုက်ရ၏။ ရုပ်ချောပြီး သဘောကောင်း သည့်၊ တည်ကြည်သည့်ယောကျ်ားတစ်ယောက်။ ဇလပ်ဖြူ သေ သေချာချာ မျက်လုံးပွတ်ကြည့်လိုက်ပြန်၏။ အစ်ကို. . . သူမရဲ့ အစ်ကိုလား. . .

''အစ်ကိုက ကျွန်မရဲ့အစ်ကိုကြီး ကျော်မျိုးအောင်လား။ ကျွန်မရဲ့အစ်ကိုကြီးဟုတ်ပါတယ်နော်''

ဝေဝါးနေသည့်ဦးနှောက်ထဲမှာ လွှမ်းညီညီအသွင်ကို မမြင်ဘဲ သူမရဲ့အစ်ကိုကြီးကျော်မျိုးအောင်ကိုသာ မြင်နေတော့ ရာ. . .

ဇလပ်ဖြူ လွှမ်းညီညီထံသို့ ဖြည်းညင်းစွာ တိုးကပ်သွား ရင်း တစ်တောင်လောက်အကွာမှာ ရပ်လိုက်သည်။

''အစ်ကိုဟာ ကျွန်မရဲ့အစ်ကိုကြီးလားဟင်''





မသိနိုးနကလေးလေးတစ်ယောက်လို အားကိုးတကြီး မော့ကြည့်ပြီး မျှော်လင့်တကြီးမေးနေလိုက်ပုံက သူဘယ်လိုခွန် အားနဲ့မှ ငြင်းရက်စရာမရှိ၊ ပြီးတော့ ဒီလိုစိတ်အာရုံလွင့်ပါးနေသည့် မိန်းမငယ်လေးတစ်ယောက်ဟာ သူ့ကိုလိမ်ညာလှည့်စားနေတာ တော့မဟုတ်နိုင်။

''အင်း. . . ဟုတ်တယ်၊ ငါ. မင်းရဲ့အစ်ကိုကြီးပေါ့''

''အို! ဝမ်းသာလိုက်တာ အစ်ကိုကြီးရယ်။ ဒါ. . . ဒါဆို ညီမလေးတို့ အိမ်ပြန်ကြရအောင်လေ။ အိမ်ပြန်ကြမယ်လေ''

သူ့လက်မောင်းကိုကိုင်ဆွဲပြီး ဇလပ်ဖြူ မျက်ရည်လည် ရွဲနှင့် တုန်ယင်စွာပြောနေတော့ သူနှင့်ထက်ရှားတို့ တစ်ယောက် မျက်နှာတစ်ယောက်ကြည့်မိကြသည်။ မလွယ်ပါလား။ အငိုလွယ် ပြီး အရိုက်ခက်မည့်ဇာတ်လမ်းတစ်ပုဒ်ပါ။

''နော်. . . အစ်ကိုကြီး၊ ညီမလေးတို့ အိမ်ပြန်ကြမယ် လေ၊ အိမ်ကဝက်ကလေးကို ဘယ်သူအစာကျွေးမလဲ၊ ကြက်မနှစ် ကောင်ကိုလည်း ဥတင်းလုပ်ပေးဦးမယ်၊ ညီမလေးစိုက်ထားတဲ့ ဂန္ဓမာပန်းခင်းလေးလည်း ရေလောင်းမယ့်သူမရှိလို့ သေကုန်တော့ မှာ''

သူ့လက်မောင်းကိုလှုပ်ခါလှုပ်ခါရင်း ပြောနေပုံလေးက



www.burmeseclassic.com

www.burmeseclassic.com



တကယ့်ညီမလေးတစ်ယောက်ရဲ့အသွင်။ သေချာပါသည်။ ဒီကောင်မလေးရဲ့ ဝေဝါးသောအသိဉာဏ်ထဲမှာ သူဟာ သူမရဲ့အစ်ကိုကြီးဖြစ်မည်။ သူအလိုက်သင့် ပြောလိုက်ရပါသည်။

''အစ်ကိုကြီးက ဒီမှာအလုပ်လုပ်နေတာ ညီမလေးရဲ့။ ညီမလေးလည်း အစ်ကိုကြီးနဲ့အတူ ဒီမှာနေရမှာလေ။ တောကို မပြန်တော့ဘူး''

သူပြောလိုက်တော့ ဇလပ်ဖြူအသွင်က ဟိုငေးဒီငေး၊ ဟိုစဉ်းစားဒီစဉ်းစားနှင့် မျက်လုံးလေးများက ဟိုရွေ့ဒီရွေ့။

''အစ်ကိုကြီးက ဘာဖြစ်လို့ သူများအိမ်မှာနေရတာလဲဟင်။ ဒီတိုက်ကြီးက ဘယ်သူ့အိမ်လဲ၊ ဘယ်သူ့အိမ်မှာ လာကပ်နေတာလဲဟင်''

သူကလေးအတွေးက အမှန်သားပဲ။ သူ့အစ်ကိုကြီးဟာ သူများအိမ်မှာ လာနေတယ်တဲ့။

''ဒါ အစ်ကို့ရဲ့သူငယ်ချင်းအိမ်၊ သူတို့ခရီးသွားလို့ လာစောင့်ပေးနေတာ။ ကဲ! လာ၊ ညီမလေး အနားယူလိုက်ဦး''

လွှမ်းညီညီ သူကလေးအတွက် စတိုခန်းမှာ အခန်းပြင်ပေးခဲ့ပြီးမဟုတ်ပါလား။ ခေါ်သွားဖို့ပြင်တော့ သူမက ဟင်းသီးဟင်းရွက်များကို လက်ညှိုးထိုးပြလိုက်ရင်း. . .





''ညီမလေး ထမင်းဟင်းချက်ပေးဦးမယ် အစ်ကိုကြီး။ သူကရော ဘယ်သူလဲဟင်''

ထက်ရှားကိုလက်ညှိုးထိုးပြီးမေးတော့ လွှမ်းညီညီဖြေရသည်မှာ. . .

''သူက အစ်ကို့ရဲ့တပည့်လေ''

''တပည့်! ဘာလို့ တပည့်ဖြစ်နေရတာလဲဟင်''

''ဟိုကွာ. . . အလုပ်အတူလုပ်ကြတာကိုပြောတာ။ ကဲ! သူ့ကိုကူချက်ချင်လည်း ချက်''

သူ စားပွဲမှာဝင်ထိုင်လိုက်တော့ ထက်ရှားက ကော်ဖီတစ်အိုးနှင့် ကိတ်မုန့်တစ်ပန်းကန် ချပေးလိုက်သည်။

''လာ. . . ညီမလေးပါအတူလာစား။ ထက်ရှား လာကွာ၊ ပြီးမှဆက်ချက်''

''ဟုတ်ကဲ့ပါဆရာ၊ ကျွန်တော် ထမင်းအိုးတည်ထားလိုက်ပြီ။ ဟင်းအိုးပြင်တည်လိုက်ဦးမယ်။ ဆရာတို့မောင်နှမ စားနှင့်ပါ''

''လာ. . . ဇလပ်ဖြူ''

သူမကိုခေါ်ပေမယ့် ဇလပ်ဖြူက ထက်ရှားအနားသို့သွားပြီးလျှင်. . .



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ဘာချက်မှာလဲ၊ ဇလပ်ဖြူ ချက်ပေးမယ်"

"နင်ချက်တတ်လို့လား"

"တတ်တာပေါ့၊ ဘာတွေချက်ရမလဲပြော"

"အိမ်မှာ ကြက်သားနဲ့ကန်စွန်းရွက်ရှိတယ်။ ပဲပင်ပေါက် ရှိတယ်။ ချဉ်ပေါင်ရွက်ရှိတယ်"

"ဒါဆို ကြက်သားဟင်းချက်ပြီး ကန်စွန်းရွက်ကြော်လိုက်မယ်။ နောက် ချဉ်ရည်ဟင်းလည်းချက်လို့ရတယ်လေ"

"အင်း. . . ဟိုမမဖုရားတွေက ဟင်းတစ်မျိုးနှစ်မျိုးနဲ့ စားတတ်ပါ့မလားမသိဘူး"

"ဘယ်မမဖုရားတွေလဲ"

"ဟိုလူတွေလေ၊ နင်ကလည်း မေ့တတ်လိုက်တာ"

"ဪ. . . ဟိုရန်လိုနေတဲ့အဒေါ်ကြီးအုပ်စုလား"

"ဟုတ်တယ်၊ ကဲပါ. . . ရှိတာချက်ကြမယ်"

သူတို့နှစ်ယောက်အတူ ထမင်းဟင်းချက်လိုက်ကြတာ တစ်နာရီပင်မကြာ။ ပုစွန်ခြောက်လည်းရှိသည်မို့ ငံပြာရည်ကြော်ပင် ကြော်လိုက်သေး၏။

ကြက်သားဆီပြန်၊ ကန်စွန်းရွက်ကြော်၊ ချဉ်ရည်ဟင်း နှင့် ငံပြာရည်ကြော်၊ ဟင်းတွေကမဆိုး။ ဖွယ်ဖွယ်ရာရာ။ သို့သော်





ထက်ရှား ကြုံသိနေသည်။ အထည်ကြီးပျက်အုပ်စုက ဂျိုက်ဂျောင် ကျဦးမှာမလွဲ။

လွှမ်းညီညီ နာရီကြည့်လိုက်၏။ မနက်ကိုးနာရီ။

"ထက်ရှားရေ၊ ငါတို့နှစ်ယောက် ဆိုက်တွေထဲ သွားကြဦးစို့။ သူတို့ကို ပြီးမှ ဆေးရုံဆေးခန်းသွားဖို့စီစဉ်ကြမယ်"

"ဆရာ၊ ဇလပ်ဖြူတစ်ယောက်တည်း ထားခဲ့လို့ဖြစ်ပါ့မလား။ တော်ကြာ"

"အင်း. . . ဒီဟာလေးကို ဘယ်လိုလုပ်ရပါ့။ ကဲကဲ. . . ငါအပေါ်ထပ် သူ့အခန်းနေရာကိုခေါ်သွားလိုက်မယ်"

လွှမ်းညီညီက ဇလပ်ဖြူကို ကော်ဖီနှင့်မုန့်ထုပ်နှင့်အတူ အပေါ်ထပ်သို့ခေါ်သွားပြီး သူမနေရမည့်အခန်းမှာ ထားပစ်ခဲ့သည်။

"ညီမလေး အပြင်မထွက်နဲ့နော်၊ အစ်ကိုတို့တွေ အပြင် ခဏသွားမလို့။ ဒီအခန်း[illegible]ပိတ်ထား။ ဆာရင် မုန့်စား၊ ည နေကျရင် ဆေးခန်းလည်းပြရမယ်။ ဟုတ်ပြီလား"

သူ့စကားကို ဇလပ်ဖြူက နားမလည်သလို ငေးကြည့်နေ၏။ ပြီးမှ ခပ်တိုးတိုးပြောသည်မှာ. . .

"အစ်ကိုကြီး ပြန်လာမှာပါနော်၊ ညီမလေးကို တစ်ယောက်တည်းမထားခဲ့နဲ့နော်"



www.burmeseclassic.com

www.burmeseclassic.com



''အေးပါ၊ မထားခဲ့ပါဘူး. . . ပြန်လာမှာ၊ အိပ်နေနော်။ ညီမလေးကြည့်ရတာ အားနည်းနေသလိုပဲ။ အိပ်နေ. . . အိပ်''

အခန်းတံခါးပိတ်ခဲ့ပြီး သူတို့ဆရာတပည့်နှစ်ယောက် ပစ်ထားခဲ့ရသည့်ဆိုက်တွေထဲသို့ လှည့်ကြည့်ရလေသည်။

✱ ✱ ✱



## အခန်း (၇)

**ဇလပ်ဖြူ----**

သူမကိုပေးထားသည့်အခန်းထဲမှာ ဗီရိုတစ်လုံးရှိပြီး ဗီရိုမှာ မှန်ပါတာကြောင့် ကိုယ့်ကိုယ်ကို မြင်နေရပါသည်။

သူမက ကုတင်ပေါ်မှာ ထိုင်နေသည်မို့ ဗီရိုမှန်ရိပ်မှာ ပေါ်နေသည့်ကိုယ့်ရုပ်ကို မျက်မိသလို ငေးကြည့်နေမိ၏။

တင်ပါးထိရှည်သည့်ဆံနွယ်ငွေ့က လူပေါ်မှာ ဖရိုဖရဲ။ မျက်တွင်းက ဟောက်ပက်။ မျက်တောင်ကော့တွေက နစ်မြုပ်လို့၊ မျက်နှာတစ်ခုလုံး သွေးမရှိသလိုဖြူဖျော့နေပြီး သူမဝတ်ထားသည့် ချည်ထည်ဝတ်စုံ ဖက်ဖူးရောင်လေးကတော့ ညစ်ထပ်ထပ်အရောင်ပြောင်းလို့။



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတွေ ထိုးကိုက်လာသည်မို့ ဖလပ်ဖြူ မျက်ရည်ပါး ပါးစီးကျနေရာမှ အိပ်ရာပေါ်သို့ လဲလျောင်းကာ ဗီရိုမှန်ကြီးကို ကျောခိုင်းလိုက်ပါသည်။

အဖြစ်အပျက်တွေက အိပ်မက်သဖွယ်။ မောင်နှမနှစ်ယောက် မြို့ကနေ ဆိုင်ကယ်နှင့်ပြန်လာခဲ့ကြရာမှ ဘုရားမှဆင်းလာသည့်ကားတစ်စီးနှင့် လမ်းကွေ့မှာ ဗြုန်းခနဲတွေ့လိုက်ကြရပြီး အရာရာကို သူမ မမှတ်မိတော့။

ဝုန်းခနဲဆိုပြီး ဆိုင်ကယ် မြောက်တက်၊ လွင့်စင်သွားသလို သူမလည်း လေဟာနယ်ထဲသို့ မြောက်တက် ရောက်ရှိသွားခဲ့သည်။

နောက်တော့ သူမရဲ့မှတ်ဉာဏ်တွေအားလုံး ပျောက်ဆုံးကုန်လေသလားမသိ။ လူက ဘယ်ရောက်နေလို့ရောက်နေမှန်းပင်မသိတော့။

ဆေးရုံပေါ်မှာ ဆရာဝန်တွေ ဆရာမတွေ၊ ရဲအရာရှိတွေ မေးကြမြန်းကြ စစ်ကြဆေးကြတော့လည်း သူမဘာမှရေရေရာရာပြောနိုင်ခြင်းမရှိ။

သူမသိတာ ဝုန်းခနဲဆိုပြီး ဆိုင်ကယ်မြင့်တက်၊ လွင့်စင်ကျပြီး သူတို့မောင်နှမလည်း ဘာမှန်းညာမှန်းမသိ လွင့်စင်သွား





ခဲ့တာပဲသိသည်။ လမ်းဘယ်သူမှားလဲဆိုတာလည်း သူမမသိ။ သူမသိတာ. . .

''အစ်ကိုရော၊ ကျွန်မရဲ့အစ်ကိုကြီးရော၊ ဖလပ်ဖြူရဲ့အစ်ကိုကြီးရော။ သူဘယ်မှာလဲ''

တဖွဖွမေးလွန်းသည့်အခါ သူမရဲ့ကုတင်နားမှ လူနာစောင့်တစ်ယောက်က ပိတ်ဖြူအုပ်ထားသောအလောင်းတစ်ခုကို လက်ညှိုးထိုးပြခဲ့သည်။ အုပ်ထားသည့်ပိတ်မှာလည်း သွေးတွေစိုရွှဲလို့။

''ဟင့်အင်း. . . မဟုတ်ဘူး မဟုတ်ဘူး၊ ကျွန်မအစ်ကို မသေပါဘူး။ သူ မသေဘူး၊ သူလည်း ကျွန်မလိုပဲ တစ်နေရာမှာ ဆေးကုခံနေမှာပါ။ အား. . . ရှင် ညာတာ ညာတာ''

ပတ်တီးစည်းထားသည့်ခေါင်းထဲက တစစ်စစ်ထိုးကိုက်လာသည့်ဒဏ်ကိုမခံနိုင်တော့သည့်အခါ ဖလပ်ဖြူ ခေါင်းကိုလက်နှစ်ဖက်နှင့်ညှပ်ကိုင်ရင်း လူနာကုတင်ပေါ်မှာ လဲကျသွားခဲ့ရသည်။

အဲဒါ တကယ်လား။ ညာနေကြတာလား။ သူမရဲ့မှတ်ဉာဏ်တွေကတော့ ဝေဝေဝါးဝါး။

''ရော့! ဒီမှာကျေအေးကြောင်း လက်မှတ်ထိုး၊ ဒါက ညည်းအတွက် ဆေးဖိုးဝါးခနဲ့ လျော်ကြေး။ ဒါအပြီးပဲနော်။ နောက်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်တော့မှလာမရှုပ်နဲ့''

ဖွေတစ်သိန်းအုပ် သုံးအုပ်ပေးပြီး ဘီလူးသရဲလို အရုပ်ဆိုးသည့်မိန်းမကြီးက ပြောဆိုနေတော့လည်း သူမငေးကြည့်နေခဲ့ရသည်။ ဘာတွေပြောနေတာလဲ၊ ဘာတွေလဲ။ သူမ ဘာကိုမှ သေသေချာချာစဉ်းစားလို့မရ။

အဲဒီငွေဆိုတာလည်း ဆေးဖိုးဝါးခအဖြစ် သူမ ဆေးရုံကိုပေးလိုက်တာပါပဲ။ နောက်တော့ ကားတစ်စီးနဲ့ သူမလျှောက်သွားနေလိုက်တာ သံသရာခရီးကြီးက ဆုံးတော့မည်မထင်။ သူမရဲ့ဦးနှောက်ကလည်း ပိန်းကြာဖက်ပေါ် ရေမတင်သလို ဘာကိုမှ မှတ်မိနိုင်စွမ်းမရှိတော့ပြီလားမသိ။

ဟော! သည်နေ့တော့ သူမ နန်းတော်ကြီးလို ခမ်းနားသည့်အဆောက်အဦထဲမှာ အစ်ကို့ကိုပြန်တွေ့ရသည်။ အမယ်! အစ်ကို့မှာ တပည့်တွေဘာတွေတောင် ရှိလို့။

အမေပြောခဲ့ဖူးသည့်နတ်ပြည်ဆိုတာ ဒါလားမသိ။ နတ်ဘုံနတ်နန်းကြီးလို ခမ်းနားလှပလိုက်တာ။ သို့သော် နတ်ပြည်မှာ နတ်သားနတ်သမီးတွေမတွေ့ရတာက ခက်သည်။

သူမဦးနှောက်ထဲမှာ အစိမ်းရောင် အဝါရောင် အနီရောင်တွေ ရောယှက်လာပြီး ဦးနှောက်တွေ ထွေပြားသွားသည့်အခါ





ဖလပ်ဖြူ အိပ်ပျော်သွားမိတော့သည်။

သည်အချိန်မှာ ဒေါ်မြမြသင်း နိုးလာခဲ့ပြီး နာရီကိုလှမ်းကြည့်လိုက်၏။ အခန်းထဲမှာ တိုင်ကပ်နာရီရှိတာကိုး။ အိုး! ဆယ်နာရီတောင်ကျော်ပြီ၊ ငါတို့ကို ဘာမှလည်းမကျွေးသေးဘူး။ ဟင်း! တော်တော်လူမှုရေးညံ့တဲ့ကောင်။

ဒေါ်မြမြသင်း အိပ်ရာမှထပြီး အောက်ထပ်မှာရှိသည့်ရေချိုးခန်းသို့သွားကာ ရေမိုးချိုးလိုက်သည်။ နောက် ခမ်းနားသည့်တိုက်ကြီးနှင့် ဟာမိုနီဖြစ်အောင် သူ့မှာရှိသည့်အကောင်းဆုံးအဝတ်အစားတွေကို ဝတ်လိုက်သည်။ မိတ်ကပ်တွေ နှုတ်ခမ်းနီတွေပါ ပြင်တာပါ။

ပြီးမှ သမီးကြီးမြခွန်းဆက်၏အခန်းနှင့် မြေးလေး ယမုန်ယုယ၏အခန်းများသို့ သွားကြည့်လိုက်သည်။ မြခွန်းခြယ်လည်း နိုးနေပြီမို့ ရေချိုး အလှပြင်ခိုင်းထားလိုက်၏။ ခြယ်က. . .

''မေမေ ဆာလိုက်တာ၊ ဘာမှမကျွေးတော့ဘူးလားမသိဘူး။ တစ်အိမ်လုံးကိုတိတ်ဆိတ်နေတာပဲ''

''သမီးရယ်၊ အိမ်က အကျယ်ကြီးပဲ၊ ဘယ်အသံတွေကြားနေရမလဲ။ ပြီးမှ မီးဖိုဘက်သွားပြီး ရှာဖွေစားကြတာပေါ့''

မြခွန်းဆက်မှာ အိပ်ရာပေါ်တွင် လှဲထားသည့်အတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်စွာနိုးနေပေပြီ။

''မေမေ သမီးကိုရေပတ်တိုက်ပေးပါဦး''

မြခွန်းဆက်မှာ ခါးရိုးအက်သွားသည်မို့ လူက လှုပ်တိုင်းနာနေသည်။ ဆေးရုံမှ ပလာစတာကိုင်ပေးထားပြီး ငြိမ်ငြိမ်နေရမည့်လူနာ။ သည်တော့ အိပ်ရာပေါ်မှာပဲ အမြဲငြိမ်နေရမည့်အဖြစ်။

''အေးအေး. . . မြေးကိုပြီးမှသွားကြည့်တော့မယ်''

သမီးကို အရင်ရေပတ်တိုက်၊ အဝတ်လဲပေးပြီး အလုကြိုက်သူတွေမို့ မျက်နှာကိုပြင်ဆင်လိမ်းခြယ်ပေးရပြန်ပါသည်။

''ကဲ! သမီးနေခဲ့ဦး၊ ယုယလေးဆီ သွားဦးမယ်''

ကလေးလည်း နိုးနေပေပြီ။ ကလေးမို့ လက်တစ်ဖက်ခြေတစ်ဖက်ကျိုးထားသည့်ကြားမှ အငြိမ်မနေ။ အရုပ်ကလေးတစ်ရုပ်နှင့် ဆော့ကစားနေပုံမှာ သနားစရာ။

''ဘွားဘွား. . . မီးမီးရေချိုးချင်တယ်''

''နေဦး မီးလေးရဲ့. . . ခြေထောက်တွေ လက်တွေကကျောက်ပတ်တီးစည်းထားရတော့ ရေချိုးလို့မရဘူး။ ဘွားဘွားရေပတ်တိုက်ပေးမယ်''

ကလေးကို ရေပတ်တိုက်၊ အဝတ်လဲ၊ သနပ်ခါးလိမ်းပေးပြီးတော့ ညှော်ခန်းထဲသို့ ခေါ်လာခဲ့သည်။





''သမီးကြီးကိုအပြင်ထုတ်ဖို့ ငါတို့လည်းမနိုင်ဘူး''

''အထဲမှာပဲထားလေ မေမေရဲ့၊ ခြယ်တို့ မီးဖိုထဲသွားကြည့်ရအောင်။ မမဆက်ကို အခန်းထဲ အစားအသောက်ပို့ပေးလို့ရပါတယ်''

''အေးအေး. . . စားစရာတွေရှာကြည့်ကြစို့''

ဒေါ်မြမြသင်းတို့သားအမိ မီးဖိုဆောင်ထဲသွားပြီး အိုးများကိုဖွင့်ကြည့်ကြသည်။ ထမင်းနှင့်ဟင်းများကို မြင်လိုက်ရတော့ ကျေနပ်သွားပေမယ့် ပါးစပ်ကတော့. . .

''ဟင်းကလည်း ဒါပဲလား၊ သူဌေးအိမ်ဖြစ်ပြီး အသားဟင်းက တစ်မျိုးတည်းရယ်။ တော်တော်ကပ်စေးနဲ့တာပဲ။ ကဲ! သမီးရေ၊ လူမမာတွေဖို့ အရင်စီစဉ်လိုက်ရအောင်။ ဆက်ဖို့ မေမေ ယူသွားမယ်။ သမီးက ယမုန်ကိုကျွေးလိုက်''

''နေပါဦး မေမေရယ်၊ ခြယ်တို့အရင်စားရအောင်။ ဒီမှာဆာလို့သေတော့မယ်''

''အေး. . . ဒါလည်းဟုတ်တာပဲ၊ ငါလည်းအရမ်းဆာနေတယ်၊ ငါတို့အရင်စားလိုက်ကြစို့''

သားအမိနှစ်ယောက် ထမင်းဟင်းများ ခူးခပ်ပြင်ဆင်ပြီးသူတို့အရင်စားနေကြစဉ် ကလေးက ထမင်းဆာသဖြင့် ညှော်ခန်း



www.burmeseclassic.com

www.burmeseclassic.com



ဆိုဖာပေါ်မှ လျှောချလိုက်ရာ ကျိုးနေသည့်ခြေထောက်ကလေး နာသွားပြီး အော်ငိုနေလေသည်။

မြခွန်းဆက်ကတော့ သူ့အခန်းထဲမှာမို့ ကလေးငိုသံကို မကြား။ လေ့ကားပေါ်မှဆင်းလာသည့်ဇလပ်ဖြူမှာ ကလေးငိုသံ ကြားရသဖြင့် သနားကြင်နာတတ်သူပီပီ ကလေးအနားသို့ အပြေး လေး ရောက်လာလေ၏။

''နာတယ်. . . နာတယ်''

''သမီးလေး ဘာဖြစ်သွားသလဲဟင်၊ မမချီပို့မယ်နော်။ နာလို့လား. . . ထမင်းဆာလို့လား''

ကလေးကိုပွေ့ချီပြီး ဇလပ်ဖြူ ချော့နေခိုက်၊ ယခုမှငိုသံ ကြားလို့ထွက်လာသည့် ဒေါ်မြမြသင်းနှင့်မြခွန်းခြယ်တို့မှာ အထင် အမြင်လွဲလေတော့သည်။ ကိုယ်တိုင်က စိတ်ကောင်းမရှိသူတွေ ပီပီ သူတစ်ပါးအပေါ်မှာလည်း အကောင်းမမြင်နိုင်ကြပေ။

''ဟင်! နင် ကလေးကိုဘာလုပ်လိုက်တာလဲ။ မိုက်ရိုင်း လှချည်လား။ ကလေးမှာ ဘာအပြစ်ရှိလို့လဲ''

''ကြည့်စမ်း! ကလေးကို တွန်းလှဲသလား၊ ရိုက်လိုက် သလား။ ပေးပေး. . . သမီး. . . သမီးကို သူဘာလုပ်သလဲ၊ ရိုက် သလား. . . ဟုတ်လား''





ကလေးကိုလှချီလိုက်ပြီး မြခွန်းခြယ် ရန်လိုနေသလို ဒေါ်မြမြသင်းကလည်း ရိုက်တော့ပုတ်တော့မတတ်။ တကယ့်ကို တားတော့ဝါးတော့မတတ်။

''နာတယ်. . . နာတယ်''

ကလေးကလည်း နာတာကိုသာ အော်ငိုနေလေတော့ ပြဿနာက အဖြေမပေါ်တော့ချေ။

''ကဲဟယ်! ကဲဟယ်! နောက်တစ်ခါ နင် တို့ကလေးကို လုပ်ရဲလုပ်ကြည့်။ နင့်ကိုအရေခွံဆုတ်ပစ်မယ်''

''ဇလပ်ဖြူ ဘာမှမလုပ်ပါဘူး အန်တီရယ်။ ကလေးငို နေလို့ ချော့နေတာပါ''

''မယုံဘူး၊ နင်ညာတာ။ ကလေးက အလကားနေရင်း မနာဘူး။ နင်ရိုက်လို့နာတာ''

''သူ ဆိုဖာပေါ်ကပြုတ်ကျပြီး ငိုနေလို့ ကျွန်မ ချီလိုက် တာပါ အန်တီရယ်''

''ကလိမ်ကကျစ်မ၊ ကလေးက အလကားနေရင်း ပြုတ် မကျဘူး''

ဒေါ်မြမြသင်းမှာ ဇလပ်ဖြူကိုကြည့်မရသူပီပီ ပါးတွေနား တွေ ရိုက်ပုတ်နေစဉ်၊ လွှမ်းညီညီတို့ ကားနှင့်ပြန်ရောက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေဝရုန်းသုန်းကားနှင့် တိုးလေတော့၏။

ပြေူးက ပြဲနေသေးဆိုသလို သူတို့ကပင် လွှမ်းညီညီကို အရင်ဦးအောင် တိုင်နေကြလေသည်။

''မောင်ညီရေ၊ မင်းဟာမ မလွယ်ဘူး။ သမီးကို တွန်းလှဲ ရိုက်ပုတ်နေတာ၊ အန်တီတို့နဲ့တွေ့လို့ပေါ့''

''ဟုတ်တယ်ကိုကို၊ ကလေးခြေထောက်လေး နာသွားပြီ။ ကလေးက ခြေထောက်ကျိုးထားတာ။ ခု အရမ်းနာနေလို့ အရမ်းအော်ငိုနေရတာပေါ့။ အဟင့်ဟင့် . . . တူမလေးကို အရမ်းသနားတာပဲ''

သားအမိနှစ်ယောက် သူ့ထက်ငါ ဦးအောင်တိုင်နေကြစဉ် လွှမ်းညီညီက ကလေးကို သူ့ထံသို့လွှဲပြောင်းချီလိုက်သည်။ ထက်ရှားက ဝယ်လာသည့်အသားညှပ်ပေါင်မုန့်တစ်လုံးကို ထုတ်ပေးလိုက်တော့ ကလေးက အားပါးတရစားလေ၏။

လွှမ်းညီညီ အဖြစ်အပျက်ကို ခန့်မှန်းကြည့်လိုက်သည်။ ကလေးက ညှော်ခန်းထဲမှာ။ သူတို့က ဘယ်ရောက်နေလို့လဲ။

''အန်တီတို့က ကလေးအနားမှာမနေဘဲ ဘယ်ရောက်နေကြလို့လဲ''

ညှော်ခန်းမှ ထမင်းစားခန်းကို လှမ်းမြင်နေရပါသည်။





ဒေါ်မြမြသင်းမှာ မလုံမလဲ။ မြခွန်းခြယ်ကတော့ ညာရမှန်းမသိသေး။ လူတတ်ကြီးလုပ်ပြီး ရှင်းပြနေလေ၏။

''ခြယ်တို့သားအမိ အရမ်းဆာနေတာနဲ့ ထမင်း ကပျာကယာစားနေကြတာပါကိုကို။ တစ်လုတ်နှစ်လုတ်လောက် အမြန်စားနေတုန်းရှိသေး၊ ဒီဘက်က ကလေးငိုသံကြားလို့ ပြေးထွက်လာခဲ့ကြတာပါ''

''ကလေးကို ဘယ်လိုထားခဲ့တာလဲ၊ ကလေးက ပြုတ်ကျတာလား''

''ပြုတ်မကျနိုင်ပါဘူးကိုကိုရဲ့၊ ဒီဆိုဖာပေါ်မှာ အသေအချာတင်ထားခဲ့တာပါ။ ခြယ်တို့စားပြီးရင် သူတို့သားအမိကိုကျွေးမလို့ပါ''

လွှမ်းညီညီနှင့်ထက်ရှား အခြေအနေကိုသဘောပေါက်သွားပေပြီ။ သူတို့သားအမိက ထမင်းစားခန်းထဲမှာ စားနေကြတုန်း ကလေးကလည်းဆာလို့ ထမင်းစားခန်းသွားဖို့ ယောင်ပြီး ဆိုဖာပေါ်မှဆင်းလိုက်တာဖြစ်မှာပေါ့။ ဇလပ်ဖြူကတော့ ကလေးကို အလကားနေရင်း စိတ်ရှုးပေါက်ပြီး ရိုက်မည်မထင်။

ယခုတော့ ဇလပ်ဖြူကိုလည်း ရိုက်ပုတ် တုတောင်းထားလိုက်တာ ဒဏ်ရာတွေကိုပေါ်လို့။



www.burmeseclassic.com

www.burmeseclassic.com



''ကျုပ်သဘောပေါက်သွားပြီ၊ ဘာဖြစ်တယ်ဆိုတာ သိသွားပြီ၊ ကလေးက အရမ်းဆာနေတာပဲ၊ ကလေးကိုအရင်မကျွေးဘဲ ဘာဖြစ်လို့ ခင်ဗျားတို့က အရင်စားနေကြတာလဲ။ တော်တော်မေတ္တာတရားခေါင်းပါးတဲ့လူတွေ''

ဒေါ်မြမြသင်းနှင့်မြခွန်းခြယ်တို့နှစ်ယောက် မလုံမလဲ မျက်နှာတွေနှင့် ခေတ္တဆွံ့အသွားကြသော်လည်း တရားသူကြီးကတော် ပီပီ ဒေါ်မြမြသင်းတို့က ဆင်ခြေတက်ရန်စကားလုံးအသင့်။

''အန်တီစားနေတာမဟုတ်ပါဘူး၊ မြေးနဲ့သမီးဖို့ ထမင်းပွဲပြင်နေတာပါ။ သူတို့ဖို့ပြင်နေတုန်း သမီးငယ်က တစ်လုတ်နှစ်လုတ်အမြန်စားနေကြတာပါ။ မောင်ညီတို့ကလည်း အိမ်ရှင်ဖြစ်ပြီး ဝတ္တရားမှမကျေဘဲ။ ညှော်သည်တွေကိုထားခဲ့ပြီး ဘယ်တွေသွားနေသလဲမှမသိတာတော်။ ကျုပ်တို့ဆီမှာတော့ ညှော်သည်ဆို ညှော့ဝတ်စောင်ဝတ် ကျေပွန်ပါ့''

ထက်ရှားကတော့ ဒေါ်မြမြသင်းစကားမှန်မမှန် ထမင်းစားခန်းထဲသို့ လှစ်ခနဲရောက်သွား၏။ သူ့သမီးနှင့်မြေးအတွက် ထမင်းပွဲပြင်နေတာဟုတ်မဟုတ်ပေါ့။ သူတွေ့လိုက်ရတာက စားလက်စထမင်းပန်းကန်များသာ။

ထက်ရှားအနားမှာမရှိသဖြင့် လွှမ်းညီညီ ကိုယ့်ဘာသာ





ကိုယ်ပင် ပြန်လည်ချော့နေရ၏။

''အလုပ်တွေပစ်ထားရတာ သုံးလေးရက်လောက်ရှိပြီမို့ ဆိုက်တွေထဲ ခဏသွားကြည့်တာပါ။ လုပ်ငန်းကြီးလုပ်တာ ပစ်ထားလို့မရဘူးလေ။ ပြီးတော့ အန်တီတို့တွေ အိပ်နေတုန်းမို့ သွားတာပါ။ အိမ်ရှင်တွေဘက်က တာဝန်ကျေတယ်လေ၊ နိုးလာကာနဲ့ အဆင်သင့်စားဖို့အတွက် ထမင်းဟင်းတွေချက်ပြုတ်ပေးခဲ့တယ်။ ကော်ဖီတစ်အိုးဖျော်ပစ်ခဲ့တယ်။ မုန့်တွေလည်း အဆင်သင့်ပဲလေ။ ကြိုက်တာယူစားရုံပဲမဟုတ်လား။ တာဝန်မကျေဘူးတော့မပြောပါနဲ့''

ဒေါ်မြမြသင်း ဆင်ခြေတွေတက်ချင် အပြစ်တွေတင်ချင်သေးပေမယ့် သမီးဖြစ်သူက လက်ကုတ်လိုက်သဖြင့် နင်တင်တင်ရုပ်နှင့် ငြိမ်နေလိုက်ရ၏။ ထက်ရှား ထမင်းစားခန်းဘက်မှ ပြန်ထွက်လာပြီး သူ့ဆရာကို ပခုံးတွန့်ပြ လက်ခါပြလိုက်လျှင် လွှမ်းညီညီ သဘောပေါက်သွား၏။

သမီးနှင့်မြေးထက် ကိုယ့်ဝမ်းကိုယ် ပိုသဒ္ဓါတဲ့လူတွေပေါ့။ ကိုယ်မချို အမိသော်လည်း သားတော်ခဲဆိုသည့်လူတွေ။ အဲဒီကိစ္စက ထားပါတော့။ သူတို့အချင်းချင်းပြဿနာ။ ယခုတော့ ဘာမှမဆိုင်သည့်၊ ကလေးငိုလို့ဝင်ချော့မိသည့်ဖလပ်ပြူကို ဖြေး



www.burmeseclassic.com

www.burmeseclassic.com



ထဲက ကုလားမနိုင် ရခိုင်မဲ၊ အသားလွတ် နိုပ်စက်ထားတာကြီး တော့ သူတို့ပြောကိုပြောရမည့်အဖြစ်။

ညှော်ခန်းထဲမှာပင် လွှမ်းညီညီနှင့်ထက်ရှားတို့ ဖြေရှင်း ပေးရတော့မည်။

''ကဲ! အားလုံးထိုင်ကြပါဦး၊ ကျွန်တော်က အိမ်ရှင်ဆို တော့ ညှော်သည်အားလုံးရဲ့ပြဿနာကို ကိုင်တွယ်ဖြေရှင်းပေးရ မယ့်တာဝန်ရှိနေတယ်''

''ဟုတ်တယ်လေ၊ အခု မြေးလေးကိုအသားလွတ် တွန်း ချနိုပ်စက်တဲ့ကိစ္စကို မောင်ညီ ခုချက်ချင်းရှင်းပေးပါ။ ဒီကောင်မ ကို နှင်ထုတ်ပစ်လိုက်''

ဒေါ်မြမြသင်း ဇာတ်ဇာတ်ကျဲဖြစ်နေလျှင် ထက်ရှား ဝင် ရောက်ဟန့်တားရသည်။

''ဆရာ တစ်ဆင့်ချင်းရှင်းသွားမှာပါ။ အန်တီ ခဏလေး ငြိမ်ပေးပါ။ ဆရာက ပညာရှိပါ။ အန်တီတို့ဝင်ပြောနေစရာကို မလိုဘူး။ သူရှင်းသွားလိမ့်မယ်၊ အိမ်ရှင်ကိုလေးစားသောအားဖြင့် အန်တီငြိမ်နေလိုက်ပါဦး''

ထက်ရှားကို မျက်စောင်းကြီးခဲပြီး ဒေါ်မြမြသင်း နှုတ် ခမ်းကိုက်ထားနေစဉ် လွှမ်းညီညီ ကလေးကိုအရင်မေးလိုက်၏။





''ကဲ! ပြော၊ ဦးဦးကို မီးမီးပြောပြ။ ဘာတွေဖြစ်တယ် ဆိုတာ မီးမီးအရင်ပြော။ ပြီးမှ ဇလပ်ဖြူကိုမေးမယ်''

အသားညှပ်ပေါင်မုန့်တစ်လုံးကုန်ပြီးမှ ကလေးကလည်း အတော်ပြေသွားပေပြီ၊ လေးနှစ်သမီး ဉာဏ်ရည်ဖွံ့ဖြိုးသည့်ကလေး မို့ ယမုန်ယုယ အခြေအနေတွေကို ပြောပြတတ်ပါသည်။

''ဘွားဘွားနဲ့အန်တီလေးက မီးမီးကိုထမင်းမကျွေးဘဲ သူတို့ပဲအရင်စားနေကြတာ ဦးဦးရဲ့''

''ဟဲ့! ငါတို့စားပြီးရင် နင့်ကိုကျွေးမလို့ပါ''

ဒေါ်နှင့်မောနှင့် ဝင်ပြောသည့်မြခွန်းခြယ်ကို လွှမ်းညီညီ လက်ကာပြလိုက်၏။

''ပြော. . . မီးမီး''

''မီးမီးလည်း အရမ်းဆာတော့ စားချင်တာနဲ့ ဘွားဘွား တို့ဆီသွားဖို့ ဒီအပေါ်ကလှေကားကဆင်းလိုက်တာ၊ ဒီခြေထောက်က အရမ်းနာသွားလို့ အော်ငိုနေတာ''

''ဒီမမကရော''

''မမက မီးမီးကို ကောက်ချီပြီး ချော့နေတာလေ။ မမ က မီးမီးကိုမရိုက်ပါဘူး''

''ကဲ! ရှင်းပြီမဟုတ်လား ဒေါ်မြမြသင်း၊ ပြဿနာတစ်ခု



www.burmeseclassic.com

www.burmeseclassic.com



ကို သေသေချာချာမစုံစမ်းဘဲနဲ့ လူတစ်ဖက်သားကိုစွပ်စွဲတာတော့ မကောင်းပါဘူး။ အခု ခင်ဗျားတို့က စွပ်စွဲရုံတင်မကဘူး၊ ကိုယ်ထိလက်ရောက်ပါ ကျူးလွန်ထားတော့''

''ကျူးလွန်တော့ ဘာဖြစ်သလဲ။ ဒီလိုကောင်မျိုးများ အရေးထားနေစရာလား။ ဘာလဲ၊ မင်းက သူ့လိုကောင်မျိုး အတွက်နဲ့ ငါ့ကိုတောင်အပြစ်ပေးချင်သေးလို့လား။ ငါ့လိုတရားသူကြီးကတော် ဂုဏ်သရေရှိအမျိုးသမီးတစ်ယောက်ကို ဘာမှမဟုတ်တဲ့ ကလေကချေ အုတ်ကြားမြက်ပေါက်တစ်ယောက်နဲ့ ထပ်တူပြုတော့မှာလား''

ပြဿနာကတော့ ဘယ်လိုမှဖြေရှင်းပေးလို့ရတော့မည့် ပြဿနာမဟုတ်။ ဒီမိန်းမကြီး တော်တော်စိတ်ဓာတ်အောက်တန်းကျတာပဲ။ ပြောလိုက်သည့်စကားတွေကလည်း မာနတွေ တံခွန်ထူပြီး အနှစ်မရှိသည့်စကားတွေ။

ထက်ရှားပင် ခေါင်းကိုလေးပင်စွာ ခါရမ်းနေပေပြီ။ သူကလည်း အပြစ်လုပ်သေးတယ်။ သူကပင် အောင်လံထူနေချင်သေးသည့်ပုံ။

''ဆရာရေ၊ မရှိတာထက် မသိတာခက်ဆိုတာ ဒါမျိုးနေမှာပဲ''





''ဘာ! ဘာ! ဘာ! မင်းကများ ငါ့ကိုပြောရဲလိုက်တာ။ မြမြသင်းတို့က နာမည်တစ်လုံးနဲ့နေလာတာနော်။ တစ်ဘဝလုံး ဘယ်သူ့ကိုမှအောက်ကျပေးခဲ့တာမဟုတ်ဘူး''

''ကဲ! ဆရာရေ့၊ ဆရာ့ဘာသာ ဆုံးဖြတ်ချက်ချပေတော့၊ ကျွန်တော်တော့ သူတို့အဖွဲ့ကို လက်ရောခြေရော မြှောက်ပါတယ်၊ ဖြစ်နိုင်ရင် ကျွန်တော် ဆိုက်ထဲမှာပဲနေပါရစေတော့ဆရာ။ သူတို့ပြန်မှပဲ ကျွန်တော် ဆရာ့ကိုပြန်ပြီးပြုစုပါ့မယ်''

''ဟာ! ထက်ရှား၊ အဲလိုတော့ မလုပ်ပါနဲ့ကွာ။ ငါ့ကို တကယ့်အချိန်ကျမှ ဖြုတ်ချမထားခဲ့ပါနဲ့။ ငါ့အတွက် မင်းအကူအညီတွေ အများကြီးလိုအပ်ပါတယ်။ မိတ်ဆွေကောင်း တပည့်ကောင်းဆိုတာ အရေးကြုံရင် သက်လုံကောင်းရတယ်။ စောင့်ရှောက်ရတယ် တပည့်ကြီးရဲ့''

လွှမ်းညီညီက ယ...်များကိုတောင်းပန်နေတော့ ဟိုသားအမိတွေမှာ နှုတ်ခမ်းမဲ့နေကြလေ၏။ သူ့ဘိုကတော့ ထက်ရှားမရှိလေ ကောင်းလေ။ ထက်ရှားဟာ သူတို့အတွက် ဆူးညှောင့်ခလုတ်။

''ကဲ! အန်တီ၊ မပြောမဖြစ်လို့ ပြောရဦးမယ်။ ဒါနောက်ဆုံးသတိပေးခြင်းပါပဲ။ အန်တီတို့အဖွဲ့က အင်အားကြီးအဖွဲ့ပါဗျာ



www.burmeseclassic.com

www.burmeseclassic.com



ဖလပ်ဖြူကို အကြောင်းမဲ့မနှိပ်စက်ပါနဲ့။ ကလေးတွေလို ရန်ဖြစ်နေရမယ့်အရွယ်လည်း မဟုတ်တော့ပါဘူး။ သူဟာလည်း ကျွန်တော့်ရဲ့ညွှံ့သည်တစ်ယောက်ပါပဲ၊ ကျွန်တော့်ညွှံ့သည်ကို စော်ကားတာ ကျွန်တော့်ကိုစော်ကားတာနဲ့ အတူတူပဲ။ နောက် ဖလပ်ဖြူကို ပြဿနာမရှာပါနဲ့''

သူ မေတ္တာရပ်ခံနေပေမယ့်၊ ဒေါ်မြမြသင်းကလည်း ကြက်ခေါင်းဆိတ်မခံ။

''သြ. . . ငါတို့က သူ့လိုအစားကို ခေါင်းပေါ်တင်ထားရမယ်ပေါ့။ သူဘာလုပ်လုပ် ငြိမ်ခံနေရမယ်ပေါ့ဟုတ်လား။ မောင်လွှမ်းညီညီရယ်၊ မင်းခေါင်းတော့ ကောင်းပါသေးတယ်နော်။ ဘယ့်နှယ်ကွယ်၊ ကိုယ့်အစ်ကိုရဲ့မိန်းမနဲ့သမီးကိုတော့ ဂရုမစိုက်ဘဲ၊ ရန်သူလို့တောင်ပြောလို့ရတဲ့မိန်းကလေးတစ်ယောက်ကို ပိုပြီးဂရုစိုက်နေတာ လူကြားလို့မှမတော်။ ဒီမှာ မောင်ညီရဲ့၊ မင်းအစ်ကိုသေရတာ သူတို့ဆိုင်ကယ်ကိုရှောင်လိုက်ရလို့ကွယ့်၊ သူတို့ဆိုင်ကယ်သာ ပေါ်မလာရင် မင်းအစ်ကိုလည်း သေစရာအကြောင်းမရှိဘူး''

''အနုပ်ဟ် အဲဒီလိုပြောကြေးဆို အမှုကိုကျေအေးဖို့ ဘာဖြစ်လို့ တောင်းပန်ရသလဲ။ လျော်ကြေးတွေ ဘာဖြစ်လို့ပေးခဲ့ရ





သလဲ။ အဲဒါကိုက အန်တီတို့ဘက်က အပြစ်ရှိလို့မဟုတ်လား။ အစ်ကိုတို့က တရားခံ၊ သူတို့က တရားလိုပါ''

အချက်ကျကျ ပြောဆိုလိုက်သည့် ထက်ရှား၏စကားကြောင့် ဒေါ်မြမြသင်း ဘာမှမချေပနိုင်တော့ပေမယ့် မျက်ထောင့်နီကြီးနှင့်တော့ ကြည့်နေလိုက်ပါသည်။

''ကဲ! စကားတွေ လိုရင်းမရောက်တော့ဘူး။ နောက် ဖလပ်ဖြူကို ဒီလိုမနှိပ်စက်ပါနဲ့။ သူက တစ်ယောက်တည်းသမားပါ။ အန်တီတို့အဖွဲ့ကို မျက်မွှေးထော် မော်လို့တောင်မကြည့်ရဲပါဘူး''

တကယ်လည်းဟုတ်နေတာမို့ ဒေါ်မြမြသင်းတို့ မကျေမနပ်နှင့်ပင် ငြိမ်နေလိုက်ကြရပါသည်။

တောင်ကြီးကို ခေါင်းနဲ့တိုက်ဖြိုလို့မရဘူးလေ။ အလိမ္မာသုံးရမယ်မဟုတ်ပါလား။

❊ ❊ ❊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၈]

လွှမ်းညီညီနှင့်ဒေါ်မြမြသင်းတို့ သဘောထားကွဲလွဲရပြန်သည်မှာ လူနာတွေ ဆေးကုသရေးနှင့်ပတ်သက်လို့ပါပင်။

ဒေါ်မြမြသင်းက သူ့သမီးနှင့်မြေးကို အာရှတော်ဝင်လို၊ S.S.C လို တကယ့်ဂရိတ်ဆေးရုံကြီးများမှာ တင်ထားလိုပြီး လွှမ်းညီညီကတော့ ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှာ တင်ထားမည်ဆိုလို့ပါပင်။

ဒေါ်မြမြသင်း၏ ကန့်ကွက်နေပုံမှာ ကြောက်ဖို့တောင်ကောင်းလေသည်။ ခါးခါးသီးသီးနှင့် ဆွေ့ဆွေ့ခုန်မတတ်။

''ဒီမှာ မောင်ညီရဲ့၊ မင်းဟာက တကယ့်ဆင်ဖမ်းမယ်၊ ကျားဖမ်းမယ်နဲ့ ပြီးတော့ လူကြားလို့တောင်မကောင်းဘူး။ မင်း



www.burmeseclassic.com

www.burmeseclassic.com



အနေအထား၊ ငါတို့အနေအထားနဲ့ ဒီလိုပြည်သူ့ဆေးရုံကြီးမှာ ဆေးကုစရာလား။ ပြည်သူ့ဆေးရုံဆိုတာ ပိုက်ဆံမရှိတဲ့ဆင်းရဲသားတွေမှ တက်တာ။ ပိုက်ဆံရှိတဲ့သူဌေးတွေမှန်ရင် ပုဂ္ဂလိကဆေးရုံကြီးတွေ၊ တကယ့်ဒိတ်ဒိတ်ကျဲဆေးရုံကြီးတွေမှာပဲ ကုတာ။ မင်းစေတနာမရှိရင်လည်း ပြောပါ။ ငါ မြန်အောင်ပြန်ပြီး ငါ့အိမ်ကိုရောင်းလိုက်မယ်။ အိမ်ရောင်းပြီး သမီးနဲ့မြေးကိုဆေးကုမယ်''

မြခွန်းဆက်နှင့်မြခွန်းခြယ်မှာလည်း မအော့ဘက်မှ၊ လွှမ်းညီညီကိုတော့ အထင်သေးသည့်မျက်လုံးများနှင့်ကြည့်လို့၊ လွှမ်းညီညီ ချောင်းဟန့်လိုက်၏။ ဒီအုပ်စုဟာ တော်တော်အယူလွဲနေကြတာပဲ။

''ဒီမှာအန်တီ၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးဆိုတာ အနယ်နယ်အရပ်ရပ်က အားကိုးနေကြတဲ့ အတော်ဆုံးဆေးရုံကြီးပါ။ တကယ့်ရောဂါကြီးကြီးတွေဖြစ်လာကြတဲ့အခါ ဆေးရုံကြီးကိုပဲ လွှဲကြရတာ အန်တီမသိဘူးမဟုတ်လား။ တကယ့်နှလုံးခွဲစိတ်တာမျိုးတွေ၊ အကြီးစားခွဲစိတ်တာမျိုးတွေဆို ရန်ကုန်ဆေးရုံကြီးမှာပဲ စိတ်အချရဆုံးပါ။ အခုလည်း မီးမီးနဲ့မြခွန်းဆက်ကို အပြင်ဆေးခန်းမှာပြမယ်၊ ဆေးရုံတက်တော့ ပြည်သူ့ဆေးရုံကြီးမှာပဲ တက်မယ်။ အရိုးကျိုးတယ်ဆိုတာ အကြာကြီးတက်ရတာ၊ လချီပြီး





ကြာတာ။ ဆေးရုံကြီးမှာပဲတက်မယ်။ နေ့ခင်းဘက် ညဘက်မှာ အန်တီတို့စောင့်ပေးပေါ့။ လူနာက အသည်းအသန်လူနာမဟုတ်တဲ့အတွက် နာစ့်မငှားပေးတော့ဘူး''

''ဘာကွယ့်၊ မင်းတော်တော်လူလည်ကျပါလား။ ငါတို့ကို ကောင်းကောင်းခိုင်းစားမှာပေါ့လေ။ ဟုတ်လား''

''ဒါတော့ အန်တီတို့သဘောလေ၊ ကျွန်တော်က မရီးတော်ရုံပဲ။ အန်တီက သမီးမဟုတ်လား။ အန်တီတို့မရှိဘူးဆိုရင်တော့လည်း နာစ့်ငှားပေးရမှာပေါ့လေ''

ဒေါ်မြမြသင်းမှာ သမီးကြီးကိုမှီပြီး သူတို့ပါ ဝင်ရောက်စီမံချယ်လှယ်လိုသည်မို့ အိမ်ပြန်သွားဖို့တော့ လုံးဝစိတ်မကူး။

''ဒါတောင် ကျွန်တော်က ဆေးဖိုးဝါးခတွေ၊ ကျန်တဲ့အထွေထွေစရိတ်တွေ အများကြီးကုန်ကျဦးမှာပါ။ ကျွန်တော်ပြောတာမှ သဘောမတူရင်လည်း အန်တို့သဘောကျလုပ်လေ၊ မြန်အောင်ပြန်ပြီး အိမ်ရောင်းချင်ရောင်းပေါ့''

နောက်ဆုံးမကျေမနပ်နှင့်ပင် ဒေါ်မြမြသင်း လိုက်လျောရသည်သာ။ တကယ်လည်း သူ အိမ်ပြန်ရောင်းမှာမဟုတ်ပါ။ သူ့သဘောထားက ရမယ်ဆို ဘနုဖူးတောင် သိုက်တူးမယ့်သူ။ သူက လောကကိုပေးဆပ်ချင်သူမဟုတ်။ ရယူလိုသူ။ အမြဲ



www.burmeseclassic.com

www.burmeseclassic.com



ထုတ်လိုသူ။

သားမက်သေဆုံးသည့်ကိစ္စမှာပင် လွှမ်းညီညီထံမှ ကြံဖန်ပြီး သိန်းငါးဆယ်လောက် ဖြတ်ခုတ်ထားသူမဟုတ်ပါလား။ ယခုလည်း သမီးနှင့်မြေး ဆေးရုံတက်သည့်ကိစ္စထဲမှ သူဖြတ်ခုတ်ဖို့စီစဉ်ရဦးမည်လေ။

''ကောင်းပြီလေ၊ အန်ကယ်တို့က မင်းကိုဆရာတင်ပြီး မှီခိုနေရသူတွေဆိုတော့ မင်းစီမံတဲ့အတိုင်းပဲပေါ့။ မင်းကြိုက်သလိုလုပ်ပါ၊ မင်းစိတ်ချမ်းသာသလိုစီစဉ်ပါ။ မင်းအဆင်ပြေရင် ပြီးတာပါပဲ''

သူက စကားကိုအညွှန့်တွေတင်နေလျှင် ထက်ရှား မနေနိုင်မထိုင်နိုင် ဝင်ပါရပြန်၏။

''အခုဆေးရုံတက်ရမှာ ဆေးကုရမှာ အန်တီ့သမီးနော်။ ဆရာညီမဟုတ်ဘူး။ ဆရာညီက အန်တီတို့ကိုကူညီရမယ့်သူ။ အန်တီတို့က သူ့ကိုကူညီနေတာမဟုတ်ဘူး။ သဘောပေါက်တွေလွဲနေမှာစိုးလို့ သတိပေးရတာပါ''

''သူပါပြန်ပြီ''

''ပါရတာပေါ့၊ ကျွန်တော်က ဆရာ့ရဲ့ပီအေပဲ။ ပြီးတော့ ဆရာနဲ့ညီအစ်ကိုတော်တဲ့ ဒေါက်တာလည်းရှိတော့တာမဟုတ်ဘူး။





သဒ္ဒါတဲ့ဆွမ်း တန်ရုံရပ်ဗျ။ အခွင့်အရေးတွေရတိုင်း နှင်းကန်ယူမနေနဲ့။ သူများစေတနာပျက်တတ်တယ်''

''အောင်မယ်. . . ကြည့်စမ်း! ကြည့်စမ်း! လူပါးဝလိုက်တာ။ သခင်အားရ ကျွန်ပါးဝဆိုတာ ဒါပဲ''

ဒေါ်မြမြသင်းကြီး ဒေါသူပုန်တွေထနေပေမယ့် လွှမ်းညီညီ စီစဉ်သည့်အတိုင်း ဆေးရုံကြီးမှာပင် ဆေးရုံတက်ဖြစ်ကြ၏။

''ကောင်းတယ်၊ မအေနဲ့သမီးက လူနာတွေစောင့်နေကြရတော့ ကျွန်တော်တို့ကို သိပ်ပြီးစိတ်အနှောင့်အယှက်မပေးနိုင်တော့ဘူး''

''မထင်နဲ့ ထက်ရှားရေ့၊ ဘယ်လိုတွေ ဒုက္ခပေးမလဲဆိုတာ ငွေရောင်ပိတ်ကားပေါ်မှာ ဆက်ကြည့်ပါဦး''

''ဟုတ်တယ်ဆရာ၊ ဒီမိန်းမကြီးကတော့ တစ်နေ့တစ်မျိုး မရိုးနိုင်အောင်ကို ပြဿနာတွေ ရှာဖွေတတ်ပါပေရဲ့ဗျာ''

''သည်းခံ ငါ့တပည့်. . . သည်းခံ''

''ကျွန်တော်က ရပါတယ်ဗျာ၊ ဆရာသာ သူတို့ညွှတ်ကွင်းမှာ မိမသွားပါစေနဲ့''

''မိစရာလားကွာ၊ မင်းကလည်း ငါက ဒီလိုမျိုးအဆင်တွေကို မကြိုက်တတ်ပါဘူး။ ပြီးတော့ ဒီမိန်းမကြီးနဲ့တော့ ဘယ်



www.burmeseclassic.com

www.burmeseclassic.com



သောအခါမှ မဆုံစည်းချင်ပါဘူးကွာ။ အကုသိုလ်တွေ များလွန်းလို့''

ပြောသာပြောရပေမယ့် လွှမ်းညီညီ မျက်ခုံးလှုပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဒေါ်မြမြသင်းကြီးဆိုတာကလည်း (၃၇) မင်း ပန်းမကိုင်ဘဲ နတ်ဝင်နိုင်သူ။ အစ်ကို့တုန်းကလည်း ဒီမိန်းမကြီးရဲ့ပယောဂ ပါနေမှာအသေအချာ။

※ ※ ※



## အခန်း ၉

ဆေးရုံတက်တာကို ပျော်ပွဲစားထွက်သလို ယူဆနေကြသလားမသိ။ အထူးခန်းမှာ သားအမိနှစ်ယောက်ကို ဆေးရုံတင်ထားပြီး ဒေါ်မြမြသင်းနှင့်မြခွန်းခြယ်က လူနာစောင့်ကြသည်။

ဆေးရုံမှာပင် ဟောလစ်၊ မိုင်လို၊ အိုဗာတင်းတွေ၊ မုန့်တွေ အစုံထားရှိပြီး တစွတ်စွတ်စားသောက်သလို နေ့စဉ်ထမင်းဟင်းကိုလည်း သူပြောသည့်အတိုင်း ချက်ပြုတ်ပေးရသည်။

တကယ့်ကို အလိုက်လည်းမသိ၊ အားလည်းမနာ။

''ဒီနေ့တော့ ငါးခူကြော်နဲ့ မှျစ်ချဉ်၊ ဝက်သားနဲ့ချက်ပေး။ နောက် ယှယအတွက်က ကန်စွန်းရွက်နဲ့မှိုကြော်၊ နောက် ကြက်ဥဟပ်(ဖ)ဆယ်လုံးလောက် ကြော်ခဲ့။ ချဉ်ရည်ဟင်းက ဂျုံးမြစ်နဲ့ချက်''



www.burmeseclassic.com

www.burmeseclassic.com



"ဒီနေ့တော့ တရုတ်စာ စားမယ်တဲ့၊ အိမ်ကချက်တာတွေ ငါ့မြေး မစားချင်လို့။ တရုတ်ဆိုင်က ဝယ်ပေး။ လေးငါးမျိုးလောက် ဖွယ်ဖွယ်ရာရာဝယ်ခဲ့နော် ထက်ရှား"

လွှမ်းညီညီက ဆေးရုံသို့ ညနေစောင်းမှ တစ်ခေါက်လောက် ဝင်ကြည့်တတ်ပြီး အမြဲလိုအပ်တာလုပ်ပေးနေရသူက ထက်ရှားပါ။ တမင်မျှား ပညာပေးနေသလားအောင်းမေ့ရရဲ့။

အိမ်မှာချက်ပြုတ်ပေးရသူကတော့ နေရင်းထိုင်ရင်းနဲ့ အလုပ်ရနေတဲ့ ဇလပ်ဖြူပါပင်။

✻ ✻ ✻



## အခန်း ( ၁၀ )

အိမ်ရောက်တာ နှစ်လလောက်ကြာတော့ ဇလပ်ဖြူမှာ သောက်ရသည့်ဆေးဝါးတွေနှင့် ကျန်းမာရေးကလည်း ကောင်းလာတာကြောင့် ဦးနှောက်တွေ ပြန်လင်းလာသလို ခံစားရသည်။

သူမ ကိုယ့်ဘဝကိုယ် ပြန်တွေးကြည့်မိတိုင်း နှောက်ကျိနေတတ်သည့်ခေါင်းကလည်း တဖြည်းဖြည်း ကြည်လင်လာခဲ့ပေပြီ။

အစက အိပ်မက်ခရီးရှည်ကြီးထဲမှာ ဝေဝေဝါးဝါးလျှောက်လှမ်းနေရသလိုဖြစ်ခဲ့သည်။ အိပ်မက်ထဲမှာ သူ့ကို ဒေါ်မြမြသင်းကြီး ကျိန်ဆဲ ရိုက်ပုတ်တာလည်းပါရဲ့။

ညကတော့ ဇလပ်ဖြူ အိပ်မက်တွေ ထပ်မက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်မက်ထဲမှာ အစ်ကိုနှင့်သူမတို့မောင်နှမ ရွာမှဆိုင်ကယ်နှင့်ထွက်လာကြပြီး မြို့သို့ဈေးဝယ်သွားနေကြသည်။

နောက် ကားတစ်စီးနှင့် ဘွားခနဲတွေ့ပြီး မောင်နှမနှစ်ယောက်သား လွင့်စင်ကျသွားလိုက်ကြတာ။ အိပ်မက်ထဲမှာ ပိတ်ဖြူအုပ်ထားသောအလောင်းတစ်လောင်း။

''အစ်ကို. . . အစ်ကိုကြီးရေ. . . အစ်ကိုကြီး''

သူမရဲ့အစ်ကို သေသွားပြီတဲ့။ ဇလပ်ဖြူ အားပါးတရရင်ထဲရှိသမျှမျက်ရည်တွေ ကုန်သွားအောင် ငိုကြွေးမိနေသည်မှာ အချိန်တွေဘယ်လောက်ကြာနေသည်ပင် မသိတော့။

''ဇလပ်ဖြူ. . . ဇလပ်ဖြူ''

သူမ၏အခန်းတံခါးကိုထုပြီး အပြင်ဘက်မှ စိုးရိမ်တကြီးခေါ်နေသံကြောင့် ဇလပ်ဖြူ လန့်နိုးသွားပေမယ့် အပြင်လောကထိအောင်ပင် သူမငိုရှိုက်ဆဲပါ။ မျက်ရည်တွေကလည်း ရွှဲစိုလို့။

''ညီမလေး. . . ဇလပ်ဖြူ''

ညီမလေးတဲ့။ ဘယ်သူလဲ။ သူမရဲ့ဦးနှောက်တွေ ပြန်လည်ပွံ့ဖြိုးလာပြီမို့ စဉ်းစားတွေးတောနေ၏။

''ညီမလေး''

''ဘယ်သူလဲ၊ အစ်ကိုကြီးကျော်မျိုးအောင်လား''





''ဟုတ်တယ်၊ တံခါးဖွင့်. . . တံခါးဖွင့်လေ။ ညီမလေး ဘာဖြစ်လို့ ငိုနေတာလဲ''

ဩော်. . . သူမ တကယ်ငိုနေမိတာကိုး။ အပြင်ဘက်မှ အရမ်းစိုးရိမ်နေပြီမို့ ဇလပ်ဖြူ တံခါးသွားဖွင့်ပေးလိုက်သည်။

''ညီမလေး''

အိမ်ရောက်တာ နှစ်လလောက်အတွင်း ကျန်းမာစိုပြည်မှုနှင့်အတူ တစ်သွေးတစ်မွေးနှင့် အလှကြီးလှလာခဲ့သည့် ဇလပ်ဖြူ။ မျက်လုံးလေးတွေ စိုလဲ့တောက်ပပြီး မျက်တောင်ကော့လေးတွေနှင့်။ အသားကလည်း ကျန်းမာလာခဲ့ပြီမို့ ဖြူနုစ်သည့်အသားက နှင်းပွင့်လေးတွေလို။ စပယ်ပွင့်တွေလို။ တောမှာတုန်းက ဖြူရုံဖြူခဲ့ပေမယ့် ယခုကျ နုဥနေတော့သည်။

ပြည့်တင်းလာသည့်ကိုယ်လုံးလေးကလည်း မြင့်မားသည့်အရပ်နှင့် လိုက်ဖက်ညီ...

လွှမ်းညီညီကို သူ့အစ်ကိုရယ်လို့ ...သဘောထားနေသည်မို့ သူကလည်း သနားကြင်နာမိခဲ့ရာ ယခုည သူကဖြင့် အိပ်တောင်မအိပ်ရသေး၊ ညဆယ့်နှစ်နာရီကျော်ရုံရှိသေး၊ ဇလပ်ဖြူရဲ့အခန်းထဲမှ အော်သံခေါ်သံနှင့် ရှိုက်ကြီးတငင် ငိုကြွေးသံတွေ ကြားရ...သဖြင့် လွှမ်းညီညီ အပြေးသွားမိခြင်းပါ။



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို. . . အစ်ကိုကြီးရေ. . . အစ်ကိုကြီး"တဲ့။

သူ့ကိုအော်ခေါ်နေတာပေါ့။ ဇလပ်ဖြူလေး အိပ်မက်ဆိုးတွေ မက်ပြန်ပြီလား။

သူစိုးရိမ်တကြီးနှင့် အပြင်မှနှိုးလိုက်၊ ခေါ်လိုက်တော့ တံခါးဖွင့်ပေးလာသည့်ညီမလေး ဇလပ်ဖြူ။

အဝတ်တစ်ထည်ကိုယ်တစ်ခုနှင့် လိုက်လာခဲ့သူမို့ ဒီကိုရောက်မှ သူဆင်ပြင်ပေးထားရသည့်အဝတ်တွေနှင့် သူမ လှနေခဲ့ပါသည်။

ယခုလည်း ညဝတ်ဇာဂါဝန်ပန်းရောင်လေးနှင့် ကောင်မလေးအား သူကြင်နာစွာ ဖေးမလိုက်ရင်း စိုရွှဲနေသည့်မျက်ရည်တွေကို သုတ်ပေးလိုက်ပါသည်။

"ကိုကိုတောင် မအိပ်သေးဘူးကွာ၊ အိပ်ပုပ်ကြီးမလေး ဘာတွေအိပ်မက်မက်ပြီး ယောင်ဝိုနေရတာလဲ။ အော်ဝိုနေလိုက်တာ ဆူညံနေတာပဲ"

ယခုတိုင် ရှိုက်နေဆဲပေမယ့် ကောင်မလေးက သူ့ကို စူးစမ်းသည့်အကြည့်တွေနှင့် မော့ကြည့်နေလျှင် လွှမ်းညီညီရင်ထဲ ထိတ်ခနဲဖြစ်ရသည်။ ကောင်မလေးရဲ့မှတ်ဉာဏ်တွေ ပြန်ကောင်းလာပြီလား။ ငါ့ကို သူ့အစ်ကိုမဟုတ်တာ မှတ်မိသွားပြီလား။





"အစ်ကို. . . အစ်ကိုကြီး၊ ဇလပ်ဖြူရဲ့အိပ်မက်ထဲမှာ အစ်ကိုကြီးသေသွားလို့ ဇလပ်ဖြူငိုလိုက်ရတာ"

"မသေပါဘူးကွာ၊ ကိုကိုမသေပါဘူး။ ဒီမှာ ညီမလေးနဲ့အတူ ရှိနေတယ်လေ"

"ဟုတ်လို့လား အစ်ကိုကြီးရယ်၊ ဇလပ်ဖြူရဲ့အစ်ကိုကြီး သေသွားပြီထင်တယ်။ အစ်ကိုက ဇလပ်ဖြူရဲ့အစ်ကိုဟုတ်လို့လား ဟင်"

"ရော်! ဟုတ်ပါတယ်ဆိုမှကွာ။ ကိုယ့်ညီမလေးမို့ ကိုကို ဇလပ်ဖြူကို ဒီလောက်ချစ်နေတာပေါ့။ ကဲ. . . စိတ်ညစ်စရာတွေ မတွေးနဲ့နော်။ အိပ်. . . ပြန်အိပ်၊ ညကဆေးရော သောက်ဖြစ်ရဲ့လား။ ဘုရားရှိခိုးပြီးမှရော အိပ်ရဲ့လား။ ကိုကို ညီမလေးအိပ်တဲ့အထိ စောင့်နေပေးမယ်နော်"

"ရ. . . ရပါတယ် အစ်ကိုကြီးရယ်၊ ဇလပ်ဖြူ အိပ်တော့မယ်"

သူ့ရင်ခွင်ထဲမှ ဖြည်းညင်းစွာ ထွက်သွားပြီး အခန်းထဲသို့ဝင်သွားသည့်ဇလပ်ဖြူအသွင်က တည်ငြိမ်နေတော့ လွှမ်းညီညီရင်ထဲ စိုးထိတ်ရသည်။

ဘာပဲဖြစ်ဖြစ် ဒီမသိနိုးနဲ့ ကောင်မလေးရဲ့ချစ်စဖွယ်အမူ



www.burmeseclassic.com

www.burmeseclassic.com



အရာလေးများကို သူ ချစ်ခင် နှစ်လိုနေမိပေပြီ။ ညီမလေးတစ်ယောက် ကောက်ရသည့်အဖြစ်ထက်များ ပိုနေပြီလား။

သူကလေးရဲ့ ပြုစုယုယမှုနှင့် အပြောအဆိုလေးများကို သူမြတ်နိုးမိခဲ့တာ ဝန်ခံပါသည်။ ဇလပ်ဖြူလေးကတော့ ဖြူစင်သည့်တောသူမလေးပီပီ သူ့ကို အစ်ကိုအမှတ်နှင့် လေးစားရိုသေရှာပါသည်။ ရင်းနှီးတယ်ဆိုပေမယ့် တအား ပွေးပွေးကပ်ကပ်နေရှာတာမဟုတ်ပါ။

သူကသာ ချစ်စရာကောင်းမလေးကို ရင်းရင်းနှီးနှီး ပွေးပွေးကပ်ကပ်နေမိတာ။ ဒါလည်း အသားယူချင်စိတ်ထက် ချစ်စရာခွေးလေး ကြောင်လေးများကို ရင်ခွင်မှာပွေ့ချီချင်တာမျိုးပါဟု ကိုယ့်ကိုယ်ကို ဆင်ခြေတက်နေမိသည်။

သူကလေးဟာ ကိုယ့်အိမ်မှာနေခဲ့ပြီမို့ သူကလေးရဲ့ဘဝဇာတ်ကြောင်းကို သူ မင်းဘူးသို့တစ်ဆင့်ပြီးတစ်ဆင့် လှမ်းစုံစမ်းခဲ့တော့. . .

ဇလပ်ဖြူလေးဟာ ဒုတိယနှစ်ဖြေဆိုထားသည့် ပြည်တက္ကသိုလ်မှ ကျောင်းသူလေးဖြစ်ကြောင်းသိခဲ့ရသည်။ ဆွေမျိုးနည်းသည့်သူ့ဘဝမှာ လိမ္မာရေးခြားရှိရှာသည့် ဇလပ်ဖြူဟာ သူကောက်ရလိုက်သည့်ညီမလေးပေါ့။





လွှမ်းညီညို့ဘဝမှာ ကိုယ့်ဘဝကိုယ် မြင့်မားအောင် ကြိုးစားနေခဲ့ရသည်မို့ အလုပ်ပြီးအလုပ်သာ။ မိန်းကလေးတွေနှင့် သိပ်ပြီး မရင်းနှီးခဲ့ရသည့်ကြားထဲ သူကြုံဖူးတာ သူမြင်ဖူးခဲ့တာ သိပ်ပြီးလည်ပတ်နှံ့စပ်ပြီး ရင်ထဲမှာ အသည်းပလာနှင့်မိန်းကလေးတွေသာ။ ယခုလို ယုန်ပေါက်လေးလို ဖြူစင်နုသစ်သည့် မိန်းကလေးမျိုး လောကထဲမှာရှိနေတယ်ဆိုတာ သူ့အတွက်တော့ အံ့သြနှစ်လိုဖွယ်။

ညီမလေးအဖြစ်နဲ့ပဲ ရှိနေဦးတော့၊ ရင်ထဲမှာ နှစ်သိမ့်ကြည်နူးမိပါသည်။ သူ့ဘဝမှာ ဒီလိုကြည်နူးဖွယ်ခံစားမှုဆိုတာလည်း ဘယ်တုန်းကမှ ကြုံခဲ့ဖူးတာမဟုတ်။ သူကလေးရောက်လာခဲ့သည့်နေ့များအတွင်း ဘီလူးထွက် ထွက်မည့်အုပ်စုကလည်း ဆေးရုံမှာ အနေများပြီး အိမ်မှာ ခေတ္တခဏဝင်ထွက်သွားလာရုံမို့ သူစိတ်ချမ်းသာနေရပါသည်။

သူနှင့်ထက်ရှားက အလုပ်သွားရင်း ဟိုအုပ်စုအတွက်လိုအပ်တာလည်း လုပ်ပေးရင်း အပြင်ထွက်နေသည့်အချိန်မှာ ဇလပ်ဖြူလေးက အိမ်မှုကိစ္စများကိုလုပ်ပေးသည်။ ထမင်းဟင်းများလည်း ချက်ပြုတ်ပေး၏။ နောက် သူ့ကိုလည်း အစ်ကိုတစ်ယောက်လို ပြုစုလုပ်ကိုင်ပေးရှာသည်။



www.burmeseclassic.com

www.burmeseclassic.com



သူကလေးဟာ ကိုယ့်အတွက် ချစ်စဖွယ်ငှက်လှလှလေး တစ်ကောင်။ သည်ငှက်ကလေး ဌာနေပျံပြေးမှာ အတိတ်ကိုသတိ ရပြီး ပြန်သွားမှာ သူစိုးနေမိသည်။

တကယ်တော့လည်း သူလေးဟာ အားကိုးရာမဲ့ငှက် ကလေးပါ။ အသိုက်ပျက်သွားတဲ့ငှက်ကလေးပါလေ။ လွှမ်းညီညီ အတွေးတွေပွားနေသည်မို့ ညဥ့်နက်မှ အိပ်ပျော်သွားခဲ့ပါသည်။

✲ ✲ ✲



## အခန်း ၁၁

"အစ်ကို. . . အစ်ကိုကြီး၊ ထတော့လေ။ မနက်ရှစ်နာ ရီမှာ ညေ့်သည်တွေ့စရာရှိတယ်ဆို"

သူ့အိပ်ခန်းက တံခါးစေ့ရုံစေ့ထားတာမို့ ဇလပ်ဖြူ ဝင် ပြုံးနေခြင်းပါပင်။ သူ အင်း. . . အဲနှင့် အိပ်ချင်မူးတူးဖြစ်နေရင်း ဇလပ်ဖြူကို ဆွဲပွေ့လိုက်မိတာ ဘာကြောင့်မသိ။

နံ့နက်စောစောစီးစီး သနပ်ခါးရေကျဲလေးနှင့် အရမ်းချစ် မျောကောင်းနေသည့် ဘာဘီရုပ်မလေးကို သူ့ရင်ခွင်ထဲမှာ ပွေ့ ထားရင်း. . .

"အစောကြီးရှိသေးတာကိုကွာ၊ အလကား လာနှောက် ယှက်နေတယ်။ ကိုကိုက ကိုယ့်ကို အိပ်ရာလာနှိုးရင် အဲဒါ ကိုကို့



www.burmeseclassic.com

www.burmeseclassic.com



ရန်သူပဲ''

''ကိုကို့ဝိုက်ဘုတ်မှာ ညှော်သည် ရှစ်နာရီတွေ့ရမယ်ဆို လို့ပါ။ ဇလပ်ဖြူက စေတနာနဲ့လေ''

''အဲဒါ ထက်ရှားနဲ့လွှဲထားလိုက်ပြီ။ သူသွားပြီမဟုတ် လား''

''အင်း''

''လာခဲ့၊ မလည်ရှုပ်လုပ်တဲ့ကောင်မလေးတော့''

သူ ဇလပ်ဖြူရဲ့ပါးဖောင်းဖောင်းလေးများကို ဘာကြောင့် မွှေးလိုက်မိပါလိမ့်၊ ရင်ဘတ်ကြီးထဲထိ စိမ့်ဝင်မွှေးမြသွားတာတော့ အမှန်။

''ကိုကို''

ဇလပ်ဖြူရဲ့အလန့်တကြားရုပ်လေးက တကယ့်ကို ဘုရား စူးရစေ့ရဲ့။ ကမ္ဘာပေါ်မှာ အလှဆုံးရုပ်ပုံလွှာ။

''ဘာတုန်းကွာ''

ဇလပ်ဖြူလေးဟာ သူ့ရင်ခွင်ထဲမှာ ကလန်ကလား။

''ကိုယ့်ညီမလေးဆို အဲဒီလိုမလုပ်ရဘူးလေ၊ ကိုကိုက ဇလပ်ဖြူရဲ့အစ်ကိုကြီးမဟုတ်ဘူးလားဟင်။ မဟုတ်ဘူးမလား''

''အင်''





သူကလေးဟာ ပိုပိုပြီးကျွန်းမာလာပြီမို့ သူ့အပေါ် သံ သယတွေ ဝင်နေပြီထင့်။ ဒီကြားထဲ သူကလည်း တစ်နေ့တစ် ခြား ပိုပိုချစ်မိလာသည့်ကောင်မလေးကို စိတ်လွတ်ကိုယ်လွတ် နှင့် ပိုက်ပွေ့မွှေးကြူမိတာကိုး။

''ကိုကိုက ဇလပ်ဖြူရဲ့ကိုကိုကြီးပါ။ ကိုယ့်ညီမလေးကို မမွှေးရဘူးလား၊ မချစ်ရဘူးလား''

သူက အဲလိုပြောတော့ ဇလပ်ဖြူလေးက မျက်တောင် ကော့လေးတွေ မေးမို့တ်တွေးဆရင်း. . .

''ဇလပ်ဖြူရဲ့အစ်ကိုကြီးကတော့ ဇလပ်ဖြူကို တစ်ခါမှ မမွှေးဘူး၊ ဖက်လည်းမဖက်ဘူး၊ တွေ့လိုက်ရင် အမြဲဆူပူအော် ငေါက်နေတာ''

''ဟာကွာ. . . အဲဒါအရင်တုန်းကပဲ၊ အခုကျ ကိုကိုက ညီမလေးကိုအရမ်းချစ်တယ်လေ။ အော်လည်းမအော်ဘူး၊ ဆူ လည်းမဆူဘူး။ ကိုကို့ညီမလေးကိုသနားလွန်းလို့ အမြဲရင်ခွင်ထဲ မှာ ပွေ့ထားချင်တယ်။ ပါးဖွေးဖွေးလေးတွေကို အမြဲမွှေးနေချင် တယ်''

''မလုပ်ကောင်းဘူးကိုကို၊ ငရဲကြီးတတ်တယ်။ မောင် နှမဆိုတာ အဲလိုမလုပ်ကောင်းဘူးနော်''



www.burmeseclassic.com

www.burmeseclassic.com



အရှုးက တစ်မူးသာဆိုတာ ဒါပေါ့။ အဲ! ဇလပ်ဖြူလေးကို အရှုးလို့လည်း မပြောရက်ပါဘူးလေ။ ဆိုင်ကယ်မှောက်တဲ့အရှိန်က ပြင်းလွန်းလို့ ဦးနှောက်ဝေဝေဝါးဝါးဖြစ်နေတယ်လို့ပဲ သူယူဆပါသည်။

"ဒါဆို ကိုကို ငရဲမကြီးအောင် ညီမလေးက ကိုကို့ကို မွေးပေါ့။ ကိုကိုက ညီမလေးကို မမွေးတော့ဘူးလေ။ ငရဲကြီးမှာစိုးလို့"

"ဟာ! အဲလိုမလုပ်ကောင်းပါဘူးဆို"

"လုပ်ကောင်းပါတယ်၊ မောင်နှမချင်း မွေးကောင်းပါတယ်။ ဇလပ်ဖြူ ညက ကြည့်ရတဲ့ကားလေ၊ ချစ်သူတွေဆို နှုတ်ခမ်းကိုနမ်းတယ်။ မောင်နှမချင်းက ပါး၊ နဖူးကိုနမ်းတယ်"

သူ ဇလပ်ဖြူကို ကျီစယ်နေတော့ ကောင်မလေး ရှက်ရွံ့စွာနှင့် သူ့ရင်ခွင်ထဲမှ ကြုံးထနေတာ၊ ချုပ်ထားခံရတဲ့ကြောင်ကလေး ရုန်းနေသည့်နှယ်။ လက်သည်းနဲ့မကုတ်ရုံတမယ်ပါပဲ။ ပြီးတော့ နှုတ်ခမ်းလှလှလေးမှ တိုးတိုးလေး၊ တိုးလွန်းလို့ ကောင်းကောင်းတောင်မကြားရ။

"ကိုကို့ကို ဘယ်တော့မှမခေါ်တော့ဘူး၊ ဘယ်တော့မှ အနားမလာတော့ဘူး"တဲ့။





ချစ်လိုက်တာ ဇလပ်ဖြူလေးရယ်၊ လူပျိုကြီးတော့ ရှာန်လျောရတော့မယ်။ ကိုကို့ပတ်ဝန်းကျင်မှာ မိန်းမလှလေးတွေ ပေါများပေမယ့် အသည်းနှလုံးမပါတဲ့ ယမင်းရုပ်တွေမို့ ကိုကို ရင်မခုန်ခဲ့ဘူး။

ဇလပ်ဖြူကျတော့ ဖြူစင်ကြယ်တဲ့ အပျိုစင်လေးရဲ့ဂုဏ်သိက္ခာကိုလည်း မြတ်နိုးတယ်၊ ချစ်စရာကောင်းလွန်းတဲ့ ရုပ်ဆင်းရူပကာကိုလည်း ရင်ခုန်စွဲလန်းရတယ်။

အိမ်ထောင်မှုနိုင်နင်းပြီး ယောကျ်ားတစ်ယောက်ကို ပြုစုလုပ်ကျွေးနိုင်တဲ့အရည်အချင်းက ပိုလို့တောင် ရှားပါးပါသေးပ ယ်။

ဇလပ်ဖြူကို ကိုကိုလက်ထပ်နိုင်ပါတယ်၊ ဒါပေမဲ့ အခြေအနေတွေကို စောင့်ကြည့်ဦးမယ်လေ။ ဇလပ်ဖြူကလည်း ကိုကို့လက်ထဲက ပန်းကလေးပဲမဟုတ်လား။ ကိုကို အချိန်မရွေး ခူးဆွတ်နိုင်တဲ့အနေအထားမှာ။

"ကဲကဲ. . .တစ်ခါတည်းပဲမွေး၊ ကိုကို့ပါးကို တစ်ခါတည်းပဲမွေး။ နောက် ဘယ်တော့မှ မမွေးချင်နေတော့"

ကောင်မလေးရဲ့ပခုံးကို ဆွဲထားပြီး သူ့ ပါးကိုအတင်းထိုးပေးနေတော့ ဇလပ်ဖြူ့ခမျှာ အကြီးအကျယ်ဒုက္ခရောက်နေရ



www.burmeseclassic.com

www.burmeseclassic.com



မှာ သနားစရာ။

''ကိုကိုမျက်နှာမသစ်ရသေးဘူးလေ'' တဲ့။

''မသစ်ရ သစ်ရကွာ၊ မွှေး. . . မွှေးမှလွှတ်ပေးမယ်''

သူ လူဆိုးကြီးဗိုလ်အောင်ဒင် လုပ်နေတော့ ဇလပ်ဖြူလေး သက်ပြင်းချရင်း သူမရဲ့မျက်ဝန်းလှလှလေးကိုမှိတ်လိုက်တယ်၊ ပြီးမှ သူ့မျက်နှာကို လက်ကလေးနဲ့စမ်းယူပြီး သူ့ပါးကို ရွှရွှလေး မွှေးရှာတယ်။

''အား. . .''

အကြောပေါင်းတစ်ထောင် စိမ့်သွားတယ်ဆိုတာ ဒါမျိုးလား။ သူ့ရင်ဘတ်ကြီးထဲထိ လျှပ်စစ်စီးသလို ဓာတ်လိုက်သွားစေတဲ့အချစ်ကို ဘယ်လိုတားဆီးရမှာလဲ။

ဇလပ်ဖြူလေးကို ရင်ခွင်ထဲမှာ အတင်းကြီးပွေ့ထားပြီး သူ တစ်နာရီလောက် ငြိမ်သက်နေချင်တယ်။ ဒါပေမဲ့ ငါးမိနစ်တောင် မပွေ့ရသေးဘူး။ ဇလပ်ဖြူလေးက သူ့ရင်ခွင်ထဲမှ လူပ် လူပ်လူပ်နဲ့ ရုန်းထွက်ရှာတယ်။

''ကိုကို၊ ဇလပ်ဖြူရဲ့အစ်ကိုကြီးမဟုတ်ဘူးလားဟင်''

မော့မော့လေးနဲ့ စိုးရိမ်တကြီးမေးနေတဲ့ကောင်မလေးကို သူဘယ်လိုဖြေလိုက်ရမှာလဲ။





မဟုတ်ဘူးဆို၊ သူကလေး ကမ္ဘာပျက်သွားမှာလား။ ဟုတ်တယ်ဆိုတော့ရော၊ သူ့မှာ ဘေးကျပ်နံကျပ်။ လွမ်းညီညီ သက်ပြင်းရှည်ကြီးချရပါတော့တယ်။

''ဇလပ်ဖြူရဲ့အစ်ကိုကြီးပါကွာ၊ ကိုကို ညီမလေးကိုသိပ်ချစ်မိလို့ပါ။ ကဲကဲ. . . သွားတော့ သွားတော့''

သူလွှတ်ပေးလိုက်တော့ ပြတင်းပေါက်မှပျံပြေးသွားတဲ့ ငှက်ကလေးလို သူကလေး ရုတ်ခနဲထွက်ပြေးသွားတယ်။

ကိုကို့ရဲ့အချစ်ငှက်ကလေးရယ်. . .

ကိုကို့ဘဝထဲက ဘယ်တော့မှ ပျံပြေးမသွားပါနဲ့တော့ကွယ်. . .

ကိုကို့ရင်ခွင်ကျယ်ထဲမှာပဲ ထာဝရ ခိုနားလှည့်ပါ။

※ ※ ※



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၂)

သူ့ဘဝ သာယာဖြောင့်ဖြူးနေတုန်း နာဂစ်မုန်တိုင်းထက် အပြန်တစ်ရာလောက်ဆိုးသည့်မုန်တိုင်းကြီး စတင်တိုက်ခတ်လာတော့သည်။ အဲဒါကတော့ သူ့မရီးနှင့်အဖွဲ့ ဆေးရုံမှပြန်ဆင်းလာကြခြင်းပါပေ။

နှစ်လတောင်ကြာပြီမို့ အရိုးကျိုးတာတွေလည်း တော်တော်ကောင်းသွားပြီး အိမ်မှာပြန်အနားယူရမည်တဲ့။ ဆေးရုံလည်း တစ်ပတ်တစ်ခါလောက် ပြနေရဦးမှာမို့ မြန်အောင်သို့ ပြန်လို့မရသေး။ ပြန်လို့ရလည်း ပြန်မည့်ပုံမရှိပါ။

ဒီတော့ သူ့အိမ်မှာ ဒေါ်မြမြသင်းတို့အုပ်စု ပြန်လည်ကြီးစိုးမင်းမူဖို့ ကြိုးစားကြပေဦးတော့မည်။ သူနှင့်ထက်ရှားတို့



www.burmeseclassic.com

www.burmeseclassic.com



စောစောစီးစီး မျက်ခုံးလှုပ်ရှုံတင်မက၊ ခေါင်းဆင်နင်းပေတော့သည်။ သူတို့ထက် ဆိုးတာက ဇလပ်ဖြူ။ ဒေါ်မြမြသင်းတို့အဖွဲ့က ဇလပ်ဖြူကိုဆို လမ်းပေါ်မှသူတောင်းစားလောက် လမ်းပေါ်မှ ကာလေကချေတစ်ယောက်လောက်သာ သဘောထားကြသည် မဟုတ်ပါလား။

သူက ဇလပ်ဖြူကို ရွှေထုပ်စိန်ထုပ် ရတနာထုပ်လိုတန်ဖိုးထားပေမယ့် ဒေါ်မြမြသင်းတို့အဖွဲ့ကတော့ မစင်ထုပ်လိုသဘောထားနေတာ။ ကိုယ့်သက်လှယ်က ကြားထဲမှ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်မှာတော့ လွှမ်းညီညီ စိုးရိမ်သည်။

တကယ်ဆို သူကလေးခမျာ အားလုံးအတွက် ချက်ရေးပြုတ်ရေးနှင့် အိမ်မှုကိစ္စတွေအားလုံးပါ တာဝန်ယူထားရရှာသူပါ။ သည်နေ့မနက်ပဲ ထက်ရှားနှင့်သူ ဒေါ်မြမြသင်းတို့အုပ်စုကို ဆေးရုံမှပြန်ခေါ်လာခဲ့ကြရသည်။ ပြန်ရောက်သည်နှင့် ဩဇာတွေ အာဏာတွေ ပြတော့တာပါပဲ။

''ဟဲ့! ဟိုကောင်မလေး၊ အထုပ်တွေလာသယ်လေ။ ထက်ရှား, လာ၊ ငါ့မြေးကိုလာချီ။ မောင်ညီ, ဆက်ကိုလာတွဲလေ။ ရှင်းရှင်းကောင်းတာမဟုတ်သေးဘူး။ ခါးကို ခါးပတ် ပတ်ထားရသေးတယ်။ ခါးဆစ်ရိုးပြန်ကျိုးသွားရင် မလွယ်ဘူး''





ဇလပ်ဖြူလာပြီး အထုပ်တွေသယ်တော့၊ လွှမ်းညီညီမျက်စိမျက်နှာပျက်နေ၏။ အထုပ်တွေမှာ လိုတိုင်း ထပ်ဝယ်ထပ်ဝယ်နှင့် အိမ်ထောင်ပြောင်းသလို အထုပ်ကြီးကြီးတွေ။ လွှမ်းညီညီပိုက်ဆံနှင့်ကိုး။ လွှမ်းညီညီရော ထက်ရှားပါ ဇလပ်ဖြူကိုတော့ အထိမခံနိုင်ကြပါ။

''နေနေ. . . ဇလပ်ဖြူ၊ ငါတို့သယ်မယ်။ နင်နေ''

''ရပါတယ်''

''မရနဲ့. . . သွားသွား၊ မီးဖိုထဲမှာ လုပ်စရာရှိတာလုပ်''

သူတို့နှစ်ယောက် ဇလပ်ဖြူ အထုပ်ကြီးတွေသယ်ရမှာ စိုးရိမ်နေကြလျှင် ဒေါ်မြမြသင်းမှာ ငှက်ဆိုးထိုးသံကြီးနှင့်. . .

''အလိုတော်! ဘယ်လိုတွေဖြစ်နေကြတာလဲ။ အထုပ်ကြီးတာမနိုင်လည်း သေးတာတွေသယ်ပေါ့။ တကတည်း လမ်းပေါ်ကဟာမကိုများ ရွှေနန်း…ကို…င်မွေးလာတဲ့ရွှေမင်းသမီးမှတ်နေကြသလားပဲ။ သွား. . . နိုင်တဲ့အထုပ်သယ်၊ ငါ့အခန်းထဲပို့''

လွှမ်းညီညီနှင့်ထက်ရှားမှာ ရောက်ရောက်ချင်း ဆောက်နဲ့ထွင်းနေသည့် ဒေါ်မြမြသင်းကြီးကို လောလောဆယ် ဘယ်လိုနှိမ်နင်းရမှန်းမသိဖြစ်နေ၏။ လောကမှာ မရှိတာထက် မသိတာခက်သည်မဟုတ်ပါလားလေ။



www.burmeseclassic.com

www.burmeseclassic.com



''မောင်ညီ၊ ဆက်ကိုလာခေါ်လေ။ ခါးရိုးက ပြန်ဆက်သွားပြီဆိုပေမယ့် လူကောင်းလိုမဟုတ်သေးဘူးနော်။ သူ့ဖာသာလျှောက်လို့ရတာမဟုတ်သေးဘူး''

လွှမ်းညီညီက ထက်ရှားကိုပင် လွှတ်လိုက်ပြီး သူကယုယလေးကို သွားပွေ့ချီလိုက်သည်။ ဖလပ်ဖြူလည်း အထုပ်သေးတွေသယ်ပြီး ပို့နေရပါ၏။ အိမ်မှာ သခင်မပြန်ရောက်နေသည့်နယ် ဟိုအော်လိုက်ဒီငေါက်လိုက်နှင့်။ ဆေးရုံက သရဲတွေ တစ္ဆေတွေများ သူ့ထံပူးကပ်ဝင်ရောက်နေလေသလားမသိ။ သူကတော့ ညှော်ခန်းမှာ ခြေပစ်လက်ပစ်နှင့်အနားယူလို့။ သူ့အနားမှာ သူ့သမီး ခြယ်။

အထုပ်အပိုးတွေပို့ပြီးသွားတော့ ဒေါ်မြမြသင်းက ဖလပ်ဖြူအား လှမ်းခိုင်းလိုက်ပြန်သည်။

''ဖလပ်ဖြူ၊ ငါတို့ဖို့ အအေးလေးခွက်ယူခဲ့၊ လူမမာတွေဆီလည်း သွားပို့ပေး။ ဂျူး. . . မောလိုက်တာ၊ နင်တို့ကလည်း အလိုက်သိစမ်းပါ။ ပြောမှသိတာ လူမဟုတ်ဘူး''

ဖလပ်ဖြူ ထမင်းစားခန်းသို့သွားပြီး အအေးခြောက်ခွက်ယူလာခဲ့ရာ ဒေါ်မြမြသင်းကြီး အော်ပြန်၏။

''ဟဲ့! ငါမှာတာ လေးခွက်လေ၊ နင်စာမတတ်ဘူးလား။





နင်ယူလာတာ ခြောက်ခွက်လေ''

''ဟုတ်ပါတယ်၊ ကိုကိုတို့ဖို့ပါ ယူလာတာ''

ညှော်ခန်းထဲမှာ မအီမလည်နှင့်ထိုင်နေကြသည့် လွှမ်းညီညီနှင့် ထက်ရှားသို့ အအေးခွက်များ အရင်ပေးလိုက်စဉ် ဒေါ်မြမြသင်းထံမှ ငှက်ဆိုးထိုးသံကြီး ထွက်လာပြန်တယ်။

''အမယ်လေး! အမယ်လေးတော်! အရှက်မရှိ၊ မောင်ညီငါတို့ဆေးရုံတက်နေတဲ့နှစ်လအတွင်း ဘယ်လိုတွေများ ဖြစ်နေခဲ့ကြသလဲ။ ငါ့မှာတာဝန်ရှိတယ်နော်၊ မင်းကိုစောင့်ရှောက်ဖို့ ငါ့မှာတာဝန်ရှိတယ်။ ဒီလိုလမ်းဘေးက ကလေကချေ၊ တောကြိုအုံကြားက မိန်းကလေးနဲ့တော့ မင်းကိုအဖြစ်မခံနိုင်ဘူး။ ကိုကိုတွေဘာတွေခေါ်လို့ တယ်ဟုတ်နေကြပါလားဟင်''

သည်တစ်ခါတော့ လွှမ်းညီညီ ငြိမ်နေလို့မဖြစ်တော့ပါချေ။

''အန်တီ၊ အန်တီကိုယ်တိုင်လည်း ညှော်သည်ဆိုတာကို သတိရဦးနော်။ အန်တီအုပ်ထိန်းရမှာ ကိုယ့်သားသမီးတွေပဲ။ ကိုယ့်ကိုယ်ကို အိမ်ရှင်မကြီးမှတ်ပြီး အိမ်မှာ လာအုပ်ချုပ်မနေနဲ့။ ဆေးရုံဆင်းခါစမို့ အားမွေးတဲ့အနေနဲ့ ဒီမှာနေခွင့်ပြုထားတာ။ နေကောင်းရင် ပြန်ရမှာလည်း သတိရဦး''



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားများကိုလည်း ထိုမိန်းမကြီး နာရမှန်းမသိ။ သူ့နားတွေက လောဘ ဒေါသ မောဟတို့ဖြင့် လျှံလန်နေကြပုံပင်။ သူပြောချင်တာ ဖြစ်ချင်တာသာ စွတ်ပြောနေသည်သာ။

''အို! ဒါကတော့ အန်တီက မင်းကိုလည်း ကိုယ့်သားတစ်ယောက်လိုသဘောထားပြီး မဖြစ်သင့်တာမဖြစ်ရအောင် ကာကွယ်စောင့်ရှောက်ရမှာပဲ၊ ဒီလိုအုတ်ကြားမြက်ပေါက်ကိုများ မင်းမို့ အရေးပေးနေတယ်။ ငါတို့မရှိတဲ့နှစ်လအတွင်း ဒီကောင်မကကောင်းကောင်းလှုပ်ရှားလိုက်ပြီထင်ပါရဲ့။ နှစ်ယောက်လုံးကို အိတ်ကပ်ထဲထည့်ထားလိုက်ပြီ''

''အန်တီ၊ ကျွန်တော် သူငယ်နုပ်စားမဟုတ်ဘူးနော်။ ဦးနှောက်ရှိတယ်။ ဒီဘဝဒီအခြေရောက်အောင် ကိုယ့်ဦးနှောက်နဲ့ကိုယ် ချီတက်လာတာ''

''ဟဲ့! ဒါက စီးပွားရေးပဲလေ၊ မိန်းမနဲ့ပတ်သက်လာရင်တော့ မင်းက သူညပဲ။ ဘာမှမသိသေးတဲ့မှုကြိုအဆင့်။ သူကရှစ်စပ်က ဂျင်ဂျင်လည်နေတဲ့မိန်းကလေး။ မဖြစ်ဘူး မဖြစ်ဘူး၊ မောင်ညိုကို သင့်တော်တဲ့မိန်းကလေးနဲ့ အမြန်ဆုံးအိမ်ထောင်ချပေးမှပဲ''

ပြောနေသည့်ကြားထဲမှ ရှေ့တိုးပြီး ကဲသဲနေသည့်မိန်းမ





ကြီးရဲ့ရည်ရွယ်ချက်က ဘာလဲ။ သူ့သမီးအငယ်နှင့်ပေးစားဖို့ပဲဖြစ်ရမည်။ သူအားနာနေလို့တော့ ခါးပါသွားမှာအသေအချာ။ သူ ထက်ရှားကိုမျက်ရိပ်ပြရသည်။ မင်းတစ်လှည့်ပြောဦး တပည့်ကြီးရေ့။

''အန်တီ၊ ဆရာက အန်တီ့သားလည်းမဟုတ်ဘူး။ အန်တီ့သားမက်လည်းမဟုတ်ဘူး။ လာပြီးဆရာကြီးလုပ်မနေနဲ့၊ ကိုယ့်ကိစ္စတွေကပိုသာ ကိုယ်ရှင်းအောင်လုပ်။ ဘယ်လိုညှော်သည်တွေလဲမသိပါဘူး။ အိမ်ရှင်ကိုများလာပြီး ဩဇာတွေ မာလကာတွေအတင်းပေးချင်နေတယ်''

ထက်ရှားပြောလိုက်သည်နှင့် ဒေါ်မြမြသင်းကြီး ဒေါ့ဒေါ့ခုန်လေတော့၏။ သူ့သမီးခြယ်ကလည်း သူတို့ကို မချိုမချဉ်ပြုံးနှင့်ကြည့်နေသည်။

''အောင်မယ်! အောင်မယ်! နင်တို့လို အနားပြာတွေမြှောက်စားတွေကြောင့် လောကကြီးပျက်စီးနေရတာ။ ကိုယ့်ဆရာမဖြစ်သင့်တာမဖြစ်အောင် ကာကွယ်မယ်တော့မရှိဘူး၊ ချောက်ထဲတိုးချဖို့ပဲ။ နင်မကာကွယ်လည်း ငါကတော့ ကာကွယ်ရမှာပဲ။ ဒီဟာမကို ခုထိပြန်မလွှတ်ကြသေးဘူးလား။ ကြာရင် ဆရာတပည့်နှစ်ယောက်လုံးကို မောင်ပိုင်စီးတော့မယ်။ ကျော်မကောင်းကြား



www.burmeseclassic.com

www.burmeseclassic.com



မကောင်းတွေ ဖြစ်တော့မှာပဲ''

ဘယ်လိုမှ ကိုယ့်အခြေအနေကိုယ်မသိ၊ ကိုယ့်အကြောင်း ကိုယ်မကြည့်သည့်မိန်းမကြီးအား သူတို့နှစ်ယောက်တော့ လောလောဆယ် လက်မြှောက်ထားရ၏။ သို့သော် သူတို့ကိုမနိုင်တိုင်း ဇလပ်ဖြူလေးကို ရှုံးမဲမဲနေမှာတော့ စိုးရိမ်ပါသည်။ ဘယ်လိုများ ကာကွယ်ရမှာလဲ။ သူတို့ကလည်း အိမ်ကပ်နိုင်တာမဟုတ်။

ဇလပ်ဖြူလေး စိတ်ညစ်ပြီး အိမ်ကထွက်သွားလျှင် လွှမ်းညီညီ ရင်ကျိုးရပါလိမ့်မည်။

''အန်တီ စကားပြောတာဆင်ခြင်၊ အန်တီ ကျွန်တော့်ကိုအုပ်ထိန်းရအောင် အန်တီက ကျွန်တော့်အမေလည်းမဟုတ်ဘူး၊ ယောက္ခမလည်းမဟုတ်ဘူး။ မြခွန်းခြယ် ကိုယ့်အမေကိုယ် ကြည့်ပြောထားဦး။ နင်တို့နဲ့ငါ ခုမှမြင်ရတွေ့ရတာနော်။ အစ်ကိုနဲ့ပက်သက်ပြီး လက်ခံထားရပေမယ့် တစ်နွယ်ငင် တစ်စင်ပါနေရတာ။ သူစိမ်းက သူစိမ်းပဲ၊ သတိလေးလည်း ထားကြဦး''

အနားမှာ ကိုယ့်အမေကိုယ် ဘာမှမပြောဘဲ ကြည့်နေသည့် မြခွန်းခြယ်ကို သူခပ်မာမာပြောပစ်လိုက်တော့မှ. . .

''ဩော်. . . ကိုကိုရယ်၊ မေမေက စေတနာနဲ့ပြောမိတာပါ။ ကိုကို့လိုဂရိတ်ကြီးတစ်ယောက်နဲ့ လမ်းဘေး ကလေကချေ





တစ်ယောက်နဲ့ဖြစ်ပျက်သွားရင် ဘယ်လိုမှလူကြားမကောင်းလို့ မေမေက စေတနာနဲ့အမုန်းခံပြောနေရတာ။ တကယ်ဆို အဲဒါမှ တကယ့်မိတ်ဆွေစစ်ပါကိုကို''

''ရှေ့နေငှားကာမှ ထောင်လုံးလုံးကျနေရပါလားဟ။ နင်တို့တွေ ဂိုင်းဝန်းထိန်းနေရအောင် ငါဆယ်ကျော်သက်လေး၊ လူပျိုပေါက်လေးမဟုတ်ဘူး။ အသက်ပဲ (၂၆)နှစ်ရှိပြီ''

''အမယ်လေး! အဲဒီအရွယ်တွေကမှ ပိုပြီးဆိုးတာ။ ကိုယ်ထင် ကုတင်ရွှေနန်းလေ။ အကသိုလ်ကြီးလာပြီဆိုရင် ထန်းပလက်ရုတ်ကို နတ်ရုပ်ထင်တော့တာ''

''တော်ပြီ တော်ပြီ၊ ငါ့ကိုအဲလိုဝေဖန်တိုက်ခိုက် ထိန်းချုပ် နှိပ်ကွပ်နေမယ်ဆိုရင် နင်တို့တွေ ပြန်ကြတော့။ ကားငှားပြီး ပြန်ပို့လိုက်မယ်။ ဘယ့်နှယ်. . . သူများအိမ်လည်း လာကပ်နေသေးတယ်၊ အိမ်ရှင်ကို ကိုယ့်လက်အောက်ငယ်သားများ မှတ်နေသလားပဲ။ လုံးဝကိုမသိတတ်ဘူး''

''ဒီလိုတော့မပြောပါနဲ့ ကိုကို၊ ကိုကိုမကြိုက်ရင် လုံးဝရေငုံနှုတ်ပိတ်နေလိုက်ပါ့မယ်။ ခြယ်တို့ကလည်း ဆေးခန်း ပြန်ပြနေဦးမှာဆိုတော့ ဒီမှာ အငြိုငြင်ခံပြီး ကပ်နေရတာပါ။ မမတို့ ဆေးရုံတက်တဲ့နှစ်လအတွင်း ကိုကိုက တော်တော်မှိုင်းမိသွား



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီကိုး''

''တော်ပြီ၊ ဒီစကားတွေ ဒီမှာတင်ရပ်တော့။ ငါ့ဆီမှာ အကူနေကြတဲ့ညီ့သည်ချင်းအတူတူ တစ်ယောက်နဲ့တစ်ယောက် နှိပ်လိုနှိပ်စက်တွေလုပ်တာ မမြင်ချင်ဘူး။ အဲလိုလုပ်တယ်ဆိုရင်တော့ နင်တို့ကို. . .''

''ဘာလဲ. . . ကိုကိုက နှင်ချမလို့လား''

''နှင်ချစရာမလိုပါဘူး၊ အခိုက်အတန့်နေကြတာပဲ။ ဒီအိမ်မှာ အဆင်မပြေရင် တစ်နေရာရာမှာ ရွှေ့ထားပေးရုံပေါ့''

ပြောပြီး လွှမ်းညီညီ ညှိခန်းထဲမှထသွားတော့ ထက်ရားလည်း အပေါ်ထပ်သူ့အခန်းရှိရာသို့ လိုက်သွားသည်။ ဇလပ်ဖြူကတော့ မီးဖိုထဲမှာ ချက်တုန်းပြုတ်တုန်း။ နံနက်ဆယ်နာရီလောက်ရှိပြီလေ။

ဒေါ်မြမြသင်းနှင့် မြခွန်းခြယ်တို့ ခေါင်းချင်းရိုက်ရပေပြီ။

''မေမေကလည်း စိတ်ကြမ်းကိုယ်ကြမ်းတွေ မလုပ်နဲ့လေ။ အသိမှာသုံးမှပေါ့။ ခုတော့ မေမေ့ပုံစံက ကိုယ့်သားမက်ပြောနေတဲ့အတိုင်း''

''ဟဲ့! ဟိုမှာ နင့်ယောင်းမက မောင်ညီ့ကိုအပိုင်စီးမိနေပြီလေ။ နင်မမြင်ဘူးလား။ လွယ်လွယ်နဲ့ ဒီဇာတ်လမ်းပြောင်းလို့





ရမှာမဟုတ်တော့ဘူး''

''ဘာပဲဖြစ်ဖြစ်လေ မေမေရဲ့၊ အိမ်ရှင်ကြည့်ဖြူအောင်နေပြမှပေါ့။ အတိုက်အခံလုပ်လို့ဘယ်ဖြစ်မလဲ။ မေမေ့စိတ်ကြီးကို ခြယ် ဘယ်လိုနားလည်ရမှန်းမသိတော့ဘူး။ မေမေ ပုဏ္ဏကတိုက်နေရင် ကိုယ်တွေပဲ အိမ်ပေါ်ကဆင်းပြေးရမှာလည်း ထည့်တွက်ဦး''

''အေးပါ အေးပါ. . . ငါနားလည်ပါပြီ။ ဒီတော့လည်း ဗျူဟာပြောင်းတာပေါ့အေ။ သူ့ကိုအာရုံတွေအမျိုးမျိုးနဲ့ ဖမ်းစားရမယ်၊ အဓိက,ကတော့ ညည်းပဲ။ ညည်းလည်း ဘွဲ့ရလူငယ်တစ်ယောက်ပဲ။ ရည်းစားတွေလည်း မှိုလိုပေါက်အောင် ထားခဲ့ဖူးပြီ။ ယောက်ျားတစ်ယောက်ကိုအညှာကိုင်ဖို့ ညည်းတတ်ပါတယ်''

''အမယ်လေး! မေမေရယ်၊ သူ့ကြည့်ရတာ စိတ်ညစ်စရာကြီးပါ။ ဟိုကောင်မကို ဘယ်လောက်တောင် စွဲနေသလဲမှမသိတာ။ ဟိုကလည်း ဘာတွေပေးပြီး ပစ်ပေါင်းနေတယ်မသိဘူး''

''ဘာပဲဖြစ်ဖြစ် ဟိုက တစ်ကောင်ကြွက်ပါအေ။ သူ့ရဲ့နောက်မှာ ဘယ်သူမှမရှိပါဘူး။ သူ့ဘာသာ ဘာပဲဖြစ်ဖြစ်၊ နောက်ကလိုက်ရပ်မယ့်သူ မရှိပါဘူးအေ။ ကဲ! ညည်းကို ငါတာဝန်ပေး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီနော်. . . ဒါပဲ''

ဒေါ်မြမြသင်း သူ့သမီးကို ခပ်ကြိတ်ကြိတ်ပြောဆို သင်ပြနေစဉ် လွှမ်းညီညီနှင့်ထက်ရှား ဆိုက်ထဲသွားဖို့ ဆင်းလာကြလေသည်။

✳ ✳ ✳



## အခန်း [ ၁၃ ]

'အမယ်လေး! အဝတ်တစ်ထည်ကိုယ်တစ်ခုနဲ့ လိုက်လာတဲ့မိန်းမကိုများ ဆင်ပြင်ထားလိုက်တာ၊ မသာနဲ့နားငွေ့ာင်းဆိုတာ ဒါမျိုးပေါ့''

ဒေါ်မြမြသင်းတို့ ဖလပ်ဖြူကိုကြည့်ပြီး ဒေါမနဿတွေ ပွားနေကြခြင်းပါပေ။ အခြေအနေမှန်တွေလည်း သုံးသပ်မိနေပြီမို့ အကြမ်းဖက်ဖို့မစဉ်းစားတော့ဘဲ နောက်ကျောကို မားနဲ့ထိုးဖို့သာ သူတို့ ဆင်ကြံ ကြံနေလေပြီ။

သူတို့အဖွဲ့က လေးယောက်။ အဲ! ကလေးကိုလည်း သူ့ဦးလေးကိုခင်ဖို့ ဆုံးမသွန်သင်ထားရဦးမည်။ သူတို့အားလုံး လွှမ်းညီညီနှင့်ထက်ရှားကို မတော်လှန်ရဲပေမယ့် ဖလပ်ဖြူကိုတော့



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကွယ်ရာမှာ ဖိနှိပ်ဖို့၊ လွှင့်ထွက်အောင်လုပ်ဖို့ ကြံစည်စိတ်ကူးနေကြ၏။

ယခုလည်း နေ့လယ်(၁၂)နာရီထိုးသည်နှင့် သူတို့လေးယောက်စလုံး မီးဖိုဆောင်သို့ရောက်လာခဲ့ကြပြီး၊ ခူးခပ်ပြင်ဆင်နေသည့်ဇလပ်ဖြူကို အမိန့်ပေးလိုက်ကြသည်။

''ကြာလိုက်တာ မြန်မြန်လုပ်၊ ဒီမှာ ကလေးအရမ်းဆာနေပြီ''

''အသုံးမကျရင်လည်းပြော၊ အိမ်ရှင်တွေရှေ့မှာတော့ ဆရာကြီးလိုလိုဘာလိုလိုနဲ့''

''ပြီးပါပြီ၊ စားလို့ရပါပြီ''

ထမင်းဟင်းများ ခူးခပ်ပြီးပြီမို့ ဇလပ်ဖြူနောက်ဆုတ်ပေးလိုက်တော့ ဒေါ်မြမြသင်းက ချက်ထားသည့်ဟင်းများကို အပြစ်တင်ကဲ့ရဲ့နေပြန်၏။

''ဟင်းတွေကလည်း အရသာကိုမရှိဘူး။ ဒါပေ့ါလေ၊ တောသူမဆိုတော့ ဘယ်ချက်တတ်ပြုတ်တတ်ပါ့မလဲ။ နောက်နေ့ကစပြီး သမီးခြယ် ဝင်ချက်၊ နင်က ကူညီရုံကူညီ၊ သမီးနင့်ကိုကိုကို ဆွေမျိုးမေ့သွားအောင် ချက်ပြလိုက်စမ်း''

ဇလပ်ဖြူ ကြောင်တောင်တောင်လေး ငေးကြည့်နေရင်း





မှ ထမင်းစားခန်းထဲမှထွက်သွားလေတော့၊ ဒေါ်မြမြသင်း လှမ်းအော်ပြန်လေ၏။

''ဟေ့! ဒီမှာ ငါတို့လိုတာလုပ်ပေးဦးလေ။ ပြီးရင် ပန်းကန်တွေလည်း ဆေးရဦးမှာ''

သူမ ဒေါ်ကြီးမောကြီးပြောနေသည်ကို ဇလပ်ဖြူ ခပ်အေးအေးပင် ပြန်ပြောလိုက်လျှင် အဒေါ်ကြီး ဆွေ့ဆွေ့ခုန်နေလေ၏။

''ကိုယ့်ဘာသာ ဆေးလေ၊ ကျွန်မ လုံးဝမဆေးနိုင်ဘူး''

''အောင်မယ်. . . မယ်. . . လူပါးဝလို့။ ဒါဖြင့် နင်က သူတို့ရှေ့မှာပဲ ငါ့ကိုဂရုစိုက်မယ်ပေ့ါ။ ဟုတ်လား''

''သူတို့ရှေ့လည်း ကျွန်မ ဂရုမစိုက်ပါဘူး။ ကျွန်မက သူတို့ငှားထားတဲ့အိမ်ဖော်မဟုတ်ဘူး''

''ကြည့်စမ်း! ကြည့်စမ်း! လူလေးက လက်မလောက်နဲ့ ငါ့ကိုပြန်ပြောနေလိုက်တာ။ လူကြီး. . . လူကြီးမှန်းမသိ''

ဇလပ်ဖြူ ဘာမှပြန်မပြောတော့ပါ။ ကိုယ်က စေတနာနှင့် မနေနိုင်မထိုင်နိုင် လုပ်ကိုင်ပေးနေတာ၊ သူတို့က အဆင့်တက်ပြီး အိမ်ဖော်တစ်ယောက်လို သဘောထားချင်လာတာကိုး။ ဒေါ်မြမြသင်း၏ဆွေ့ဆွေ့ခုန်နေသည့်အသွင်ကို ကျောခိုင်းပြီး သူမ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အခန်းရှိရာသို့ တက်လာခဲ့သည်။

အိပ်ရာပေါ်မှာ လဲလျောင်းရင်း ကိုယ့်ဘဝအကြောင်းကို စဉ်းစားကြည့်ပြန်သည်။ ငါဘယ်ရောက်နေတာလဲ။ သူတို့ကရော ဘယ်သူတွေလဲ။ ကိုကိုကရော ငါ့အစ်ကိုဟုတ်ရဲ့လား။ ငါ ဘယ်သူတွေကြားထဲ ရောက်နေတာလဲ။

ဖလပ်ဖြူမှာ အတွေးတွေနှင့် ဝေဝါးနေရသည်။ သူမရဲ့ အရင်ဘဝကိုလည်း အိပ်မက်လိုလိုတစ်စစီ ပြန်သတိရနေမိသည်။ ငါအိမ်ပြန်ရမယ်။ ဒါ ငါတို့အိမ်မဟုတ်ဘူး။ ငါတို့အိမ်က သစ်သား အိမ်လေး။ ခြံထဲမှာ ရေတွင်းရှိတယ်။ ငါတို့မှာ ဝက်ကလေးတွေ ကြက်ကလေးတွေလည်း မွေးထားတယ်ထင်တယ်။

သူမ မျက်စိမှိတ်ပြီးစဉ်းစားရင်း မျက်ရည်တွေ စီးကျနေမိသည်။ အဲဒီအိမ်ကလေးကရော ဘယ်မှာလဲ။ ဘယ်နေရာမှာလဲ။ အား. . . ငါ့ခေါင်းတွေ မူးနောက်နေတယ်။ ငါရူးသွားပြီလား။

သည့်စဉ် ဒေါ်မြမြသင်း အိမ်ပေါ်ထပ်သို့တက်လာပြီး အခန်းတိုင်းကိုလျှောက်ကြည့်ရင်း ဒေါသမနသသတွေ ပွားနေလေ၏။

''တောက်! ငါတို့သားအမိတွေကျ အောက်ထပ်မှာ ဖြစ်သလိုထားတယ်။ သူတို့ကျ ရှယ်ပဲ။ ဟိုကောင်မကိုရော ဘယ်မှာထားပြီး ဘာတွေဝယ်ပေးနေသလဲ။ ရွှေတွေငွေတွေတောင် ဆင်





နေပြီထင်တယ်''

မရောင့်ရဲတတ်သူမို့ ကျေးဇူးတင်ဖို့သတိမရဘဲ ဒေါ်မြမြသင်းတစ်ယောက် ဒေါသတွေထွက်နေရင်း ဖလပ်ဖြူရဲ့အိပ်ခန်းဘက်သို့ ရောက်လာခဲ့၏။

''သူ့အခန်းကတော့ မရှယ်ပါဘူး။ ဒါပေမဲ့ သူ့ကျမှ ဘာဖြစ်လို့ အပေါ်ထပ်မှာထားရတာလဲ။ တောက်! တွေ့မယ်၊ ငါနဲ့တွေ့မယ်''

အခန်းထဲဝင်သွားပြီး လှဲနေသည့်ဖလပ်ဖြူကို ဆွဲဆောင့်ထူလိုက်ရင်း. . .

''ဟဲ့ကောင်မ. . . ထစမ်း! ဒီအချိန်အိပ်နေစရာလား။ သွား. . . အောက်မှာ ပန်းကန်တွေသွားဆေးချည်''

ဖလပ်ဖြူစဉ်းစားနေပြန်၏။ သူမဟာ ဒီအိမ်က အိမ်ဖော်တော့မဟုတ်နိုင်။ ဘာဖြစ်လို့ သူခိုင်းတာလုပ်ရမှာလဲ။ ဖလပ်ဖြူ မျင်းလို့မဟုတ်ပေမယ့် ဒီလိုမတရား နိုင်လိုမင်းထက်လုပ်တာတော့ သူမ မခံချင်။ ဒေါ်မြမြသင်းကလည်း အတင်းခိုင်းနေတော့ရာ ဖလပ်ဖြူ စိတ်ရှုပ်ထွေးရသည်။

ဟိုကလည်း အတင်းကိုဆွဲခေါ်၊ အတင်းကိုဆွဲထူနေတော့ရာ ဖလပ်ဖြူ ခေါင်းတွေထိုးကိုက်လာတော့သည်။ သူမရဲ့



www.burmeseclassic.com

www.burmeseclassic.com



ဦးနှောက်တွေ ပိုပြီးနောက်ကျိရှုပ်ထွေးသွားရပြီမဟုတ်ပါလား။

''အား. . . ငါ့ကိုလွှတ်. . . လွှတ်ပါ၊ ရှေ့မှာ ကားကြီး၊ ကား. . . ကား. . . အား. . . အစ်ကို. . . အစ်ကိုကြီး''

အော်ရင်းဟစ်ရင်း ဇလပ်ဖြူ လှေကားနားမှာ တအိအိ လဲကျသွားတော့ ဒေါ်မြမြသင်းကလည်း မူယာမာယာတွေ များနေသည်ဆိုပြီး ထုရိုက်နေချိန်မှာ. . .

လွှမ်းညီညီနှင့်ထက်ရှားတို့ ကားနှင့်ပြန်ရောက်လာပြီး၊ မီးဖိုဘက် ထမင်းစားခန်းဘက်သို့ အရင်ဝင်လေ၏။ ထမင်းစားခန်းထဲမှာ ဆေးရမည့်ပန်းကန်တွေက တောင်ပုံရာပုံ။

ဇလပ်ဖြူကို ထမင်းစားခန်းထဲမှာ မတွေ့ရသည်မို့ လွှမ်းညီညီ အပေါ်ထပ်သို့ပြေးတက်သွားတော့ လှေကားနားမှာ ဇလပ်ဖြူ လဲကျနေပြီး၊ ဒေါ်မြမြသင်းက ထုရိုက်နေတာမြင်လိုက်ရလျှင် သူ့မျက်လုံးတွေ ပြာသွားခဲ့သည်။

''အန်တီ ဘယ်လိုတွေ လုပ်နေဘာလဲ၊ အန်တီ လူမှ ဟုတ်သေးရဲ့လား။ သားချင်းသမီးချင်း မစာဘူး။ ဒါ ရောဂါသည် လေးဗျ၊ သိရဲ့လား။ ရောဂါသည်က မနေတတ်မထိုင်တတ်လို့ ဝင်ချက်တဲ့ထမင်းဟင်းကို ထိုင်စားနေတာ ခင်ဗျားတို့မရှက်ဘူးလား။ အခုပန်းကန်ဆေးရအောင် တက်ခေါ်နေတာမဟုတ်လား''





အမှန်တွေချည်းပြောနေတော့ ဒေါ်မြမြသင်းတစ်ယောက် ကြက်သေသေသွားရ၏။ သူနှိပ်စက်နေတာလည်း လွှမ်းညီညီနှင့် ပက်ပင်းတိုးသွားရပြီမဟုတ်ပါလား။ ဒီအချိန်မှာ မြခွန်းခြယ်က လည်း သူ့အမေဘက်မှဝင်ပြောဖို့ နောက်မှရောက်လာလေသည်။

ဒေါ်မြမြသင်း ခေတ္တစဉ်းစားပြီး ချက်ချင်းပင် ပြောစရာစကားက အသင့်။

''ဟဲ့! မနက်က ငါတို့သားအမိ ဝင်ချက်တာဟဲ့။ သူ့ကို ပန်းကန်ဆေးလောက်ကတော့ ခိုင်းရမှာပေါ့။ ဘာမှမလုပ်ချင်ဘဲ အပျင်းကြီးနေတဲ့မိန်းမ၊ ခုလည်း မူယာမာယာတွေများနေတာ။ အလုပ်လုပ်ရမှာစိုးတာနဲ့ မူးလဲချင်ယောင်ဆောင်တာ။ သတိလစ် ချင်ယောင်ဆောင်နေတာ''

မြခွန်းခြယ်ကလည်း မျက်နှာလှလှလေးကို ရှုံ့ကာမဲ့ကာနှင့်. . .

''ဟုတ်တယ်ကိုကို၊ မနက်က ခြယ်တို့သားအမိ ထမင်းချက်တာ။ သူက ကိုကိုတို့ရှိတုန်းမှာသာ အလုပ်လုပ်ချင်ယောင်ဆောင်နေတာ။ ကိုကိုတို့အပြင်ထွက်သွားတာနဲ့ အိမ်ပေါ်တက်ပြီး အိပ်တော့ ခိုတော့တာပဲ''

သားအမိနှစ်ယောက်လုံး ပြောင်လိမ်ညာနေတော့၊ ထက်



www.burmeseclassic.com

www.burmeseclassic.com



ရှား ဝင်ပြောပစ်လိုက်၏။

"ယုတ္တိရှိအောင်လည်း ပြောကြနော်၊ မနက်က ကျွန်တော်တို့ ဆိုက်ထဲသွားတာ ဆယ်နာရီကျော်မှသွားတာ။ ဇလပ်ဖြူချက်ပြုတ်ထားလို့ အားလုံးပြီးနေပြီ။ ညာရင်လည်း ပိပိရိရိညာကြဗျာ။ အခုလည်း ကိုယ်စားထားတဲ့ပန်းကန်တွေကို ကိုယ်မဆေးချင်လို့ သူ့ကိုအတင်းလာပြီးအနိုင်ကျင့်ခေါ်နေတာမဟုတ်လား"

"လူလူချင်း ထောက်ထားစာနာဖို့တော့ ကောင်းပါတယ်၊ ခင်ဗျားတို့လည်း မိန်းမတွေပဲ၊ ခုချိန်ကစပြီး ဒီအိမ်မှာ အိုးခွဲချက်စားကြမယ်။ ဟင်းချက်စရာတွေ ရေခဲသေတ္တာထဲမှာ အမြဲထည့်ပေးထားမယ်။ ကိုယ့်အုပ်စုအတွက် ကိုယ်တိုင်ချက်ပေတော့"

လွှမ်းညီညီ ဇလပ်ဖြူကိုပွေ့ချီပြီး သူ့အိပ်ခန်းထဲသို့ သယ်လာခဲ့ရင်း ထက်ရှားကိုလည်း ဆရာဝန်ဆီ ဖုန်းဆက်ခေါ်စေ၏။ ဒီမြင်ကွင်းဟာ ဟိုသားအမိအတွက် ဆွေ့ဆွေ့ခုန်စရာ မခံမရပ်နိုင်စရာမြင်ကွင်းပါ။

"အမယ်လေး! အမယ်လေး! အတွင်းထရံ အပြင်ကာ၊ အပြင်ထရံ အတွင်းကာနေပါပြီတော့်။ ကိုယ့်ရဲ့သွေးသားတွေကိုတော့ အရေးမစိုက်ဘဲ ကိုယ့်အစ်ကိုကိုသတ်တဲ့ ရန်သူမ့ကျမှ အရေးသယ်နေလိုက်ရတာ"





"မေမေကလည်း သူတို့ချင်းက ဘယ်လောက်တောင်ရင်းနှီးနေမှန်းမှမသိတာ။ သမီးတို့ဘာလုပ်လုပ် သူက အကောင်းမြင်မှာမဟုတ်ဘူးလေ။ ကဲ! လာပါမေမေရယ်၊ အောက်ပြန်ဆင်းရအောင်"

သားအမိနှစ်ယောက် အံတကြိတ်ကြိတ်နှင့် အောက်ကိုဆင်းသွားပြီး မကြာမီ ဆရာဝန်ရောက်လာခဲ့သည်။ ထက်ရှားကဆရာဝန်ကိုစောင့်ကြိုပြီး အပေါ်သို့ခေါ်သွားခဲ့ပေမယ့် ဆရာဝန်ဦးမြတ်လင်းမှာ အောက်မှမိန်းမတွေ၏ရုပ်ကို ဖျတ်ခနဲမြင်သွားခဲ့သည်သာ။

"ဒီအိမ်မှာ အုပ်စုနှစ်စုကွဲနေတယ်ထင်တယ်။ ဟုတ်လားမောင်ထက်ရှား"

"ဟုတ်တယ်ဆရာ၊ ဆရာ့ကိုပြောဖူးသလိုပဲ ဒီအုပ်စုကဆရာလွှမ်းညီညီရဲ့ သေသွားတဲ့အစ်ကိုနဲ့ ပတ်သက်တဲ့အုပ်စုလေ။ အိမ်ပေါ်တက်နေတဲ့မှိုခိုသူတွေပေမယ့် စိတ်ဓာတ်တွေက တာဝတိံသာ ရောက်နေတာဆရာ။ သူတို့ကိုကြောက်နေရတယ်"

ဇလပ်ဖြူကို အမြဲကုပေးနေသည့်ဆရာဝန်မို့ လူနာ၏ရောဂါကို သူသိပါသည်။

"ဇလပ်ဖြူက စိတ်ရှုပ်ထွေးလာရင် ရောဂါပိုဆိုးနိုင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



သူတို့အုပ်စုကလည်း အမြဲရန်လိုနေတာနဲ့၊ ခွဲထားရင် ပိုကောင်းမယ်ဗျာ''

''ဟုတ်တယ်၊ ကျွန်တော်လည်း အဲလိုပဲတွေးမိတယ်။ ဆရာ့ညီကိုပြောပြရဦးမယ်။ ဆရာလည်း ပြောပါဦး''

သူတို့နှစ်ယောက် လွှမ်းညီညီရဲ့အခန်းထဲသို့ ဝင်သွားကြတော့ ဒေါ်မြမြသင်းတစ်ယောက် မနေနိုင်မထိုင်နိုင် နောက်မှလိုက်လာပြန်၏။ သူက ဇလပ်ဖြူနှင့်လွှမ်းညီညီတို့ရဲ့အခြေအနေကို သိချင်လို့ပါပင်။

ဦးမြတ်လင်းမှာ ဇလပ်ဖြူကို သေသေချာချာစမ်းသပ်စစ်ဆေးပြီး ကုသပေးနေရင်း လွှမ်းညီညီသို့ အခြေအနေတွေ ရှင်းပြနေခဲ့၏။

''ကိုညီ့လူနာက စိတ်ရှုပ်ထွေးလို့မရဘူး။ သူက စိတ်ဒဏ်ရာအကြီးအကျယ်ရထားတဲ့လူ''

ဒေါ်မြမြသင်းက မဲ့ကာရွဲ့ကာနှင့် ဝင်ပြောလိုက်၏။

''ဒါဆိုလည်း စိတ်ကျန်းမာရေးဆေးရုံကို ပို့လိုက်ပေါ့။ လွယ်ပါတယ်''

ဦးမြတ်လင်း မျက်မှောင်ကြုတ်သွားရသလို လွှမ်းညီညီလည်း စိတ်တိုသွားရ၏။ တော်တော်မသိသားဆိုးတဲ့မိန်းမကြီးပဲ။





''ဒေါ်မြမြသင်း ကျေးဇူးပြုပြီး ခင်ဗျား ကိုယ့်နေရာကိုယ်သွားနေဗျာ။ ကျွန်တော်တို့ကို အနှောင့်အယှက်မပေးပါနဲ့''

''တော်ပါပြီ တော်ပါပြီ၊ ဘာမှမပြောတော့ပါဘူး။ အန်တီက သူ့ရောဂါအခြေအနေကိုသိချင်လို့ပါ။ အန်တီတို့မှာ မင်းတူမလေးလည်းရှိတယ်မဟုတ်လား။ စိုးရိမ်လို့ပါ''

ဒေါ်မြမြသင်း ငြိမ်နေလေမှ ဦးမြတ်လင်း ဆက်လက်ရှင်းပြလေ၏။

''သူ့စိတ်ကလေးကို ကြည်လင်အောင်ထားမှ အခြေအနေတွေက တိုးတက်မှာ။ ဒီလူတွေနဲ့အတူထားလို့ဖြစ်ပါ့မလား''

''ကျွန်တော်လည်း အဲဒါပဲစဉ်းစားနေတာ။ ခွဲထားရမလိုဖြစ်နေပြီ။ သူတို့အဖွဲ့ကလည်း အိမ်ပေါ်ကဆင်းမှာမဟုတ်ဘူး''

''အိမ်က အကျယ်ကြီးပါ၊ သူတို့နဲ့မဆုံဖြစ်အောင် ခွဲထားပေးလိုက်ရင် ကောင်းသွားမှာပါ''

''ဟုတ်ကဲ့ပါဒေါက်တာ၊ ကျွန်တော်ကြိုးစားပါ့မယ်''

ဦးမြတ်လင်း ပြန်သွားတော့ ထက်ရှား လိုက်ပို့ခဲ့သည်။ ဒေါ်မြမြသင်းတစ်ယောက် လွှမ်းညီညီ့အခန်းထဲမှာ ဇလပ်ဖြူရှိနေသည်မို့ အောက်ထပ်သို့မဆင်းနိုင်သေး။ သူက ဖိတ်ချင်းပိတ်၊ ကိုယ့်အိတ်ထဲဖိတ်ချင်သူမို့ ဇလပ်ဖြူနှင့်လွှမ်းညီညီ ငြိသွားမှာကို



www.burmeseclassic.com

www.burmeseclassic.com



စိုးသည်လေ။

“အန်တီ ဇလပ်ဖြူကိုစောင့်ပေးမယ်၊ မောင်ညီ ထမင်း သွားစားလေ။ နေ့လယ်ဘက် ပြန်သွားရဦးမယ်မဟုတ်လား”

“အန်တီနဲ့စိတ်မချပါဘူး။ တော်ကြာ ဇလပ်ဖြူကို လည် ပင်းထညှစ်ချင်ညှစ်နေမှာ”

“အမယ်လေး! မညှစ်ပါဘူး၊ အန်တီက မင်း ဒီကလေး အပေါ် ဘယ်လောက်သံယောဇဉ်ရှိသလဲလို့ စမ်းကြည့်နေတာပါ။ ခုလိုသံယောဇဉ်ရှိမှန်းသိတော့ ဝမ်းသာပါတယ်ကွယ်။ အန်တီ လည်း သူ့ကိုသံယောဇဉ်ရှိပါတယ်”

“ဗျာ!”

BURMESE CLASSIC .com

အဖြူကို အမည်းလုပ်ချလိုက်သလို ဒေါ်မြမြသင်းတစ် ယောက် အသံရောဟန်ပါ ပြောင်းသွားခဲ့လျှင် လွှမ်းညီညီ အာမေ ဋိတ်သံ ထွက်ရ၏။

“ဘယ်လိုဖြစ်သွားရတာလဲ”

“ဩော်. . . သေချာတွေးကြည့်တော့ သူ့ခမျာလေး သနားစရာပါကွယ်။ ဆွေမရှိမျိုးမရှိ မိသားစုမရှိနဲ့ အန်တီနောင်တ ရလိုက်တာ။ ကိုယ်တွေကမှ စီးပွားပျက်တယ်ဆိုပေမယ့် စီးပွား ဥစ္စာလည်း ကျန်သင့်သလောက်ကျန်တယ်၊ မိသားစုလည်း သိုက်





သိုက်ဝန်းဝန်းရှိသေးတယ်၊ အန်တီမှားပါတယ် သားရယ်။ အန် တီ့မှာ မောဟတွေဖုံးလွှမ်းနေခဲ့ပါတယ်။ ငါ့သားမက်သေခဲ့တာ သူတို့ကြောင့်ဆိုပြီး အမှောင်တွေဖုံးလွှမ်းခဲ့ပါတယ်။ တကယ်ကျ လူဆိုတာ ဖြစ်ချိန်တန်ရင်ဖြစ်ရတယ်၊ ပျက်ချိန်တန်ရင် ပျက်ရ တာပဲကွယ်။ မောင်လွှမ်းကိုကိုသေမယ့်ရက်မတိုင်ခင်က စကား နိမိတ်တွေပြနေခဲ့တယ်။ အန်တီတို့သတိမထားမိခဲ့လို့သာ”

ဒေါ်မြမြသင်း မျက်ရည်တွေကျကာ ဝမ်းနည်းပက်လက် နှင့် အမြင်မှန်တွေရနေတော့ လွှမ်းညီညီ သူ့ဇာတ်ကြောမှာ မျော ရသည်။ ဦးမြတ်လင်းကိုပို့ပေးပြီး ပြန်ရောက်လာသည့်ထက်ရှား တစ်ယောက်သာ ဒေါ်မြမြသင်းကို သံသယမျက်ဝန်းတွေနှင့်ကြည့် လို့။

“ပြောပါဦး အန်တီရယ်၊ အစ်ကိုဘာတွေပြောခဲ့သလဲ”

“ဩော်. . . သူ့မိန်းမကို ငါသေရင် ငါ့ညီက နင်တို့ကို ပစ်ထားမှာမဟုတ်ဘူး။ သူ့ကိုပဲ အားကိုးကြ၊ ငါမရှိတော့ရင် ငါ လူပျိုတုန်းကနေတဲ့အခန်းမှာ သွားနေကြ။ မြန်အောင်က တိုက် နဲ့ကားကိုရောင်းပြီး ညီ့ကိုပေးလိုက်ကြ၊ သူ နင်တို့တစ်သက်လုံး မငတ်ရအောင် စောင့်ရှောက်လိမ့်မယ်လို့ တဖွဖွပြောနေတယ်။ အန်တီတို့ကတောင် မောင်ကိုကို့နှယ်. . . နိမိတ်မရှိနမာမရှိတွေ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်ပြောနေရသလားဆိုပြီး သူ့ကိုဟန့်တားမိသေးတယ်''

''ဩော်''

''နောက်ပြီး သူ့သမီးကိုလည်း နှင့်ဦးဦးနဲ့သွားနေ၊ နှင့်ဦးဦးစကားကိုနားထောင်နဲ့ တဖွဖွနားသွင်းနေခဲ့တယ်။ လွန်ခဲ့တဲ့တစ်ပတ်က သူမသေခင် တစ်ပတ်ကပေါ့၊ သူ့အိပ်မက်ကိုပြောပြတာ အန်တီတို့ဖြင့် ကြက်သီးတောင် ထပါရဲ့ကွယ်''

''ဘာတွေအိပ်မက်သတဲ့လဲ အန်တီရယ်၊ ကျွန်တော့်ကိုစောစောက ဘာဖြစ်လို့မပြောကြတာလဲဗျာ''

လွှမ်းညီညီမှာ အစ်ကို့ရဲ့အငွေ့အသက်တွေကို ရရှိခံစားလိုက်ရသလိုဖြစ်ပြီး မျက်ရည်တွေဝဲလာခဲ့လျှင် ဒေါ်မြမြသင်းကလည်း သားမက်ကိုတပြီး ငိုရင်းရှိုက်ရင်း. . .

''အဲဒီနေ့မနက်က သူမျက်နှာမကောင်းဘူး။ အိပ်မက်တွေ မကောင်းဘူး။ စိတ်လေးလိုက်တာနဲ့ညည်းပြီး သူ့အိပ်မက်ကိုပြောပြတယ်။ မောင့်ညီ့ကိုချက်ချင်းမပြောရဲတာက အန်တီတို့ကို အပြင်ဟင်နေမှာစိုးလို့ပါ။ အိပ်မက်ကလည်း အဆန်းသားပဲ၊ အိပ်မက်ထဲမှာ သူ့အဖေနဲ့အမေက သူတို့ညီအစ်ကိုကို သူတို့နဲ့နေဖို့လာခေါ်သတဲ့ကွယ်။ သားအမိသားအဖလေးယောက်သားလှည်းကြီးနဲ့ ခရီးသွားရတယ်တဲ့။ သူ့ညီလေးက အိပ်မက်ထဲမှာဆယ်နှစ်သားလောက်တဲ့။ သူက သူ့ညီကိုချီထားသတဲ့ကွယ်။ နောက် ခရီးသွားနေကြရင်း လမ်းဘေးတောင်ကုန်းတွေပေါ်ကနေ ခြင်္သေ့ကြီးတစ်ကောင် ဘွားခနဲပေါ်လာပြီး သူတို့လှည်းပေါ်ခုန်တက်လာသတဲ့''





ဒေါ်မြမြသင်းတစ်ယောက် ပုံပြောသလို စိတ်ဝင်တစားပြောပြနေတော့ ထက်ရှားက မယုံပေမယ့် လွှမ်းညီညီမှာတော့ မျက်ရည်တွေပင်ကျလို့။ သူပါ အိပ်မက်ထဲရောက်သွားပြီး လှည်းစီးနေသည့်ပုံ။

''ခြင်္သေ့က ညီအစ်ကိုနှစ်ယောက်လုံးကို ခုန်အုပ်လိုက်တော့ သူက သူ့ညီကိုအုပ်ကာပေးလိုက်တယ်တဲ့၊ အဲဒီမှာ ခြင်္သေ့ပါးစပ်ထဲ သူ့ခေါင်းရောက်သွားပြီး ခြင်္သေ့က သူ့ခေါင်းကိုဝါးစားနေတယ်။ သူ့ညီကတော့ လွတ်သွားတယ်တဲ့''

''အိပ်မက်ကလည်း ဆိုးလိုက်တာ''

''ဟုတ်တယ်၊ အဲဒါအတိတ်နဲ့နိမိတ်တွေ ပြနေတာမှန်းအန်တီတို့လည်းမသိခဲ့ပါဘူးကွယ်။ ပြီးခဲ့တဲ့တစ်ပတ်ကမှ ရွှေတိဂုံဘုရားသွားရင်း ဗေဒင်မေးကြတော့မှ အဲဒီလိုခေါင်းပြတ်တယ်လို့အိပ်မက်ရင် သေတတ်သတဲ့ကွယ်။ အဲလိုမှန်းသိရင် အန်တီတို့ အဲဒီခရီးကိုမသွားခဲ့ပါဘူး။ ဩော်. . . မောင်ကိုကို မောင်ကို



www.burmeseclassic.com

www.burmeseclassic.com



ကို. . . သူညီ သူသိပ်ချစ်ရှာတာနော်။ အိပ်မက်ထဲမှာတောင် ညီ့အတွက် အသက်ပေးသွားခဲ့တဲ့အစ်ကိုပါပဲ။ အမြဲတမ်းလည်း ညီကိုတဖွဖွနဲ့ ချီးမွမ်းခဲ့တယ်။ အားလည်း အားကိုးခဲ့တယ်ကွယ်''

ပြောရင်းမှ ဒေါ်မြမြသင်း ရှိုက်ကြီးတငင်ဖြစ်လာတော့ လွှမ်းညီညီ ထိုမိန်းမကြီးကို ပထမဆုံးအကြိမ်အဖြစ် သနားမိသွားသည်။ ကြည့်လို့လည်း ရသွား၏။

''တိတ်ပါ အန်တီရယ်၊ အစ်ကိုက ကျွန်တော့်ကိုချစ်တာတော့ ကျွန်တော်လည်းသိပါတယ်။ အစ်ကိုက အနေအေးလို့သာ ဖက်လှဲတကင်းမရှိပေမယ့် သူချစ်တာ ကျွန်တော်သိပါတယ်''

''တကယ့်သူတော်ကောင်းကြီးပါကွယ်၊ အန်တီတို့မှာ သားတစ်ယောက်ရသလို ဖြစ်နေရာက ခုတော့ ကံကြမ္မာကြီးက ရက်စက်လိုက်တာ။ သူ့စီမံကိန်းတွေဖြစ်မဖြစ် တမလွန်ကစောင့်ကြည့်ခွင့်တောင်ရပါ့မလားကွယ်''

ကိုယ့်အစ်ကိုကို လွမ်းဆွတ်ဆွတ်ဖြစ်နေသည့်မို့ လွှမ်းညီညီ ဒေါ်မြမြသင်းကြီးကို အကြင်နာတွေဘာတွေတောင် ဖြစ်ထွန်းနေမိ၏။

''တိတ်ပါအန်တီရယ်၊ အစ်ကိုဖြစ်စေချင်တာတွေ ဖြစ်ရမှာပေါ့။ သူတို့ကိုလည်း ကျွန်တော်ပစ်မထားတော့ပါဘူး''





''အမယ်လေး! မောင်ကိုကိုရေ့ မင်းညီကို မင်းအားကိုးထိုက်ပါပေရဲ့ကွယ်။ အားကိုးထိုက်ပါပေရဲ့''

ဘုန်းကြီးပျံတွေမှာ ယောဉ်ကျူးသည့်မင်းသမီးတွေလို ဒေါ်မြမြသင်းကြီး ငိုချင်းချနေဆဲ၊ ဇလပ်ဖြူသတိရလာလေသည်။

''အင်. . . ကျွန်မ. . . ကျွန်မ ဘယ်ရောက်နေတာလဲဟင်''

သူမမျက်နှာညှိုးညှိုးလေးနှင့် ဟိုကြည့်ဒီကြည့်တော့ ဒေါ်မြမြသင်းကိုမြင်သွားလေရာ သူမ ဆတ်ခနဲကြုံးထလေ၏။ ဒေါ်မြမြသင်းက မျက်နှာငယ်ငယ်နှင့်. . .

''သမီးရယ်၊ အန်တီမှားပါတယ်။ အန်တို့ကြောင့် သမီးခုလိုဖြစ်ရတာပါ။ အန်တီမိုက်လုံးကြီးပြီး သမီးချင်းမစာနာသလိုဖြစ်ခဲ့ရတာ ခွင့်လွှတ်ပါနော်''

''ဟင်! ချက်ချင်းကြီး ဘယ်လိုဖြစ်သွားတာလဲ''

အသံတိုးတိုးနှင့် ဇလပ်ဖြူ မယုံသင်္ကာဖြစ်နေသလို ထက်ရှားလည်း မယုံနိုင်ပါ။ မြွေလိုမိန်းမကြီး။ အစွယ်ထဲမှာ အဆိပ်အပြည့်ရှိနေမယ့်မိန်းမကြီး။

''အန်တီအမြင်မှန်ရပါပြီကွယ်၊ ကိုယ့်မှာ သားမက်သေ၊ သမီးနဲ့မြေးက ဒဏ်ရာအကြီးအကျယ်ရနဲ့ ဒုက္ခတွေရောက်နေတာ



www.burmeseclassic.com

www.burmeseclassic.com



တောင် နောင်တမရခဲ့ဘဲ သမီးအပေါ် အမြင်မှားခဲ့တာတွေ ခွင့်လွှတ်ပါ။ အန်တီက ကိုယ့်သားမက်သေခဲ့ရတာ သမီးကြောင့်ဆိုပြီး အတွေးဟွေကြီးနေခဲ့မိတာ၊ သေချာတွေးကြည့်တော့ လူဆိုတာ ကံပါလာရင် လွဲဖယ်လို့မရပါဘူးကွယ်''

''တကယ်ကြီး တွေးလိုက်မိပြီလား''

ဇလပ်ဖြူ မယုံနိုင်သလို ထက်ရှားကလည်း ဘာအထာတွေလဲဆိုသည့်အကြည့်နှင့်။ အပီအပြင်သရုပ်ဆောင်နေသည့် ဒေါ်မြမြသင်းပါပဲ။

''သမီး အကြာကြီးသတိလစ်နေတာကိုကြည့်ပြီး အန်တီသမီးချင်းကိုယ်ချင်းစာလိုက်မိတာပါကွယ်။ ငါ့သမီးလေးသာဆိုရင်ဆိုပြီး ရင်ထုမနာဖြစ်လိုက်ရတာ။ အန်တီ့ကို ခွင့်လွှတ်ပါနော်သမီး၊ အန်တီအမြင်မှန်အတွေးမှန်ပါပြီကွယ်''

ဇလပ်ဖြူ မျက်လုံးလေးအပြူးသားနှင့်သာ ငေးကြည့်နေမိတော့သည်။ သူမ ဒေါ်မြမြသင်းအပေါ် ဉာဏ်မမီနိုင်တော့ပါ။ ဒါ တကယ်လား၊ သရုပ်ဆောင်နေတာလား။

လွှမ်းညီညီကတော့ စိတ်အေးသွားမိသည်။ ခါတိုင်းက ဇလပ်ဖြူကို အိမ်မှာထားခဲ့ရတာ စိတ်မချ။ ယခုကျ အဆင်ပြေသွားတာပေါ့။ အစ်ကို့မျက်နှာထောက်ပြီး မရီးနှင့်တူမကိုလည်း





ပစ်ပယ်ထားလို့မရ။ အားလုံးအဆင်ပြေနေတာသာ သူလိုလားပါသည်။

သို့သော် ဒေါ်မြမြသင်းဟာ အလုံးစုံယုံရမည့်မိန်းမကြီးမဟုတ်မှန်းတော့ လွှမ်းညီညီသိပါသည်။ သို့သော် မသိချင်ယောင်ဆောင်နေရမှာပေါ့။

''ကဲကဲ. . . အားလုံးငြိမ်းချမ်းရေးရသွားပြီဆိုတော့ အိမ်မှာ ကျက်သရေမင်္ဂလာနဲ့ပြည့်စုံသွားတာပေါ့။ အန်တီ့ကိုလည်း ကျေးဇူးတင်ပါတယ်''

''အေးပါကွယ်၊ ခုလိုပြောနေရတာတောင် ရှက်ဖို့ကောင်းလှပါပြီ။ တကယ်ဆို အန်တီက လူကြီးပဲ၊ အစောကြီးကတည်းက လူကြီးစိတ်မွေးခဲ့ရမှာ။ ဇလပ်ဖြူသက်သာသွားပြီဆိုရင်လည်း မောင်နှမတွေ ထမင်းစားကြရအောင်။ အန်တီ ထမင်းပွဲသွားပြင်နှင့်မယ်နော်''

သူတို့သုံးယောက် ပါးစပ်အဟောင်းသား ဖြစ်ကျန်ခဲ့ရသည်အထိ ဒေါ်မြမြသင်းက စွမ်းဆောင်နိုင်ပါပေသည်။ ထက်ရှားကပင် အရင်အသက်ဝင်လာပြီး. . .

''ကဲကဲ! ဟုတ်မလားတော့မသိဘူး၊ ကြားဖူးတဲ့စကားပုံတစ်ခုတော့ ရှိတယ်နော်၊ ဘီလူး လူယောင်ဆောင် ခုနစ်ရက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



"ဘာပဲဖြစ်ဖြစ်ကွာ၊ အလိုက်အထိုက်နေပေးလိုက်ပါ။ ခါတိုင်းလို တကျက်ကျက်ရန်ဖြစ်နေရတာထက်စာရင် ခုလိုဟန်ဆောင်ငြိမ်းချမ်းမှုလေးဖြစ်ဖြစ်ရနေတာ မကောင်းဘူးလား"

"ကောင်းပါတယ်၊ တော်ကြာ ဆရာကိုယ်တိုင် သူ့ဇာတ်မှာ မျောထွက်သွားမှာစိုးလို့ပါ"

"မမျောဘူး၊ စိတ်ချ။ ကဲ! သူပြင်ထားမယ့်ထမင်းကို အရသာရှိရှိသွားစားကြရအောင်"

"ကျွန်တော်တော့ ကျော်ချမ်းပါတယ်ဗျာ။ ဘာတွေကျော်ချမ်းနေတာကိုမသိဘူး"

"အစ်ကိုထက်ရှားက ကျော်ချမ်းရုံတင်၊ ဖလပ်ဖြူကမျက်ခုံးတွေပါလှုပ်တယ်"

"သိပ်လည်းမကြောက်ကြပါနဲ့ကွာ၊ ငါတစ်ယောက်လုံးရှိပါသေးတယ်"

သုံးယောက်သား တစ်ယောက်ကိုတစ်ယောက်အားပေးရင်း ထမင်းစားခန်းသို့ ချီတက်ခဲ့ကြလေသည်။

✲ ✲ ✲



## အခန်း ( ၁၄ )

"မောင်ထက်ရှားရေ၊ မောင်ညီရေ၊ လာပါဦး. . .ကူကြပါဦးကွယ်။ ဒုက္ခတော့ရောက်နေပြီ"

ညနေငါးနာရီလောက် ထက်ရှား ညှော်ခန်းမှာ ခေတ္တအနားယူနေတုန်း ဒေါ်မြမြသင်းအသံကြောင့် သူအသံကြားရာသို့ ပြေးသွားမိသည်။ ဆရာညီကတော့ ဒီနေ့ကိစ္စတစ်ခုရှိလို့ လမ်းမှာဝင်ကျန်ခဲ့၏။ အိမ်မှာ ကားနှစ်စီးရှိပြီး ဆရာက လင့်ခရူဆာ၊ သူကတော့ ကားကြမ်းလေးတစ်စီးပေါ့။

လုပ်ငန်းတွေက သုံးလေးနေရာလောက် ရှိနေသည်မို့ ဇရာတပည့်ခွဲသွားရသည့်အခါတွေလည်းရှိသည်။

သူရောက်သွားပြီးမှ နောက်ကြောင်းသို့ပြန်ပြေးရတော့



www.burmeseclassic.com

www.burmeseclassic.com



မတတ်ဖြစ်သွားဓါ။ မြင်ကွင်းက ပက်စက်သည်လေ။

အသက်(၂၄)နှစ်လောက်ရှိပြီး ချောချောလှလှမမ မြခွန်းဆက်။ ကလေးအမေမို့ အပျိုလေးတွေလို ကျစ်လစ်သေးသွယ်မနေဘဲ စိုပြည်တင်းရင်းနေသည့်အသားစိုင်တွေက ဖြူဖွေး ဝင်းစက်လျက်။

ရေချိုးခန်းထဲမှာ လဲနေတာလေ။

''ဟာဗျာ! အန်တီကလည်း''

သူ နောက်ဘက်ပြန်လှည့်တော့ ဒေါ်မြမြသင်းအသံက အနူးအညွတ်တောင်းပန်သံ။

''သားရယ်၊ ကိုယ့်မမပဲကွာ။ ဒီမှာလေ ခါးထဲက ငန့်ခနဲဖြစ်သွားပြီး ခြေမထောက်နိုင်လို့ လဲနေတာ။ အအေးပတ်တော့မယ်။ လာ. . . အန်တီက ကိုယ့်ကိုယ်တောင် အနိုင်နိုင်ရယ်။ သားက ဗလကောင်းပါတယ်။ မမကို သူ့အခန်းထဲပွေ့ခေါ်သွားလိုက်ပါကွယ်။ မင်းမမ အအေးပတ်တော့မယ်''

''ရေချိုးပြီး သူ့အခန်းထဲ ပြန်မလို့လုပ်ကာမှ ပက်ခနဲလဲကျသွားတာ၊ လုပ်ပါဦးသားရယ်။ ခါးရိုးများ ပြန်ပြီးဒုက္ခပေးနေသလားမသိပါဘူး။ ဆရာဝန်ပြန်ပြရဦးမယ်ထင်ပါရဲ့။ မောင်ညိုကိုလည်း အားနာလိုက်တာ''





ပါးစပ်မှတဖွဖွညည်းရင်း ဒေါ်မြမြသင်း အမှန်တကယ်ပြာယာခတ်နေတော့ ထက်ရှား အားတင်းလိုက်သည်။ တကယ်အကူအညီလိုနေတာပဲလေ။ ငါကူရတော့မှာပေါ့။

''ကဲ! ဒါဆိုလည်း ကျွန်တော်ပို့ပေးပါ့မယ်''

မျက်နှာသုတ်စောင်ပတ်ထားသဖြင့် ရင်ညွန့်ဖွေးဖွေးတွေရော ဒူးအောက်ပိုင်းတွေရော စပယ်ပွင့်တွေလို ဖွေးဖွေးလှုပ်နေသည့် ဖယောင်းရုပ်လို မြခွန်းဆက်အား ထက်ရှား လက်ထိုးပြီးပွေ့ချီလိုက်ရပါသည်။

''အား. . . ကျွတ်! ကျွတ်! ကျွတ်! ''

ထက်ရှား လန့်သွားဓါ။ ရှုံ့မဲ့နေတာတောင်မှ လှရက်အားသည့်မြခွန်းဆက်၊ ရေချိုးပြီးစမို့ အစက်အပြောက်ကင်းစင်သည့်မျက်နှာက ခပ်လှလှ။ ဝင်းဝင်းပါဝါ။ နောက် ကလေးအမေမို့ ဖွံ့ထွားလှပပုံက တကယ့်အသားစိုင်အသားခဲတွေ။

သူက လူပျိုရိုင်းလေးမို့ မိန်းမ၏အထိအတွေ့က သူ့တစ်ကိုယ်လုံးကို တုန်ယင်စေတော့ပြီ၊ ဓာတ်လိုက်သလိုပါပဲလေ။ လျှပ်စစ်အဖိုဓာတ်နဲ့အမဓာတ်တို့ ထိတွေ့ မီးပွင့်နေကြသလို။

''အင့်. . . အင''

ဖွဖွလေးညည်းရင်း သူမ လိုက်ပါနေသလို၊ ထက်ရှား



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ညင်ညင်သာသာပင် ပွေ့ချီလာခဲ့ရပါသည်။ ဒေါ်မြမြသင်းကြီးကလည်း နောက်မှပြာယီးပြာယာနှင့်လိုက်လို့။

သည်စဉ် ယမုန်ယုယ၏အခန်းထဲမှ ကလေးအော်ငိုသံကြားလိုက်ရသဖြင့်. . .

''ဩော်. . . ခက်တော့တာပဲ၊ မိခြယ်တော့ ကလေးကို ဘယ်လိုတွေလုပ်နေပါလိမ့်။ သားရေ မင်းမမကိုအခန်းထဲလိုက်ပို့ထားခဲ့နော်။ လိုအပ်တာလည်း ကူညီလိုက်ပါဦး။ ဟိုကောင်မလေးတွေ ဘာဖြစ်နေတယ်မသိဘူး''

ဒေါ်မြမြသင်း ယမုန်အခန်းထဲဝင်သွားတော့ ထက်ရှားတစ်ယောက်တည်း မြခွန်းဆက်ကို သူ့အခန်းထဲဝင်ပို့ရ၏။ သူအိပ်ရာပေါ်သို့ ညင်သာစွာချလိုက်တော့ မြခွန်းဆက် ပတ်ထားသည့်မျက်နှာသုတ်ဖောင်က လျှောခနဲပြေကျသွားရာ. . .

''ဟာ! မမ''

သူ့စိတ်တွေ နူးညံ့ကုန်ပြီး မမမြခွန်းဆက်ကို အစွမ်းကုန်ကြင်နာယုယလိုက်ချင်တာ ဘာကြောင့်မသိ။ ကြက်သေသေနေရာမှ သူ မမမြခွန်းဆက်ရှိရာသို့ အရုပ်တစ်ရုပ်လို ကပ်သွားမိသည်။

''မမ''

''မမကို ထုတ်ထားတဲ့ဂါဝန်လေး ပြန်ဝတ်ပေးခဲ့ပါကွယ်၊





အား. . . ကျွတ်! ကျွတ်! ''

''မမအရမ်းနည်းနေသလားဟင်''

''ဟုတ်တယ်၊ မေမေကလည်း ဘယ်မှာကျန်ခဲ့ပြန်ပြီလဲ မသိဘူး။ မောင်လေးကို အားနာလိုက်တာကွယ်''

ရှုံ့ရှုံ့မဲ့မဲ့လေးနှင့်ပင် အလှကြီးလှနေသည့်မမကို သူပြောသည့်အတိုင်း ကုတင်ပေါ်မှာ ထုတ်တင်ထားသည့်ဂါဝန်ကို ယူဝတ်ပေးရတော့ သူ့လက်တွေတုန်တုန်ယင်ယင်။

သူ့လက်တွေကလည်း မမရဲ့ဝင်းဝင်းစက်စက်အသားစိုင်တွေနှင့် ဟိုထိဒီထိ။ ထိလိုက်တိုင်းလည်း ဓာတ်လိုက်ခံရသည့်နှယ် သူ့မှာ တုန်တက်သွားရမြဲ။ ခဲခဲယဉ်းယဉ်းဝတ်ပေးလို့ ပြီးခါနီးမှ မမက မသက်မသာညည်းရင်း. . .

''ဩော်. . . ခက်လိုက်တာကွယ်၊ ဘရာစီယာကို အရင်ဝတ်ရမှာလေ မောင်လေးရဲ့။ ကဲ! ကြည့်တော့ကွယ်၊ မောင်လေးကလည်း မပြောဘူး''

''ဗျာ! ဟုတ်လား''

''မောင်လေး၊ ကောင်မလေးတွေကို မကြည့်ဖူးဘူးလား။ အောက်ခံ ဝတ်ရသေးတယ်လေ။ ပြီးမှ အပေါ်အင်္ကျီထပ်ဝတ်ရတာ''



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ်နော်''

သူ မမဆက်ရဲ့ဂါဝန်ကို ခဲခဲယဉ်းယဉ်း တုန်တုန်ယင်ယင်နှင့်ပင် ပြန်ချွတ်ပြီးမှ သူမညွှန်ကြားသည့်အတိုင်း အောက်ခံ ဘရာစီယာကို အရင်ဝတ်ပေးရသည်။

သူ့မျက်လုံးတွေကတော့ အရမ်းကို ပြာနေပါပြီ။ ရင်ထဲမှာလည်း မောဟိုက်လိုက်တာ။

''ဪ. . . ခက်တော့တာပဲ၊ ချိတ်ချိတ်ပေးပါဦးကွယ်၊ မမလက်မှမသန်တာ''

'ဗျာ! ဟုတ်. . . ဟုတ်ကဲ့ပါမမ''

ချိတ်ချိတ်ပေးတော့လည်း ရှေ့က အံမဝင်ခွင်မကျ။ သူ ဇောချွေးတွေပြန်နေရာမှ ရွှေရင်မြွှာနှစ်ခုကို ခွက်ထဲသို့ မျက်စိမှိတ်ပြီး နေရာချပေးလိုက်ဏ်။

''ဆောရီးနော် မောင်လေး၊ မမကတော့ ကလေးအမေမှဆိုးမတစ်ယောက်ပဲကွယ်။ ဒါတွေမရှက်တော့၊ မဆန်းတော့ပါဘူး။ မောင်လေးကို အားနာတာတစ်ခုပဲ။ ကဲ! ဂါဝန်ပြန်ဝတ်ပေးပါဦး။ ဒါဆိုရပါပြီ။ မနက်ဖြန်မှ ဆေးခန်းပြရင်ပြ၊ မပြရင် ဆရာဝန် အိမ်ခေါ်ရတော့မယ်''

မမဆက်ခမျာ နာလွန်းလို့ထင့်၊ နဖူးမှာ ချွေးဥလေးတွေ





ပင် စို့လို့။ ထက်ရှားဆိုတာကတော့ မပြောနှင့်။ တစ်ကိုယ်လုံး ဇောချွေးထဲမှာ နစ်လို့။

မမကို ဂါဝန်ဝတ်ပေးပြီးတော့ အိပ်ရာပေါ်မှာ ပုံ့ပုံ့အိအိနှင့် လှနိုင်လွန်းသည့်မမဆက်အား သူ ပထမဆုံးအကြိမ်အဖြစ် ကရုဏာတရားတွေ တဖွားဖွားပေါ်လာမိခဲ့သည်။

''မမဆက် ဘာလိုသေးလဲ၊ ကျွန်တော်ဘာလုပ်ပေးရမလဲ''

''မမဆက်ကို အိပ်ရာထဲသာ လှဲပေးခဲ့ပါတော့ကွယ်။ ထမင်းလည်းမစားချင်တော့ပါဘူး။ ရင်ထဲမှာ လှပ်လှပ်လှပ်လှပ်နဲ့ မောလိုက်တာကွယ်''

''ဟို. . . ကျွန်တော် ဆရာဝန်ပင့်ပေးရမလား''

''လောလောဆယ် နားလိုက်ရင် အဆင်ပြေသွားမှာပါ။ ကဲ! ရပြီ ရပြီ၊ သွားတော့''

မမဆက်ကို ခေါင်းအုံးပေါ်သို့ ဖြည်းညင်းစွာ ချပေးခဲ့ပြီး သူ့အခန်းပြင် ပြန်ထွက်ခဲ့ရတော့ ထက်ရှားရင်ထဲမှာ မုန်တိုင်းမွှေခံနေရသလို။

ဘာဖြစ်တာလဲ. . .

သူဟာ ရိုးသားလွန်းသူမို့ မိန်းမတွေနဲ့လက်ပွန်းတတီး



www.burmeseclassic.com

www.burmeseclassic.com



မကြုံဖူးလို့လား။

ဘာပဲဖြစ်ဖြစ် သနားစရာမမဆက်ရဲ့မျက်နှာကလေး သူ့မျက်လုံးထဲ စွဲထင်နေရတာတော့ ဘာကြောင့်မသိ။

✲ ✲ ✲



## အခန်း [ ၁၅ ]

ထူးထူးခြားခြား. . .

အိမ်မှာရှိသည့်လူတွေအကုန်လုံး ပြုံးရွှင် စုံညီနေသည့် ညစာစားပွဲမှာ ဝင်ထိုင်လိုက်ရင်း လွှမ်းညီညီ ဒေါ်မြမြသင်းကို တအံ့တသြမော့ကြည့်တော့ သူမက ပြုံးပြုံးရွှင်ရွှင်နှင့်။

''သမီးဆက်နဲ့မြေးလေးလည်း နည်းနည်းနေကောင်းသွားပြီဆိုတော့ ခုလိုထမင်းစားခန်းမှာ လာစားကြတာ။ မောင်ညီ အဆင်ပြေပါတယ်နော်''

''ဟာ! ပြေပါတယ် ပြေပါတယ်၊ ဒီလိုမိသားစုစုံစုံညီညီ နေရတာမျိုး ကျွန်တော်သဘောကျပါတယ်''

ထမင်းစားပွဲမှာ သူနှင့်ထက်ရှား၊ ဒေါ်မြမြသင်း၊ မြခွန်း



www.burmeseclassic.com

www.burmeseclassic.com



ဆက်၊ မြွခွန်းခြယ်နှင့်ယမုန်။

''ဇလပ်ဖြူရော မလာသေးဘူးလား''

''ဩော်. . . သူထမင်းဆာလို့ဆိုပြီး စောစောက စား သွားတယ် သားရဲ့''

''ဩော်''

လွှမ်းညီညီ ဘာမှမပြောတော့ဘဲ ထက်ရှားကိုလှမ်းကြည့် လိုက်တော့ သူကခေါင်းညိတ်ပြသဖြင့် လွှမ်းညီညီ ထမင်းဆက် စားနေရသည်။ စိတ်ထဲမှာ သိပ်တော့ဘဝင်မကျချင်။ ကောင်မ လေး ဘာဖြစ်နေတာလဲ။ တကယ်ပဲ ထမင်းမဆာလို့လား။ သူ အတွေးနှင့်ငြိမ်သက်စွာ ထမင်းစားနေစဉ် ဒေါ်မြမြသင်းထံမှ. . .

''သားရေ၊ အန်တီ ထမင်းချက်ဖို့ အကူတစ်ယောက် လောက် ခေါ်ချင်တယ်၊ ဖြစ်လား။ ဒီလိုပါ. . . အိမ်မှာ ဆက်နဲ့ ယမုန်ကလည်း နေကောင်းသွားပြီဆိုပေမယ့် ပြုစုရသေးတယ် လေ။ အန်တီနဲ့ခြယ်နှစ်ယောက်တည်းနဲ့ အလုပ်မလည်ဘူးဖြစ် နေတယ်''

''ရပါတယ်အန်တီ၊ ခေါ်လို့ရရင်ခေါ်ပါ။ တစ်ခုတော့ရှိ တယ်၊ စာရိတ္တတော့ ကောင်းမှုဖြစ်မယ်။ အိမ်မှာ ကျွန်တော်နဲ့ ထက်ရှားကလည်း အမြဲအပြင်ထွက်နေရတယ်။ အန်တီတို့အပြ





ကလည်း မိန်းမသားချည်းပဲဆိုတော့''

''ဒါတော့စိတ်ချ မောင်ညီ၊ အန်တီ ကိုယ့်ဆွေမျိုးသား ချင်းထဲက နွမ်းနွမ်းပါးပါးတစ်ယောက်လောက် ရှာမှာပါ။ အမျိုး ထဲကဆိုတော့ အန်တီလည်းခေါ်ရဲတာပေါ့။ အန်တီလှမ်းပြီး အကူ အညီတောင်းလိုက်မယ်နော်''

''ဟုတ်ကဲ့ပါ အန်တီ၊ အန်တီသင့်သလိုစီစဉ်ပါ။ အန်တီ တို့အဆင်ပြေရင် ပြီးတာပါပဲ။ အဲ! ဇလပ်ဖြူကိုလည်း ဂရုစိုက်ပါ အန်တီ၊ သူ့ခမျာ စိတ်ကပုံမှန်မဟုတ်သေးတော့လေ''

''စိတ်ချပါသားရယ်၊ အန်တီ့မှာလည်း သမီးနှစ်ယောက် ရှိပါ။ အန်တီ သမီးချင်းစာနာတတ်ပါတယ်။ ကဲ! သား ထမင်းစား ပျက်နေပြီ၊ စားစား. . . ဆက်စား၊ မောင်ထက်ရှားလည်း ထည့် စားလေ၊ သူလည်း အန်တီတို့ရဲ့ကျေးဇူးရှင်ပဲ။ အရမ်းအားကိုးရ တာ။ မောင်ညီနဲ့မောင်ထက်ရှားတို့ရဲ့ကျေးဇူးကို အန်တီ ဘယ် တော့မှမမေ့ပါဘူးကွယ်။ လောကမှာ ဒီလိုသူတစ်ပါးကိုကူညီတတ် တဲ့သူမျိုးက ခပ်ရှားရှားပါ။ နုတ်လူသာစုခေါ်တဲ့အလုပ်ပေမယ့် လုပ်နိုင်ခဲ့ကြပါဘိကွယ်''

ဒေါ်မြမြသင်းကပင် သူနှင့်ထက်ရှား၏ပန်းကန်ထဲသို့ ဟင်းများခပ်ထည့်ပေးရင်း ရွှန်းရွှန်းဝေနေတော့ သူတို့နှစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



မှာ အားတုံ့အားနာတွေဖြစ်နေရ၏။

''စားပါ၊ အန်တီ့ကလေးတွေထဲပဲ ထည့်ပေးပါအန်တီ။ ကျွန်တော်တို့က ရပါတယ်''

''ခြော်ကွယ်၊ ကိုယ့်ကျေးဇူးရှင်တွေမို့ ဝေယျာဝစ္စလုပ် ပေးရင်း ကျေးဇူးဆပ်နေတာပါ''

''ရတယ် အန်တီ၊ အဲဒီလောက်မတွေးပါနဲ့။ အန်တီတို့ က အစ်ကို့ရဲ့မိသားစုပဲ။ ကျွန်တော့်မှာလည်း တာဝန်ရှိတယ်လို့ ခံယူထားပါတယ်။ စိတ်ထဲမှာ ဘယ်လိုမှမတွေးပါနဲ့၊ သက်တော သက်သာပဲနေပါ။ ရပါတယ်''

အားလုံးထက်အရင် ထမင်းစားလို့ပြီးသူကတော့ လွမ ညီညီပါပင်။ သူ့စိတ်ထဲမှာ ဇလပ်ဖြူကိုမမြင်ရသေးသဖြင့် စိတ ထဲမတင်မကျ။ ဒေါ်မြမြသင်းကိုလည်း သူသိပ်မယုံကြည်၊ ဘ တွေဘယ်လိုများ ကြံစည်ထားပါလိမ့်။ သူ ထမင်းစားပွဲမှ ထရ လိုက်သည်။

''အလို! မောင်ညီ၊ အချိုပွဲစားဦးလေ''

''တော်ပြီ အန်တီ၊ ကျွန်တော့်မှာ အလုပ်တွေရှိသေ လို့ပါ''

''ခြော်. . . ဇလပ်ဖြူတောင် ခေါင်းနည်းနည်းမူးလို့





ပြီး ဆေးသောက်အိပ်မယ်တဲ့။ သူ့ကို ဘယ်သူမှမနှိုးပါနဲ့လို့ ပြော သွားတယ်။ အဲဒါ မောင်ညီ မနှိုးလိုက်ပါနဲ့နော်။ သူ့ကိုနောင့်ယှက် ရာကျမှာစိုးလို့ပါ''

''အို! တော်တော်များ မူးနေသလားအန်တီ၊ ဆရာဝန် ခေါ်ပြဖို့များ လိုမလား''

''မလိုလောက်ဘူးထင်တာပဲ၊ မောင်ညီရယ်၊ သူကြည့် ရတာ ကောင်းတော့ကောင်းပါတယ်။ ဆေးသောက်အိပ်မယ်ပြော တာပဲ''

လွမ်းညီညီ ထမင်းစားခန်းထဲမှထွက်လာခဲ့ပြီး အပေါ် ထပ်သို့ တန်းတက်လာခဲ့သည်။ သူ့အခန်းသို့မသွားဘဲ ဇလပ်ဖြူ ရှိရာအခန်းသို့ အရင်လျှောက်လာခဲ့ရင်း အခန်းတံခါးကိုခေါက် လိုက်၏။

''ဇလပ်ဖြူ. . . ဇလပ်ဖြူ''

အထဲမှ ပြန်ထူးသံမကြားရသဖြင့် သူ တံခါးနားကပ်ပြီး နားထောင်ကြည့်မိတော့ အထဲမှ အသက်မှန်မှန်ရှူပြီး အိပ်ပျော် နေသံပဲ ကြားရသည်။ ဒေါ်မြမြသင်းပြောသလို ခေါင်းမူးလို့ ဆေး သောက်အိပ်နေတယ်ဆိုတာ ဖြစ်လောက်သည်။ သူမ တံခါးပိတ် ထားး၏။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့လုံး ဇလပ်ဖြူကိုမတွေ့ရသည့်အပြင် ညဘက်ပါ မတွေ့ရမည့်အဖြစ်မို့ လွှမ်းညီညီရင်ထဲမှာ တအုံ့နွေးနွေး။ ပြီးတော့ ဇလပ်ဖြူလေးဟာ သူသိပ်ချစ်ရတဲ့ကောင်မလေးလေ။

တောက်! နောက်နေ့မှ အခန်းတံခါးကိုဖျက်ထားရမယ်။ အဲလေ၊ အဲဒါလည်းမကောင်းပါဘူး။ တော်ကြာ ဇလပ်ဖြူလေးမှာ လုံခြုံမှုမရှိဖြစ်သွားမှာပေ့ါ။

သူ ကိုယ့်စိတ်ကိုယ်ထိန်းပြီး ကိုယ့်အခန်းသို့ လာခဲ့ရ၏။ မနက်ကျမှ တွေ့ရတော့မည်။

အင်း. . . ဒေါ်မြမြသင်းကြီး ချက်ချင်းအချိုးပြောင်းသွားတာ ဟုတ်မှဟုတ်ရဲ့လား။ လူတချို့ဟာ နောက်ကျောကို ဓားနဲ့ထိုးတတ်ကြတယ်။ ဇလပ်ဖြူကိုများ တစ်ခုခုအနှောင့်အယှက်ပေးနေမလား၊ ဖိနှိပ်နေမလား။

နောက်ဆုံးတော့ ကိုယ့်စိုးရိမ်စိတ်တွေ၊ အလိုမကျစိတ်တွေကို ဖျောက်ပစ်ရင်း သူ ကွန်ပျူတာတစ်လုံးနှင့် အလုပ်တွေလုပ်နေရပါတော့သည်။

✲





ဇလပ်ဖြူ. . . ညလယ်လောက်မှာ အိပ်ရာမှ နိုးလာရ၏။ ခေါင်းတွေအုံ့ခဲနေရတာ ဘာကြောင့်လဲ။ မနေ့က ညနေပိုင်း သူမ မီးဖိုထဲမှာ မြခွန်းခြယ်နှင့်အတူ ထမင်းဟင်းများ ချက်ပြုတ်ခဲ့သည်။ ဒေါ်မြမြသင်းဟာ အပြောနှင့်အလုပ်တော့ ညီပုံရပါသည်။

မျက်လှည့်ပြလိုက်သလိုပင် သူမအပေါ်ဆက်ဆံရေးတွေ ပြောင်းသွားခဲ့ပြီး ချိုချိုသာသာရှိလာခဲ့သည်။

''ဇလပ်ဖြူရေ၊ အဲဒီမှာ မမခြယ်နဲ့နှစ်ယောက်အတူတူ ထမင်းဟင်းချက်ကြနော်။ ညီအစ်မတွေလိုသဘောထား။ အန်တီလည်း အလုပ်သမားရှာနေတယ်။ မြန်အောင်ကို လူပြန်ရှာခိုင်းထားတယ်။ သမီးတို့ကိုခိုင်းနေရတာ အန်တီစိတ်မချမ်းသာပါဘူးကွယ်။ အန်တီ့မှာလည်း သမီးနဲ့မြေးကိုပြုစုနေရ ကူညီနေရလို့ မီးဖိုဘက် လှည့်မကြည့်နိုင်ဘူးဖြစ်နေတယ်''

''ရပါတယ်ရှင်၊ ခါတိုင်း ဇလပ်ဖြူတစ်ယောက်တည်းတောင် လုပ်နေတာပဲ''

''ဩော်. . . ဒီလိုလည်းဘယ်ဟုတ်ပါ့မလဲကွယ်၊ ကဲ! သမီး ရေသွားချိုး၊ ပြီးရင် ထမင်းပွဲလေးဘာလေးပြင်ဆင်ထားရတာပေ့ါ။ ဩော်. . . ဒါထက် သမီးအချိုရည်ကြိုက်လား''

''ရှင်. . . ဘာဖြစ်လို့လဲ အန်တီ''



www.burmeseclassic.com

www.burmeseclassic.com



''အန်တီတို့ကို လူမမာလာမေးကြရင်း မိတ်ဆွေတွေ ပေးသွားတဲ့အချိုရည်ကတ်တွေ အများကြီးပဲ။ သမီးကြိုက်ရင် ခွဲပေးမလို့ပါ''

''နေပါစေ အန်တီ၊ လူမမာတွေပဲ သောက်ပါရှင်''

ချိုလွန်းတော့ ဖလပ်ဖြူ ဒေါ်မြမြသင်းကြီးကို ကြောက်တောင်လာမိ၏။ တကယ့်ကို မျက်လှည့်ပြလိုက်သလိုပါပဲ။

''မဟုတ်တာ၊ အများကြီး ဖလပ်ဖြူရဲ့၊ မိသားစုဆိုတာ မရှိအတူရှိအတူလေ။ ရော့ရော့. . . သောက်ချင်တဲ့အချိန်သောက်ရအောင် အပေါ်ယူထား''

ရေခဲသေတ္တာထဲမှ အချိုရည်ပုလင်းတစ်ကတ်ကို အတင်းပင်ပေးနေတော့ ဖလပ်ဖြူ အားနာစွာပင် ယူလာခဲ့ရသည်။ သူမလှေကားဆီရောက်တော့ ဒေါ်မြမြသင်းက လှမ်းအော်ပြောနေသေးသည်။

''ရေခဲစိမ်ပုလင်းကလေးတွေ အေးတုန်းသောက်နော်။ အပေါ်ထပ်မှာလည်း ရေခဲသေတ္တာတွေ့တယ်၊ အေးအေးသောက်ချင်ရင် ထည့်ထားလိုက် သမီး''

ဖလပ်ဖြူ ခေါင်းညိတ်ပြရင်း ကိုယ့်အခန်းဆီပြန်လာခဲ့သည်။ ညနေငါးနာရီလောက်ရှိပြီမို့ ကိုကိုပြန်လာတော့မည်။ သူ





ပြန်လာရင် ထမင်းအတူစားကြရမှာမို့ ဖလပ်ဖြူ ရေအမြန်ချိုးရမည်။ ကိုကိုက ထမင်းအတူစားမှကြိုက်တာလေ။

ကိုကို အစ်ကိုကျော်မျိုးအောင်. . .

သူမရဲ့အစ်ကိုဟာလည်း အရင်က ဖလပ်ဖြူအပေါ် သိပ်ပြီးမျက်နှာသာမပေးလှဘဲ ယခုကျ ညီမအပေါ် ချစ်ခင်ဂရုစိုက်ပါသည်။ ကောင်းတာပေါ့လေ၊ ဒါ ကောင်းသောလက္ခဏာပဲ။

ဖလပ်ဖြူ ရေချိုးခန်းဝင်ဖို့အတွက် မျက်နှာသုတ်ဖောင်ကြီးကို ကိုယ်မှာပတ်ရင်း ဆံပင်များကိုထုံးဖွဲ့နေရာမှ ရေဆာသလိုဖြစ်လာသဖြင့် ဒေါ်မြမြသင်းပေးလိုက်သည့် အချိုရည်ပုလင်းများထဲမှ တစ်ပုလင်းကိုထုတ်သူသောက်လိုက်၏။ ပြီးမှ ရေအမြန်ချိုးလိုက်၏။ ရေချိုးခန်းမှထွက်လာတော့ သူမခေါင်းတွေ ရီဝေဝေ။

ငါ ဝေဒနာဟောင်းတွေ ပြန်ပေါ်လာပြန်ပြီလား။ ဆိုင်ကယ်ပေါ်မှ လွင့်စင်ကျပြီးကတည်းကပင် သူမရဲ့ခေါင်းတွေဟာ မကြာခဏဆိုသလို ကိုက်ခဲမူးနောက်တတ်ပါသည်။

သတိထားပြီး ဖလပ်ဖြူ အခန်းဝံခါးကိုအရင်ပိတ်ခဲ့၏။ နောက် အဝတ်အမြန်လဲပြီး သူမအိပ်ရာထဲ ပစ်လဲသွားခဲ့တာပါပဲ။ ညစာတောင် မစားဖြစ်ခဲ့။

ဖလပ်ဖြူ ပြန်စဉ်းစားနေမိသည်။ ငါဘာဖြစ်လို့ ခေါင်း



www.burmeseclassic.com

www.burmeseclassic.com



မှုးနေတာလဲ၊ ရောဂါကြောင့်လား၊ အချိုရည်ပုလင်းကြောင့်လား၊ ဒေါ်မြမြသင်းကို ဖလပ်ဖြူ မယုံ၊ အချိုရည်ဟာ ကတ်လိုက်ဆို ပေမယ့် ပုလင်းမို့ တစ်ခုခုထည့်လိုက်လို့ရတာပဲ။ ဖလပ်ဖြူဟာ စာစုံဖတ်သူမို့ လောကအကြောင်း အကုန်သိပါသည်။ စာထဲမှာ ဖတ်ရတာပဲလေ။

ခေါင်းထဲမှာ မှုးနောက်နောက်မို့ သူမရင်တွေ တလှပ်လှပ်တုန်နေဆဲ။ တံခါးခေါက်သံကြားရသဖြင့် ဖလပ်ဖြူ လှမ်းမေး ရသည်။

''ဘယ်သူလဲ''

''ကိုကိုပါ၊ ညီမလေး နေကောင်းရဲ့လား''

''ကောင်းတယ်၊ ဖလပ်ဖြူ အိပ်နေပြီ''

''အိပ်တဲ့လူကလည်း စကားတွေပြောလို့ပါလား။ ထ! ကိုကို့ကို တံခါးဖွင့်ပေးဦး။ ကိုကိုပြောစရာရှိလို့၊ ညနေက ညီမလေးဖို့ မုန့်ဝယ်လာတာလည်း ပေးမလို့''

''ဟာ! ဖလပ်ဖြူ အရမ်းအိပ်ချင်နေလို့ပါ။ မနက်ကျမှ စားမယ်။ ကိုကိုလည်း သွားအိပ်တော့''

''မအိပ်ချင်ဘူး၊ ကိုကိုက ခုမှအလုပ်ပြီးတာလေ။ ညီမလေးသာ အလကားနေရင်းအိပ်နေတာ။ တံခါးဖွင့်ပေးကွာ၊ ကိုယ့်





အစ်ကိုက စေတနာနဲ့ မုန့်ပေးမလို့ကို၊ ဒီနေ့တစ်နေ့လုံး ညီမလေးနဲ့မတွေ့ရသေးတော့ အောင်းမေ့လို့ပါ''

ကိုကို့အပြောက သနားစရာမို့ ဖလပ်ဖြူ ခေါင်းတွေမှုးနေသေးပေမယ့် အားတင်းပြီး တံခါးသွားဖွင့်ပေးမိသည်။

''ကိုကိုမကောင်းဘူး၊ ဖလပ်ဖြူ အရမ်းအိပ်ချင်နေပါတယ်ဆိုမှ။ ညစာတောင် မစားဖြစ်ခဲ့ဘူး''

''ဟင်! ဒါနဲ့ ဒေါ်မြမြသင်းပြောတော့ ညီမလေး ထမင်းစားပြီးပြီဆို''

သူဝယ်ပေးထားသည့် ဂါဝန်အနက်ပွင့်အိအိဖတ်ဖတ်လေးနဲ့ ဖလပ်ဖြူအသွင်က ဆေးမှုးနေသည့်နှယ်။ ဒယီးဒယိုင်နှင့်ရီဝေဝေ။ အိပ်ချင်မှုးတူးရုပ်ကလေးဟာ ညမီးရောင်အောက်မှာ အလှဆုံးရုပ်ပုံလွှာ။

သူ့ကိုတံခါးဖွင့်ပေးပြီးသည်နှင့် အိပ်ရာပေါ် ပြန်ပစ်လဲသွားသည့်ဖလပ်ဖြူရဲ့ပုံစံလေးက တကယ့်ကိုဖရိုဖရဲ၊ ဒူးလောက်ပဲရှိသည့်ဂါဝန်လေးကလည်း အပေါ်ကို လန်တက်နေသဖြင့် ပေါင်လုံးဖြူဖြူဖွေးဖွေးတွေပေါ်လို့။

စောစောက တွေ့ရုံတွေ့ချင်ခဲ့မိသည့် လွမ်းညီညီရင်ထဲ နတ်ဆိုးဝင်မွှေပြီထင့်။



www.burmeseclassic.com

www.burmeseclassic.com



''ဟာကွာ. . . ဒီကောင်မလေး''

ကိုယ့်စိတ်ကိုယ် အနိုင်နိုင်ထိန်းချုပ်ပြီး သူ ဇလပ်ဖြူ၏ ကိုယ်လေးကို အိပ်ရာပေါ်မှာ သပ်သပ်ယပ်ယပ်ပြင်ပေးမိ၏။ စောင် လည်းခြုံပေးလိုက်သည်။ နောက် ပါးဖောင်းဖောင်းလေးကို ငုံ့ မွှေးလိုက်စဉ်မှာပင် ဇလပ်ဖြူတစ်ယောက် အတိတ်ဆိုးကို ပြန် မြင်ယောင်လေပြီထင့်။

''အား! အစ်ကို၊ ရှေ့မှာ ကား. . . ကား. . . အား! သေ ပါပြီ''

သူ့ကိုကျုံးဖက်ရင်း ချွေးစေးတွေနှင့် သတိလစ်သလို မိန်းမောသွားလေရာ လွှမ်းညီညီပါ အိပ်ရာထဲ လဲကျသွားရသည့် အဖြစ်။

''ညီမလေး. . . ညီမလေး. . . ဇလပ်ဖြူ''

သူ့ကိုသွေးရူးသွေးတန်းနှင့် ကျုံးဖက်ထားပေမယ့် သူ့ အစ်ကိုကျော်မျိုးအောင်အမှတ်နှင့်ပါ။ သူ့ရင်တွေ တဒိုင်းဒိုင်းနှင့် ရင်ခုန်သံတွေ ဆူညံပေါက်ကွဲ ပွင့်ထွက်နေရပေမယ့် လွှမ်းညီညီ စိတ်ဆင်ရိုင်းကို လွတ်ထွက်မသွားအောင်၊ လွှတ်မပေးမိအောင် အားကုန်ထိန်းသိမ်းထားမိသည်။

သူ လူယုတ်မာတစ်ယောက် မဖြစ်စေရ။ ဝေဒနာသည့်





မိန်းကလေးတစ်ယောက်အပေါ် အခွင့်အရေးယူသလိုမဖြစ်စေရ။

တုန်ယင်နေသည့်ဇလပ်ဖြူ၏ကိုယ်လေးကို ယုယညင် သာစွာ ပြန်လည်ပွေ့ဖက်ထားရင်း သူကလေးကိုနှစ်သိမ့် အားပေး သည့်အနေနှင့် သူ ကျောလေးကိုပုတ်ပေးနေခဲ့၏။

ညီမလေးရေ. . . ငါ့အချစ်တွေ မှတ်ကျောက်အတင်ခံပါ ရစေ။

ချော်လဲရောထိုင်အဖြစ်နဲ့ ရတဲ့အခွင့်အရေးကို ငါ ဘယ် တော့မှမယူပါဘူး. . .

မင်းစိတ်ချနော်. . .

စိတ္တဇနတ်သမီးလေးရေ မင်းအချစ်တွေက ငါ့ကိုဖျား ယောင်းနေပေမယ့် ငါကတော့ ကျောက်တိုင်ကြီးလို ခိုင်ခိုင်မြဲမြဲ ရပ်တည်လျက်ပါပဲ။

မသိစိတ်နှင့် ဝိုကျွေးရှိုက်ငင်နေရာမှ သူကလေး တဖြည်း ဖြည်းငြိမ်သက် အိပ်မောကျသွားလေတော့မှ လွှမ်းညီညီ ဇလပ် ဖြူဖက်ထားသည့်လက်ကလေးများကို ညင်သာစွာဖြုတ်ခွာချရ သည်။ တကယ့်ကို ညင်ညင်သာသာ။

အချစ်နတ်သမီးလေးရေ. . .

ရင်ထဲမှာ ကြောင်းဆန်နေအောင် ချစ်မိပေမယ့်. . .



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် မင်းကိုမခွဲနိုင်တော့ပါဘူးကွယ်. . .

ခုချိန်ဟာ မုန်တိုင်းတွေထန်၊ လှိုင်းတွေဆန်နေတုန်းမို့ပါကွယ်. . .

တို့ဘဝတွေ လေပြည်မွှေးတော့မှ ညီမလေးကို ကိုကိုယုယမြတ်နိုးတော့မယ်နော်။ တစ်သက်လုံး။

လွှမ်းညီညီ သူမရဲ့တံခါးကို ညင်ညင်သာသာလေး ပိတ်ပေးခဲ့ပြီး ကိုယ့်အခန်းကိုပြန်ခဲ့တော့ သူ့တစ်ကိုယ်လုံး ခွန်အားတွေ စုတ်ယူဝါးမြိုခံခဲ့ရသည့်နှယ်။

ဒီညတော့ သူ အချစ်တွေနှင့် မူးယစ်ရီဝေနေတော့မည်။ မည်သို့ပင်ဖြစ်စေ၊ သူ့ကိုယ်သူ ယောကျ်ားကောင်းတစ်ယောက်အဖြစ် ရဲဝံ့စွာဂုဏ်ယူနေမိတာတော့အမှန်။

※ ※ ※



## အခန်း ၁၆

ခါတိုင်း ဒေါ်မြမြသင်းတို့အဖွဲ့ အချိုးမပြေလျှင် ထက်ရှား ဝင်ရောက်ပွဲကြမ်းမြဲ။ ယခုတော့ ဒေါ်မြမြသင်းကလည်း ဇျူဟာပြောင်း။ တိုက်စစ်တွေ ထိုးစစ်တွေက လိမ္မာပါးနပ်လွန်းလို့ ကာယကံရှင်တွေမှာ ဘာမှန်းညာမှန်းပင်မသိတော့။

မိုးလင်းသည်နှင့် ထက်ရှားအလုပ်က ဒေါ်မြမြသင်းနိုင်သမျှ နားစွင့်လုပ်ကိုင်ပေးရန်ဖြစ်နေပြီ။

"မောင်ထက်ရှားရေ မင်းမမဘက်ကို ကူညီလိုက်ပါဦး။ ထရာဝန်က တစ်နေ့ကို (၁၅)မိနစ်နှစ်ကြိမ်လောက် လမ်းလျှောက်ပေးရမယ်တဲ့ကွယ်။ အန်တီကလည်း ကိုယ့်ကိုယ်ကိုတောင် အနိုင်နိုင်။ မခြိုပ်နဲ့ဇလပ်ဖြူကလည်း မီးဖိုထဲမှာ"



www.burmeseclassic.com

www.burmeseclassic.com



''ရပါတယ် အန်တီ၊ ကျွန်တော် မနက်ရှစ်နာရီမှ အပြင်သွားရမှာပါ။ မသွားခင် လမ်းလျှောက်ပေးခဲ့မယ်လေ''

''အေးကွယ်၊ အားနာတယ်သားရယ်။ အန်တီ့မှာ ယမုန်ကီစွတွေက တစ်ဖက်၊ အလုပ်သမားရရင်တော့ မင်းကိုမကူညီနိုင်းတော့ပါဘူးကွယ်''

''အားမနာပါနဲ့ဗျာ၊ ကျွန်တော်သွားကူလိုက်ပါ့မယ်''

ထက်ရှား မမဆက်၏အခန်းထဲသို့ဝင်ခဲ့တော့ မမဆက်က အသင့်စောင့်နေခဲ့သည်။ နုနုထွားထွားကိုယ်မှာ ဂါဝန်ပန်းရောင်ပါးပါးလေးနှင့် လှချင်တိုင်းလှနေသည့်မမဆက်မှာ မိတ်ကပ်ပါးပါး၊ နှုတ်ခမ်းနီပါးနီနှင့် ဝင်းပနုအိလို့။

''ရှား''

''ဗျာ''

သူ့ကို ဘယ်သူမှ ဒီလိုမခေါ်ဖူးသည်မို့ ထက်ရှား လန့်သွားပေမယ့် ရင်ထဲမှာတော့ ပျော်သလိုလို။

''လမ်းလျှောက်ရမယ်ဆိုလို့ ကျွန်တော်လာတာပါ။ ထနိုင်ရဲ့လား မမ''

''အေးကွယ်၊ အထိုင်အထတော့ ခက်နေသေးတယ်။ အိပ်ရာပေါ်လှဲနေရင်လည်း ခက်တယ်။ မမတော့ လူ့ဘဝကြီး





ဆုံးပြီနဲ့တူပါရဲ့ကွယ်။ ဒီလိုပဲ တစ်သက်လုံးလူစဉ်မမှီဘဝနဲ့ နေရတော့မယ်ထင်ပါတယ်''

''ဟာ! မဟုတ်နိုင်ပါဘူးမမဆက်ရယ်၊ တဖြည်းဖြည်းနဲ့ နေကောင်းသွားမှာပါ။ အားမလျော့ပါနဲ့ဗျာ။ ရှားလည်းရှိနေသားပဲ။ အခုလည်း မမလမ်းလျှောက်ရအောင် ရှား လာခေါ်တာလေ။ ခြံထဲမှာ လမ်းလျှောက်ရအောင်နော်''

''ကိုညီရော၊ သူကတော့ မမတို့ကိုနည်းနည်းမှဂရုမစိုက်ဘူးနော်။ ရက်စက်လိုက်တာ။ အေးပေါ့လေ၊ မမတို့အုပ်စုကြီးက သူ့အတွက် ဝန်ထုပ်ဝန်ပိုးကြီးဖြစ်နေစေတာကိုး''

ပြောရင်းမှ မမဆက် မျက်ရည်ပါးပါးစီးကျလာလေလျှင် ထက်ရှားရင်ထဲ ပြောင်းဆန်ပြောင်းပြန်လှန်သွား၏။

''ဟာ! မဟုတ်ပါဘူး မမကလည်း၊ ဆရာက အလုပ်အရမ်းများလို့ပါ။ ပြီးတော့ ဆရာက အနေအေးတယ်ဆိုတာ မမလည်းသိသားပဲ။ ခုလည်း မနက်ခုနစ်နာရီထဲက ဆိုက်ထဲကို သွားပြီလေ''

''ရှားရယ်၊ မမကို မနှစ်သိမ့်ပါနဲ့ကွယ်၊ မမဆက် သိပါတယ်။ မမဆက် ကိုယ့်ဘဝကိုယ့်အခြေအနေကိုနားလည်ပါတယ်၊ မမရဲ့ခင်ပွန်းသေဆုံးသွားပြီဆိုကတည်းက မမတို့သားအမိရဲ့ဘဝ



www.burmeseclassic.com

www.burmeseclassic.com



လည်း ရှင်ရက်နဲ့သေဆုံးခဲ့ရပြီဆိုတာ သိပြီးသားပါကွယ်''

''အဲဒီလိုမပြောပါနဲ့ မမဆက်ရယ်၊ ဆရာကလည်း မမဆက်တို့ကိုပစ်မထားပါဘူး။ အားလုံးအဆင်ပြေအောင် ဆောင်ရွက်ပေးသွားမှာပါ။ ပြီးတော့ ရှားကလည်း မမဆက်တို့ကို အစွမ်းရှိသမျှ ကူညီ ပြုစု လုပ်ကျွေးသွားမှာပါ။ ကဲ! ထထ. . . လမ်းလျှောက်ကြရအောင်။ ရှစ်နာရီလောက်ဆို ရှားလည်း ဆိုက်ထဲသွားရမှာ။ ဆရာက တစ်နေရာ၊ ရှားက တစ်နေရာပေါ့''

မမဆက်ကို ယုယဖေးမစွာ တွဲထူရတော့ ထက်ရှားရင်ထဲမှာ နှလုံးသွေးတွေ ပူနွေးစီးဆင်းနေရသည်။ သနားစရာကောင်းလိုက်တဲ့မမရယ်။

တိုက်ထဲမှ ဖြည်းညင်းစွာထွက်ပြီး ခြံထဲမှာ လမ်းလျှောက်တော့ မမဆက်က သူ့လက်မောင်းကိုဆုပ်ကိုင်ထားလိုက်တာ၊ အားကိုးတကြီးနှင့်။ ဖြည်းညင်းစွာ လျှောက်လှမ်းနေရသည့်လမ်းဟာ တကယ့်ကို ပန်းခင်းလမ်းပမာ။ မွှေးကြိုင်နှအိနေသည့်မမနှင့် ဒီလိုႛ တစ်သံသရာလုံး ဖဝါးခြေထပ်လျှောက်လှမ်းချင်လိုက်ပါရဲ့။ မမက သူ့ကို အသံတီးတိုးနှင့်ရင်ဖွင့်နေသည်မှာ. . .

''ကိုကတော့ သူညီကို မမဆက်တို့ရှိတဲ့ ပစ္စည်းဥစ္စာလေးတွေအပ်ပြီး ဥမ်ကွဲသိုက်မပျက်နေစေချင်တယ်၊ ဒါပေမဲ့ကွယ်





မောင်ညီကလည်း တစ်နေ့အိပ်ထောင်ရက်သားကျရဦးမှာပဲ၊ အဲဒီအခါကျ မမဆက်တို့ သောင်ပြင်လွှတ်တဲ့ခွေးတွေလို ပြေးရဦးမှာပါ''

မမဆက်မျက်နှာလေး အရမ်းညှိုးငယ်နေလျှင် ထက်ရှားရင်ထဲ ပြောင်းဆန်အောင် ခံစားနေရပါ၏။ မမအားရှိအောင် အားပေးလိုက်ချင်ပါဘိ။ မြင်းမိုရ်တောင်ကြီးကိုပဲ မျှိုချရ မျှိုချရ။

သို့သော် ဆင်းရဲနေပါသည်ဆိုသည့်မမက မြန်အောင်မှာ တိုက်နှင့်ကားနှင့်။ သူ့မှာဖြင့် တိုက်ခန်းလေးတစ်ခန်းနှင့် ဆရာပေးထားသည့်လစာပဲရှိသည်လေ။

ဘာကို ဘယ်လိုနှစ်သိမ့်ရမှန်းမသိသည့်အဖြစ်မို့ ရင်ထဲနင့်နေအောင် သနားရင်းနှင့်ပင် သူ မမဆက်ကို ယုယညင်သာစွာဖေးမရင်း ဆယ့်ငါးမိနစ်ပြည့်အောင် လမ်းလျှောက်ပေးနေမိသည်။ သူက လူရိုးလေ၊ စကားတွေ တန်ဆာဆင်ပြီး မပြောတတ်ပါ။ သည်တော့လည်း မမက စကားနာထိုးပြန်၏။

''ရှားကရော မမဆက်တို့ကို ဝန်ထုပ်ဝန်ပိုးကြီးတွေလို့ ထင်နေတာမဟုတ်လား။ မမဆက်လေ၊ ကားအက်ဆီးဒင့်ဖြစ်တုန်းက ကိုနဲ့အတူ သေသွားခဲ့ရင်ကောင်းမှာလို့ အမြဲတွေးမိတယ်''

''အို! မဟုတ်တာ မမဆက်ရယ်၊ မတွေးကောင်းမပြော



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတာဗျာ။ မမဆက်အနားမှာ ဆရာလည်းရှိတယ်၊ ကျွန်တော်တစ်ယောက်လုံးလည်းရှိပါတယ်ဗျာ။ မမဆက် ဘာမှအားမငယ်နဲ့နော်၊ အိုဗျာ! မမဆက်အတွက်ဆို ကျွန်တော်အသက်နဲ့ဘဝနဲ့ထပ်ပြီး ကူညီဖေးမချင်ပါတယ်ဗျာ''

''အို. . . ရှားရယ်''

ထက်ရှားမှာ ကိုယ့်စကားကိုယ် ဘယ်ရောက်လို့ရောက်မှန်းပင်မသိတော့ဘဲ မမဆက် ရှက်ကိုးရှက်ကန်းဖြစ်သွားလေမှ သူလည်း ဘာလုပ်ရမှန်းမသိဖြစ်သွားရ၏။

''ရှား မကောင်းဘူးကွယ်၊ မမဆက်ကို အထင်သေး အမြင်သေးလို့ ဒီစကားမျိုးပြောလိုက်တာလား''

''ဟာ!. . . မဟုတ်ရပါဘူးဗျာ၊ မမဆက်ကို ကျွန်တော်အရမ်းအထင်ကြီးရ လေးစားရပါတယ်။ ကျွန်တော့်ရင်ထဲမှာရှိတဲ့အတိုင်း ပြောမိတာ မမဆက်ကိုထိခိုက်သွားရင် အနူးအညွတ်တောင်းပန်ပါတယ်ဗျာ။ ကျွန်တော် ဘာမှမပြောတတ်တော့ပါဘူး။ ကျွန်တော့်ရင်ထဲမှာ ပြောင်းဆန်နေတာပဲ သိပါတော့တယ်''

မမဆက်ကို ညှော်ခန်းဆီပြန်ပို့ပေးခဲ့ပြီး သူသွားစရာရှိရာသို့ ကားနှင့်ထွက်လာခဲ့ပေမယ့် ထက်ရှားရင်ထဲ နေမထိထိုင်မသာ။

ထက်ရှားထွက်သွားသည်နှင့် မြခွန်းဆက် တခစ်ခစ်ရယ်





လိုက်သလို ညှော်ခန်းထဲဝင်လာသည့်ဒေါ်မြမြသင်းကလည်း ခပ်မဲ့မဲ့ပြုံးလိုက်သည်။ မီးဖိုထဲမှ ယခုမှထွက်လာသည့်မြခွန်းခြယ်ကတော့ ယမုန့်လက်ကိုဆွဲရင်း သူ့မေမေကို နားမလည်စွာမေးလိုက်၏။

''မေမေ၊ မမဆက်နဲ့ထက်ရှားကို ဘာဖြစ်လို့ ရင်းရင်းနှီးနှီးနေခိုင်းတာလဲ။ တော်ကြာ ကိုညီညီသိရင် အထင်သေးလိမ့်မယ်နော်''

''မေမေသိပါတယ်သမီးရယ်၊ သူမရှိတုန်းမို့ ရင်းနှီးခိုင်းထားတာပါ။ အဲဒီကောင်က အိမ်မှာလူတွင်ကျယ်လုပ်နေပြီး မေမေတို့ကို အမြဲဆန့်ကျင်နေလို့ တစ်တောရှင်းအောင် လုပ်ရတာလေ။ ဘယ့်နှယ့်လဲ သမီး၊ အိုကေရဲ့လား''

''ကေပါတယ် မေမေ၊ ကောင်လေး သမီးကိုသိပ်ကြွေနေပြီ။ တော်လောက်ပြီထင်တယ်နော်၊ တော်ကြာမှ အခြေအနေတွေ ဘရိတ်အုပ်မရဘဲ နေဦးမယ်''

''ထိန်းတော့ထားဦးမှ သမီးရေ၊ သူ့ကိုအပိုင်ကိုင်နိုင်မှ လွှမ်းညီညီကို အဆင်ပြေမှာ''

''မေမေက ဘာတွေဆက်ပြီးလုပ်ဦးမှာမို့လဲ။ သမီးတို့ကိုလည်း ကြိုပြောထားဦး''



www.burmeseclassic.com

www.burmeseclassic.com



''ဘာမှအကြီးအကျယ်မလုပ်ပါဘူးအေ. . . သူတို့နှစ်ယောက်လုံးနဲ့အဆင်ပြေမှ ငါတို့လည်း အဆင်ပြေမှာမဟုတ်လား၊ ဒါပါပဲ''

''ဟုံကောင်မလေးကရော''

''သူနဲ့လည်း အဆင်ပြေအောင်နေရမှာပေါ့။ အင်း. . . ပညာလေးဘာလေးလည်း သုံးရဦးမှာပေါ့အေ''

''မေမေ့ပညာတွေကတော့ လန့်လောက်ပါတယ်။ မေမေကတော့ တကယ့်ကို ဆရာကြီးပဲ''

''အောင်မာ! အဲဒါ ငါ့အတွက်လား၊ နင်တို့အတွက်လားပြော''

''ဟုတ်ပါတယ်မေမေရယ်၊ ဟုတ်ပါတယ်''

''ကဲ! အပေါ်ထပ်က ခုထိဆင်းမလာသေးတဲ့ မမဖုရားကိုသွားခေါ်။ နှစ်ယောက်အတူချက်ကြ''

''မေမေလုပ်လိုက်တာ ဆေးတွေများသွားသလားမှမသိတာ။ ကောင်မလေး ခုထိမူးနေတာဖြစ်မှာပေါ့''

''အမူးပြေလောက်ပါပြီအေ၊ ဒီကောင်မ ငါပေးတဲ့အချိုရည်တွေသာ မှန်မှန်သောက်။ ဆေး စွဲကိုစွဲသွားစေရမယ်''

''မေမေရယ်၊ တော်ကြာ မေမေ့လက်ချက်မှန်းသိသွား





ပါဦးမယ်။ မေမေဘာတွေလျှောက်လုပ်မှန်း ခြယ်တော့ နားကိုမလည်ဘူး''

''မလည်လည်း အသာနေ၊ လွှမ်းညီညီက သူ့ကိုအရမ်းဂရုစိုက်၊ အရမ်းသံယောဇဉ်တွေ တွယ်နေလို့ ခွဲထုတ်လိုက်တာ။ အခုလိုလုပ်ထားလိုက်တော့ တစ်ယောက်နဲ့တစ်ယောက် တွေ့ချိန်မရှိသလောက်ဖြစ်သွားတဲ့အပြင် ဇလပ်ဖြူကလည်း ဆေးမိထားတော့ တငူငူတငိုင်ငိုင်နဲ့မို့ ဟိုကအထင်လွဲသွားမှာပေါ့။ မလွဲရင်လည်း လွဲအောင် ငါတို့က ဖန်တီးပေးရမှာပေါ့''

''ဘာလဲ. . . မေမေက ကိုညီ့ကို ခြယ်နဲ့ရည်စူးထားလို့လား''

''မလွယ်ပါဘူးအေ၊ သူ့စိတ်က တစ်မျိုးကြီးပါ။ ခြယ်နဲ့တော့ ဖန်တီးလို့မရလောက်ပါဘူး။ ဇလပ်ဖြူနဲ့လည်း မရစေရဘူး။ ကဲပါ၊ ညည်းတို့သာ အလိုက်အထိုက်ကြည့်နေကြပါ။ ကဲကဲ. . . ဇလပ်ဖြူမနိုးသေးလည်း ထားလိုက်၊ ခြယ်နဲ့အတူ ငါပါဝင်ချက်လိုက်ဦးမယ်။ ဆက်နဲ့ ယမုန်က ဒီမှာပဲ တီဗွီကြည့်နေလိုက်ကြ''

''ဟုတ်ကဲ့ပါ ဘွားဘွား၊ သမီးနဲ့မေမေ ကိုရီးယားကားကြည့်နေမယ်။ ယမုန့်ဖို့ ကြက်သားကြော်ပေးနော်။ အန်တီလေး



www.burmeseclassic.com

www.burmeseclassic.com



ကန်စွန်းရွက်လည်းကြော်ပေး''

''ကောင်းပါပြီတဲ့ရှင်၊ မီးလေးစားဖို့ တီလေး ရှယ်ချက်ကျွေးပါ့မယ်''

''အရမ်းပျော်ဖို့ကောင်းတာပဲနော် တီလေး၊ ဒီအိမ်မှာ မီးတို့ချည်းပဲနေရရင် သိပ်ကောင်းမယ်နော်''

လွှမ်းညီညီဝယ်ပေးထားသည့်ဂါဝန်လုလုလေးနှင့် အရုပ်လေးလို ချစ်စရာကောင်းနေသည့်ယမုန်စိတ်တွေဟာ အဘွား အမေနှင့် အဒေါ်တို့ကိုများ တူလေသလားမသိ။ ကလေးပေမယ့် လောဘက ခပ်များများ။ လူကြီးတွေပြောတာဆိုတာ ကြားဖူးနေကျမို့လည်း ဖြစ်ပေမည်။

ဒေါ်မြမြသင်းနှင့်မြခွန်းခြယ်က မီးဖိုထဲဝင်ပြီး ထက်ရှားဝယ်ထည့်ထားသည့် ရေခဲသေတ္တာထဲမှ ဟင်းချက်စရာတွေနှင့် ကိုယ့်စိတ်ကိုင်းကျ ချက်ပြုတ်နေကြသလို. . .

ဧည့်ခန်းထဲမှ မြခွန်းဆက်နှင့်ယမုန်တို့မှာလည်း မုန့်မျိုးစုံ ရှေ့ချ၊ စားသောက်ရင်း သက်တောင့်သက်သာနှင့် တီဗွီကြည့်နေကြစဉ်. . .

ဧည့်ခန်းအဝင်တံခါးအကွယ်မှ ဖလပ်ဖြူမှာတော့ သူတို့အုပ်စုကြီးကိုကြောက်လွန်းလို့ ဒူးတဆတ်ဆတ်တုန်နေရပေသည်။





''ကြည့်စမ်းပါဦး၊ ငါ့ကိုဆေးခတ်ထားသတဲ့၊ အချိုရည်ပုလင်းတွေထဲမှာ ဆေးခတ်ထားသတဲ့။ ဒါကြောင့် ငါ့ခေါင်းတွေ ခုထိ ရီဝေမူးနောက်နေရတာပဲ။ ကိုထက်ရှားလည်း သူတို့လက်ထဲ ရောက်သွားပြီ။ ငါ့ကိုလည်း ဆေးစွဲအောင် လုပ်ကြဦးမတဲ့။ ကြောက်ဖို့ကောင်းလိုက်တာ။ ငါ ဒီအိမ်မှာမနေရဲတော့ပါဘူး။ ကိုကိုကလည်း သူတို့ကိုယုံနေပြီ။ ကိုကိုကျော်မျိုးအောင်ကလည်း ဒီအိမ်က ခွာမှာမဟုတ်တော့ ငါတစ်ယောက်တည်း အိမ်ပြန်မှပဲ ထင်တယ်။ နေပါဦး၊ ငါ့အိမ်က ဘယ်မှာလဲ၊ ကိုကိုကရော ငါ့ အစ်ကိုကြီးဟုတ်ရဲ့လား''

မျက်ရည်များကျရင်း ဖလပ်ဖြူ ဖြည်းညှင်းစွာ အပေါ်ထပ်သို့ ပြန်တက်သွားရသည်။ မနေ့ညကတည်းက ယခုထိ ဘာမှမစားဖြစ်သေးသည်မို့ လူက နုံးခွေခွေ။ ခေါင်းတွေကလည်း မူးနောက်နောက်။

အိမ်ရာဘေးမှာတွေ့ရသည့်မုန့်တွေကရော။ ဪ! ညက ကိုကိုလာပေးသွားတာပဲ။ မုန့်တွေကို ဖလပ်ဖြူ စိတ်ချလက်ချစားလိုက်ရင်း သူမ ပြန်လည်အိပ်ပျော်သွားမိပြန်လေသည်။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၁၈

လွှမ်းညီညီ ဒီနေ့ ခပ်စောစောပြန်လာခဲ့သည်။ ညနေလေးနာရီလောက်ပါ။ ခါတိုင်းက ခုနစ်နာရီလောက်မှ ပြန်ဖြစ်တာများသည်။ ဒီ့ထက်နောက်ကျလျှင်တောင် ကျသေးသည်။

သူတိုက်ရှေ့မှာရပ်လိုက်တော့ တိုက်ထဲမှာ ညှော်သည်တွေရောက်နေတာ တွေ့လိုက်ရသည်။ ဆူညံနေသည့်စကားသံတွေ သူ့ကိုမြင်သည်နှင့် တိခနဲပြတ်သွားကြ၏။ အင်း. . . တစ်မျိုးတော့ တစ်မျိုးပဲ။

သူ ကားပေါ်မှဆင်းတော့ လက်ထဲမှာ ဖိုင်နှင့်သစ်သီးထုပ်၊ မုန့်ထုပ်တွေနှင့်။ ဒေါ်မြမြသင်းက အပြေးလေးဆီးကြိုရင်း ရွှန်းရွှန်းဝေနေ၏။



www.burmeseclassic.com

www.burmeseclassic.com



“ဟော! မောင်ညီတောင် ပြန်လာပြီ။ မြေးရေ၊ ဒီမှာ သမီးဖို့ မုန့်တွေဝယ်လာတယ်။ ဦးဦးဆီက ယူလိုက်ဦးလေ”

မုန့်ထုပ်တွေ သစ်သီးထုပ်တွေကို အားလုံးဆီးယူတော့ လွှမ်းညီညီ အားနာမနေနိုင်။ အနားရောက်လာသည့်ကလေးကို တစ်ဝက်ခွဲပေးလိုက်ပြီး ကျန်တစ်ဝက်ကို သူ ဇလပ်ဖြူအတွက် ယူထားလိုက်၏။

“ဦးဦး အကုန်ပေးလေ၊ မီးမီးကြိုက်တယ်”

“နောက်နေ့မှ ထပ်ဝယ်လာမယ်၊ ဒါ မမဇလပ်ဖြူဖို့”

ကလေးက အကုန်မရလို့ ခြေဆောင့်ကာ အော်ငိုလျှင် လွှမ်းညီညီ အံ့သြရသည်။ ဒေါ်မြမြသင်းက ကလေးကိုချော့နေရင်း သူ့ကိုဖြောင်းဖျတောင်းပန်၏။

“ကလေးစိတ်ချမ်းသာအောင် ပေးလိုက်ပါ မောင်ညီရယ်၊ ပြီးတော့မှ ပြန်ပယူပေါ့။ ကလေးက ဒါတွေ ဘယ်အကုန်စားနိုင်မလဲ”

သို့သော် သူအလိုမလိုက်နိုင်ပါလေ။ ကလေးဖြစ်ပြီး ဒီလောက် လောဘကြီးနေတာလည်းမကြိုက်။ သူ ညှော်ခန်းထဲမှ ညှော်သည့်နှစ်ယောက်ကို မျက်လုံးဝေ့ကြည့်တော့ ဒေါ်မြမြသင်း မျက်စိမျက်နှာပျက်နေသလိုလို။





“ဒါ အန်တီတို့မြို့ကလေ၊ မောင်ညီ့အိမ်အတွက် အလုပ်သမားလုပ်ဖို့ ရောက်လာကြတာ။ ထမင်းချက်ဖို့နဲ့ သန့်ရှင်းရေးအတွက်”

ညှော်သည့်နှစ်ယောက်က မောင်နှမဖြစ်ရမည်။ ရုပ်တွေဆင်ပြီး ခပ်ချောချော။

“ဗျာ! ဒီရုပ်တွေက အလုပ်သမားလုပ်မယ်ဟုတ်လား”

တစ်ခုခုတော့ လွဲချော်နေသည့်နှယ်။ ဝတ်စားထားတာတွေက နွမ်းနွမ်းပါးပါးမဟုတ်။ အသက်နှစ်ဆယ်ကျော်လောက်တွေဖြစ်ပြီး ခေတ်ပေါ်ဒီဇိုင်းတွေ။

“ဪ. . . ဒီလိုပါ မောင်ညီ။ သူတို့က ဆင်းဆင်းရဲရဲတွေတော့မဟုတ်ပါဘူး။ အန်တီတို့ရပ်ကွက်ထဲကပါပဲ။ သူတို့အစ်မက ထမင်းဆိုင်ဖွင့်တယ်လေ။ မောင်နှမနှစ်ယောက်လုံး ကူလုပ်ရတယ်။ အဲ! ပြီးခဲ့တဲ့လကတော့ သူ့ယောက်ဖက ထမင်းဆိုင်ကနေ အရက်ဆိုင်ပြောင်းဖွင့်လို့ ရန်ကုန်မှာအလုပ်လုပ်ကြဖို့ အစီအစဉ်လုပ်ကြတယ်၊ ဒီမှာလည်း အလုပ်သမားလိုနေတာနဲ့ အခိုက်အတန့်လုပ်ကြမှာပါ။ နောက်တော့ အဆင်ပြေတဲ့အလုပ် လုပ်ကြမှာပေါ့။ လောလောဆယ် သူတို့လည်း အဆင်ပြေ၊ အန်တီတို့လည်း အဆင်ပြေအောင် လက်ခံထားလိုက်တာပါ”



www.burmeseclassic.com

www.burmeseclassic.com



"ပြီးရောဗျာ၊ ဇလပ်ဖြူရော မီးဖိုထဲမှာလား"

သူအထုပ်တွေဆွဲပြီး ညည့်ခန်းထဲမှာတော့ မြခွန်းဆက် လှမ်းဖြေသည်။

"ဘာတွေစိတ်ကောက်နေသလဲမသိပါဘူး ကိုညီရယ်။ ဒီနေ့တစ်နေ့လုံး အောက်ဆင်းမလာဘူး"

"ဟင်! ဒီနေ့တစ်နေ့လုံး ဘာမှမစားရသေးဘူးပေ့ါ"

မြခွန်းဆက်က အဓိပ္ပာယ်တစ်မျိုးနှင့် ပြောသော်လည်း လွှမ်းညီညီ အရမ်းစိုးရိမ်သွားပြီး အပေါ်ထပ်သို့ အမြန်ဆုံးတက် လာခဲ့သည်။ ဇလပ်ဖြူလေး ဘာတွေဖြစ်နေပါလိမ့်၊ စိတ်ကောက် နေတာတော့ ဟုတ်မည်မထင်။ နေမကောင်းလို့ပဲဖြစ်ရမည်။

သူ ဇလပ်ဖြူရဲ့အခန်းကို တံခါးခေါက်လိုက်တော့ သူမ က ချက်ချင်းဖွင့်မပေး။ အတန်ကြာမှ တံခါးဖွင့်လာခဲ့တော့ ဇလပ် ဖြူအသွင်က ယိုင်တိယိုင်တိုင်။ ဂါဝန်အနက်ပွင့်အိအိလေးနှင့် ချစ် စရာကောင်းလှသည့်ကောင်မလေးဟာ မျက်ခွံတွေလည်း မို့လျက်။

လွှမ်းညီညီ စိုးရိမ်တကြီးနှင့် လျင်မြန်စွာ မေးမလိုက်စဉ် သူ့နောက်ဘက်သို့ ဒေါ်မြမြသင်းနှင့်ယမုန်တို့ ရောက်လာကြ သည်။

"အို! မောင်ညီ၊ ပင်ပန်းလာတာ ရေအရင်သွားချိုးလေ။





သူ့ကို အန်တီတို့ပြုစုလိုက်ပါ့မယ်။ သွားသွား. . . ရေအရင်ချိုး လိုက်၊ သမီးဇလပ်ဖြူ နေမကောင်းဘူးလား။ မှန်း! အချိုရည် သောက်မလား"

လွှမ်းညီညီ၏လက်ထဲမှ ဇလပ်ဖြူကို အတင်းလုယူပြီး ကုတင်မှာထိုင်စေရင်း အချိုရည်ထည့်နေလျှင် ဇလပ်ဖြူ ထိတ် လန့်ရသည်။ လွှမ်းညီညီမှာလည်း ဒေါ်မြမြသင်းကြီးလက်ထဲမှ ဇလပ်ဖြူကိုလုယူဖို့ မသင့်တော်သဖြင့် စိတ်တိုနေရ၏။

"ရော့ ရော့. . . အချိုရည်လေးသောက်လိုက်၊ သမီးက တစ်နေ့လုံး အိပ်နေတော့ ခေါင်းတွေကိုက်ကုန်တာပေ့ါ။ မှန်း! အန်တီနှိပ်လည်းပေးမယ်နော်"

ဇလပ်ဖြူကို အချိုရည်အတင်းတိုက်ရင်း ပခုံးကြောတွေ နှိပ်ပေးနေရာ ဇလပ်ဖြူ အတင်းငြင်းပစ်လိုက်သည်။

"ဟင့်အင်း. . . အန်တီ၊ ဇလပ်ဖြူမသောက်ချင်ဘူး။ မသောက်ချင်ဘူး"

"ဩော်. . . သမီးရယ်၊ အန်တီက သမီးအမူးအမော် ပြေအောင် စေတနာနဲ့ပြုစုပေးနေတာပါ။ သောက်နော်"

အတင်းပင် အချိုရည်ဖန်ခွက်ကို ဇလပ်ဖြူ၏ပါးစပ်သို့ ကပ်တိုက်နေလျှင် သူမ အားမနာနိုင်တော့ပါ။ အချိုရည်ဖန်ခွက်



www.burmeseclassic.com

www.burmeseclassic.com



ကိုလှယူလိုက်ပြီး ပြတင်းမှသွန်ပစ်လိုက်သည်။

ဒေါ်မြမြသင်းကြီး ဒေါသထွက်သွားရာမှ သူ့၏စိတ်ကို ထိန်းချုပ်ပြီး ဝမ်းနည်းစိတ်မကောင်းဟန်နှင့် သရုပ်ဆောင်နေပုံမှာ. . .

"လုပ်ရက်လိုက်တာ ဇလပ်ဖြူရယ်. . . အန်တီ့မှာ ဘာအပြစ်တွေရှိလို့ ဘာတွေမကျေနပ်လို့ ခုလို မထီမဲ့မြင်လုပ်လိုက်တာလဲဟင်"

"တော်ပါတော့ အန်တီရယ်၊ ဇလပ်ဖြူ အေးအေးနေပါရစေတော့နော်။ အန်တီတို့ကိုကြောက်လွန်းလို့ပါရှင်၊ ကြောက်လွန်းလို့ပါ"

စိတ်ရှုပ်ထွေးလွန်းသဖြင့် ဇလပ်ဖြူ အော်ငိုချင်စိတ်ပင် ပေါက်နေလေ၏။ ဒီမိန်းမကြီးလက်မှလွတ်အောင် သူမ ဘယ်လို ရုန်းထွက်ရမှာလဲ။

နွယ်ရှင်ပင်လို မာယာတွေနှင့် ရစ်ပတ်တတ်သည့် ဒီ မိန်းမကြီးလက်မှ သူမဘယ်လိုရုန်းထွက်ရမှာလဲ။ ကိုကို့ကိုပြော ပြရင်ရော ယုံမှာလား။

လွှမ်းညီညီမှာ ဇလပ်ဖြူ၏အသွင်ကိုကြည့်ပြီး ဒေါ်မြမြ သင်း နောက်ထားပြီဆိုတာ တွေးမိလိုက်၏။ ဒေါ်မြမြသင်းကို





အကဲခတ်သည့်အကြည့်နှင့် ကြည့်နေလျှင် ဒေါ်မြမြသင်းကလည်း အပီအပြင်သရုပ်ဆောင်လေ၏။ ကိုယ့်ရင်ဘတ်ကို ဖုန်းခနဲထုလိုက်ရင်း. . .

"အမယ်လေး! ဇလပ်ဖြူရယ်၊ အန်တီက သမီးကိုဘာလုပ်နေလို့လဲ။ ခုဆို ထမင်းဟင်းလည်း မချက်နိုင်၊ ဘာအလုပ်မှလည်း မခိုင်းဘဲ ရွှေပေါ်မြတင်ထားတာပါလားအေ။ ဒါတောင်မှ မကျေနပ်နိုင်ဘူးဆိုတော့ အန်တီတို့ ဘာတွေထပ်လုပ်ပေးရဦးမှာလဲ"

မျက်ရည်တွေပါ ထွက်ကျလာပြီး ငိုရှိုက်နေလျှင် ယမုန်ကလည်း အော်ငိုလေ၏။

"ဘွားဘွား. . . မငိုနဲ့. . . မငိုနဲ့"

ဇလပ်ဖြူ ကိုယ့်ခေါင်းကို ဖျစ်ညှစ်လိုက်ရင်း အိပ်ရာပေါ် လဲကျသွားလေရာ လွှမ်းညီညီ ပြာယာခပ်သွားရ၏။

"ကဲပါ အန်တီ၊ ကျွန်တော်တောင်းပန်ပါတယ်။ သူ့ခမျာ ရောဂါလည်းပျောက်သေးတာမဟုတ်ဘူး။ ကျွန်တော် ဆရာဝန် ခေါ်ဦးမယ်။ အန်တီသွားပါတော့၊ အပြင်ထွက်ပါတော့"

ချက်ချင်းပင် ဆရာဝန်ထံ သူဖုန်းဆက်နေစဉ်၊ ဒေါ်မြမြသင်းကလည်း အစွမ်းကုန် စိတ်အနှောင့်အယှက်ပေးနေ၏။



www.burmeseclassic.com

“မောင်ညီရယ်၊ သားက တစ်နေကုန် အပြင်ထွက်နေရတော့ အခြေအနေတွေကို နားမလည်ဖြစ်ပြီး အန်တီတို့ကို ငြိုငြင်သွားမှာစိုးလို့ အန်တီရှင်းပြကာပါ။ ဇလပ်ဖြူကို အန်တီတို့ ဘာမှမခိုင်းမစေပါဘူးကွယ်။ သူ့စိတ်တွေပိုဆိုးလာသလားမသိဘူး။ တမှိုင်မှိုင်တတွေတွေ တငိုငိုတရယ်ရယ်နဲ့။ အန်တီတို့ကိုလည်း ရန်သူလိုသဘောထားပြီး မောက်မောက်မာမာနဲ့၊ စောစောက အချိုရည်တွေ သွန်ပစ်သလိုပေါ့။ မနက်ကလည်း ထမင်းပွဲလာပို့တာ လွှင့်ပစ်တယ်။ အန်တီ့ဆန္ဒကတော့ စိတ်ရောဂါကုဆရာဝန်တစ်ယောက်ယောက်နဲ့ ထပ်စစ်ဆေးကုသစေချင်တယ်။ ရှာသာကြီးသွားပြပါလား။ အဲဒီမှာ အန်ကို့မိတ်ဆွေဆရာဝန်တွေရှိတယ်”

“မဟုတ်ဘူး. . . မဟုတ်ဘူး”

ဇလပ်ဖြူ ခေါင်းတွေထိုးကိုက်လာရာမှ သူမ တတ်နိုင်သလောက် ငြင်းဆန်အော်ဟစ်ရင်း အိပ်ရာပေါ်မှာ ပျော့ခွေသွားတော့သည်။ သည်စဉ် လွှမ်းညီညီ လှမ်းပင့်လိုက်သည့် ဆရာဝန်ဦးမြတ်လင်း အိမ်ပေါ်သို့အပြေးရောက်လာခဲ့သဖြင့် သူ အဖြစ်အပျက်အခြေအနေကို အမြန်ဆုံးရှင်းပြရသည်။

သူ ကုနေကျမို့ ရာဇဝင်တွေသိပြီးသား။ သဘောပေါက်





ပြီးသား။ ဒေါက်တာ အားမနာတတ်ပါ။

“ကဲ! အန်တီ၊ လူနာစိတ်အနှောင့်အယှက်မဖြစ်ရအောင် အပြင်ထွက်ပေးပါ”

“ဘာ! အပျိုလေးတစ်ယောက်တည်းမို့ အန်တီက သမီးချင်းစာနာပြီး စောင့်ပေးနေတာ၊ နေချင်လို့နေတာ ရှုပ်နေတာ မဟုတ်ဘူးကွယ့်”

“ရတယ်အန်တီ၊ ကိစ္စမရှိဘူး။ လူနာအနားမှာ ကျွန်တော်ရော ဒေါက်တာပါ ရှိပြီ။ ထားခဲ့တော့”

ဒီလောက်ပြောနေမှတော့ ဒေါ်မြမြသင်း အခန်းထဲမှ ထွက်ရသည်။ သူထွက်သွားသည်နှင့် လွှမ်းညီညီ အခန်းတံခါးကိုအမြန်ဆုံးပိတ်ရင်း ဇလပ်ဖြူကိုမေးရ၏။

“ဘာတွေဖြစ်နေသလဲ ဇလပ်ဖြူ။ ကိုကို့ကိုပြောပြပါဦး”

“ဟုတ်တယ် ဇလပ်ဖြူ၊ ဆရာ့ကိုပြော၊ မကြောက်နဲ့။ မင်းကို သူတို့ဘာတွေလုပ်ထားသလဲ”

ဇလပ်ဖြူမှာ ညကတည်းက အချိုရည်ထဲ မူးယစ်ဆေးဝါးထည့်ထားခြင်းခံရသဖြင့် ညစာမစားခဲ့ရ၊ ထို့အတူ ဒီနေ့တစ်နေ့လုံးလည်း အစာမစားခဲ့ရသဖြင့် လူက နုံးခွေမူးဝေနေရသည်။ သူမ မနက်ကကြားခဲ့ရသည့်စကားများနှင့် သူမခံစားနေရသည့်



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ရောဂါလက္ခဏာများကို ပြောပြလျှင် ဦးမြတ်လင်း သဘောပေါက်လိုက်သည်။

“ဒါ ဆေးလွန်နေတဲ့လက္ခဏာပဲ၊ မှန်း! ဒီအချိုရည်တွေကို စစ်ဆေးကြည့်ရမယ်။ ဒါတွေထဲမှာ ဆေးခပ်ထားတာသေချာတယ်။ ကဲ. . . ကိုညီ၊ ဘယ်လိုဆက်လုပ်မှာလဲ”

ဒေါက်တာ ဦးမြတ်လင်း ဖလပ်ဖြူကိုစမ်းသပ်စစ်ဆေးပြီး ဆေးပေးရင်းမှမေး၏။ လွှမ်းညီညီ၏အသွင်က တကယ့်ကို အခက်အခဲထဲမှ ရုန်းထွက်ဖို့ခက်နေသည့်အဖြစ်။

“အေးဗျာ၊ ကျွန်တော်စဉ်းစားနေပါတယ်။ ဒီအုပ်စုကြီးကတော့ ကြာလေမလွယ်လေပဲ”

“ဟုတ်တယ်၊ ကြာရင် ကိုညီ့ကို ညောင်ပင်မျိုးသလိုမျိုးသွားကြမှာ”

“ကျွန်တော်ရုန်းထွက်တတ်ပါတယ်၊ ဒါပေမဲ့ အခြေအနေတွေကို အဖြူအမည်းကွဲပြားအောင် ကြည့်လိုက်ဦးမယ်”

“ကြည့်ရင်းကြည့်ရင်းနဲ့ ဖလပ်ဖြူလည်း ကြားထဲက ဓားစာခံဖြစ်သွားရပါဦးမယ်ဗျာ။ ကဲ! ကိုယ်တော့ အတတ်နိုင်ဆုံးကုသပေးခဲ့ပြီ။ ဒီဆေးတွေသာ မှန်မှန်တိုက်ပေတော့။ အဲ! ဖလပ်ဖြူကို အစားအသောက်ကျွေးရင် ကြည့်ကျွေး။ ခင်ဗျားအုပ်စုက သူ့ကို





ဆေးစွဲအောင်လုပ်မယ့်အကြံ ရှိနေတယ်နော်”

လက်ကျန်အချိုရည်ပုလင်းများကို သိမ်းသွားပြီး ဒေါက်တာဦးမြတ်လင်း သူ့ကိုသတိပေးသည်။

လွှမ်းညီညီ ဒေါက်တာ့ကို အောက်သို့လိုက်ပို့လိုက်ပြီး အိမ်ထဲသို့ပြန်ဝင်ခဲ့တော့ ဧည့်ခန်းထဲမှာ သူတို့အုပ်စုကြီးက တစ်ပြုံတစ်မကြီး ထိုင်ကြည့်နေကြသည်။ အားလုံးစုစုပေါင်း(၇)ယောက်။ ထက်ရှားပင် ပါနေသေးရဲ့။

ဒေါ်မြမြသင်း၊ မြခွန်းဆက်၊ မြခွန်းခြယ်၊ ယမုန်၊ ထက်ရှားနှင့် နောက်တိုးက နှစ်ယောက်။

သူ ဒေါ်မြမြသင်းကိုဦးတည်ပြီး ပြောလိုက်သည်။

“အန်တီ ကျွန်တော်နဲ့ဖလပ်ဖြူအတွက် ထမင်းပို့ပေးပါ”

“အောက်မှာ ဆင်းမစားတော့ဘူးလားကွယ့်”

“ဖလပ်ဖြူ ချိနဲ့နေလို့ပါ။ ကျွန်တော်တို့နှစ်ယောက် အပေါ်မှာပဲစားတော့မယ်။ ပို့ပေးပါ”

“ဩော်. . . ရပါတယ်ကွယ်၊ ပို့ပေးရမှာပေါ့”

ဒေါ်မြမြသင်း ပြုံးပြုံးရွှင်ရွှင်နှင့် ချက်ချင်းပင် မီးဖိုဘက်သို့ထသွားလျှင် သည့်နေ့မှရောက်လာသည့် ညိုမီလင်းကလည်း ကူဖို့နောက်မှလိုက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်အတူ ထမင်းပွဲပြင်ပြီး ဗန်းကလေးများနှင့် အပေါ်သို့သယ်သွားပေးရမည်။ ထမင်းပွဲပြင်ရင်းနှင့်. . .

''အိမ်မှာ ဖလပ်ဖြူက အစိကလေ။ သူ့ကိုအရင်ဖြိုရမှာ''

''ညိုမိတို့က ဘာလုပ်ရမှာလဲ''

''ထမင်းဟင်း ကူချက်ပေါ့၊ ဝိုင်းလုပ်ဝိုင်းစားပေါ့အေ။ ညည်းတို့ကို ငါ့တူနဲ့တူမမို့ခေါ်ထားတာ။ နေ့လယ်ကတည်းက ငါရှင်းပြထားတယ်မဟုတ်လား အခြေအနေတွေ။ ညည်း သိပ် မပိန်းနဲ့အေ''

''ဟုတ်ကဲ့ပါ၊ နားလည်ပါပြီ''

ဒေါ်မြမြသင်းတို့နှစ်ယောက် အပေါ်ထပ်သို့တက်လာခဲ့ကြပြီး ဖလပ်ဖြူ၏အခန်းသို့ ဝင်ခဲ့ကြသည်။ တံခါးဖွင့်ထားပြီးမို့ နှစ်ယောက်အတူဝင်ခဲ့ကြတော့ ဖလပ်ဖြူက ငိုနေပြီး၊ လွှမ်းညီညီ က ချော့မော့ယုယနေလိုက်တာ၊ ဖြစ်နိုင်လျှင် အခံတွင်းထဲသို့ ပင် ငုံထားတော့မတတ်။

''ကိုညီရေ၊ ဒီမှာ ညစာထမင်းပွဲရောက်ပါပြီ''

''ထားခဲ့. . . ထားခဲ့ပါ အန်တီ''

''စောင့်နေမယ်လေ''

''ရပါတယ်၊ နာရီဝက်လောက်ကြာမှ လာယူ''





လွှမ်းညီညီ တယ်ပြတ်သားနေပါလား၊ နည်းနည်းမှ အား မနာပါ။ ဒေါ်မြမြသင်းကလည်း ပန်ကာ့ထိပ်က ဝက်အူလေ။

''သြော်. . . မောင်ညီ၊ ညိုမိတို့နှစ်ယောက်ကို တစ်လ ငါးသောင်းလောက်တော့ ပေးရမယ်။ ဖြစ်လား''

''ရပါတယ်၊ ပေးရမှာပေါ့။ စိတ်တော့ချရတယ်မဟုတ် လား''

''မောင်ညီ ဘာကိုပြောချင်တာလဲ''

''သြော်. . . စာရိတ္တပါ။ စာရိတ္တကောင်းရင် ပြီးပါတယ်''

''အဲဒီအတွက်တော့ စိတ်ချပါ၊ ဒီကလေးတွေက အန်တီ့ လက်ပေါ်မှာ ကြီးလာတာ။ အန်တီ့မျက်စိရှေ့တင် ကြီးလာကြတာ ပါကွယ်''

''ဒါဆိုလည်း ကောင်းတာပေါ့ဗျာ၊ ရပါပြီ၊ ပြီးမှလာယူ''

ဒေါ်မြမြသင်းတို့ထွက်ခွာသွားလေမှ လွှမ်းညီညီ ဖလပ် ဖြူကို ယုယစွာတွဲပြီး စားပွဲသို့ခေါ်လာခဲ့သည်။ သူမရဲ့အခန်းထဲ မှာပဲ စားပွဲ၊ ဆိုဖာထိုင်ခုံလေးတွေနှင့်မို့ ထမင်းစားလို့အဆင်ပြေ ပါသည်။

''လာ. . . ညီမလေး၊ ထမင်းမစားရတာ တစ်ညနေနဲ့ တစ်နေ့လုံးတောင်ရှိပြီနော်။ ကိုကို့ညီမလေးကို သနားလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



ကွာ။ လာ. . . ကိုကို ခွံ့ပေးမယ်နော်''

''ရပါတယ်၊ ဇလပ်ဖြူ စားနိုင်ပါတယ်''

ကိုယ့်ပန်းကန်လေး ကိုယ်ဆွဲယူကာ ဇလပ်ဖြူ ထမင်းစားတော့ လွှမ်းညီညီ ကောင်းနိုးရာရာဟင်းလေးတွေ ထည့်ပေးရင်း ငေးကြည့်နေမိပါသည်။ သူ့ရင်ထဲမှာ ဇလပ်ဖြူကို တသိမ့်သိမ့်ကြင်နာနေမိပါ၏။

''ကိုကိုလည်း စားလေ''

သူ့ကိုမော့ကြည့်ပြီး တိုက်တွန်းနေပုံလေးက သနားစရာ။ စောစောက သူကလေးရဲ့မျက်ရည်တွေနှင့် စကားများကို လွှမ်းညီညီ ကြားယောင်နေမိ၏။

''ကိုကိုရယ်၊ ဇလပ်ဖြူတို့ပြန်ကြရအောင်နော်။ ဒါ ဇလပ်ဖြူတို့အိမ်မဟုတ်ဘူး''

''ဒါနဲ့ ညီမလေး ဘာမှစဉ်းစားလို့မရဘူးဆို''

''ဒါပေမဲ့ ဇလပ်ဖြူတို့အိမ်မဟုတ်မှန်းသိတယ်။ ဇလပ်ဖြူတို့အိမ်က မင်းဘူးဘက်မှာ။ သစ်သားခြေတံရှည်အိမ်လေး။ အိမ်အောက်မှာ ဝက်တွေကြက်တွေ မွေးထားတယ်။ နို့စားနွားမလေးလည်းရှိတယ်။ ပြန်ကြရအောင်ပါ ကိုကိုရယ်။ ဟိုအဒေါ်ကြီးအုပ်စုကိုထားခဲ့ကြမယ်နော်. . . နော်''





''ဒီမှာနေရတာ အဆင်မပြေလို့လား ညီမလေးရယ်။ ကိုကိုရှိနေတာပဲကွာ။ ကိုကို့အလုပ်က ဒီမှာမှအဆင်ပြေတာလေ။ ဒီမှာတိုက်ကြီးနဲ့ကောင်းကောင်းနေပြီး ကားလည်းစီးရတယ်လေ။ အဝတ်လှလှလေးတွေလည်းဝတ်ရတယ်။ ဒါတောင် ညီမလေး မပျော်ဘူးလားဟင်''

''ဟိုမှာပဲပျော်တယ်၊ ဟိုကိုပဲပြန်ကြရအောင်နော်''

''ကိုကိုက ဒီမှာပဲအလုပ်လုပ်တတ်တယ်။ ဟိုကျ ထမင်းဘယ်လိုစားမလဲ''

''ညီမလေး ရှာကျွေးမှာပေါ့။ ပြန်ကြမယ်နော်''

ပြန်ဖို့အတင်းပူဆာနေသည့်ကောင်မလေးဟာ ဒေါ်မြမြသင်းတို့အုပ်စုကိုကြောက်လို့မှန်း သူသိပါသည်။ သူမကို ဘယ်လိုချော့ရမှာပါလဲ။

''ကိုကိုက ဒီမှာပဲပျော်တယ်ဆိုရင်ရော ညီမလေးက ကိုကို့ကိုထားခဲ့မှာလား''

သူ ခပ်တည်တည်နှင့်မေးတော့ သူကလေး ငိုရှာလေပြီ။ သူကလေးခမျာ တော်တော်စိတ်ဆင်းရဲပြီး တော်တော်အဆုံးဖြတ်ရခက်နေရှာပြီထင်ပါရဲ့။ မျက်ရည်တွေ ပိုးပိုးပေါက်ပေါက်ကျလာပြီး လက်ဖမိုးလေးများနှင့် သုတ်နေရှာပုံမှာ သူ့ရင်ထဲ



www.burmeseclassic.com

www.burmeseclassic.com



နင့်သွားရပါ၏။

''တိတ်ပါ ညီမလေးရယ်၊ တိတ်ပါ၊ ပြန်ရမှာပေါ့နော်။ တို့မောင်နှမ ပြန်ရမှာပါ။ ဒါပေမဲ့ ကိုကို့အလုပ်တွေရှိနေသေးလို့ ခဏတော့ စောင့်ဦးနော်. . . နော်''

သူချော့မော့ယုယနေဆဲ ဒေါ်မြမြသင်းတို့နှစ်ယောက် ဝင်လာခဲ့ခြင်းဖြစ်သည်။

''စား. . . ညီမလေး၊ ဒီမုန့်ကြော်လေး ကောင်းတယ်''

ကောင်းနိုးရာရာဟင်းလေးများကို ကြင်နာစွာ ထည့်ပေးရင်း သူတို့နှစ်ယောက် ထမင်းအတူစားခဲ့ရသည်မှာ တစ်သက် မမေ့ချင်စရာ။

※ ※ ※



## အခန်း ၁၈

ညီညီလင်းနှင့်ညိုမီလင်းတို့ မောင်နှမနှစ်ယောက်ဇါတာဝန်က ဒေါ်မြမြသင်းနိုင်းတာ အကုန်လုပ်ရန်။

မြူမြူသွယ်သွယ်လေးတွေနှင့် မောင်နှမနှစ်ယောက်ဟာ ပြောကြကြေးဆို ပါးပါးလေးတွေပါ။ ကိုယ့်မြို့မှာလည်း ဘီယာဆိုင်စားပွဲထိုး၊ စားသောက်ဆိုင်စားပွဲထိုးလေးတွေ။ လည် လည်သလို စားနေရတာပေါ့။

ဒေါ်မြမြသင်းနှင့် ဆွေမကင်းမျိုးမကင်းလို့ပြောရသလို အထောက်အပံ့လည်းမကင်းရတာမို့ သူလိုအပ်လို့ခေါ်သည့်အခါ လိုက်လာရတာပါပင်။ ပြီးတော့ မက်လုံးကလည်း ပေးထားသေးရဲ့။



www.burmeseclassic.com

www.burmeseclassic.com



"ငါနိုင်းတာသာ ကျေပွန်အောင်လုပ်ပေး။ ငါ့ကိစ္စပြီးတာနဲ့ တစ်ယောက်ကို ငါးသိန်းစီထပ်ပြီး ဆုချလိုက်ဦးမယ်"

"လူသတ်တာတော့ မလုပ်ဘူးနော်"

"အမယ်လေးဟဲ့! ငါ့များ အာဏာပါးကွက်သားများ မှတ်နေသလား။ သူတစ်ပါးအသက်ကို ဘာဖြစ်လို့သတ်ရမှာလဲဟဲ့"

"ဒါဆိုလည်း ပြီးရောဗျာ။ လိုက်မယ်"

ဒီလိုနဲ့ သူတို့မောင်နှမ ပါလာရတာမဟုတ်လား။ လောလောဆယ်တော့ ညီညီလင်းက မာလီ၊ ညိုမီလင်းက ထမင်းချက်အဖြစ် အသွင်ယူထားရသည်။

မောင်နှမနှစ်ယောက်စလုံး စတိုင်ဖြောင့်ဖြောင့်လေးတွေနှင့် လုတပတမို့ ဒေါ်မြမြသင်းစိတ်ကူးက ဂျိုကာတွေလို လိုရာသုံးရန်။

ဇလပ်ဖြူကို လွှမ်းညီညီ အလွန်အမင်းဂရုစိုက်နေတာလည်း ဒေါ်မြမြသင်း မျက်မုန်းကျိုးသည်။ သင်းတို့ကြားမှာ မွေနှောက်ချိုးဖဲ့ပစ်ရမည်။ ဒီအရှုပ်မကိုများ သောက်ရေးလုပ်လို့၊ ကျိုးကန်းကို သူကောင်းမြှောက်နေတဲ့ကောင်။ အထိနာသွားအောင်လုပ်ပေးရမည်။

သင်ခန်းစာ ခပ်စပ်စပ်လေး ပေးရုံပါပဲ။ ဟင်းဟင်း. . .





ထက်ရှားဆိုတဲ့ကောင်ကတော့ သူ့သမီးရဲ့မာယာခပ်ပါးပါးနှင့်ပင် ခေါင်းမဖော်နိုင်အောင် ရှုးသွပ်ထုံထိုင်းနေတော့ပြီလေ။

မနက်ရှစ်နာရီလောက်မှာ လွှမ်းညီညီနှင့်ထက်ရှားတို့ ကားနှင့်ထွက်သွားပြီဆိုကတည်းက ဒေါ်မြမြသင်း လုပ်ငန်းစတော့သည်။ ဇလပ်ဖြူကို ဆေးစွဲအောင်လုပ်ဖို့အကြံ မအောင်မြင်တော့သည်မို့ နောက်တစ်နည်းကြံရပေမည်။

ဒေါ်မြမြသင်း မဟာကရုဏာရှင်မျက်နှာမျိုးဖြင့် အပေါ်ထပ်သို့တက်သွားလိုက်သည်။ ဇလပ်ဖြူရဲ့အခန်းသို့ရောက်တော့ တံခါးခေါက်ရ၏။ တောက်! ဘာဖြစ်လို့များ အလကားနေရင်း တံခါးပိတ်ထားရတာလဲ။

ဇလပ်ဖြူ တံခါးဖွင့်လိုက်တော့ ပြုံးအီနေသည့်ဒေါ်မြမြသင်းကြီးကိုတွေ့ရသဖြင့် လန့်တုန်သွား၏။ မင်းသမီးခေါင်းဆောင်းထားသည့် ဘီလူးမကြီးမုန်းသိတဲ့နောက် ဘယ်လောက်ပင်ပြုံးပြုံးအစွယ်တွေကို မြင်နေရလို့ပါပဲ။

"အန်. . . အန်တီ"

"သမီး မနက်စာဆင်းမစားလို့ နေမှကောင်းရဲ့လား လာကြည့်တာ။ နေကောင်းရဲ့လားကွယ်"

"ကောင်းပါတယ် အန်တီ၊ ဇလပ်ဖြူ မဆာလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြမြသင်း ဇလပ်ဖြူကို မရှုစိမ့်နေတာ၊ သူမက ချောမောလှပ ချစ်စရာကောင်းနေသည့်အပြင် လွှမ်းညီညီက ဂရုစိုက်သဖြင့် အဝတ်အစားတွေက ရှယ်။

''ဘယ်ဟုတ်မလဲကွယ်၊ အစားအစာဆိုတာ အချိန်မှန်မှန်စားမှ ကျန်းမာမှာပေါ့။ ပြီးတော့ အန်တီ့အမျိုးတွေနဲ့လည်း မိတ်ဆက်ပေးချင်လို့။ ကဲ. . . လာပါကွယ်၊ အန်တီ မုန့်ဟင်းခါးတွေ ဝယ်ထားတယ်။ စားရအောင်''

လူကြီးတစ်ယောက်က အတင်းခေါ်နေတာမို့ ဇလပ်ဖြူ မငြင်းသာတော့။ ညကဝတ်အိပ်ထားသည့် ဂါဝန်လေးကို လဲဖယ်ပြီး သူမ လိုက်လာခဲ့ရတော့သည်။ ဂါဝန်အဖြူပွင့်အိအိလေးနှင့် မနှင်းဖြူလေးလို ချစ်စရာကောင်းနေသည့်ဇလပ်ဖြူကို ဒေါ်မြမြသင်းရင်ထဲ အမုန်းတရားတွေ တဖွားဖွားနှင့်ကြည့်နေရ၏။

အမှိုက်၊ အရှုပ်ထုပ်၊ လွှမ်းညီညီကို အပိုင်ကိုင်ထားနိုင်တဲ့မိန်းမ။

ထမင်းစားခန်းထဲရောက်တော့ ထမင်းစားပွဲမှာ ညီညီလွင်နှင့် ညိုမီလွင်တို့နှစ်ယောက်ပဲရှိကြသည်။

''လာ. . . ဇလပ်ဖြူ၊ ဒါ အန်တီ့တူနဲ့တူမ၊ ဒီအိမ်မှာ အလုပ်သမားလိုနေတော့ ကိုယ့်တူနဲ့တူမကို လှမ်းခေါ်လိုက်ရတာ။





လူစိမ်းတွေလည်း သွင်းလို့မဖြစ်ဘူးမဟုတ်လား။ အိမ်မှာ မိန်းမသားတွေချည်းပဲရှိတာဆိုတော့''

မောင်နှမနှစ်ယောက်စလုံး သူမကိုပြုံးရွှင်စွာ ဆီးကြိုကြသည်။ ဇလပ်ဖြူဝင်ထိုင်လိုက်လျှင် ညိုမီလင်းက မုန့်ပွဲပြင်ပေးပြီး ဟင်းရည်ထည့်ပေး၏။ ဒေါ်မြမြသင်းက ဆက်လက်မိတ်ဆက်ပေးနေပြန်သည်မှာ. . .

''ဒါက အန်တီ့တူ ညီညီလင်းတဲ့။ ဆေးကျောင်းဘက်နေတာ။ ကျောင်းပိတ်တုန်း အန်တီခေါ်လို့ရောက်လာတာ။ တစ်လလောက်တော့ ဒီမှာနေပေးပါပေါ့။ သူ့ကို အန်တီကျောင်းထားပေးတာဆိုတော့လေ အန်တီ သေဆိုသေ ရှင်ဆိုရှင်ပေါ့။ မီးသေတယ်''

ဘာသဘောတွေနှင့် ဒါတွေပြောနေမှန်းမသိပေမယ့် ဇလပ်ဖြူ စိတ်ရှုပ်မိသည်။ ဒေါ်မြမြသင်းပြောတာကို ခပ်ငူငူနားထောင်ပေးပြီး မုန့်ဟင်းခါးဆက်စားဖို့ပြင်၏။

''သူကတော့ ညီညီ့ညီမလေး ညိုမီလင်းတဲ့။ သူလည်း အီးမေဂျာနဲ့ ဘွဲ့ရပြီးသားပဲ။ လောလောဆယ် အန်တီ့ကိုလာကူညီကြတာ။ သမီးစိတ်ထဲ သူတို့ကိုအလုပ်သမားတွေလို့ ထင်မှာစိုးလို့''



www.burmeseclassic.com

www.burmeseclassic.com



''မထင်ပါဘူးရှင်၊ လူလူချင်းပဲဟာ''

ဇလပ်ဖြူ ကိုယ့်ပန်းကန်ထဲကမုန့်ကိုပဲ ကုန်အောင်စားပစ်နေမိသည်။ ဒေါ်မြမြသင်းကြီးတစ်ယောက် ခုလိုရွှန်းရွှန်းဝေအောင် ချိုအီနေတာ သူမကြောက်ပါသည်။

ဒီအိမ်မှာ သူမအတွက် နေစရာကျဉ်းမြောင်းလှပါသည်။ အရင်တုန်းကမှ ကိုထက်ရှားဟာ သူမနှင့်စကားစမြည်ပြောဖော်ကူညီဖေးမဖော် ရသေးသည်။ ယခုကျ သူမမှာ တစ်ယောက်တည်း။ ကိုကိုကလည်း အလုပ်တွေရှုပ်နေလိုက်တာ။

မုန့်စားပြီးလျှင် ဇလပ်ဖြူ စားပွဲမှ ထရပ်လိုက်ရင်း ဒေါ်မြမြသင်းကိုမော့ကြည့်သည်။

''ဇလပ်ဖြူ ဘာလုပ်ပေးရဦးမလဲဟင်''

''အို! ရတယ် ရတယ်၊ မီးဖိုထဲမှာ အန်တီတို့ရှိတယ်။ ဇလပ်ဖြူ ကူညီချင်ရင် ခြံထဲမှာပဲ ပန်းပင်တွေ ရှင်းလင်း၊ မြေဆွအစာကျွေးတာကို ကူပါ။ ဇလပ်ဖြူက အပင်တွေစိုက်တာ ဝါသနာပါတယ်မဟုတ်လား''

''ဟုတ်ကဲ့၊ ဇလပ်ဖြူ ကူပါ့မယ်''

ဒေါ်မြမြသင်း ရွှေ့သည့်အကွက်ထဲ ဇလပ်ဖြူ ဝင်သွားသဖြင့် သူတို့သုံးယောက် တစ်ယောက်ကိုတစ်ယောက် မျက်ရိပ်





ပြလိုက်ကြသည်။

ဇလပ်ဖြူ သဘောရိုးနှင့်ပင် ခြံထဲမှအပင်တွေကို ပေါင်းသင် မြေဆွနေတော့ ညီညီလင်းက သူမအနားမှာ။

''ကိုယ့်ဘဝတစ်လျှောက်လုံး စာတွေပဲ ကျက်နေရတော့ ဒီအလုပ်တွေ မကျွမ်းကျင်ဘူး''

''ကျွန်မကတော့ ငယ်ငယ်ကတည်းက သစ်ပင်စိုက်တာ ဝါသနာပါတယ်''

''ဇလပ်ဖြူကို ဆရာတင်ပါတယ်ဗျာ။ အန်တီက ကိုယ်တို့မောင်နှမရဲ့ကျေးဇူးရှင်၊ ကျောင်းလည်းထားပေးတဲ့သူဆိုတော့ သူခိုင်းရင် ဘာမှမငြင်းရဲဘူး။ မတတ်လည်း လုပ်ပေးရမှာလေ။ လောလောဆယ် ဒီအိမ်မှာ မာလီရှယ်ကြီးပေါ့ဗျာ။ ဇလပ်ဖြူ ကိုယ့်ကိုအထင်မသေးပါဘူးနော်''

ညီညီလင်းမှာ အောက်ချုံးဘောင်းဘီအနက်၊ ကိုယ်ကျပ်ရှပ်အနက် အဖြူကွက်နှင့် စတိုင်လှလှ။ လူကလည်း ဖြူဖြူဖြောင့်ဖြောင့်။ လူငယ်မို့ လူငယ်စတိုင်။ သို့သော် ဇလပ်ဖြူဆိုတာ ရင်ထဲမှာ လုံးဝအချစ်မရှိ။ နှလုံးသားမရှိသူမို့ လူကိုလူလိုပင်မြင်သူ။

ရိုင်းရိုင်းပြောရလျှင် ယောကျ်ားမှန်း မိန်းမမှန်းပင် သူမမျက်စိက ခွဲခြား ကွဲပြားတာမဟုတ်၊ ရင်ခုန်ဖို့ စိတ်ကစားဖို့ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com



ဝေလာဝေး။

ကိုယ်အလုပ်လုပ်နေရသည့်အနား စကားတွေ တတွတ်တွတ်ပြောနေတာကို နားငြီးသည်။ စိတ်ရှုပ်ရသည်။ သူမခံစားချက်က ဒါပါပဲ။

သို့သော် ဒေါ်မြမြသင်းတို့အုပ်စုကတော့ ညီညီလင်းတစ်ယောက် ဇလပ်ဖြူကို အပိုင်ကိုင်နိုင်တော့မည်။ လွှမ်းညီညီတစ်ယောက် အသည်းကွဲခတ်တော့မည်ဟု ဝမ်းသာအားရဖြစ်နေကြသည်။

ဇလပ်ဖြူ တစ်နာရီလောက်ကြာတော့ သည်းမခံနိုင်တော့ပါ။ လုပ်နေသည့်အလုပ်များကိုထားခဲ့ပြီး. . .

``ကျွန်မ ခေါင်းမူးလာလို့ သွားတော့မယ်။ ရှင်တစ်ယောက်တည်း ဖြစ်ပါတယ်နော်''

ဟုဆိုကာ အိမ်ပေါ်သို့ပြန်တက်ခဲ့တော့သည်။

✻ ✻ ✻



## အခန်း ( ၁၉ )

လွှမ်းညီညီ ယခုတလော စိတ်တွေနောက်ကျိုနေရသည်။ အိမ်မှာ လူတွေ များလိုက်တာ၊ သူ့စိတ်ထဲ အိမ်ထဲ ကျားဝင်နေသလို ခံစားနေရ၏။ ဒေါ်မြမြသင်းကြီး ဘာတွေခြယ်လှယ်နေသလဲ။

ညရှစ်နာရီလောက်မှ သူအိမ်ပြန်ရောက်လာတော့ ဧည့်ခန်းထဲမှာ လူစုံတက်စုံတွေ့ရသည်။ ကျားသားမိုးကြိုး! ဇလပ်ဖြူကိုပါ ထိုအုပ်စုထဲတွင်တွေ့ရပြီး သူမအနားမှာ ညီညီလင်းဆိုသည့်အကောင်ကိုပါတွေ့ရလျှင် သူ့မျက်နှာ တင်းခနဲဖြစ်သွား၏။

သူ ဇလပ်ဖြူအနားသို့ လျှောက်သွားလိုက်ပြီး. . .

``ညီမလေး ဒီနေ့နေကောင်းလား''



www.burmeseclassic.com

''ဟုတ်ကဲ့''

''လာ. . . ကိုကို့ကို လိုက်ပို့ဦး''

အရုပ်ကလေးတစ်ရုပ်လို ဇလပ်ဖြူ သူ့နောက်လိုက်ပါလာတော့ သူ ဇလပ်ဖြူကို မာန်မဲလိုက်သည်။

''ဘာဖြစ်လို့ ယောက်ျားတစ်ယောက်နဲ့ အတူတွဲထိုင်နေရတာလဲ။ အရှက်မရှိ။ မိန်းကလေးဆိုတာ အနေအထိုင်ဆင်ခြင်ရမယ်လေ''

''သူတို့က အတင်းထိုင်ခိုင်းကြတာ။ ဇလပ်ဖြူနဲ့ သူ့ကိုကြိုးနဲ့ပူးမချည်ထားရုံတမယ်ပဲ။ အခွေလည်း ဇလပ်ဖြူ မကြည့်ချင်ပါဘူး။ အတင်းလာခေါ်ကြတာ''

သူအခြေအနေတွေကို သဘောပေါက်သွားသည်။ ဒါဒေါ်မြမြသင်းရဲ့အကြံ။ သူ့လူတွေကိုခေါ်လာပြီး ဒီအိမ်ရဲ့စည်းလုံးမှုတွေကို ဖြိုခွင်းမလို့ပေါ့။ အနည်းဆုံး ဇလပ်ဖြူရဲ့ဘဝကို လွင့်စင် ဖျက်ဆီးဖို့ဖြစ်မည်။

သူ ဘာဆက်လုပ်ရမလဲ. . . ဘာဆက်လုပ်သင့်သလဲ။ ဒီအုပ်စုကြီးကတော့ အနုနည်းနှင့်လုပ်လို့ရမည်မထင်။ တဖြည်းဖြည်း သြောင်ပင်မျိုးသလို မျိုမည့်လူတွေ။

''ကဲ! လာ၊ ကိုကိုရေချိုးဖို့ ကူပေး။ အကျီတွေ ကူချွတ်





ပေးနော်''

ကလေးကို အသားယူတာမျိုး မဟုတ်ရပေမယ့် ယခုတလော စိတ်မောလူမောဖြစ်ရလွန်းလို့ သူခြေကုန်လက်ပမ်းကျချင်နေပါပြီ။ သူ့အခန်းထိ ဖိုင်လိုက်ပို့သည့်ဇလပ်ဖြူကို သူ ကူခိုင်းလိုက်တော့ သူကလေးက ချွတ်ပေးရှာသည်ပါပဲ။

သူ့အကျီကြယ်သီးများကို လက်ဖြူဖြူနုနုလေး တရွရွနှင့် ဖြုတ်ပေးနေတော့ လွှမ်းညီညီရင်ထဲ ကြည်နူးပီတိဖြစ်ရသည်။ သနပ်ခါးရနံ့လေး သင်းနေသည့်ကောင်မလေးကို ပွေ့ယူနမ်းရှိုက်ချင်ပါဘိ။ သို့သော် မသင့်တော်ဘူးမို့ သူ မျက်လုံးမှိတ်ထားလိုက်သည်။ သူကလေးကတော့ သဘောရိုးနှင့် သူ့ကိုအကျီတွေချွတ်ပေးနေရင်း. . .

''မြန်မြန်ချိုးနော် ကိုကို၊ ဒီနေ့အေးတယ်။ တော်ကြာလေဖြတ်နေလိမ့်မယ်။ ဘောင်းဘီတော့ ကိုကို့ဖာသာချွတ်''

''အေးပါဟ၊ ကိုကိုဝတ်ဖို့ သင့်တော်တဲ့တစ်စုံ ထုတ်ထားပေး''

သူ ရေချိုးခန်းထဲဝင်သွားတော့ ဇလပ်ဖြူ ကိုကို့အဝတ်ဗီရိုထဲမှ ချည်ချောပုဆိုးတစ်ထည်နှင့် တီရှပ်တစ်ထည် ထုတ်ပေးလိုက်သည်။ ကြည့်စမ်းပါဦး။ အဝတ်တွေကို အများကြီးပဲ။ ကိုကို



www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com



ဘယ်တုန်းက ဒါတွေချုပ်လိုက်ပါလိမ့်။ အေးလေ၊ ငါ့ကိုလည်း အများကြီးဝယ်ပေးထားတာပဲ။

ဇလပ်ဖြူ များပြားလှသည့်အဝတ်တွေကိုကြည့်ပြီး အံ့သြနေတုန်း လွှမ်းညီညီ ရေချိုးခန်းမှပြန်ထွက်လာ၏။

''ဟော့ကောင်မလေး၊ ကိုကို့ကို ခေါင်းရေသုတ်ပေးဦး''

''ဟင်! ဖျားတော့မှာပဲ၊ ဒီလောက်အေးနေတဲ့ဆောင်းတွင်းကြီးထဲ ကိုကိုသိပ်လှချင်နေတာပဲ''

''လာပါ၊ မြန်မြန်သုတ်ပေး''

မျက်နှာသုတ်စောင်ကြီးပတ်ထားသည့် ကိုကို့အသွင်က တကယ့်ပန်းပုကျောက်ဆစ်ရုပ်လို။ ရင်ဘတ်မွေးတွေ ချိုင်းမွေးတွေကလည်း အများကြီး။ ကိုယ့်အစ်ကိုပေမယ့် အရင်က လက်ပွန်းတတီး မနေခဲ့ကြဘဲ ယခုမှ လက်ပွန်းတတီး ဖက်လှဲတကင်းနေသည့်ကိုကိုကြောင့် ဇလပ်ဖြူ ရှက်စရာတွေ မြင်နေရ ဖြစ်နေရသည်။

''ဟင့်အင်း. . . အကျီအရင်ဝတ်၊ ကိုကိုဟာလေ သိပ်ပြီးအနေအထိုင်ပက်စက်တာပဲ။ ကိုယ့်ညီမလေးကိုလည်း အရမ်းနိုင်စားတယ်''

သူ့ကိုမျက်နှာလွှဲပြီး ပုဆိုးနှင့်တီရှပ် အတင်းထိုးပေးမှ





သည့်ကောင်မလေးအား သူ ကျွဲမြီးတိုရသည်။ ခွေးမလေး၊ စောစောက ဟိုကောင်နဲ့တော့ နီးနီးကပ်ကပ်ထိုင်နေပြီး။

''ရတယ်လေ၊ လုပ်မပေးချင်လည်း ရတယ်။ သွားသွား! ထွက်၊ လင်ရမှ လင်ကို အောက်ခြေသိမ်းလုပ်ပေး။ အစ်ကိုကျတော့ စေတနာမရှိဘူးမဟုတ်လား''

''ဟာ! မဟုတ်ပါဘူး၊ လုပ်မပေးချင်လို့မဟုတ်ပါဘူး။ ကဲကဲ. . . သုတ်ပေးမယ်''

ဆောင့်ဆောင့်အောင့်အောင့်လေးပြောပြီး ကုတင်ပေါ်ထိုင်နေသည့်ကိုကို့ဆံပင်တွေကို ဇလပ်ဖြူ မျက်နှာသုတ်စောင်အသေးလေးနှင့် လျင်မြန်စွာသုတ်ပေးလိုက်ရသည်။ အတင်းပင်တီရှပ်ဝတ်ပေး၊ ပုဆိုးလဲစေတုန်း ကိုကို့ထံမှ နှာချေသတ်သံတွေထွက်လာတော့သည်။

''ကဲ! ဇလပ်ဖြူပြောတာ နားမထောင်ဘူးလေ။ ဖျားရင်ဒုက္ခ''

''ဖျားလည်း အေးရော၊ သေလည်း အေးရော''

''ဟင်! အလကားနေရင်း ဘာဖြစ်လို့သေချင်နေတာလဲ ကိုကိုရဲ့။ ကိုကိုသေတော့ ဇလပ်ဖြူက ဘယ်သူ့အားကိုးပြီး ဘယ်သူနဲ့နေရမှာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပဲ ကြည့်ကျက်နေပေါ့။ ဟတ်ချိုး!"

သူမ ဗီရိုထဲမှဆွယ်တာတစ်ထည်ပါ ထပ်ထုတ်ပြီး ကိုကို့ကို ဝတ်ပေးလိုက်ရင်း. . .

"ထမင်းသွားစားကြမယ်၊ ပြီးရင် ဆေးသောက်ရမယ်"

"ညီမလေးရော မစားရသေးဘူးလား"

"ကိုကို့ကိုစောင့်နေတာလေ၊ လာ. . . သွားစားကြမယ်"

"ထက်ရှားရော ပြန်လာပြီလား"

"လာပြီ၊ ဒေါ်မြမြသင်းနိုင်းလို့ တစ်ခေါက်ပြန်ထွက်သွားတာ"

"ဩော်"

သူ့စိတ်ထဲ လေးခနဲဖြစ်သွားတာ ဘာကြောင့်မသိ။ နှစ်ယောက်အတူ အပေါ်ထပ်မှ ထမင်းစားခန်းသို့သွားတော့ ညှော့ခန်းမှဖြတ်ရသည်။ အားလုံးဝိုင်းကြည့်နေရာမှာ ဒေါ်မြမြသင်းနှင့် ညိုမီလင်း ထလာခဲ့သည်။

"ညိုမီတို့ ထမင်းပွဲပြင်ပေးမယ်"

ဒေါ်မြမြသင်းနှင့်ညိုမီလင်းတို့ ထမင်းပွဲပြင်ပေးကြပြီး စားပွဲနားမှာ ရပ်စောင့်နေကြသဖြင့် လွှမ်းညီညီ စိတ်အနှောင့်အယှက်ဖြစ်ရသည်။





"ရပြီ အန်တီ၊ ထားခဲ့တော့"

"ဩော်. . . လိုအပ်တာလုပ်ပေးချင်လို့ပါကွယ်"

"ရတယ်. . . ရပြီ၊ ဒီမှာလည်း ဖေလပ်ဖြူရှိသားပဲ"

"ဒါဆိုလည်း သွားပြီနော်"

အတင်းကိုနှင်ထုတ်တော့မှ ထွက်သွားကြသည့်အဖြစ်။ နှစ်ယောက်အတူ ထမင်းစားကြရင်း ဖေလပ်ဖြူ ပူဆာပြန်လေ၏။

"ကိုကို အိမ်ပြန်ကြရအောင်နော်၊ ဖေလပ်ဖြူ ဒီမှာ လုံးဝမနေချင်တော့ဘူး"

"ဖေလပ်ဖြူ နေမကောင်းသေးဘူးလေ။ နေကောင်းမှ ပြန်ရအောင်နော်"

"ကောင်းပါတယ်၊ ဖေလပ်ဖြူနေကောင်းပါတယ်။ ပြန်ချင်တယ်ကိုကိုရယ်။ ကိုကိုက ဒီတိုက်ကြီးတွေ ကားတွေကို မက်နေတာလားဟင်။ သူများပစ္စည်းတွေကို မလိုချင်ပါနဲ့ကိုကိုရယ်။ တောပြန်တာပဲ ကောင်းပါတယ်"

"ထမင်းတော့ ဖြောင့်ဖြောင့်စားပါရစေကွာ။ ပြီးမှ ဆွေးနွေးကြတာပေါ့နော်"

သူတောင်းပန်လိုက်၍ ကောင်မလေး စကားရပ်သွားပြီး သူ့ပန်းကန်ထဲသို့သာ ဟင်းများ ကောင်းနိုးရာရာထည့်ပေးနေ



www.burmeseclassic.com

www.burmeseclassic.com



လေ၏။

"ညီမလေးလည်း စားလေ"

"ကိုကို့ကို ငါးကြော်အရိုးထွင်ပေးမယ်နော်"

ငါးကြော်အရိုးထွင်ပေးနေသည့် ဇလပ်ဖြူလေးကိုကြည့်ပြီး လွှမ်းညီညီအံ့သြနေရပါသည်။ အများတကာတွေ ပစ္စည်းဥစ္စာမက်မောနေကြသည့်ခေတ်ကြီးထဲမှာ သူကလေးကတော့ ငြိမ်းချမ်းမှုကို လိုလားနေသည်။ အေးချမ်းမှုကိုသာ လိုလားနေသူ။

မုန်းချောင်းနံဘေး ရွာကလေးက ကောင်မလေးရယ်။ ကိုကို့ကိုတော့ စွန့်ပစ်မထားခဲ့ပါနဲ့နော်။

ထမင်းစားပြီးသွားကြတော့ သူတို့နှစ်ယောက် အပေါ်ထပ်သို့ပြန်တက်လာခဲ့ကြသည်။ ဒေါ်မြမြသင်းတို့အုပ်စုရဲ့အကြည့်တွေက ခပ်လှောင်လှောင်။ သူဟာ ဇလပ်ဖြူကို ညီမလေးမဟုတ်မှန်းသိရက်နဲ့ အီစီကလီလုပ်နေသည်။ အခွင့်အရေးတွေယူနေသည်ဆိုသည့်အကြည့်မျိုး။

လွှမ်းညီညီ ကိုယ့်စိတ်ကိုယ်ထိန်းပြီး ဇလပ်ဖြူကိုဖေးမကာ ကိုယ့်အခန်းထဲသို့ အရင်ဝင်ခဲ့သည်။

"ကဲ! ပြောချင်တာတွေ ပြောတော့၊ ဆွေးနွေးတော့"

သူ့အခန်းထဲမှာ စားပွဲနှင့်ကုလားထိုင်ရှိသည်မို့ မျက်နှာ





ချင်းဆိုင်ထိုင်ရင်း သူ ဇလပ်ဖြူကို ရင်ဖွင့်ခွင့်ပေးလိုက်သည်။ သူမမျက်နှာလေး ညှိုးနေသဖြင့် လွှမ်းညီညီရင်ထဲ နင့်ခနဲနေအောင် သနားမိသည်။

ချစ်စရာအရိုးခံမလေးရယ်. . .

အစွယ်ထွက်နေကြတဲ့ဘီလူးမအုပ်စုကို အရမ်းကြောက်နေပြီလားကွယ်. . .

"ကိုကို့အလုပ်တွေမပြီးသေးရင်လည်း ကိုကိုကျန်ခဲ့တော့နော်။ ဇလပ်ဖြူ ပြန်ပါရစေတော့"

"ကိုကို့ကိုထားခဲ့ပြီး မင်းပြန်မယ်ဟုတ်လား။ ရက်စက်လိုက်တာ ဇလပ်ဖြူရယ်။ ကိုကိုတို့မှာ ဒီမောင်နှမနှစ်ယောက်ပဲရှိတော့တာမဟုတ်လား"

သူမအနားသို့ သူ ရင်ထုမနာနှင့်ရောက်ရှိသွားပြီး သူမဦးခေါင်းလေးကို ရင်ခွင်မှာ ကပ်ထား ဖက်ထားမိရင်း လွှမ်းညီညီခံစားနေရသည်။

"ညီမလေး ဟိုအိမ်ကပဲ ကိုကို့ကိုစောင့်နေတော့မယ်။ ဒီမှာဘယ်လိုမှမနေချင်တော့ဘူး။ ကိုကို ဇလပ်ဖြူဆီ အချိန်မရွေးလာခဲ့လို့ရတယ်။ ဇလပ်ဖြူ မျှော်နေပါ့မယ်ရှင်"

မျက်ရည်တွေစီးကျရင်း သူမအံကြိတ်ထားပေမယ့် ကို



www.burmeseclassic.com

www.burmeseclassic.com



ကို့ကို ပြန်မဖက်တော့ပါ။ စည်းစိမ်ဥစ္စာတွေကို ယစ်မူးနေသည့် ကိုကိုဟာ ဒီဥစ္စာပစ္စည်းတွေကိုစွန့်ပစ်ပြီး ဘယ်တော့မှ တောကို ပြန်မှာမဟုတ်။ သူမသိပါသည်။

ဒေါ်မြမြသင်းကြီးကလည်း ဆိုးလာလိုက်တာ။ သူမကို ဆေးခတ်ထားသည့်အချိုရည်တွေကိုတိုက်ရုံတင်မက၊ သူ့တူဆို သည့် လူရှုပ်လူပွေကိုပါ သူမအား ဖျက်ဆီးခိုင်းတော့မည်။

ညနေက သူမ ကိုကို့စာကြည့်ခန်းထဲရောက်နေတုန်း တစ်ဖက်ခန်းမှ သူတို့တိုင်ပင်နေတာကြားခဲ့ရပြီး ဇလပ်ဖြူ သွေး ပျက်ခဲ့ရပါသည်။

"ညီညီ၊ ဇလပ်ဖြူကို နင်အပိုင်ကိုင်စမ်း၊ ဒီကောင်မလေး ဒါမှဦးကျိုးသွားမှာ"

"ဟာ!. . . အန်တီကလည်း တော်ကြာ လွှမ်းညီညီက ကျွန်တော့်ကိုသတ်မှာပေါ့"

"မသတ်စေရဘူး. . . စိတ်ချ နင် ဒီကောင်မကို အခွင့် အရေးရတာနဲ့ ဖျက်ဆီးပစ်လိုက်။ သူ့ကိုဖျက်ဆီးနိုင်ရင် နင့်ကို ငါငွေသုံးသိန်းဆုချမယ်"

"အို! ဒါဆို စိန်လိုက်၊ သုံးရက်အတွင်း ဒီအစီအစဉ် အိုကေစေရမယ်"





သူမ ဒီအဖြစ်တွေကို အစ်ကိုတစ်ယောက်အား ဘယ် လိုဖွင့်ပြောရမှာတဲ့လဲ။ ဒီတော့ သူမ အမြန်ဆုံးတောပြန်ပြေးတာ ပဲ အကောင်းဆုံး။

ယခုညတောင် စိတ်ချရပါ့မလား။ အခန်းတံခါးတွေ ပိတ် ထားတယ်ဆိုပေမယ့် အချို့သောလူဆိုးသူခိုးတွေဟာ ဘဏ်တိုက် ကြီးတွေကိုတောင် ဖောက်ထွင်းပေရာ ဇလပ်ဖြူ သွေးလန့်နေ မိတာ မလွန်ပါ။ သူမမှာ လုံခြုံမှုမရှိ။

ကိုကို့ရင်ခွင်ထဲမှာ မျက်ရည်ကျနေပေမယ့် သူမကိုယ့် လက်နှစ်ဖက်ကို ကိုယ့်ပေါင်ပေါ်မှာပဲ တင်ထားခဲ့သည်။ သူမမှာ ခံစားချက်တွေ ကုန်ခမ်းသွားပါပြီ။ ကိုယ့်ဘဝအတွက် ကိုယ့်အား ကိုယ်ကိုးတော့မည်။ ကိုယ့်ဘဝကို ကိုယ်ပဲစောင့်ရှောက်ပါတော့ မည်။

"ညီမလေးရယ်၊ ကိုကိုရှိတဲ့အရပ်မှာပဲ တစ်သက်လုံး နေမသွားနိုင်ဘူးလားကွယ်။ ဟိုအုပ်စုကို ကိုကိုရှင်းပေးမယ်လေ၊ သူတို့ကို တစ်အိမ်ထားလိုက်မယ်။ ဒီအိမ်မှာ ကိုကိုနဲ့ညီမလေးပဲ နှစ်ယောက်တည်းနေကြမယ်လေ"

ဇလပ်ဖြူ မချိပြုံးလေးနှင့် ခေါင်းခါနေမိပါ၏။

အနောက်က နေထွက်ဆိုသလိုပါပဲလေ။ ဒီအုပ်စုကြီးကို



www.burmeseclassic.com

www.burmeseclassic.com



လည်း ကိုကိုမနိုင်ပါ။ ဒီအုပ်စုကြီးကလည်း ဒီအိမ်ပေါ်မှ ဘယ်တော့မှဆင်းပေးမှာမဟုတ်။

တောင်ကိုရှွေ့လို့မရတော့၊ ရွှေ့လို့ရသည့်သူမကပဲ နေရာရွှေ့လိုက်ပါတော့မည်။ ကိုကို့ကိုခင်တွယ်ပေမယ့် သူမဘာမှမတတ်နိုင်တော့ပါ။

''တော်ပါပြီကိုကိုရယ်၊ ဇလပ်ဖြူပြန်တော့မယ်။ စိတ်မချဘူးဆိုရင် ကိုကိုလိုက်ပို့၊ လိုက်ပို့ဖို့မအားဘူးဆိုရင်လည်း ဇလပ်ဖြူ ကိုယ့်ဘာသာပဲမေးစမ်းပြီး ပြန်တော့မယ်''

''ညီမလေး တကယ်ပြောနေတာလားဟင်''

''ဒါနောက်စရာလား ကိုကိုရယ်၊ ကဲ! ညီမ့လေးအခန်းပြန်ပြီး အထုပ်အပိုးတွေသိမ်းဆည်းလိုက်ဦးမယ်။ ဇလပ်ဖြူ မနက်ပြန်တော့မယ်ကိုကို။ အင်းလေ၊ ဇလပ်ဖြူ ပြေးလို့လွတ်ကောင်းပါရဲ့''

နှုတ်မှတဖွဖွရွတ်ရင်း သူကလေး သူ့အခန်းသို့ ညင်သာစွာထွက်ခွာသွားလျှင် လွမ်းညီညီရင်ဘတ်ကြီးတစ်ခုလုံး ဟင်းလင်းပွင့်သလိုခံစားလိုက်ရပါသည်။

သွားပြီ. . .

ငါ့ရဲ့ဇလပ်ဖြူလေး သွားပြီ. . .





ငါသိပ်ပြီးပျော့ညံ့ခဲ့သလား. . .

ဒေါ်မြမြသင်းတို့အဖွဲ့ကလည်း အလွယ်တကူနှင့် ရှင်းလင်းလို့ရမည့်ပုံစံမဟုတ်။

သူ ယောကျ်ားပီပီ တစ်ခုခုတော့ဖြစ်အောင် ကြံစည်စိတ်ကူးရပါဦးမည်လေ။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



## အခန်း [၂၀]

မနက်ခြောက်နာရီလောက်မှာ ဇလပ်ဖြူ ကျောပိုးအိတ်လေးလွယ်ကာ သူ့အခန်းထဲမှထွက်ခဲ့သည်။ သူမလည်း ခံစားတတ်သူမို့ ရင်ထဲမှာ နင့်ကျပ် ကျပ်ခဲနေအောင် ပြောမပြတတ်အောင် ခံစားနေရပါသည်။

ကိုကိုကြီးရဲ့အခန်းရှေ့မှာ သူမမျက်ရည်တွေနှင့် မှိုတွယ်ရပ်နေတုန်း အခန်းတံခါးလေး ဖြည်းညင်းစွာပွင့်လာခဲ့သည်။

''ကိုကိုကြီး''

လက်နှစ်ဖက်ဆန့်တန်းထားသည့် ကိုကိုကြီးရဲ့ရင်ခွင်ထဲသို့ သူမ ခိုဝင်လိုက်ပြီး၊ မျက်ရည်တွေ ထိန်းမနိုင်သိမ်းမရ စီးကျလာခဲ့၏။ ကိုကိုကြီးမှာလည်း မေးကြောကြီးများ တင်းနေအောင်



www.burmeseclassic.com

www.burmeseclassic.com



အံကြိတ်လျက်။

"မသွားပါနဲ့ ညီမလေးရယ်၊ မသွားပါနဲ့နော်။ ကိုကိုကြီးကိုမထားခဲ့ပါနဲ့"

သူမ၏ကိုယ်လေးကို တင်းကျပ်စွာဖက်ထားရင်း လွှမ်းညီညီ တောင်းပန်ပေမယ့် ဇလပ်ဖြူ ပြတ်သားရပါသည်။

"ဇလပ်ဖြူ တောအိမ်ကလေးက စောင့်မျှော်နေပါ့မယ် ကိုကို"

"မင်းတစ်ယောက်တည်း ဘယ်လိုနေမလဲကွယ်"

"ရပါတယ်၊ ဇလပ်ဖြူကို ရပ်ဆွေရပ်မျိုးတွေက စောင့်ရှောက်ကြပါလိမ့်မယ်"

တားမရသည့် သူကလေးကို ဘာမှမပြောတော့ဘဲ လွှမ်းညီညီ ကိုယ့်လည်ပင်းမှ မိဘအမွေဆွဲကြိုးလေးကိုဖြုတ်ပြီး ဆွဲပေးတော့ သူကလေးက လက်မခံပါ။ ခေါင်းကိုညင်သာစွာခါရင်း သူ့လက်များကို တွန်းထုတ်လိုက်ပါသည်။

"ဇလပ်ဖြူအတွက် ဘာမှမလိုအပ်ပါဘူးကိုကိုရယ်။ ကိုကိုအရှမ်းခံစားနေရရင် လိုက်မပို့နဲ့တော့နော်။ ဇလပ်ဖြူ သွားတတ်ပါတယ်။ ရန်ကုန်မန္တလေးကားကိုစီး၊ လမ်းမှာဆင်းမယ်၊ ရွာကိုနည်းနည်းလောက် ဆက်သွားလိုက်ရင် ရပါပြီ"





"ဒါဆို ဇလပ်ဖြူ အားလုံးကိုသတိရပြီပေါ့နော်"

သူ ဇလပ်ဖြူကို စိုးရိမ်စွာမေးတော့ သူကလေးက အပြုံးနွမ်းနွမ်းနှင့် . . .

"ဇလပ်ဖြူ မရူးပါဘူးကိုကိုရယ်၊ အားလုံးကို သတိရနေပါပြီ" တဲ့။

ဘုရားရေ! သူဟာ သူ့အစ်ကိုကျော်မျိုးအောင်မဟုတ်တာရော သတိရသွားပြီလား။ ဒါတော့ သတိမရသေးဘူးထင်ပါသည်။ သူကလေးရဲ့ဘဝမှ ဒါလေးတစ်ခုတော့ ဆုပ်ကိုင်ထားဆဲဖြစ်မည်။ သူမရဲ့အစ်ကို ဘယ်တော့မှမသေ။

"ဇလပ်ဖြူသွားတော့မယ် ကိုကို။ ကိုကို့ကို ညီမလေးကန်တော့ခဲ့ပါတယ်"

ကျောပိုးအိတ်လေး ဘေးချကာ သူကလေး ကိုယ့်ကိုကန်တော့လျှင် လွှမ်းညီညီ မျက်ရည်တွေ ကျရပါပြီ။ တကယ်လည်း သူကလေးကို သူဘယ်လိုမှလိုက်ပို့နိုင်မည်မဟုတ်တော့ပါ။

သူ့အသည်းနှလုံးတွေ ချုံးချုံးကျနေရပါပြီ။ သူ ဇလပ်ဖြူကို ငွေငါးထောင်တန်နှစ်ထုပ်ပေးပေမယ့်လည်း သူမ မယူပါ။ သူ့ထံမှ ဘာကိုမှမယူ။

"ရပါတယ်ကိုကို၊ ဇလပ်ဖြူမှာ လမ်းစရိတ်ရှိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဘာမှပေးလို့မရ၊ ဘာမှတားလို့မရသည့်ကောင်မလေးကို သူကျောခိုင်းလိုက်မိတာ၊ ကိုယ့်မျက်ရည်တွေ သူကလေးမြင်သွားမှာစိုးလို့ပါ။

အချစ်ငှက်ကလေးရေ. . .

မင်းနားခိုခဲ့တဲ့ ဒီရင်ခွင်ကိုစွန့်ခွာပြီး မင်းလိုရာအရပ်ကို ပျံသန်းသွားလိုက်ပါ။

ဟိုး. . . အဝေးဆုံး တိမ်ညွှန့်တွေရှိတဲ့အရပ်ထိ။

"ထက်ရှားကို လိုက်ပို့နိုင်းလိုက်မယ်"

ထိုစကားတစ်ခွန်းကို အနိုင်နိုင်ပြောရင်း သူ ထက်ရှားဆီ ဖုန်းနှင့်ညွှန်ကြားလိုက်ပါသည်။

ဇလပ်ဖြူ မျက်ရည်များကို ပြောင်စင်အောင်သုတ်ပြီး ကိုကိုကြီးကိုကျောခိုင်းထွက်ခွာလာခဲ့ပါသည်။ သူမ လှေကားရင်းရောက်တော့ ဧည့်ခန်းထဲမှာ စုပြုံတိုင်ပင်နေကြဟန်ရှိသည့် ဒေါ်မြမြသင်းနှင့်အဖွဲ့မှာ အံ့အားတသင့်။

"ဇလပ်ဖြူ ဘယ်သွားမလို့လဲ"

"ကျွန်မ တောပြန်တော့မယ်"

"ဟင်!"

"ဟာ!"





"အို!"

အာမေဋိတ်သံပေါင်းစုံ ထွက်သွားပြီး မယုံကြည်နိုင်သည့်ရုပ်များက ဇလပ်ဖြူကို ပြူးပြဲကြည့်လျက်။

"လွှမ်းညီညီသိလား"

"သိပါတယ်၊ သူ့ကို ကျွန်မနှုတ်ဆက်ခဲ့ပါပြီ၊ ကန်တော့ခဲ့ပါပြီ"

"ဩော်. . . ကြည်ကြည်ဖြူဖြူပဲလွှတ်သလား"

"ဟုတ်ကဲ့၊ လွှတ်ပါတယ်"

"ဘာတွေ ပေးလိုက်ကမ်းလိုက်သေးသလဲ"

ဒေါ်မြမြသင်းပုံစံက ဖြစ်နိုင်လျှင် ဇလပ်ဖြူရဲ့ကျောပိုးအိတ်ကို မွှေနှောက်ရှာဖွေချင်သည့်ပုံ။ ဇလပ်ဖြူ ဘာမှရှင်းချက်ထုတ်မနေချင်တော့ပါ။ လူဆိုတာ ကိုယ့်စိတ်နှင့်နှိုင်းတတ်တာမျိုးမို့ ဒေါ်မြမြသင်းလိုလောဘသမားက လောဘအတွေး တွေးမှာမလွဲ။

"နေစမ်း! ငါရှာဦးမယ်။ နင်ဒီလိုလွယ်လွယ်ထွက်သွားချင်လို့ ဘယ်ရမလဲ"

တကယ့်ကို ရုပ်ပျက်ဆင်းပျက်နှင့် ဇလပ်ဖြူရဲ့အိတ်ကို ဆွဲယူကာ မွှေနှောက်ရှာဖွေနေလေ၏။ သူ့ထင်သလိုဘာမှမတွေ့



www.burmeseclassic.com

www.burmeseclassic.com



ရသည့်အခါ ဇလပ်ဖြူကို မျက်မှောင်ကြုတ်ကြည့်ပြန်သည်။

''နင့်ကို ဘာမှလည်းမပေးလိုက်ပါလား။ မှန်းစမ်း! လူကိုယ်မှာများ ဝှက်ထားသလား''

''ဒါဟော့ အန်တီတရားလွန်နေပြီ။ ကျွန်မ သည်းမခံနိုင်တော့ဘူး။ လူတိုင်းကို ကိုယ့်စိတ်နဲ့မနှိုင်းနဲ့လေ''

''အောင်မာ! နင့်လိုအတန်းအစားကများ''

သူမတို့ ဝရုန်းသုန်းကားဖြစ်တော့မည့်ဆဲဆဲ၊ ထက်ရှားညှိခန်းထဲသို့ဝင်လာပြီး ဇလပ်ဖြူကိုဆွဲခေါ်သွားခဲ့သည်။

''အန်တီ စိတ်လျှော့၊ ဇလပ်ဖြူက သွားတော့မယ့်လူ။ သူ့စိတ်အနှောင့်အယှက်မဖြစ်ပါစေနဲ့''

''မင်းကရော''

''ဆရာလိုက်ပို့နိုင်းလို့ လိုက်ပို့လိုက်ဦးမယ်''

''ဒီလိုအောက်တန်းစားများ တယုတယလိုက်ပို့နေသေးတယ်''

ဒေါ်မြမြသင်း ဒေါတွေဖောင်းနေဆဲ ထက်ရှားက ဇလပ်ဖြူကို ကားတံခါးဖွင့်ပေးပြီး သူလည်းတက်ကာ၊ ကားမောင်းထွက်ခဲ့သည်။

သူ့ကားပေါ်မှာ မျက်ရည်တွေ တစ်စက်ချင်းစီးကျနေ





သည့်ဇလပ်ဖြူကို ထက်ရှား ကားမှန်မှတစ်ဆင့် မြင်နေရပါသည်။ သို့သော် သူဟာ သူ့ကို အရင်လိုစကားတွေမပြောတော့ပါ။

အေးလေ. . . ငါလို သူတို့ရဲ့ပိုက်ကွန်မှာ မိသွားတဲ့သားကောင်ကို ဇလပ်ဖြူ ဘယ်စကားပြောချင်တော့မလဲ။

သူ့ရင်ထဲ နင့်နေရပေမယ့် ဇလပ်ဖြူ ယခုလို သူ့ရွာသို့ပြန်ခြင်းဟာ ကောင်းသောအလားအလာပါ။ နို့မို့ သူ့မျက်စိအောက်မှာပင် ဒေါ်မြမြသင်းကြီးက ဇလပ်ဖြူကို ပျက်စီးအောင်ကြံစည်မှာမလွဲ။

တစ်လမ်းလုံး ဇလပ်ဖြူ သူ့ကိုစကားတစ်ခွန်းမှမပြောတာတော့ ထက်ရှား ခံစားရပါသည်။

သူကတော့ သူ့ဆရာ လှမ်းညွှန်ကြားသည့်အမိန့်တွေကိုနာခံရင်း ဇလပ်ဖြူကို သူမရဲ့မုန်းချောင်းနံဘေးက ရွာကလေးဆီသို့ လိုက်ပို့ခဲ့ရပါသည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၂၁

**ဇလပ်ဖြူ...**

မုန်းချောင်းနံဘေးက ရွာကလေးသူ...

ယခုတော့ သူမတို့မောင်နှမရဲ့ပိုင်ဆိုင်ခဲ့ဖူးတဲ့အိမ်ကလေးမှာ သူမတစ်ယောက်တည်းပါ။

လုံခြုံသည့်သစ်သားလေးပင်အိမ်၊ ခြေတံရှည်ကလေးရဲ့အောက်မှာ သူမရဲ့ဝက်ကလေးတွေ၊ ကြက်ကလေးတွေလည်း တိုးပွားလို့။ သူမရဲ့သူငယ်ချင်းကျော်ထက်နှင့် ငွမ်းပုံတို့မောင်နှမက အစာလာကျွေးပေးထားကြသည်လေ။

"နင်လိုက်သွားတဲ့ သုံးလလုံးလုံး ငါတို့အစာကျွေးထားရတာ၊ နင့်ဝက်တွေရောင်းရခါတောင် နီးနေပြီ။ ဝက်ရောင်[illegible]



www.burmeseclassic.com

www.burmeseclassic.com



တော့ ငါ့ကို ဂျော်ဒန်းဖိုတစ်ထည် ဝယ်ပေးရမယ်။ ဒါပဲ''

ကျော်ထက်နှင့်ဂွမ်းပုံက ဇလပ်ဖြူတို့ခြံနှင့်ကပ်လျက်မှာ နေတာပါ။ သူတို့မောင်နှမက ရှစ်တန်းနှင့်ကျောင်းထွက်ပြီး ရွာမှာပင် ရွာအလုပ်တွေလုပ်ကာ အသက်မွေးဝမ်းကျောင်းကြသည်။ ဇလပ်ဖြူအတွက်ဆို အလွန်အားကိုးရသည့်သူငယ်ချင်းတွေပါ။

''နင်ကလည်း ဂျော်ဒန်ဖိုတစ်ထည် နှစ်သောင်းလောက်ပေးရတာကြီး။ ငါ့သူငယ်ချင်းခမျာ သေရောပေါ့ဟဲ့''

''အောင်မာ! ဂွမ်းပုံ၊ နင်က သူငယ်ချင်းနဲ့အစ်ကိုဆို ဘယ်သူ့ပိုခင်တာလဲ''

''မေးနေစရာလိုသေးလား၊ သူငယ်ချင်းပိုခင်တာပေါ့''

''ခွေးမ! နင်တော့ နေနှင့်ဦး''

''နေတာပဲ၊ နင်ဟာလေ. . . နေရာတကာ အကျိုးမျှော်တယ်။ ဘယ်နေရာမဆို စေတနာရှေ့တန်းမတင်ဘူး''

''အောင်မယ်! အရူးက တစ်မူးသာလို့၊ အဲဒါပေါ့၊ ခွေးပါးစပ်က နတ်စကားထွက်ဆိုတာ''

သူတို့မောင်နှမက အဲဒီလို၊ အထက်အောက် မောင်နှမမို့ တစ်ယောက်နှင့်တစ်ယောက် စဖို့နောက်ဖို့သာ။

ဇလပ်ဖြူပြန်လာတော့ ရွာထဲကလူတွေ လာကြပေမယ့်





ထက်ရှားက သူတို့မောင်နှမကို တိုးတိုးတိတ်တိတ် တာဝန်ပေးခဲ့သည်မို့ နောက်ကြောင်းတွေ ဘယ်သူမှဖြန့်မပြောရပါ။

နောက်ဆုံး ဇလပ်ဖြူနားမှာ သူတို့မောင်နှမပဲရှိတော့သည်။ ဂွမ်းပုံတို့အိမ်က လယ်၊ ကိုင်းလုပ်သည်၊ မွေးမြူရေးလည်းလုပ်သည်။ သားအမိသားအဖလေးယောက် စားလောက်သောက်လောက်သည်ပါပဲ။

ဇလပ်ဖြူတို့မောင်နှမကတော့ ခြံထဲမှာ နှစ်ရှည်ပင်တွေက ဝင်ငွေရသလို မွေးမြူရေးလည်းလုပ်သည်။ နောက်တော့ အစ်ကိုက အပြင်အလုပ်တွေလည်း လုပ်ပါသည်။

သူမအပေါ် သိပ်ချစ်ခဲ့သည့်အစ်ကိုဟာ ယခုကျ ငွေနောက် ကောက်ကောက်ပါပြီး မြို့မှာအလုပ်လုပ်နေခဲ့ပြီ။ နောက် ဒေဝဒတ်လိုအသင်းအပင်းတွေနှင့် သူ့မှာ။

ဇလပ်ဖြူဘဝမှာ အပျော်ဆိုတာတွေ ကုန်ဆုံးခဲ့ပြီ။ လူ့ဘဝဆိုတာ မသေခင် ဖြတ်ကျော်ရမည့်ဇာတ်ခုံကြီးတစ်ခုပေါ့။ သေရင်လည်း ပြီးတာပဲ။ မသေခင်မှာ ရိုးသားအေးဆေးစွာ ဖြူစင်စွာ ဘဝကိုကျော်ဖြတ်လိုက်မည်။ ကြီးကြီးကျယ်ကျယ်တွေ မတွေးဘဲ သမရိုးကျဖြတ်ကျော်သွားရင်လည်းဖြစ်သည်။

ဒီလိုပဲ ခြံထဲမှာ ကြက်စာကျွေး ဝက်စာကျွေး အပင်တွေ



www.burmeseclassic.com

www.burmeseclassic.com



စိုက်၊ သမိုင်းဦးဘုံမြေခေတ်လိုပဲ သစ်သီးခူးရင်း သူမဘဝကိုရှင်သန်တော့မည်။

ညဘက်မှာ ဂွမ်းပုံက လာအိပ်ပေးသည်။ နေ့ဘက်မှာတော့ သူတို့မောင်နှမလည်း အလုပ်တွေလုပ်နေကြတာပေါ့။ ဒီနေ့တော့ မနက်ကတည်းက ထမင်းတစ်အိုးတည်ထားလိုက်ပြီး၊ ဟင်းကတော့ ခြံထဲမှာစိုက်ထားသည့်ဗူးစင်မှ ဗူးညွန့်ကြော်။

လွမ်းညီညီထံမှပြန်လာကတည်းက ဇလပ်ဖြူ စကားတွေ နည်းသွားလိုက်တာ ယခုဆို စကားပင်လုံးဝပြောချင်စိတ်မရှိတော့။ သူမမျက်လုံးထဲမှာ အစ်ကိုကျော်မျိုးအောင်ရော၊ လွမ်းညီညီပါ ရောထွေးယှက်လိမ်နေကြသည်။ ဝေဝါးနေကြသည်။

အစ်ကို သူမနောက်ကို ဘယ်တော့လိုက်လာမှာလဲ။ ရင်ထဲမှာ စူးစူးနင့်နင့်လွမ်းလိုက်ရတာ။

အစ်ကိုရေ. . .

ငါတို့မောင်နှမတွေ ဘာဖြစ်လို့ပိုပြီးချစ်ကြရတာလဲ။

ဆိုင်ကယ်မမှောက်ခင်ကအထိ နှမကို မျက်နှာသာလုံးဝမပေးခဲ့တဲ့အစ်ကိုဟာ. . .

သေတွင်းထဲက လွတ်လာကြရလို့များ ပိုပြီးချစ်သွားရတာလား. . .





အစ်ကိုကျော်မျိုးအောင်ဟာ ရန်ကုန်ရောက်မှ သူမကို ငံ့ထားမတတ်ချစ်တာ၊ အရိပ်တကြည့်ကြည့်ရှိနေခဲ့တာတွေကြောင့်လား. . .

သို့သော် သူမဦးနှောက်ထဲမှာ ဝေဝေဝါးဝါး။ ရုပ်ရှင်တွေထဲကလို အစ်ကိုဟာ နှစ်ကိုယ်ခွဲဖြစ်သွားလိုက်၊ တစ်ကိုယ်တည်းဖြစ်သွားလိုက်။

ဘာပဲဖြစ်ဖြစ် တစ်ဦးတည်းသော သွေးရင်းသားရင်း အစ်ကို့ကို ဇလပ်ဖြူ အလွန်အင်မတန်ချစ်ပါသည်။ အမြဲလွမ်းနေရပါသည်။ ဒေါ်မြမြသင်းတို့အုပ်စုကိုကြောက်လွန်းလို့ သူမ ပြန်ပြေးခဲ့ရပေမယ့် ဇလပ်ဖြူရင်ထဲမှာ အသည်းအူတွေမရှိတော့သလို အရမ်းခံစားရပါသည်။

မသိစိတ်နှင့်ရော၊ သိစိတ်နှင့်ပါ ရန်ကုန်မှာကျန်ခဲ့သည့် အစ်ကို့ကို ဇလပ်ဖြူအလွန်အင်မတန် အောင်းမေ့ရပါသည်။

တစ်နေ့တစ်နေ့ ရှိသည့်အလုပ်ကလေးများကို လုပ်ကိုင်ပြီးသည်နှင့် ဇလပ်ဖြူ အစ်ကို့ကိုထိုင်လွမ်းနေရသည်မှာ စုစုပေါင်း ဆယ်ရက်တောင်ရှိပါပြီကော။

ညဘက်မှာဆိုရင်လည်း ကျော်ထက်နှင့်ဂွမ်းပုံတို့မောင်နှမကို ရန်ကုန်မှာနေရပုံတွေ၊ အစ်ကိုကြီးကျော်မျိုးအောင်က ဂရု



www.burmeseclassic.com

www.burmeseclassic.com



စိုက်ပုံတွေကိုပြောပြရတာ အမော။

ထက်ရှား အကျိုးအကြောင်းပြောပြခဲ့သဖြင့် ငြိမ်နေကြရသော်လည်း ကျော်ထက်နှင့်ဂွမ်းပုံတို့မောင်နှမမှာ အသည်းတွေယားနေကြရ၏။ ကျော်ထက်က အဆိုးဆုံး။

“ဟဲ့! နင့်ကို အဲဒီလူက တအားချစ်တာပဲလား”

“ချစ်တာပေါ့ဟဲ့၊ အဝတ်အစား အသုံးအဆောင် ရွှေငွေကအစ လိုလေသေးမရှိဘဲ။ နေစမ်းပါဦး၊ နင်က ငါ့အစ်ကိုကို အရင်လို အစ်ကိုလို့မခေါ်ဘဲ ဘာဖြစ်လို့ အဲဒီလူလို့ခေါ်ရတာလဲ”

ဇလပ်ဖြူမကျေမနပ်ပြစ်ပြီး နှုတ်ခမ်းစူ မျက်မှောင်ကြုတ်လေတော့မှ ကျော်ထက် လျှော့ချရမြဲ။

“ငါအသည်းယားလို့ပါဟာ၊ သူက ပိုက်ဆံရှိတော့ ဒါတွေဝယ်ပေးတာမဆန်းပါဘူး။ ငါ့မှာ ပိုက်ဆံရှိရင်လည်း နင့်ကို ဝယ်ပေးချင်တာပဲ”

“အပိုတွေ၊ နင်က ငါ့ဝက်ဖိုးထဲကတောင် အကျႌဝယ်ချင်နေတဲ့ကောင်”

“ဟ! ဒါက သဘောပြောတာပါ။ နင့်ဝက်ရောင်းရင် ငါမယူပါဘူး”

သူတို့နှစ်ယောက် စကားတွေများတိုင်း ဂွမ်းပုံက ဖြန်ဖြေ





ပေးရမြဲ။

“ကဲ! တော်ပါတော့ ယောင်းမရယ်၊ အစ်ကိုက နင့်ကို စေတနာရှိတာ နင်လည်းသိသားနဲ့”

“ငါ့ကိုယောင်းမ ယောင်းမနဲ့ မခေါ်စမ်းနဲ့ဟာ။ နားကြားပြင်းကပ်လွန်းလို့”

“မခေါ်နဲ့ ဂွမ်းပုံရေ့၊ သူက ရန်ကုန်သားမှယူမှာ။ ငါတို့လိုတောသားကို စိတ်တောင်ကူးမှာမဟုတ်ဘူး”

ညဘက် စကားများကြပေမယ့် ကျော်ထက်နဲ့ဂွမ်းပုံဟာ သူမအပေါ် အမြဲစောင့်ရှောက်လျက်ပါ။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၂ )

ဇလပ်ဖြူပြန်ရောက်တာ နှစ်ပတ်မြောက်သည့် ညနေစောင်းမှာတော့ တစ်စီးလုံးဖုန်တွေဖွေးနေပြီး အမြန်မောင်းချလာသည့်ကားလေးတစ်စီး ဇလပ်ဖြူခြံထဲသို့ ကမူးရှူးထိုး ထိုးဆိုက်လာခဲ့သည်။

ကားတံခါးဖွင့်လိုက်တော့ ထက်ရှား။

''ဟင်! ကိုထက်ရှား၊ အစ်ကိုဘာဖြစ်လို့လဲဟင်၊ ကိုကိုဘာဖြစ်လို့လဲ''

ဘဝပေးအသိအရ ဇလပ်ဖြူ အိမ်ပေါ်မှပြေးဆင်းလာခဲ့ပြီး အမောတကောမေးမိလျှင် ထက်ရှားအသွင်ကလည်း ချွေးတွေသံတွေနှင့်။



www.burmeseclassic.com

www.burmeseclassic.com



''ဆရာ လုပ်ငန်းခွင်မှာ အက်ဆီးဒင့်ဖြစ်လို့''

''ရှင်! ဘယ်လို ဘယ်လို''

အစ်ကိုလုပ်နေတာ ဆောက်လုပ်ရေးကုမ္ပဏီမို့ ဇလပ်ဖြူ ပြာခနဲဖြစ်သွားရသည်။ ဘုရား! ဘုရား! အကြီးစားဆောက်လုပ်ရေးလုပ်ငန်းတွေမို့ ကရိန်းတွေ သံဘောင်တွေနဲ့လုပ်တာလေ။

''ဟုတ်တယ်၊ ဆရာ့နား ကရိန်းပြုတ်ကျတာ''

''ရှင်!''

စကားတောင်မဆုံးသေး၊ ဇလပ်ဖြူရင်ထဲ အလုံးကြီး တက်ဆောင့်ပြီး ဦးခေါင်းတစ်ခုလုံး ကိုယ့်အပေါ် ကရိန်းပြုတ်ကျခံလိုက်ရသလို သူမ ခေါက်ခနဲလန်ကျသွားပေပြီ။

''လာကြပါဦး. . . လာကြပါဦး''

ထက်ရှားအော်လိုက်တော့ သူ့ကားဝင်လာကတည်းက အပြေးရောက်လာကြသည့်ကျော်ထက်တို့မိသားစု အနားသို့ရောက်လာကြပြီး ဇလပ်ဖြူကို ခြေမချိုးကြ၊ ရင်ဘတ်ဖိကြနှင့် တတ်သမျှ မှတ်သမျှပြုစုကြသည်။

''ဘာဖြစ်တာလဲ၊ ခင်ဗျားဘာတွေပြောလိုက်လို့လဲ''

''သူ့အစ်ကို. . . အဲ! သူက သူ့အစ်ကိုလို့ထင်နေတဲ့ ကျုပ်ဆရာ ကရိန်းပြုတ်ကျတာ ပြောလိုက်တာ''





''တောက်! ခင်ဗျားဗျာ၊ ခင်ဗျား ဘာအကြံအစည်တွေနဲ့ရောက်လာတာလဲ။ အဲဒီလူဘာဖြစ်ဖြစ် ဇလပ်ဖြူနဲ့ဆိုင်လို့လားဗျ''

ကျော်ထက် ဒေါသတွေထွက်နေလျှင် ထက်ရှားရှင်းပြရသည်။

''ကျွန်တော်က သဘောရိုးနဲ့ပါဗျာ၊ ဆရာနဲ့ဇလပ်ဖြူက သံယောဇဉ်ကြီးကြတော့ သူ့အကူအညီလိုလို့ပါ''

''ခင်ဗျားဆရာကရော ကရိန်းပြုတ်ကျတာတောင် စိစိညက်ညက်မကျေသေးဘူးလား''

''ကရိန်းက သူနဲ့လွတ်ပါတယ်၊ ဒါပေမဲ့. . . အဲဒီအရှိန်ကြောင့် ဆရာ့နား ပင်းသွားတယ်။ မျက်စိလည်းမမြင်တော့ဘူး။ ဝိုးတိုးဝါးတားလေးပဲမြင်ရတော့တယ်။ အမှုန်တွေဝင်တာပေါ့''

''ဟင်! အဲဒီဒုက္ခတကြီးကို ဇလပ်ဖြူက ဘာလုပ်ပေးရမှာလဲ။ သူ့အစ်ကိုရဲ့ယောက္ခမတွေ အိမ်မှာ တစ်လှေကြီးမဟုတ်လား''

''အဲဒါတွေက ဆရာ့ကိုသေသွားရင် ပိုသဘောကျမှာပါဗျာ။ ဒါကြောင့် ဇလပ်ဖြူကို ကျွန်တော်လာခေါ်တာပါ''

ထက်ရှားရှင်းပြနေဆဲ ဇလပ်ဖြူသတိပြန်လည်လာပြီဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် အားလုံးကြားလိုက်ရပါသည်။

ဖြစ်မှဖြစ်ရလေ အစ်ကိုရယ်. . .

နားလည်းမကြား၊ မျက်စိလည်းမမြင်တော့ဘူးတဲ့။ မျက်ရည်တွေ ပြိုဆင်းလာရင်း ဇလပ်ဖြူ ရှိုက်ကြီးတငင်ငိုမိလေပြီ။

''ကျွန်မ အစ်ကို့ကို လိုက်ပြီးပြုစုပေးပါ့မယ် ကိုထက်ရှားရယ်။ ဒါပေမဲ့ ဒေါ်မြမြသင်းတို့အဖွဲ့ရဲ့ရန်ကိုလည်း ကြောက်ပါတယ်''

''မကြောက်နဲ့တော့၊ စိတ်ချ။ သူတို့က အိမ်ကြီးပေါ်မှာနေပြီး ဆရာ့ကို ခြံနောက်ဘက်က အိမ်ကလေးမှာ သွားထားတယ်လေ''

''ရှင်ကရော သူတို့လူပဲမဟုတ်ဘူးလား။ ကျွန်မကိုလာခေါ်တာရော စေတနာဆိုးနဲ့လား၊ စေတနာကောင်းနဲ့လား''

ဇလပ်ဖြူက ခပ်ဘွင်းဘွင်းပင် ပြောချလိုက်လျှင်၊ ထက်ရှား စိတ်ထိခိုက်သွားပုံရလေသည်။

''ကျွန်တော် သူတို့ကိုမလွန်ဆန်နိုင်ပေမယ့် ကျွန်တော် လူမိုက်ကြီးမဟုတ်ပါဘူး ဇလပ်ဖြူရယ်။ နောက် အလုပ်က သက်သေပြသွားပါလိမ့်မယ်''

''အခု ကျွန်မကိုလာခေါ်တာရော သူတို့သိလား''





''သူတို့လွှတ်လို့လာတာပါ၊ ဒါပေမဲ့ ကျွန်တော့်သဘောလည်းပါပါတယ်။ သူတို့က ဒုက္ခိတဖြစ်နေတဲ့ဆရာ့ကို မကြည့်ချင်၊ လုပ်ကိုင်မပေးချင်တော့ဘူးလေ။ ဒါကြောင့် ဇလပ်ဖြူကို ခေါ်ခိုင်းလိုက်ကြတာ''

''အချိန်မရှိတော့ဘူး။ မနက်ကျမှပြန်ကြပေတော့။ ဦးလေးတို့ကတော့ ဇလပ်ဖြူကို တစ်ယောက်တည်းမထည့်ချင်ဘူး။ ကျော်ထက်တို့မောင်နှမပါ စောင့်ရှောက်ရအောင် ထည့်ပေးချင်တယ်။ နေစမ်းပါဦး၊ မောင်တို့က သူဌေးတွေပဲ၊ လူနာကိုကုမပေးကြဘူးလား''

ကျော်ထက်အဖေ ဦးအောင်ထက် သူ့သဘောထားကို ဝင်ဆွေးနွေးလျှင် ထက်ရှားမျက်နှာပျက်ရပြန်သည်။

''လူနာက လူနာရှင်မရှိဘူးလေ။ သူ့ကို စနစ်တကျကုသပေးဖို့ဆိုတာ စေတနာနဲ့လမ်းညွှန်ဦးဆောင်မယ့်သူလိုတယ်''

''မောင်ကရော''

ထက်ရှား သက်ပြင်းရှည်ကြီးချရသည်။ သူလည်း ဒေါ်မြမြသင်းရဲ့မာယာထောင်ချောက်ထဲမှာ မိသွားခဲ့ရပြီမဟုတ်လား။ မြခွန်းဆက်ရဲ့အရုပ်တစ်ရုပ်ဖြစ်ခဲ့ရသည့်ဘဝ။

''ကျွန်တော်က ဆရာ့လူ သူတို့တက်သားဖြစ်နေရတော့



www.burmeseclassic.com

www.burmeseclassic.com



စိတ်သွားတိုင်း ကိုယ်မပါဘူးဖြစ်နေရတယ်၊ ဒီတော့ ဒီလိုလုပ်ပါ။ ဇလပ်ဖြူနဲ့အတူ ကိုကျော်ထက်တို့မောင်နှမပါ ရန်ကုန်လိုက်ခဲ့ပါ။ ကျွန်တော် ဆရာ့ကိုကုဖို့ နည်းပေးလမ်းညွှန်ပြသပါ့မယ်။ အဲ! တစ်ခုတော့ရှိကယ်၊ ကိုကျော်ထက်တို့မောင်နှမက အခုအတူလိုက်ခဲ့ရပေမယ့် အိမ်ကိုအတူဝင်လို့တော့မဖြစ်ဘူး။ နှစ်ရက်လောက်ကြာမှ စိတ်မချတဲ့ပုံစံမျိုးနဲ့ နောက်ကလိုက်လာကြတဲ့ပုံစံမျိုးလုပ်ရမယ်''

ထက်ရှားစကားကို ကျော်ထက်က ခါးခါးသီးသီး။

''မဖြစ်ပါဘူး၊ ဒီနှစ်ရက်အတွင်း အဲဒီအုပ်စုက ဇလပ်ဖြူကို တစ်ခုခုလုပ်ပစ်လိုက်တော့ ဘယ့်နှယ့်လုပ်မလဲ။ အခုပဲ ခင်ဗျား ဖုန်းဆက်လိုက်၊ ဇလပ်ဖြူတစ်ယောက်တည်းဆို မလိုက်ဘူး၊ သူ့ကိုခင်တဲ့ တောသားမောင်နှမနှစ်ယောက်ပါ လိုက်ရမှ လိုက်မယ်လို့ဆက်လိုက်ဗျာ''

ကျော်ထက်၏စကားကို ဦးအောင်ထက်နှင့်ဒေါ်ပုံပုံတို့ကလည်း ထောက်ခံလျှင် ထက်ရှားစဉ်းစားရသည်။ လက်ခံလျှင် တော်ပါသေးရဲ့၊ ကန့်ကွက်ခဲ့လျှင် သူဘာဆက်လုပ်ရမလဲ။

''ကဲဗျာ. . . လိုက်ခဲ့ပေတော့၊ ဟိုကျ အတင်းလိုက်လို့ ခေါ်လာရတာလို့ ပြောလိုက်မယ်''





''ဟုတ်တယ်၊ ကျုပ်တို့မပါဘဲတော့ ဇလပ်ဖြူကိုလုံးဝ ထည့်မပေးနိုင်တော့ဘူး၊ သူ့မှာ အန္တရာယ်ရှိမှန်းသိသိကြီးနဲ့တော့ မထည့်နိုင်ပါဘူးဗျာ။ ဟိုအရပ်မှာ ရွှေထမင်းရွှေဟင်းကြီး စားရစားရ မထည့်ဘူး''

''ဟုတ်ပါပြီ၊ ကဲ! ခင်ဗျားတို့အထုပ်အပိုးသွားပြင်၊ ကျွန်တော်တို့ ခုညပဲ ပြန်မောင်းသွားမှဖြစ်မယ်၊ ဆရာ့ကိုစိတ်မချဘူး''

နောက်ဆုံး ဇလပ်ဖြူ၊ ကျော်ထက်နှင့် ငွမ်းပုံတို့ သုံးယောက် ထက်ရှားနောက်သို့ ညတွင်းချင်းလိုက်ခဲ့ကြရသည်။

※ ※ ※



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ၂၃

ကားရှေ့ခန်းမှာ ထက်ရှားနှင့်ဖလပ်ဖြူ နောက် ဂွမ်းပုံတပါ စီးလို့ရသဖြင့် သုံးယောက်စီးကြသည်။ ကျော်ထက်ကတော့ ကားနောက်ထဲမှာ ဖိမ်နှင့်အိပ်လိုက်လေ၏။

လမ်းမှာ ထက်ရှားက အခြေအနေတွေကို ရှင်းပြသည်။

''ငါ့ကိုအထင်မလွဲပါနဲ့ ဖလပ်ဖြူရယ်၊ ငါ့စိတ်က ဆရာ့အပေါ် ဘယ်တော့မှသစ္စာမဖောက်ပါဘူး''

''ဒါဖြင့် ဘာဖြစ်လို့ အဲဒီအုပ်စုနဲ့ပေါင်းနေရလဲ''

''သူတို့နိုင်းတာလုပ်ပေးရင်း အလိုက်အထိုက်နေတာနဲ့ သူတို့လူလို့ သတ်မှတ်လိုက်ကြတာပါ''

''အတိုင်းအတာမလွန်စေနဲ့ပေါ့ရှင်''



www.burmeseclassic.com

www.burmeseclassic.com



''ငါ သူတို့အဖွဲ့ရဲ့လက်အောက် ရောက်မသွားစေရပါဘူး။ ဘယ်လောက်ပဲ လူယောင် လုယောင် ဖန်ဆင်းထားထား၊ ဘီလူးမဟာ ဘီလူးမပဲပေါ့''

''ဒါဆိုလည်း တော်သေးတာပေါ့ရှင်''

''ဟိုကျရင်လည်း နင်တို့သုံးယောက်က ဆရာနဲ့သွားနေရမှာပါ။ သူတို့အဖွဲ့က အိမ်ကြီးပေါ်မှာ ခြယ်လှယ်နေကြပြီလေ''

''ရှင်ကရော''

''ကိုယ်လည်း ဟိုပြန်ရောက်ရင် ဆိုက်ထဲမှာပဲ သွားနေတော့မယ်။ ဒါမှမဟုတ် ကိုယ့်တိုက်ခန်းမှာဖြစ်ဖြစ်ပေါ့။ ဆရာ့ရဲ့အနားမှာနေချင်ပေမယ့် ဒေါ်မြမြသင်းတို့အုပ်စု မွှေတာနှောက်တာကို ကိုယ်မခံနိုင်တော့ဘူး။ ပြီးတော့ ဖလပ်ဖြူတို့သုံးယောက်ရှိနေမယ်ဆိုရင် ဆရာ့အတွက် စိတ်ချလက်ချရှိပါပြီ။ ဆရာဆေးကုဖို့လည်း ကိုယ်အားလုံးချိတ်ဆက်ပေးထားမယ်။ ဖုန်းနဲ့လှမ်းပြီး ညွှန်ကြားမယ်''

''ရှင့် တကယ်ပြောတာနော်''

ယခုအချိန်ထိ ဖလပ်ဖြူ သူ့ကိုမယုံကြည်မှန်းသိသဖြင့် ထက်ရှားစိတ်မကောင်းဖြစ်ရသည်။ ကိုယ်က လမ်းလွဲလိုက်မိခဲ့တာကိုးလေ။





''တကယ်ပြောတာပါ ဖလပ်ဖြူရယ်၊ ကိုယ်မညာပါဘူး။ ဆရာ့ကျေးဇူးတွေ ကိုယ်အမြဲသတိရနေပါတယ်။ ကိုယ့် ဘယ်တော့မှ ကျေးဇူးကန်းတဲ့အလုပ် လူယုတ်မာအလုပ်မျိုး မလုပ်ပါဘူး''

သူဒီလောက်ပြောနေတော့ ဖလပ်ဖြူအနားမှ ငွမ်းပုံခမျာ ကြားထဲမှအားနာနေရ၏။

''ဟုတ်သားပဲ ဖလပ်ဖြူရယ်၊ နင်ကလည်း အစ်ကို ဒီလောက်ပြောနေမှ ယုံရောပေါ့''

''နင်က ဘာသိလို့လဲ''

ငွမ်းပုံကို လှည့်မာန်လိုက်တော့ ငွမ်းပုံခမျာ ရယ်ရတော့မလို ငိုရတော့မလို။ သူမကတော့ မြို့သားအစ်ကိုဘက်က ရှေ့နေလိုက်မိနေပြီလေ။

ထက်ရှားကလည်း စိတ်သဘောထားဖြူစင်ပြီး ရိုးသားသည့် အရိုးခံမလေး ငွမ်းပုံကို ကျေးဇူးတင်သည့်အကြည့်နှင့် ကြည့်မိသည်။

အရပ်ငါးပေ သုံးလက်မလောက်ရှိပြီး ကျစ်လစ်ဖွံ့ဖြိုးသည့်ကိုယ်လေးက ငါးရံ့ကိုယ်။ မမဆက်လို ရေဆေးငါးကြီးမျိုး မဟုတ်ပေမယ့် ညိုဝင်းစိုပြည်သော အပျိုစင်မလေး၏အရိုးခံအလှ



www.burmeseclassic.com

www.burmeseclassic.com



ကို သူ ပိုပြီးမြင်လာမိပေပြီ။

ပျက်အစဉ် ပြင်ခဏတဲ့။

ငါ သူတို့အုပ်စုရဲ့ညွှတ်ကွင်းမှ ရုန်းထွက်ရမယ်။ သူတို့က ငါ့ကို ပုဆိန်ရိုးအဖြစ်အသုံးချချင်နေတာ။ ငါလွတ်အောင် ရုန်းထွက်ရမယ်။ ဆရာ့ကို ငါအတတ်နိုင်ဆုံး ကူညီရမယ်။

ရှေ့လမ်းစဉ်အတွက် ဆွေးနွေးစရာရှိတာတွေ ဆွေးနွေးကြရင်း မနက်ခုနစ်နာရီလောက်ကျမှ သူတို့ကားလေး ရန်ကုန်သို့ဝင်ခဲ့သည်။

''ဂွမ်းပုံ ဘာမှအားမငယ်နဲ့နော်၊ ဒီမှာ မင်းတို့အဖွဲ့အတွက် ဖုန်းတစ်လုံးယူသွား။ အစ်ကိုကတော့ ဖုန်းနံပါတ်ပြောင်းလိုက်ပြီ။ ဟိုအဖွဲ့နဲ့အဆက်အသွယ်မလုပ်ချင်လို့''

ဇလပ်ဖြူထက်ပင် ဂွမ်းပုံကိုဂရုစိုက်နေတော့ ဇလပ်ဖြူ သဘောပေါက်ရသည်။ အဲဒါလည်းကောင်းတာပဲ။

လွှမ်းညီညီရဲ့တိုက်သို့ ကားရောက်လျှင်ရောက်ချင်း အိမ်ထဲမှထွက်လာသည့်လူအုပ်ကြီးက မနည်းမနော။ ဒေါ်မြမြသက်၊ မြခွန်းဆက်၊ မြခွန်းခြယ်နှင့် ညီညီလင်း၊ ညိုမိလင်းတို့နှစ်ယောက်၊ ယမုန်ယုယကတော့ ဘယ်ရောက်နေသည်မသိ။

ဇလပ်ဖြူနှင့်အတူ ကျော်ထက်နှင့်ဂွမ်းပုံပါ ဆင်းလိုက်





ကြလျှင် အားလုံး၏မျက်နှာတွေ လင်ပုပ်ဖမ်းသလို ညိုမည်းသွားကြသည်။

''ဇလပ်ဖြူတစ်ယောက်တည်း ခေါ်နိုင်းတာ ဘာဖြစ်လို့ လူပိုတွေခေါ်လာရသလဲ မောင်ထက်ရှားရဲ့''

''သူတို့ပါ အတင်းလိုက်လာကြတာ အန်တီ၊ သူတို့နှစ်ယောက်က ဇလပ်ဖြူနဲ့မောင်နှမဝမ်းကွဲတွေ''

''အို. . . ဘာတော်တော်. . . ရှုပ်ရှုပ်ယှက်ယှက်၊ ဇလပ်ဖြူတစ်ယောက်တည်းပဲ လက်ခံနိုင်မယ်။ ကျန်တဲ့နှစ်ယောက်ပြန်''

အိမ်ပေါက်ဝမှာပင် ဒေါ်မြမြသင်း ဘီလူးထွက် ထွက်နေတော့ ကျော်ထက်ကလည်း အညှာကိုင်လိုက်၏။

''ရတယ်လေ၊ ကျုပ်တို့ကလည်း ကိုယ့်နှမကို မျက်နှာလွှဲခဲပစ်မထားခဲ့နိုင်ဘူး။ ပြန်ဆိုလည်း အားလုံးပြန်ရုံပဲ''

ပါလာသည့်အထုပ်အပိုးလေးတွေ ကောက်ကိုင်ပြီး သုံးယောက်သား ကြွက်မြီးတန်းသလို နောက်ကြောင်းပြန်လှည့်ကြတော့ ဒေါ်မြမြသင်း စဉ်းစားရသည်။

ဇလပ်ဖြူကိုအသုံးချပြီး အရင်းတည်ပြီး လွှမ်းညီညီရဲ့ ပစ္စည်းဥစ္စာကိုရယူဖို့ ကြိုးစားရမှာမဟုတ်လား။ ပြီးတော့ ဒီဒုက္ခိတရဲ့ဝေယျာဝစ္စတွေကိုလည်း သူတို့မလုပ်ချင်။ မျက်စိလည်း မမြင်



www.burmeseclassic.com

www.burmeseclassic.com



နားလည်းမကြားတဲ့ဒုက္ခိတကို မပြုစုနိုင်။

''ဟော့! နေကြဦး''

ခါးထောက်ပြီး လှမ်းအမိန့်ပေးသံက မာဂျင်ဂျင်။ သူတို့အစေအပါးကျလို့၊ သို့သော် ဇလပ်ဖြူစိတ်မနာနိုင်။ ဟန်မဆောင်နိုင်။ ကိုကို့ကိုကြည့်ချင်မြင်ချင်လှပါပြီ။

''နင်တို့ကိုမလွှဲသာလို့ လက်ခံလိုက်မယ်။ ဒါပေမဲ့ နင်တို့အားလုံး ဟိုမှာပဲနေရမယ်။ ငါတို့ခိုင်းတာလုပ်၊ ငါတို့ပြောသမျှ နာခံရမယ်။ ထမင်းလည်း ကိုယ့်ဘာသာချက်စားကြ။ နင်တို့အုပ်စုကြီးကို ချက်ပြုတ်ကျွေးမနေနိုင်ဘူး''

''ရတယ်၊ ဒါပေမဲ့ ခင်ဗျားပြောတိုင်းတော့ မနာခံနိုင်ပါဘူး။ နာခံသင့်မှ နာခံမှာပေါ့။ ကျုပ်တို့ကို အမိန့်တွေပေးနေရအောင် ကျုပ်တို့က ခင်ဗျားရဲ့အလုပ်သမားတွေမဟုတ်ဘူး''

ကျော်ထက်ဟာ တောသားရဲ့ ဆွဲထုတ်ဆိုသလိုပါပဲ ဒေါ်မြမြသင်းကို တစ်ခွန်းမကျန် ခံပက်နေတော့ သူ့တူ ညီညီလင်းက လက်သီးဆုပ်ပြီးရှေ့တိုးလာ၏။

''ဟေ့ကောင်! မင်း ရိုင်းလှချည်လား။ အိမ်ရှင်ကို ဒီလိုပဲစော်ကားရသလား။ ထမင်းကျွေးတဲ့လက်ကိုပြန်ကိုက်တာ ခွေးကွ၊ လူမဟုတ်ဘူး''





ကျော်ထက်က ညီညီလင်းထက် ဗလကောင်းပြီး လယ်သမားမို့ ကြံ့ခိုင်သန်စွမ်းပြီးသား။ နပန်းလုံးရလုံးရ တွန်းလှဲရလှဲရ၊ နောက် သိုင်းကားတွေ ချခန်းတွေကြည့်ပြီး မျက်စိရေနားရေက ဝပြီးသား။ ရန်ဖြစ်ကြကြေးဆို လာထားပဲ။

''ဟော့ကောင်! ကိုယ့်စကားပုံ ကိုယ်ပြန်ဆန်းစစ်လိုက်ဦး။ မင်းတို့သာ ထမင်းကျွေးတဲ့လက်ကို ပြန်ကိုက်နေကြတာ။ မင်းတို့ထမင်းရှင်က လွှမ်းညီညီနော်။ ဒီအဒေါ်ကြီးမဟုတ်ဘူး''

''ကဲကဲ. . . တော်ကြတော့၊ ညိုမီလင်း ဒီအုပ်စုကို ဟိုအိမ်ပို့လိုက်။ အဲဒီမှာ ဒုက္ခိတကလည်း ညစ်ပတ်ပေကျံနေတာပဲ။ ကိုရှား. . . လာ၊ အကျိုးအကြောင်းတွေမေးစရာပြောစရာရှိတယ်''

မြခွန်းဆက် ဝင်ဖြတ်လိုက်မှ ပဋိပက္ခက ပြေလည်သွားရသည်။ ဇလပ်ဖြူတို့သုံးယောက်ကို ညိုမီလင်းက နောက်ဘက်အိမ်သို့လိုက်ပို့ပြီး အထဲတောင်မဝင်။

''အဲဒီမှာ ကြည့်လုပ်ကြ၊ ထမင်းဟင်းချက်စားဖို့ အိုးခွက်ပန်းကန်တွေလည်း အဲဒီမှာရှိတယ်။ ကိုယ့်ဘာသာ ဖန်တီးစားသောက်ကြ။ သူ့ဆီက ဘာမှတောင်းမရလုပ်မရလို့ ငါတို့အဖွဲ့ခတောင် တက္ကစီဆွဲစားနေရတာ၊ သူက နားလည်းမကြား၊ မျက်စိလည်းမမြင်တော့ ဘာမှအသုံးချလို့မရဘူး''



www.burmeseclassic.com

www.burmeseclassic.com



မကျေနပ်တာတွေပြောပြီး ညိုမီလင်းပြန်လှည့်သွားတော့ ဇလပ်ဖြူ ရှေ့ဆုံးမှ အိမ်လေးထဲသို့ပြေးဝင်သွားမိသည်။

''အစ်ကို. . . ကိုကို''

အိမ်လေးထဲမှာ ဘယ်နေရာမှရှာမတွေ့သဖြင့် အိပ်ခန်းဟုယူဆရသည့်အခန်းလေးထဲသို့ ဇလပ်ဖြူ တံခါးကိုတွန်းဖွင့်ဝင်လိုက်တော့. . .

''အို! ကိုကိုရယ်''

အနည်းငယ်သော ပွန်းပဲ့ဒဏ်ရာတွေကြောင့် ပလာစတာတွေ ပွနေသလို နှုတ်ခမ်းမွေးတွေ၊ မုတ်ဆိတ်မွေးတွေ ထိုးထိုးထောင်ထောင်။ အဝတ်အစားတွေကလည်း မလဲမဖယ်ထားလို့ တွန့်ကျေပြီး လူကလည်း ပါးရိုးတွေပေါ်၊ မျက်ကွင်းတွေချိုင့်ကာ စုတ်ပြတ်ကျိုးကျေနေလိုက်တာ မကြည့်ရက်စရာ။

ကုတင်ပေါ်မှာ မျက်မှန်မည်းကြီးတပ်ထားပြီး ငုတ်တုပ်ထိုင်နေပုံက ကျောက်ရုပ်ကြီးလို၊ မျှော်လင့်ချက်မဲ့သူလို။ ဇလပ်ဖြူ ငိုရှိုက်ရင်း သူ့ကိုပြေးဖက်လိုက်တော့မှ လှုပ်လှုပ်ရှားရှားဖြစ်သွားကာ. . .

''ညီမလေး. . . ညီမလေး ဇလပ်ဖြူလား''

မျက်စိမမြင်နားမကြားပေမယ့် အနံ့ရနေပြီး၊ စကားပြော





တတ်လို့တော်သေးသည်။ သူ့လိုလူ့အဖိုးတန်တစ်ယောက် ယခုလိုဖြစ်သွားရတာ ဘယ်လောက်ရင်နာစရာကောင်းလှပါသနည်း။

''ကိုကို. . . ဖြစ်မှဖြစ်ရလေ ကိုကိုရယ်''

ဇလပ်ဖြူကလည်း ရင်ထုမနာဖြစ်ရလွန်းလို့ သူ့ကိုပျောက်ပျက်သွားမှာ စိုးတာရော၊ လွမ်းလွန်းလို့ရော အားပါးတရဖက်ထားမိသလို. . .

လွမ်းညီညီကလည်း သူ့ရင်ဘတ်ထဲမှ နှလုံးသည်းပွတ်ကို ယခုမှပြန်တွေ့ရသည့်အလား၊ သူ့မျှော်လင့်ချက်တွေ ပြန်လည်ရှင်သန်လာသည့်အလား။

''ညီမလေး. . . ညီမလေးရယ်''

နှုတ်မှ တဖွဖွရွတ်ဆိုရင်း တုန်ရီဖျော့တော့သောလက်များနှင့် အားပါးတရပြန်ဖက်ထားရုံတင်မက၊ သူမရဲ့မျက်နှာလေးတစ်ခုလုံးအနှံ့ အငမ်းမရမွှေးရှိုက်နေလေ၏။

သည်စဉ် နောက်မှရောက်လာသည့်ကျော်ထက်နှင့် ငွမ်းပုံမှာ အံ့အားကြီးသင့်လို့၊ သူတို့နှစ်ယောက်ရဲ့သံယောဇဉ်အတိုင်းအတာထုထည်ကို မြင်လိုက်ရပေမယ့် ကျော်ထက် နှမြောတွန့်တိုနေမိသည်။

''ဟ! ဇလပ်ဖြူ၊ ဒါနဲ့ နင်တို့နှစ်ယောက်က မောင်နှမ



www.burmeseclassic.com

www.burmeseclassic.com



ဆို။ မောင်နုမဆိုတာ အဲဒီလိုဖက်ရနမ်းရလို့လား။ နင်တို့တော့ မိုးကြိုးပစ်တော့မှာပဲ''

သူတို့နှစ်ယောက်က အခန်းဝမှာ။ ကိုကိုကမှ သူတို့ကို မြင်လည်းမမြင်၊ အသံလည်းမကြားလေရာ ဇလပ်ဖြူကို အတင်းကြီးဖက်ထားတာလည်းမလျှော့။ နမ်းနေတာလည်းမရပ်ပါ။

ဇလပ်ဖြူကသာ ခဏတွန်းဖယ်၊ ရပ်တန့်စေပြီး မျက်ရည်လည်ရွှဲနှင့် စကားပြန်ပြောရသည်။

''ကိုကိုဟာ ငါ့အစ်ကိုကြီးကျော်မျိုးအောင်မဟုတ်ကြောင်း ရွာကိုပြန်ရောက်ကတည်းက ငါကိုယ်တိုင်ခံစားသိရှိသွားခဲ့ရပါပြီ။ ငါလေ၊ ငါ့ရဲ့မသိစိတ်က တစ်ယောက်တည်းရှိတဲ့အစ်ကိုကို မစွန့်လွှတ်နိုင်တဲ့အတွက် အစ်ကိုမသေဘူးရယ်လို့ စိတ်ထဲစွဲနေ ထင်ယောင်ထင်မှားဖြစ်နေပေမယ့် သောက်ရတဲ့ဆေးဝါးတွေရယ်၊ ထိတွေ့သိရှိလာရတဲ့ပတ်ဝန်းကျင်တွေရယ်ကြောင့် ကိုကိုဟာ ငါ့အစ်ကိုမဟုတ်ကြောင်း ငါလက်ခံသိရှိပါပြီ''

''ဟင်! ဒါဆို ငါတို့က ငပေါကြီးတွေလား။ သူ့ကို နင့်အစ်ကိုမဟုတ်မှန်းသိရင်လည်း ထားခဲ့တော့လေ။ ငါတို့က နင့်စိတ်ကလေး ပျက်စီးထိခိုက်သွားမှာစိုးလို့ နင့်စိတ်တိုင်းကျ ပါရမီဖြည့်ရအောင် ကူညီရအောင် လိုက်လာခဲ့ကြတာ။ နင့်အစ်ကို





မဟုတ်မှန်းသိရင်လည်း သူဘာဖြစ်ဖြစ်ပေါ့။ ငါတို့ပြန်ကြရအောင်၊ ရွာပြန်ကြရအောင်။ ဒီမှာနေရမှာ စိတ်မသန့်ပါဘူးဟာ။ ဒီကလူတွေ ကြိုးဆိုပုံက နင်မြင်တဲ့အတိုင်း။ ငါတို့ကို ခွေးတွေလိုမောင်းထုတ်ကြတာ။ ခွေးတွေလိုသဘောထားကြတာ''

ကျော်ထက် ဒေါနှင့်မောနှင့်မခံမရပ်နိုင်စွာ ပြောပေမယ့် ဇလပ်ဖြူ မျက်ရည်တွေနှင့် ပိုမိုရှိုက်ငင်နေရပါပြီ။ ဂွမ်းပုံကတော့ သူပါ မျက်ရည်တွေလိုက်ကျလျက်။

''ကျော်ထက်၊ ကိုကို့ကို ငါမထားခဲ့နိုင်ဘူး။ ငါ့အစ်ကို မဟုတ်မှန်းသိပေမယ့် ငါ ကိုကို့ကို ငါ့အစ်ကိုထက်တောင် ချစ်သေးတယ်။ သံယောဇဉ်ကြီးတယ်။ သူအခုလိုဒုက္ခတွေ ရောက်နေချိန်မှာ ပိုပြီးတောင် မထားခဲ့နိုင်သေးတယ်။ ကိုကို ငါ့ကိုလိုအပ်မှာပါ။ သူ ဒုက္ခိတဘဝက လွတ်မြောက်ဟဲ့အထိ သူ ငါ့ကိုလိုအပ်နေတဲ့အထိ ကိုကို့အနားမှာ ငါရှိနေပေးမယ်။ နင်တို့မနေနိုင်ရင် ငါ့တစ်ယောက်တည်းထားခဲ့ပါ။ ပြန်လို့ရပါတယ်''

ဇလပ်ဖြူရဲ့စကားကို ကျော်ထက်က မျက်လုံးပြူးရင်း

''ဘာလဲ၊ နင်က သူ့ကိုသူဌေးမို့ အရအမိကုတ်တွယ်နေတဲ့သဘောလား။ နင်က မိန်းကလေးပါ ဇလပ်ဖြူ။ နင့်ဘဝမတော်တဆနစ်မွန်းသွားမှာ ညစ်နွမ်းသွားမှာ ငါကစိုးရိမ်လို့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ခုဆို နင်ကလည်း သူ့ကို ကိုယ့်အစ်ကိုမဟုတ်မှန်း သိနေပြီလေ။ နင်တို့သံယောဇဉ်တွေ ပေါက်ကွဲ ထူးပြတ် လွတ်ထွက်ကုန်မှာစိုးလို့ ငါပြောနေရတာ''

''နင် စေတနာနဲ့ပြောတာ ငါလက်ခံပါတယ်။ ငါသတိထားပါ့မယ်။ ပြီးတော့ ကိုကို့ကို သူဒွေးမို့လို့ ငါဖက်တွယ်နေတာ မဟုတ်ကြောင်း အချိန်က သက်သေပြသွားမှာပါ။ ကိုကိုကျန်းမာလို့ မျက်စိတွေပြန်မြင်၊ နားတွေပြန်ကြားသွားလို့ရှိရင် ငါ ကိုကို့အနားက ထွက်ခွာသွားလိုက်မှာပါ။ ငါ့အကူအညီမလိုတော့ဘဲ သူ့ဘာသာရပ်တည်နိုင်တဲ့အခါ ငါ ကိုကို့ကိုထားခဲ့ပြီး ငါ့ရွာလေးမှာပဲ ကိုကို့ကိုလွမ်းတဲ့အလွမ်းတွေနဲ့ ကျေနပ်စွာ ရှင်သန်နေမှာပါ။ အခုတော့ ငါ့ကိုခွင့်လွှတ်နော်၊ ကဲ! နင်တို့မောင်နှမ ညှော်ခန်းထဲမှာ သွားနေ။ ငါတို့ပါလာတဲ့ကောက်ညှင်းထုပ်လေးတွေ ဖြည်စားနှင့်။ ငါ ကိုကို့ကိုအကျိုးအကြောင်းတွေ မေးလိုက်ဦးမယ်''

''သူမှ နားမကြား မျက်စိမမြင်တဲ့ဟာ၊ ဘယ်လိုလုပ်ဆက်သွယ်ပြောဆိုမှာလဲ''

''ငါပြောတာ သူမကြားပေမယ့် သူပြောချင်တာတွေတော့ ငါကြားရမှာပဲလေ။ ကမ္ဘာပေါ်မှာ သူ ဘယ်သူ့ကိုမှယုံမှာမဟုတ်ဘူး။ ငါ့ကိုပဲ သူယုံမှာ။ ငါ့ကိုကြားခံပစ္စည်းသဖွယ်သဘော





ထားပြီး ကိုကို လောကနဲ့ပြန်ပြီးဆက်သွယ်လိမ့်မယ်လို့ ငါ ယုံကြည်တယ်''

''ရှုးလည်းရှုးပါ့ ဇလပ်ဖြူရယ်၊ နင်တော့ အချစ်ကြောင့် ရှုးနေပြီ''

မှတ်ချက်ချရင်း သူတို့မောင်နှမ ထွက်ခွာသွားလျှင်တော့ ဇလပ်ဖြူ ကိုကို့ရင်ခွင်ထဲ ခေါင်းတိုးဝင်ကာ မျက်ရည်တွေ ကျနေမိသည်။

ကံကြမ္မာကြီးရယ် . . . ရက်စက်လိုက်တာနော်။

ဒီလောက်ကြင်နာတတ်တဲ့ ကိုကို့ကိုမှ ဘာဖြစ်လို့ ဒီသောက် ခါးသီးတဲ့ဒုက္ခဆိုးတွေ ပေးသနားရတာလဲ။

အင်း . . . ငါငိုနေလို့မပြီးသေးပါဘူး။ ကိုကို့ကို သန့်ရှင်းရေးတွေလုပ်ပေးရဦးမယ်။ ကိုကိုကြိုက်တတ်တဲ့ဟင်းတွေ ချက်ကျွေးရဦးမယ်။ ပိုက်ဆံလောလောဆယ်မရှိပေမယ့် ငါ့ဆွဲကြိုးလေးကို ရောင်းလိုက်မယ်။ နောက် ကိုထက်ရှားနဲ့ဆက်သွယ်ပြီး ကိုကို့ကို ဆေးကုရမယ်။

သူမက အတွေးနှင့်ငြိမ်သက်နေပေမယ့် ကိုကိုကတော့ သူမအပေါ် အချစ်ဒီဂရီတွေ တိုးမြင့်လာလေပြီထင့်။ မျက်နှာလေးအနှံ့ မွှေးကြူနေရာမှ နှုတ်ခမ်းနုနုလေးဆီ ငုံ့ခဲလာတော့ သူမ



www.burmeseclassic.com

www.burmeseclassic.com



ကိုကို့ကို ညင်သာစွာ တွန်းဖယ်ရသည်။

အဲဒီလိုကျတော့လည်း ကိုကိုက ဖြည်လွှတ်ပေးတာပါပဲ။ သူ မကြားကာမှနေရော၊ ဇလပ်ဖြူကတော့ ကိုယ်ပြောချင်တာတွေကို အရှုံးမပေးလို ကတွတ်တွတ်ပြောရင်း အလုပ်တွေဖယ်ဆက်သလို လုပ်ကိုင်နေပါပြီ။

"ကိုကို့ကို ရေချိုးပေးမယ်၊ အခန်းထဲလည်း ရှင်းရမယ်၊ နေဦး. . . ကိုကိုဘာမှမစားရသေးဘူးထင်တယ်။ အင်း. . . ကိုကိုကတော့ ငါတို့လိုကောက်ညှင်းထုပ် စားတတ်မှာမဟုတ်ဘူး။ ပြီးမှ တစ်ခုခုကျွေးလိုက်မယ်"

ကိုကို့ကို အဝတ်တွေချွတ်ပေးရင်း ရေချိုးပေးဖို့ပြင်နေတော့ သူကလည်း ကလေးလေးလို. . .

"ဆာတယ်. . . မုန့်စားမယ်"တဲ့။

နားထိုင်းကြီးတွေလို ကိုယ်ပြောတာ သူမကြား။ အင်း! သူပြောတာတော့ ကိုယ်ကြားပါတယ်လေ။

ရေချိုးခန်းက ဇစ်ဆက်တည်းမို့ ကိုကို့ကို ရေချိုးပေးရင်း အဝတ်လဲတာ ကူညီပေးရသည်။ မျက်နှာမှအမွေးတွေကိုလည်း သန့်စင်ပေးပြီးပါပြီ။

"ကဲ! ကိုကို၊ ဗိုက်ဆာတယ်မဟုတ်လား။ မုန့်ထွက်စား





ကြမယ်"

ကိုကို့ကို အပြင်သို့တွဲထုတ်လာရင်း ညှော်ခန်းမှာ ထိုင်စေတော့ အိမ်ရှင်းနေသည့် ကျော်ထက်နှင့်ဂွမ်းပုံက သူမတို့ကို မသင်္ကာသလိုကြည့်လေ၏။ ဇလပ်ဖြူ ရှက်နေရပါသည်။

"နင်တို့ကလည်းဟာ၊ ငါ့ကိုများကြည့်နေလိုက်ကြတာ တရားခံကျနေတာပဲ"

"မသိဘူးလေ၊ နင်တို့နှစ်ယောက်ဇာ အရမ်းချစ်နေကြတော့ လွန်ကျွံများကုန်ပြီလားလို့၊ အခန်းထဲမှာလည်း အကြာကြီးဆိုတော့"

"ဟဲ့! မိန်းမရဲ့၊ အဲဒါ ငါ ကိုကို့ကိုရေချိုးပေး၊ အဝတ်လဲပေး၊ သန့်ရှင်းပေးနေလို့ပါဟဲ့။ ဒီမှာ နင်မမြင်ဘူးလား"

"အေးပါ၊ မြင်ပါတယ်။ ဒါထက် အိမ်ထဲမှာ ဆန်၊ ဆီ၊ ဆား၊ မီးဖိုချောင်သုံးပစ္စည်းတွေနဲ့ ရေခဲသေတ္တာလေးထဲမှာ အသားငါး၊ အသီးအရွက်တွေတွေ့တယ်။ အစ်ကိုထက်ရှား ထည့်ပေးထားတာလားမသိဘူးနော်"

ဂွမ်းပုံမျက်နှာလေး ရှက်သွေးရောင်ပြေးပြီး ပီတိတွေလျှမ်းနေလျှင် ဇလပ်ဖြူ ပြုံးနှိပ်ကွပ်လိုက်၏။

"အေး. . . နင့်ရောဂါလည်းမသေးဘူးနော်။ တော်ကြ



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကိုလိုက်ကူညီရင်း နင့်အသည်းတွေလည်း ကွဲကျန်ခဲ့ဦးမယ်''

''နင်ကလည်း ပြောချလိုက်တာ မညှာမတာ။ သူက စိတ်ကောင်းရှိလို့ ငါက ရိုးရိုးခင်တာပါ''

''အဲဒါပေါ့၊ မလုံတဲ့အိုးဆိုတာ ဖြန်းခနဲကွဲတာပဲ။ ငါက ဘာတွေစွပ်စွဲနေသေးလို့လဲ''

''တော်ပြီ တော်ပြီ. . . ငါထမင်းချက်တော့မယ်''

ငွမ်းပုံ ရှက်စနိုးနှင့်ပြေးဝင်သွားတာ မီးဖိုသို့။ သည်စဉ် ထက်ရှားထံမှဖုန်းဝင်လာသဖြင့် ဇလပ်ဖြူ နားထောင်လိုက်သည်။

''ဇလပ်ဖြူ၊ ဆရာ့ကို ညနေကျရင် ဆေးခန်းပြမယ်။ ညနေလေးနာရီလောက်ကို တက္ကစီတစ်စီး ခြံပြင်မှာစောင့်နေမယ်၊ ဆရာနဲ့ဇလပ်ဖြူ လိုက်ခဲ့ပါ''

''ဟုတ်ကဲ့၊ ငွမ်းပုံရော ခေါ်ခဲ့ရမလား''

''အင်း. . . ခေါ်ခဲ့လေ၊ သူကရော လိုက်ချင်ရဲ့လား''

''လိုက်ချင်ပါတယ်''

''ဟုတ်ပြီ၊ ဒါပဲနော်''

တစ်ဖက်မှဖုန်းချသွားပြီမို့ ဇလပ်ဖြူ ကိုကို့ဘက်သို့လှည့်လိုက်သည်။ ကိုကို့ကို ဘယ်လိုဆက်သွယ်ရမှာပါလိမ့်။ သူ့နားဟာ အကျယ်ကြီးအော်ပြောရင်ရော ကြားသလား။ ကရိန်းပြုတ်





ကျသည့်အသံကြောင့် လန့်ဖျတ်ပြီး အာရုံကြောတွေ ထိခိုက်ကုန်တာ ထင်ပါရဲ့။

ကိုကိုက သူမ၏လက်ကလေးနှစ်ဖက်ကို ဆုပ်ကိုင်ထားပုံကလည်း အားကိုးတကြီး။ အမြင်အာရုံရော၊ အကြားအာရုံပါ ပျောက်ကွယ်သွားသဖြင့် လောကကြီးနှင့်အဆက်အသွယ်ပြတ်နေရသည့်ဘဝမှာ သူမသာ ကိုကို့ရဲ့အားထားရာ။

မိခင်ကိုအပျောက်မခံသည့်သားငယ်လို ကိုကိုက သူမရဲ့ လက်ကလေးတစ်ဖက်ကိုဖြစ်ဖြစ် အမြဲဆုပ်ကိုင်ထားလေရာ ဇလပ်ဖြူရင်နှင့်အောင် သနားမိပါသည်။ အလကားနေရင်း မျက်ဝန်းမှာ မျက်ရည်ဝဲနေရတာလည်း ကိုကို့ကိုသနားကြင်နာရလွန်းလို့ပါ။

''ကိုကို ခဏနေဦးနော်၊ ကိုကိုစားဖို့ တစ်ခုခုသွားရှာဦးမယ်။ ခဏလေးနော်''

ကိုကိုမကြားနိုင်ပေမယ့် နို့စို့ကလေးငယ်ကိုပြောနည်းမျိုးပြောကာ ဇလပ်ဖြူ မီးဖိုဘက်ပြေးသွားလိုက်တော့ ကိုကို့ခမျာ သူမရဲ့လက်ကိုမလွှတ်ချင်လွှတ်ချင် လွှတ်ပေးရပါသည်။

သူမ မီးဖိုထဲမှာ ရှာကြည့်လိုက်တော့ နံရံကပ်ဗီရိုလေး ထဲမှာ စားသောက်ဖွယ်ရာတွေအစုံ။ အိုဗာတင်း၊ ဟောလစ်၊ ကော်



www.burmeseclassic.com

www.burmeseclassic.com



ဗီဘူးတွေအစုံ။ နောက် မုန့်ထုပ်တွေ။ ဒါ ဂွမ်းပုံပြောသလို ကိုထက်ရှားရဲ့လက်ရာတွေ နေမှာပေါ့။ ဒီအိမ်မှာ ဒါတွေရှိတာ ဟိုအုပ်စုက သိတောင်သိမှာမဟုတ်။

ရေနွေးဆူနေပြီမို့ အိုဗာတင်း ခွက်ကြီးတစ်ခွက်ဖျော်ကာ မုန့်တစ်ပန်းကန်နှင့် ဇလပ်ဖြူပြန်ထွက်လာခဲ့သည်။

"ဂွမ်းပုံရေ၊ ကိုကို့အတွက် ငါလာချက်မယ်။ နင်က တို့တွေစားဖို့ချက်"

"အမယ်လေး! နင့်လူက နင့်ကို ရင်ခွင်ထဲအမြဲထည့်ထားချင်တာ။ ငါ့ကိုသာ ညွှန်ကြားတော်မူပါ မမဖုရားရဲ့"

"နင်ကလည်းဟာ၊ ကိုကိုက နာဗူးမဟုတ်ပါဘူး။ အခုက သူဒုက္ခိတဖြစ်နေရာလို့၊ အားငယ်နေလို့ပါ"

"အားငယ် . . . ငယ်ပါစေဦး၊ လူရှေ့မရှောင် သူရှေ့မရှောင်။ အေးလေ၊ သူမှ ဘယ်သူ့ကိုမှမမြင်တာ"

"ကဲပါ၊ ကိုကို့ကိုချည်း အပြစ်တွေမြင်မနေပါနဲ့။ ဒါဆိုလည်း ကိုကို့အတွက် ရွက်စုံကြော်၊ အသားလုံးကြော်နဲ့ ကြက်သားသုပ်လေး လုပ်ပေးဟာ"

"ရတယ်၊ ငါကို့ဖို့လည်း ထူးချက်မနေတော့ဘူးလေ။ သူမကုန်တာ စားလိုက်လည်းပြီးတာပဲ"





"အေး . . . ဒါလည်းဖြစ်တာပဲ၊ ကဲ! လုပ်လုပ်၊ ညနေကျ ကိုကို့ကို ဆေးခန်းသွားပြရမယ်။ ကိုထက်ရှားက နင့်ကိုပါခေါ်ခဲ့တဲ့"

"ဟင်! တကယ်"

ဂွမ်းပုံမှာ ငယ်ရွယ်သူပီပီ ဝမ်းသာပုံလေးက မဖုံးသာမဖိသာ။

"တကယ်ပေါ့၊ အဲဒါအလှဆုံးသာ ပြင်ခဲ့ပေတော့၊ စိတ်ကူးတွေယဉ်ပြီး ဟင်းတွေလည်း ငန်တူးကုန်ဦးမယ်"

ဇလပ်ဖြူ မီးဖိုထဲမှပြန်ထွက်ခဲ့ပြီး ကိုကို့အနားလေးကို ရောက်တော့ ကိုကိုက လက်ကလေးနှစ်ဖက်ဆန့်တန်းကာ ကြိုဆိုသည်။ ဂွမ်းပုံပြောသလိုပဲ ကိုကိုဟာ သူမကို ရင်ခွင်ထဲ အမြဲထည့်ထားချင်သူ။ ကိုကိုရေ . . . လောကကြီးထဲမှာ ကျွန်မတို့နှစ်ယောက်တည်းမဟုတ်ဘူး။ ဘေးလူတွေရှိသေးတယ်။

သူမ ကိုကို့အနားမှာထိုင်ပြီး မုန့်ကိုခွံ့ကျွေးလိုက်၊ အိုဗာတင်းကို မှုတ်ဟိုက်လိုက်နှင့် ပြုစုပေးနေတော့၊ အိမ်ရှင်းပြီးသွားသည့်ကျော်ထက်က အနားရောက်လာပြီး ခေါင်းတဆတ်ဆတ်ညိတ်နေ၏။

"နင် သူ့ကိုတော်တော်ချစ်တာပဲနော်၊ ပါးစပ်ထဲတော



www.burmeseclassic.com

www.burmeseclassic.com



ငုံထားမတတ်ပဲ''

''ကိုကိုက ဒုက္ခိတလေးမို့ပါဟဲ့၊ နင်ကလည်း''

''ဟိုက မျက်စိမမြင်၊ နားမကြားလို့သာပဲ။ နင် ပြာနေအောင် ဂရုစိုက်နေတာ မိန်းမဈေးကျလိုက်တာ''

''ငါဆေးရုံကဆင်းပြီး ဒီလိုက်လာတုန်းကလည်း ကိုကိုက ငါ့ကိုငုံထားမတတ် ဂရုစိုက်ခဲ့တာပါ။ ချစ်ခြင်းမေတ္တာမှာ သာတယ်နာတယ်မတွက်သင့်ပါဘူးဟာ။ နင်လည်း တစ်နေ့ကျ တစ်ယောက်ယောက်ကို အသည်းနင့်အောင်ချစ်မိလာတဲ့အခါ လက်တွေ့သိလာမှာပါ''

''အင်းပေါ့လေ၊ ငါလည်း တစ်နေ့တော့ နင်တို့ကို ကိုယ်ချင်းစာတတ်လာမှာပါ။ ကဲ! ငါ ဂွမ်းပုံကိုသွားကူညီလိုက်ဦးမယ်''

ကျော့ထက် မီးဖိုဘက်ထွက်သွားတော့မှ ဇလပ်ဖြူမှာ ကိုကို့ကို တယုတယပြုစုခွင့်ကျွေးခွင့်ရတော့သည်။ အနားမှာ အားနာစရာ ရှက်ရွံ့စရာလူ မရှိတော့ဘူးလေ။

နောက် ကိုကိုက သူ့လက်ကလေးနှင့် တွန်းဖယ်ပစ်လိုက်တော့မှ ကိုကိုကျန်သည့်မုန့်နှင့်အိုဗာတင်းကို သူမစားသောက်လိုက်သည်။ ကိုကိုက. . .

''ကိုကို့ကို ဘယ်တော့မှထားမပစ်ခဲ့နဲ့နော်၊ ကိုကို သေရမှာလည်းမကြောက်ဘူး၊ ဒုက္ခိတဖြစ်နေလည်းမကြောက်ဘူး၊ ညီမလေး ထားပစ်ခဲ့မှာပဲကြောက်တယ်''

''အို! ကိုကိုရယ်''

ကိုကို့ရဲ့စကားသံကိုးတိုးလေးကြောင့် သူမမှာ ဆောက်တည်ရာမရအောင် ခံစားသွားရပြီး၊ ကိုကို့ရင်ခွင်ထဲ တိုးဝင်၊ မျက်ရည်ကျမိတော့ ကိုကိုက သူမကိုပွေ့ချီဖက်တွယ်ထားခဲ့သည်။ နောက် ပန်းကလေးကိုမွှေးနည်းမျိုး၊ နဖူးလေးတွေ ပါးလေးတွေကို မွှေးနေတုန်း. . .

''အဟမ်း. . . အဟမ်း''

သူမက အလန့်တကြားဖြစ်သွားပေမယ့် ကိုကိုကတော့ ဘာမှမကြားသူပီပီ ဇလပ်ဖြူကို ဖက်ထားဆဲ၊ နမ်းမွှေးဆဲ။

ဒေါ်မြမြသင်းနှင့် ညီညီလင်း. . .

ဒေါ်မြမြသင်းက မဲ့ရွဲ့နေပြီး၊ ညီညီလင်းကတော့ ခပ်လှောင်လှောင်ရယ်နှင့်။

''တယ်အဆင်ပြေနေကြပါလား၊ ဒုက္ခိတကလည်း ဒါတော့သိသေးသားပဲ''

''ရှင် ကိုကို့ကို ချိုးချိုးဖဲ့ဖဲ့ပြောဖို့မလိုပါဘူး။ သူများအရိပ်ကိုခိုပြီး အခက်ချိုးဖို့မကြိုးစားပါနဲ့''







www.burmeseclassic.com

www.burmeseclassic.com



သူမတို့နှစ်ယောက်၏ စကားစစ်ပွဲထဲသို့ ဒေါ်မြမြသင်း ဘီလူးက ကပြီး ဝင်လာခဲ့သည်မှာ. . .

''ဟဲ့ကောင်မ! နင့်ကို ငါတို့ခေါ်ချင်လို့ခေါ်တာ မဟုတ်ဘူး။ လွှမ်းညီညီဆီမှာ မီးခံသေတ္တာသော့ရှိတယ်။ နင်တို့လင်မယားချင်းမေးပြီး ငါ့ပေး''

''ဟင်! ရှင်. . . ရှင့် သားချင်းသမီးချင်းမစာ၊ ပြောချလိုက်တာ။ ကိုကိုနဲ့ကျွန်မ ဘာမှမဖြစ်ဘူးရှင့်''

''ဟဲ့! လူရှေ့မရောင်သူရှေ့မရောင် နွားသိုးကြိုးပြတ် နွားဝတ်ရေကျဖြစ်နေတာ ငါပြောတာလွန်သလား။ ကဲပါ၊ နင်တို့အကြောင်းလည်း ငါစိတ်မဝင်စားပါဘူး။ ငါစိတ်ဝင်စားတာ မီးခံသေတ္တာသော့ပဲ။ ရအောင်တောင်းပေး''

''ရှင့်ဘာသာရှင် တောင်းပါလား။ ကိုကိုကမှ နားမကြားမျက်စိမမြင်တာ ဘယ်လိုဆက်သွယ်မလဲ''

''နင့်ဘာသာ ဘယ်လိုဆက်သွယ် ဆက်သွယ်၊ ရအောင်မေးပေး။ မရလို့ကတော့ နင့်ကောင်ကိုသတ်ပစ်မယ်။ သူသေရင်အနီးစပ်ဆုံးဆွေမျိုးက သူ့အစ်ကိုရဲ့မိန်းမ ငါ့သမီးပဲ။ နင် သူ့ကို မသေစေချင်ရင် မီးခံသေတ္တာသော့ တောင်းပေး။ ဒါပဲ''

ဇွတ်အတင်းပင် သူပြောချင်တာပြောပြီး ဒေါ်မြမြသင်း





အိမ်ထဲမှထွက်ခွာသွားရင်း လှမ်းသတိပေးလိုက်သေး၏။

''တစ်ပတ်အတွင်းနော်၊ တစ်ပတ်အတွင်းတောင်း''

ခက်လိုက်တာ။ ကိုကို့ကို ဘယ်လိုပြောရမလဲ။ ပြောလို့ရလည်း ဒီမိန်းမကြီးကို စေတနာမရှိပါဘူး။ သို့သော် ကိုကို့ကိုသတ်ပစ်မှာတော့ သူမစိုးရိမ်ပါသည်။ ကိုကိုသေလျှင် မြခွန်းဆက်နှင့် ယမုန်ယုယပဲ ဆွေမျိုးနီးစပ်ရှိတော့သည်မဟုတ်ပါလား။

ဇလပ်ဖြူ ကြံရာမရဖြစ်နေပြီးမှ. . .

''အို! တစ်ပတ်ကြီးတောင် လိုသေးတာပဲ။ ဒီကြားထဲ ကိုကို့ကို ဘေးမသီရန်မခအောင် ပြုစုထားဖို့ပဲ အရေးကြီးပါတယ်''

ထိုသို့တွေးလိုက်မိတော့မှ ဇလပ်ဖြူ တဒင်္ဂစိတ်ချမ်းသာသွားရပါသည်။

※ ※ ※



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၄ )

ထက်ရှား၏အကူအညီဖြင့် လွှမ်းညီညီကို ဆေးခန်းပြပေးရသလို၊ လိုအပ်သည့်အကူအညီတွေကိုလည်း ယူရသည်။ ကိုကို့ကို ဆေးမှန်မှန်တိုက်၊ ကိုကိုကြိုက်သည့်ဟင်းများ၊ အစားအသောက်များကို ချက်ကျွေး၊ လိုအပ်တာတွေ ပြုစုလုပ်ကိုင်ပေးခွင့်ရလို့ ဇလပ်ဖြူ ကြည်နူးရပေမယ့် ရင်ထဲမှာ ပိသာလေးကြီး ဆွဲထားခံရသလို စိတ်တထင့်ထင့်။

ဒေါ်မြမြသင်းတို့အဖွဲ့ဟာ ပြောသလိုလုပ်မည့်လူတွေ၊ ရမည်ဆိုလျှင် ဘနဖူးကိုပင် သိုက်တူးမယ့်သူတွေ။ သည်တော့ ကိုကို့ကိုစိတ်မချလွန်းလို့ ဇလပ်ဖြူ ကိုကို့ရဲ့အခန်းထဲမှာ ညတိုင်း တိတ်တဆိတ် ခိုးအိပ်စောင့်ရှောက်ပေးမိသည်။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဟာ အစွမ်းအစတွေဘာတွေ သိပ်ရှိလွန်းလို့တော့ မဟုတ်ပေမယ့် ကိုကို့အတွက်ဆို အသက်ပေးလို့ပင် ကာကွယ်မည့်သူဖြစ်ပါသည်။

သူတို့ လူအလစ်မှာ ကိုကို့ကိုလုပ်ကြံမှာစိုးလို့ပါ။ တစ်ကီတူးငှက်လေး မိုးပြိုမှာကြောက်သလိုမျိုး ဇလပ်ဖြူမှာ ကိုကို့အနား သက်တောင်စောင့်တစ်ယောက်လို မျက်စိကိုအစွမ်းကုန်ဖွင့်ထားလျက်။

တစ်ပတ်ပြည့်သည့်နေ့မှာတော့ ဂွမ်းပုံတို့မောင်နှမ အပြင်သွားနေတုန်း ဒေါ်မြမြသင်းနှင့်ညီညီလင်းတို့ ရောက်လာကြသည်။

ဇလပ်ဖြူ ကိုကို့ကို နံနက်စာ လက်ဖက်ရည်နှင့်မုန့်ကျွေးနေတုန်း. . .

''ဇလပ်ဖြူ။ မီးခံသေတ္တာသော့ ရပြီလား''

ဇလပ်ဖြူ ထိတ်လန့်သွားသည်မှာ ကိုကို့ကို တစ်ခုခုလုပ်လိုက်ကြမှာစိုးလို့ပါ။

''ကျွန်မ မေးကြည့်ပေမယ့် ကိုကိုက နားမှမကြားဘဲ၊ ဘာမှပြန်မပြောဘူး''

ဒေါ်မြမြသင်းက ညီညီလင်းကို မျက်စပစ်ပြလိုက်လျှင် ညီညီလင်း၊ လွှမ်းညီညီအနားသို့တိုးကပ်သွားသဖြင့် ဇလပ်ဖြူမှာ





ကိုကို့ရှေ့မှ ကာထားလိုက်သည်။

''ရှင်တို့ မတရားမလုပ်ကြနဲ့နော်၊ ဒါ မင်းမဲ့တိုင်းပြည်မဟုတ်ဘူး။ ကိုကိုက ရှင်တို့မတရားလုပ်တိုင်း ခံရမယ့်အောက်တန်းစားတစ်ယောက်မဟုတ်ဘူး''

''ဖယ်စမ်း!''

ညီညီလင်းက ဇလပ်ဖြူကိုတွန်းပစ်လိုက်တော့ သူမ ဧည့်ခန်းထောင့်သို့လွင့်သွား၏။ သို့သော် သူမ လျင်မြန်စွာ ကျုံးထတာပါပဲ၊ ကြက်သားလေးတွေကို ကာကွယ်နေသည့်ကြက်သားအုပ်မကြီးအသွင်။

သူမ ကိုကို့ရှေ့အပြေးရောက်သွားတော့ ညီညီလင်းက လွှမ်းညီညီကို လက်သီးနှင့်ဆွဲထိုးလိုက်ပေပြီ။

''ဟေ့ကောင်! မူယာမာယာတွေ များမနေနဲ့၊ မင်းမျက်စိမမြင်တာ နားမကြားတာ ငါမယုံဘူး။ အပိုတွေဟန်ဆောင်မနေနဲ့၊ မင်းရှေ့တင် မင်းကောင်မကို ငါဖက်နမ်းပြရမလား၊ ဇော်ကားပြရမလား''

''ဟင်! နင်. . . နင် ရမ်းကားလှချည်လား''

ကိုကို့နှုတ်ခမ်းမှာ သွေးတွေ့သည်နှင့် ဇလပ်ဖြူမျက်စိတွေ ပြာခနဲဖြစ်သွားပြီး ဧည့်ခန်းစားပွဲပေါ်ရှိ ဓဝီးဓာတ်ဘူးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ညီညီလင်းကို ဆတ်ခနဲလှွဲရိုက်ပစ်လိုက်သည်။

''အား. . . ပုလိုက်တာ၊ ကောင်မ! နင့်ကိုငါသတ်မယ်''

ရေနွေးပူတွေပါ ထွက်ကျကုန်သည်မို့ ညီညီလင်း အထိနာကာ ဒေါသတွေထွက်နေဆဲ၊ ကျော်ထက်တို့မောင်နှမ အပြေးပြန်ရောက်လာပြီး ရန်ပွဲက တစ်ဖက်သတ်မဟုတ်တော့ပေ။

ဒေါ်မြမြသင်း သူ့လူသူပြန်ခေါ်ရင်း ဇလပ်ဖြူတို့ကို ကြိမ်းမောင်းသွားလိုက်တာ ရစရာမရှိတော့။

''တော်သေးတာပေါ့၊ ငါတို့ကို ဒီမိန်းမကြီး အကြောင်းရှာပြီး အပြင်ကို ပထုတ်တာ။ ချက်ချင်းသတိရပြီး ပြန်လှည့်လာပေလို့။ တော်တော်ဆိုးတဲ့မိန်းမကြီးပဲနော်''

ကျော်ထက်နှင့်ဝွမ်းပုံ လမ်းမှပြန်လှည့်လာပေလို့သာ။ မဟုတ်လျှင် မလွယ်။ ဇလပ်ဖြူ ကိုကို့ပါးစပ်မှသွေးများကို ကြင်နာစွာ သုတ်ပေးပြီး ဒေါက်တာဦးမြတ်လင်းကို ဖုန်းဆက်ခေါ်ရသည်။

ဒေါက်တာ ကားနှင့်ရောက်လာတော့ ကုသပေးနေရင်း အခြေအနေတွေကိုသိသွားသည်။

''သတိတော့ထားပါ ဇလပ်ဖြူ၊ ဆရာ့အလိုတော့ ရဲကို တိုင်လိုက်ချင်ပြီ။ အခြေအနေတွေ ကြိုရှင်းပြထားမှရမယ်''





''ကျွန်မတိုင်ရမှာလား ဆရာ။ ဆရာ့မှာရော ရဲဌာနမှာ မိတ်ဆွေမရှိဘူးလား''

''ရှိပါတယ်၊ ကောင်းပြီလေ၊ ဆရာ ကိုညီ့ကိစ္စအတွက် ကြိုတိုင်ထားပါ့မယ်''

''အားကိုးပါတယ်ရှင်၊ ကိုကိုက ဘာမှမမြင် မကြားဖြစ်နေတော့ သူတို့အဖွဲ့က ထင်တိုင်းကဲ့နေတော့တာပေါ့''

''မကြောက်ပါနဲ့၊ အရေးကြီးရင် ဆရာ့ဆီဖုန်းဆက်ပါ။ ကိုညီ့တပည့်ထက်ရှားရော ခုတလော ဘယ်ပျောက်နေသလဲ''

''သူ ကိုကို့ကို ဆေးခန်းတော့လိုက်ပြပေးပါတယ်ရှင်။ သူလည်း ဒီအုပ်စုနဲ့ခပ်ဝေးဝေးမှာနေတယ်ထင်ပါတယ်''

''အင်း. . . ကိုညီ့ကိုသာ အမြန်ဆုံးပြန်ကောင်းစေချင်ပါတယ်''

''ကျွန်မတို့လည်း အတတ်နိုင်ဆုံး ပြုစုကုသပေးနေပါတယ်ရှင်''

ဒေါက်တာဦးမြတ်လင်း ပြန်သွားတော့မှ လွှမ်းညီညီ ဇလပ်ဖြူကို ညင်သာစွာပွေ့ယူလိုက်ပြီး. . .

''ကိုကိုတို့ ဒီအခက်အခဲက မကြာခင်လွတ်မြောက်နိုင်တဲ့အထိ ဇလပ်ဖြူ ကိုကို့အပေါ် စိတ်ရှည်ပါနော်''



www.burmeseclassic.com

www.burmeseclassic.com



သူ့အပြောလေးကို သနားကြင်နာရလွန်းလို့ ဇလပ်ဖြူ ရင်ထဲ စူးခန့်နင့်နေရတာက ကိုကိုသိပါလေစ။

☆ ☆ ☆



## အခန်း □ ၂၉ □

''တောက်! အခြေအနေတွေကတော့ ထင်သလို ဖြစ်မလာဘူး။ ငါတို့မှာ ဖောင်စီးရင်း ရေဝင်နေရတယ်၊ တိုက်တွေ ကားတွေ ခြံတွေ လုပ်ငန်းတွေမြင်နေလျက်နဲ့ ဘယ်ဟာမှ လှုပ်ရှားလို့မရဘူးဖြစ်နေတယ်''

ဒေါ်မြမြသင်း ဒေါသတကြီးနှင့်ရေရွတ်နေတော့ ညိုညိုလင်းက အတို့အထောင်သမား။

''အန်တီက ညာနေတာကိုး၊ ဒီလူမရှိတော့ရင် မမဆက်နဲ့ယမုန်ပဲ အမွေဆက်ခံရမှာ သိနေသားနဲ့''

''ဟဲ့! ပြောတော့လွယ်တယ်၊ လူမသိသူမသိအောင် ဘယ်လိုရှင်းပစ်လို့ရမှာလဲ။ ကရိန်းပြုတ်ကျတာတောင်မှ သူ့ကံက ကြီးနေတော့ မသေဘူးလေ''



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မြမြသင်းအခန်းထဲမှာ သူတို့နှစ်ယောက်တည်း။ ကျန်တဲ့လူတွေထက် ညီညီလင်းတစ်ယောက်သာ သူ့ဩဇာအကိုက်ဆုံး။ ငွေသာရမယ်ဆို ဘာမဆိုလုပ်မည့်သူ။

ညီညီလင်း အတန်ကြာစဉ်းစားနေရာမှ အဖြေရသလို မျက်နှာတစ်ချက်လင်းသွားပြီး သူ့အကြံအစည်ကို ဒေါ်မြမြသင်းအား ပြောပြလိုက်လျှင် ပထမငြင်းဆန်နေပေမယ့် ညီညီလင်းက အချက်ကျကျပြောဆိုရှင်းပြသည့်အခါ သူပါသဘောတူသွားခဲ့လေသည်။

''ပိပိရိရိတော့ ရှိမှဖြစ်မယ်နော်၊ အခြားသူတွေသိရင် မလွယ်ဘူး''

''စိတ်ချပါ၊ ကျွန်တော်တစ်ယောက်တည်း ဖြစ်အောင်လုပ်ပါ့မယ်။ အန်တီ့တာဝန်က လူရိပ်လူခြည်ကြည့်ပေးနေရုံပါပဲ။ ကိုယ့်ခြံထဲမှာ လမ်းလျှောက်သလိုလိုနဲ့ပေါ့''

''အိုကေ! အဆင်ပြေရင် နင့်ကို ငါဘာပေးရမလဲ''

''ခြယ်နဲ့ကျွန်တော့်ကိစ္စကို သဘောတူပေးရမယ်''

ဒေါ်မြမြသင်းရင်ထဲ နင်သွားပေမယ့်. . .

''နင့်အလုပ်သာ အောင်မြင်ပါစေ၊ ဖြစ်ရမယ်''

❋ ❋ ❋



## အခန်း ( ၂၆ )

ညဆယ်နာရီထိုးသံကြားရပြီမို့ ကိုကို့ကိုဆေးတိုက်ပြီး ဇလပ်ဖြူ ကိုယ့်အခန်းပြန်ဖို့ပြင်လိုက်သည်။ သူမရဲ့အနားမှာ ဂွမ်းပုံလည်းရှိသည်လေ။

''ဇလပ်ဖြူရေ၊ သွားကြစို့၊ ဆယ်နာရီကျော်နေပြီ''

''နင်ကလည်း ခုမှထိုးတာပါ၊ နေဦး၊ ကိုကို့ကိုနှိပ်ပေးလိုက်ဦးမယ်။ သူ့ဖက်ကြောတွေ တက်နေတယ်ထင်တယ်။ ဖက်ခဏခဏချိုးနေတာ''

''အေး. . . နင်ကလည်း အရမ်းပြုစုး ဟိုကလည်း ဘာမှမမြင်မကြားတော့ နှစ်ယောက်တည်းမှတ်ပြီး တော်ကြာ ဖက်တာတွေနမ်းတာတွေ ပါလာတော့မယ်။ မိန်းမ! တမင်များ [illegible]



www.burmeseclassic.com

www.burmeseclassic.com



ခံချင်လို့ နင့်ကိုကို့အနား တကပ်တည်းကပ်နေတာလားမသိဘူး''

ဂွမ်းပုံစကားကြောင့် ဇလပ်ဖြူ အရှက်မျက်နှာလေး ရဲသွားပြီး. . .

''ငါ့ကိုကျပ်ကျပ်ပြောနော်၊ နင်ရော ကိုထက်ရှားနဲ့တွေ့ရင် အရည်ပျော်တော့မယ့်ရုပ်နဲ့။ မသိတာကျလို့. . . ဟင်း''

''တော်ပြီ တော်ပြီ၊ ငါသွားအိပ်နှင့်တော့မယ်။ နင် ဒီအခန်းမှာ အိပ်လည်းမနေနဲ့ဦးနော်။ ဟိုက မျက်စိမမြင် နားမကြားပေမယ့် ကျန်တာတွေအကောင်း''

''ဟယ်! ကြည့်စမ်း. . . ကြည့်စမ်း. . . ကောင်စုတ်မ''

ဂွမ်းပုံရယ်မောရင်း အခန်းထဲမှထွက်သွားတော့ ဇလပ်ဖြူ မျက်နှာလေးနီနီနှင့် ကုတင်ပေါ်ထိုင်နေသည့်ကိုကို့အနား ရပ်ကာ ပခုံးကြောများ ဇက်ကြောများကို နှိပ်ပေးနေမိသည်။

''ညီမလေး''

''ရှင်. . . ကိုကို''

ထူးလို့သာ ထူးရတာပါ။ သူကြားမှာမဟုတ်။

''ဒီနေ့ ကိုကို့အခန်းမှာ အိပ်ပါလားကွာ။ ကိုကို့စိတ်ထဲ အားငယ်သလိုခံစားရလို့ပါ''

သူမစိတ်မကောင်းဖြစ်ရပေမယ့် ကိုကို့တောင်းဆိုချက်





ကို ဘယ်လိုက်လျောနိုင်မလဲ။

''နော်. . . ကိုကိုက ပက်လက်ကုလားထိုင်မှာ အိပ်မှာပါ။ ညီမလေးက ကုတင်ပေါ်အိပ်၊ ညီမလေးလက်ကို ကိုကိုကိုင်ထားမယ်''

သူထိုင်သည့်ကုလားထိုင်ရှိသည့်မှ အစီအစဉ်တွေချနေလျှင် ဇလပ်ဖြူ အခက်ကြုံနေရသည်။ သူ့ကိုဘယ်လိုရှင်းပြရပါ့မလဲ။

ဂွမ်းပုံတို့မောင်နှမကလည်း သူမတို့နှစ်ယောက် မဖြစ်သင့်တာမဖြစ်ရအောင် စောင့်ရှောက်မြဲ။ သူ့ကိုနှိပ်ပေးနေသည့် လက်ကလေးတွေ တုန်ယင်နေတော့ ကိုကိုက ဇလပ်ဖြူကို သူ့ရင်ခွင်ထဲသို့ ဆွဲပွေ့ယူပြီး တိုးတိုးလေး တောင်းဆိုနေခဲ့သည်။

''လက်ကလေး လွှတ်လိုက်ရင် ကိုကို့ရင်ထဲ ကမ္ဘာကြီးမှောင်ကျသွားသလိုပဲ။ နေ့မှန်းညမှန်းမသိဖြစ်နေရတဲ့ဘဝမှာ ညီမလေးနဲ့ခွဲရတာ ည၊ ညီမလေးနဲ့တွေ့ရတာ နေ့လို့ သတ်မှတ်ခံစားနေရတဲ့အဖြစ်က လွတ်မြောက်ချင်ပါပြီ''

''ကိုကိုရယ်၊ ပြောတတ်လိုက်တာ''

''အခု ညဆိုပေမယ့် ညီမလေးရဲ့လက်ကို ကိုင်ဆုပ်ခွင့်ရှိရင် ကိုကို့အတွက် နေ့ပါပဲ။ ရင်ထဲမှာ လင်းလာတယ်။ ကိုကို့



www.burmeseclassic.com

www.burmeseclassic.com



အနားမှာ နေပေးနော်။ လက်ကလေးပဲဆုပ်ကိုင်ထားမှာပါ။ ကိုကို့ကို မယုံတာလား၊ ဒုက္ခိတမို့ အဖက်မတန်လို့လားကွာ''

တစ်ဖက်သားဖြေရှင်းချက်ကို မကြားရဘဲ သူ ထင်မြင်ရာ ခံစားရာတွေ လျှောက်ပြောနေသည့် ကိုကို့ကျောပြင်ကြီးကို ဇလပ်ဖြူ တအားဖက်ထားမိရင်း ရင်ခွင်မှာ ခေါင်းထိုးငိုကြွေးမိတော့. . .

''မငိုပါနဲ့ ညီမလေးရယ်၊ မအိပ်ချင်လည်း ပြန်တော့နော်၊ ကိုကိုက လူဆိုးကြီးပါ။ ဟုတ်တာပေါ့၊ ဘယ်အပျိုလေးက ဒုက္ခိတကြီးကို ချစ်မှာတဲ့လဲ''

စကားတွေသိပ်တတ်နေသည့် ကိုကို့ရင်ခွင်မှ ဇလပ်ဖြူ ပြေးထွက်ခဲ့ရင်း ရင်ထဲမှာ တောင်းပန်နေမိသည်။

''ကိုကိုရေ၊ ကိုကိုပြန်ပြီးကျန်းမာလာတဲ့အခါ နောင်တတွေရနေမှာစိုးလို့ ဇလပ်ဖြူ ဆင်ခြင်နေတာပါ။ ဇလပ်ဖြူရဲ့စေတနာကို နားလည်မှာပါကွယ်''

ယာယီထပ်ဖွဲ့ထားသည့်အခန်းလေးထဲမှာ ဂွမ်းပုံကတော့ အိပ်မောကျနေပေပြီ။ ကျော်ထက်တစ်ယောက်ကတော့ ဘုရားခန်းရှေ့မှာ ဟောက်လို့။ ကိုကိုနှင့်တွေ့စမှ ယခုအချိန်ထိ ဇလပ်ဖြူ ပြန်တွေးစဉ်းစားရင်း မေ့ခနဲအိပ်ပျော်သွားမိစဉ်. . .





''မီး. . . မီး. . . မီးတွေ''

ကျော်ထက်အော်သံကြီး ကြားလိုက်ရပြီး ဇလပ်ဖြူနှင့် ဂွမ်းပုံကို ကန်ကျောက်နိုးလို့ နိုးသွားလျှင် သူမတို့ ကြောင်တောင်တောင်ကြီး ဖြစ်နေရသည်။

အိမ်သေးသေးလေးတစ်ခုလုံး တဖျစ်ဖျစ်ဝါးမြိုလောင်ကျွမ်းမှုကြောင့် သူတို့သုံးယောက်လုံး နေဆယ်စင်းထွက်သည့် ကမ္ဘာထဲ ရောက်နေရသည့်နှယ်။

''ကိုကို. . . ကိုကို့ကိုသွားခေါ်မယ်''

''မီးက သူ့ဘက်က စလောင်တာ၊ မရတော့ဘူး။ ထွက် . . . ထွက်''

ထွက်ဆိုပေမယ့် တံခါးတွေပိတ်ထားတာရော၊ သွေးရူးသွေးတမ်းကြောင့်ရော၊ သူတို့သုံးယောက် ဟိုပြေးဒီပြေးဖြစ်နေကြစဉ် ဇလပ်ဖြူ ကိုကို့အခန်းရှိရာ မီးတောက်ထဲသို့ အတင်းပြေးဝင်သွားမိပြီး. . .

လှမ်းဟပ်လိုက်သည့်မီးညွန့်ကြောင့် မျက်စိထဲ ပြာခနဲဖြစ်သွားပြီး သူမသတိလစ် လဲကျသွားလေတော့သည်။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၅ )

ဖလပ်ဖြူ သတိရတော့ ဆေးရုံပေါ်ရောက်နေရပေပြီ။ တစ်ကိုယ်လုံး ပူလောင်စပ်ဖျဉ်းနေရတာ မီးလောင်ဟပ်သည့် ဒဏ်ရာတွေကြောင့်ဖြစ်မည်။

"အား. . . ကျွတ်! ကျွတ်! ကျွန်မ. . . ကျွန်မကို ထူပေးကြပါ"

ကောင်းကောင်းသတိရသွားသည်နှင့် သူမရင်ထဲဝင်လာတာ ကိုကို။

"ကိုကိုရော. . . ကိုကိုသေပြီလား။ ကျွန်မသူငယ်ချင်းတွေရော"

မျက်ရည်တွေပြိုဆင်းလာခဲ့ပြီး သွေးရူးသွေးတမ်းနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဇလပ်ဖြူ ကုတင်ပေါ်မှကျုံးထလျှင် သူမအနားသို့ ဆရာဝန်၊ ဆရာမများ အပြေးရောက်ရှိလာကြသည်။

''မထနဲ့ဦးလေ၊ မင်းသူငယ်ချင်းတွေရှိပါတယ်။ ဟိုဘက်ခန်းမှာ''

''ကိုကိုရောဟင်၊ ဦးလွှမ်းညီညီရော''

သူမ အငမ်းမရမေးနေပေမယ့် ဘယ်သူမှပြန်မဖြေနိုင်။

''သူ. . . သူ. . . မီးထဲပါသွားပြီလားဟင်၊ သနားစရာ ကိုကို့ခမျာ မမြင်မစမ်းနဲ့ မီးထဲပါသွားရှာပြီလား''

''မီးက ပေါ့ဆမီးလား ရှို့မီးလား စုံစမ်းစစ်ဆေးနေတုန်းပါပဲ။ မီးထဲမှာလည်း လူတစ်ယောက်ယောက် လောင်ကျွမ်းသွားတဲ့လက္ခဏာမရှိပါဘူး''

''အနားယူလိုက်နော် ညီမလေး၊ အားလုံးလွတ်သွားတယ်နဲ့တူပါတယ်ကွယ်။ မီးထဲမှာ ဘာမှမတွေ့ရပါဘူး။ ကဲ! ပြန်လှဲလိုက်နော်''

ဆရာဝန်မလေးက ဇလပ်ဖြူကို ဆေးတစ်လုံးထိုးပေးလိုက်လျှင် သူမပြန်လည်အိပ်ပျော်သွားခဲ့ရပါသည်။

*





တစ်ပတ်လောက်ကြာသည့်အခါမှာတော့ ဇလပ်ဖြူတို့ ဆေးရုံမှဆင်းခဲ့ကြရပေပြီ။ ကိုကို့သတင်းကိုလည်း ဘာမှမကြားရသည်မို့ သူသေပြီလား၊ လွတ်မြောက်သွားသလားမသိရပေမယ့် ဇလပ်ဖြူ စိတ်လျှော့လိုက်ပါပြီ။

သူမ ရွာပဲပြန်တော့မည်။ မကောင်းမှုတွေ လွှမ်းမိုးနေသည့်ကမ္ဘာကြီးထဲမှာ ကိုကိုတစ်ယောက် ဓားစာခံဖြစ်သွားရှာပြီလား။ တကယ်တမ်းကျတော့ ဇလပ်ဖြူ ဘာမှမကာကွယ်နိုင်ခဲ့ပါ။ တွေးမိတိုင်း မျက်ရည်မဆည်နိုင်ဖြစ်ရပြီး သူမရဲ့အသည်းတွေလည်း ကွဲကြေခဲ့ရပါပြီ။

သုံးယောက်သား ဆေးရုံရှေ့မှာ ခြေလွတ်လက်လွတ်တွေရပ်ရင်း ရွာကိုပြန်ဖို့တိုင်ပင်ကြရသည်။ မီးလောင်ခံရပြီး ဆေးရုံရောက်လာကြသူတွေမို့ သူတို့မှာ ဘာပစ္စည်းပစ္စယမှ မရှိကြ။ ကျော်ထက်က. . .

''ငါ့လက်စွပ်ကိုရောင်းပြီး ငါတို့ ရွာပြန်ကြမယ်။ ဘာပဲပြောပြော ငါတို့ရန်ကုန်လိုက်လာခဲ့တဲ့တာဝန်လည်း ပြီးဆုံးသွားပြီ။ ကိုလွှမ်းညီညီကိုစောင့်ရှောက်ရအောင် လာခဲ့ကြပေမယ့် ခုတော့ လူနာလည်းပျောက်၊ ငါတို့လည်း ကံကောင်းလို့မသေကြတယ်''



www.burmeseclassic.com

www.burmeseclassic.com



"မီးသတ်တွေ ရပ်ကွက်ထဲကလူတွေ အချိန်မီရောက်လာလို့ပေါ့။ ငါတို့ကို အပြင်ကနေ တံခါးသော့ခတ်ထားကြတာ"

"ရှို့မီးဆိုတာ သေချာတယ်။ ရဲတွေလည်း အဲဒီအမှုကို လိုက်နေကြတယ်။ မကြာခင် ပေါ်လာမှာပါ"

"ဟိုအုပ်စုအပြင် ဘယ်သူများဖြစ်နိုင်ဦးမှာလဲ"

"ဒါပေမဲ့ သက်သေနဲ့သေချာမှ ဖမ်းလို့ရမယ်လေ"

သုံးယောက်အတူ ဖြည်းလေးစွာ လမ်းလျှောက်ကြရင်း ကျော်ထက်က သူ့လက်စွပ်ကိုရောင်းဖို့ ဆိုင်ရှာသည်။ ဇလပ်ဖြူကတော့ မျက်ရည်နှင့်မျက်နှာမှာ လှူက လိပ်ပြာလွင့်နေသူနှယ်။

ဂွမ်းပုံကလည်း ပျောက်ချင်းမလှပျောက်နေသည့် ထက်ရှားကို လွမ်းမောတမ်းတလို့။ သုံးယောက်၏ပုံစံက တစ်မျိုးစီ။

သည်စဉ် သူတို့အုပ်စုအနားသို့ ကားတစ်စီး ထိုးဆိုက်လာခဲ့ပြီး ကားပေါ်မှဝင်းလာသူမှာ ဂွမ်းပုံမျှော်လင့်နေသည့် ထက်ရှား။

"အားလုံး အိမ်ကိုလိုက်ခဲ့ကြပါဦး၊ မပြီးပြတ်သေးတဲ့ ကိစ္စလေးတွေအတွက် ကူပြီးရှင်းပေးခဲ့ကြပါဦး"

"ကျုပ်တို့ လိုသေးလို့လားဗျ၊ စစ်ပွဲကြီးတစ်ခုလုံး ပြာပုံဖြစ်အောင် ပြီးဆုံးသွားပြီပဲ။ ဘာသဲလွန်စတွေများ ရဦးမှာမို့လဲ"





"ခဏလေးပါဗျာ၊ လိုက်ခဲ့ကြပါဦး။ ပြီးရင် ကျွန်တော်ကိုယ်တိုင် ခင်ဗျားတို့ကို ရွာအထိလိုက်ပို့မှာပါ"

"ဒီလိုဆိုတော့လည်း လိုက်ရတာပေါ့ဗျာ"

သုံးယောက်သား ကားပေါ်သို့ပါသွားကြပြီး လွှမ်းညီညီ ပိုင်ဆိုင်ခဲ့သည့်တိုက်ကြီးဆီ ပြန်ရောက်ခဲ့ကြရပြန်သည်။ လောလောလတ်လတ် မီးလောင်ခဲ့သည်မို့ တိုက်ကြီးနောက်ဘက်မှာ မီးဟပ်ခံရသည့်နေရာတွေရှိကုန်း၊ ဆေးပြန်မမှုတ်ရသေးဘူးထင့်။

သူမတို့ နေထိုင်ခဲ့ဖူးသည့်အိမ်ကလေးနေရာမှာ ရှင်းလင်းထားသဖြင့် ဘာမှမကျန်တော့ပါ။

သုံးယောက်အတူ တိုက်ထဲသို့ဝင်ခဲ့ကြတော့ ဧည့်ခန်းထဲမှာ လူစုံတက်စုံ။ ဒေါ်မြမြသင်းတို့ခြောက်ယောက်နှင့် ရှေ့နေကြီးတွေ၊ တရားသူကြီးနှင့် ရဲအရာရှိက နှစ်ယောက်။

"ဒီနေ့ အမွေလွှဲမယ့်နေ့လေ၊ ကာယကံရှင်ရဲ့ဆန္ဒအရ အမွေပြောင်းပေးရမှာမို့ ဇလပ်ဖြူတို့ကိုလည်း အသိသက်သေအဖြစ် ရှိစေချင်လို့ပါ"

ထက်ရှားက ရှင်းပြလိုက်ပြီး၊ သူတို့သုံးယောက်ကို နေရာချပေးတော့ ဒေါ်မြမြသင်းက မလိုတမာအကြည့်နှင့်။

လွှမ်းညီညီရဲ့ရှေ့နေကြီး ဦးကြည်ဇင်က စတင်ပြီး.



www.burmeseclassic.com

www.burmeseclassic.com



''ကဲ! သက်သေတွေစုံရင်လည်း လုပ်ငန်းလေး စလိုက်ကြရအောင်။ ကာယကံရှင်ရဲ့ဆန္ဒအရ. . .''

''ဒီစကားကို ကန့်ကွက်ပါတယ်၊ ကာယကံရှင်က လတ်တလောသေဆုံးသွားတာဖြစ်တဲ့အတွက် ဘာမှမစီစဉ်နိုင်ပါဘူး။ တရားဥပဒေရဲ့လုပ်ထုံးလုပ်နည်းအရ ကျန်ခဲ့တဲ့ဆွေမျိုးသားချင်းကပဲ အမွေရသင့်ပါတယ်''

ဒေါ်မြမြသင်း ထပြီးကန့်ကွက်ပေမယ့် ဦးကြည်ဇင်က တရားသူကြီး ဦးလှိုင်မျိုးကို တစ်ချက်လှမ်းကြည့်ပြီးမှ. . .

''ကိုလွှမ်းညီညီက သူ့ကိုယ်သူ စိတ်မချလို့ဖြစ်မယ်၊ လွန်ခဲ့တဲ့တစ်လကျော် သူ အက်ဆီးဒင့် မဖြစ်ခင်ကတည်းက အမွေကိစ္စအတွက် စီစဉ်ခဲ့ပါတယ်။ အားလုံးရဲ့ရှေ့မှာ ကျွန်တော်ဖွင့်ပြီး အသိပေးဖတ်ကြားပါ့မယ်''

ဒေါ်မြမြသင်းနှင့်တကွ သူ့အဖွဲ့သားတွေအားလုံး အံ့အားအသင့်ကြီး သင့်နေကြပေမယ့် မျှော်လင့်ချက်ကတော့ ထားတုန်း။ ဦးကြည်ဇင်က စတင်ဖတ်ကြားတော့မှ. . .

''ကျွန်ုပ်၏အမှုသည် ဦးလွှမ်းညီညီ၏ဆန္ဒအရ သူပိုင်ဆိုင်သည့်လုပ်ငန်းအားလုံး၊ တိုက်တာ၊ အိမ်ခြံမြေ၊ ပစ္စည်းဥစ္စာအားလုံးကို သူ့ဇနီးဖြစ်သည့်ဇလပ်ဖြူအား တရားဝင်လွှဲပြောင်း





ပေးအပ်ခဲ့ပါကြောင်း. . .''

''ဘာ! ဘာပြောကယ်''

''ဒါလုံးဝမဖြစ်နိုင်ဘူး၊ လုံးဝတရားမဝင်ဘူး။ ဘာကာယကံရှင်ရဲ့ဆန္ဒလဲ။ တရားဥပဒေနဲ့ဘာမှမညီဘူး။ ဇလပ်ဖြူကို ဘယ်တုန်းက လက်ထပ်လို့လဲ''

''ဒါ မြန်မာပြည်၊ ဗုဒ္ဓဘာသာတိုင်းပြည်၊ ဒီတိုင်းပြည်မှာ ချစ်သူကိုအမွေပေးခွင့်မရှိဘူး။ သွေးရင်းသားရင်းတွေကိုပဲ အမွေပေးရမယ်''

ဒေါ်မြမြသင်းတို့အုပ်စု တစ်ယောက်တစ်ပေါက်နှင့် ထဍ်ပြီး ဆူညံပွက်လောရိုက်နေကြတာ၊ လောဘဦးစီးနေကြတာမြင်လို့ကြားလို့ပင် မကောင်းတော့ပေ။

ဒီကြားထဲမှာတော့ လောဘအကြီးမားဆုံး ရည်ရွယ်ချက်အကြီးဆုံးဖြစ်သည့် ဒေါ်မြမြသင်းမှာ အထိအနာဆုံး။ လောဘကြောင့် ရူးလုလု။

''ဒီကောင်မကို သူဘယ်တုန်းက လက်ထပ်လို့လဲ၊ ဘယ်မှာလဲ လက်ထပ်စာချုပ်''

''ဒါပေမဲ့ သူတို့အတူတူနေကြတာပဲ''

''ဟုတ်တယ်၊ တစ်ခါ တစ်ခါ သူတို့နှစ်ယောက် [illegible]



www.burmeseclassic.com

www.burmeseclassic.com



ထဲမှာ အတူအိပ်ကြတယ်''

''မြန်မာ့ထုံးတမ်းစဉ်လာမှာ ပုဆိုးတန်းတင်ခဲ့ရင်လည်း အကြင်လင်မယားဖြစ်ပါတယ်။ ကာယကံရှင်ရဲ့ဆန္ဒအရ ဖလပ်ဖြူကိုပဲ အမွေတွေ လွှဲပြောင်းဖို့ တရားဝင်ဆောင်ရွက်ရပါမယ့်''

တရားသူကြီးနှင့်ရှေ့နေများ၊ သက်သေများ၊ လူကြီးများပါ တကယ်ဆောင်ရွက်ကြဖို့ပြင်လျှင်. . .

ဒေါ်မြမြသင်းကြီး တစ်ကိုယ်လုံး နတ်ပူးသလို တဆတ်ဆတ်တုန်လာပြီး ရွံကုန်သည်ဇာတ်ထုပ်ထဲမှ ဒေဝဒတ်အလောင်းလို လောဘကြောင့် ရူးသွပ်သွားချေပြီတည်း။

''ဟား. . . ဟား. . . ဟား. . . မတရားလုပ်တဲ့ကောင် နင်မီးလောင်ပြီးသေတာတောင် နည်းသေးတယ်။ နင့်ကို နောက်ဘဝဆက်တိုင်းဆက်တိုင်း မီးရှို့ပြီးသတ်မယ်ဟဲ့။ ဒီဘဝမှာ သတ်ရတာ မတန်ဘူး၊ သတ်ရတော့ ငါ၊ စံစားရတော့ ဟိုအယုတ်တမာမ။ နင့်ကိုငါသတ်မယ်. . . ဒီပစ္စည်းတွေကို နင့်လိုအစုတ်အပြတ်မက ရစရာလား။ ငါ့သမီးငါ့မြေးတွေပဲ ရရမယ်။ ဟီး ဟီးဟီး. . .''

ငိုလိုက်ရယ်လိုက်နှင့် ဖလပ်ဖြူကို လည်ပင်းညှစ်ဖို့ပြေးလာသဖြင့် အားလုံးဝိုင်းဆွဲထားကြရသည်။ အမှုကတော့ ပေါ်ပေ





ပြီ။ ငိုရင်းရယ်ရင်းနှင့်ပင် ညီညီလင်းနှင့်သူ့လက်ချက်ဖြစ်ကြောင်း သိရပေပြီ။ ရဲအရာရှိများရှိနေသည့်အတွက် သူတို့နှစ်ယောက်ကို ထိန်းသိမ်းခေါ်ဆောင်သွားကြပြီး တရားဥပဒေအတိုင်း ရင်ဆိုင်ကြရပေတော့မည်။

အခြေအနေအရ မြဒွန်းဆက်တို့အဖွဲ့လည်း နေရပ်သို့ ပြန်ဖို့ ပြင်ကြရပေတော့မည်။

ဖလပ်ဖြူသို့ တရားဝင်အမွေလွှဲပြောင်းပေးဖို့ ပြင်ဆင်ကြပေမယ့် သူမကတော့ ခေါင်းခါငြင်းပယ်ဆဲ။

''ကျွန်မစိတ်ထဲမှာ ကိုကိုသေဆုံးတယ်လို့ မယူဆတဲ့အတွက် ဘာအမွေမှလက်မခံပါရစေနဲ့။ ကိုကိုသေပြီလို့ ယူဆတဲ့အခါကျမှ စဉ်းစားပါရစေ။ အခုတော့ ရှေ့နေကြီးတို့ပဲ ထိန်းသိမ်းထားပေးပါ။ ကိုထက်ရှား, ကျွန်မတို့ကို ဒီနေ့ပဲ ရွာပြန်ပို့ပါတော့ရှင်။ ကျွန်မရင်ထဲမှာ မခံစားနိုင်တော့လို့၊ လောဘ မောဟ သောကတွေနဲ့ ရောထွေးယှက်လိမ်နေတဲ့ ဒီအရပ်ကနေ အမြန်ဆုံး ထွက်ပြေးပါရစေတော့''

နောက်ဆုံး ဖလပ်ဖြူဆန္ဒအရ အိမ်ကြီးကိုပိတ်ထားခဲ့ပြီး သူတို့အဖွဲ့ကို ထက်ရှားကိုယ်တိုင် ကားဂိတ်သို့လိုက်ပို့ခဲ့သည်။

''ရွာအထိလိုက်ပို့ချင်ပေမယ့် ဒီမှာရှိတဲ့လုပ်ငန်းတွေ အမှု



www.burmeseclassic.com

www.burmeseclassic.com



အခင်းတွေကို ကျွန်တော်ရှိမှ ဖြေရှင်းနိုင်မှာမို့ ကျန်ခဲ့တာပါ။ ဇလပ်ဖြူတို့ ပြန်လာချင်တဲ့အခါ အကြောင်းကြားလိုက်ပါ။ အဲ! ငွမ်းပုံကိုလည်း ကိုယ် မကြာခင်လာတောင်းပါ့မယ်''

''အို! . . .''

ရွာအပြန်လမ်းခရီးမှာ ငွမ်းပုံက ပျော်ရွှင်နေပြီး ဇလပ်ဖြူကတော့ အလွမ်းတွေနှင့် ညှိုးချုံးကြေကွဲလို့နေခဲ့သည်။

✵ ✵ ✵



## အခန်း ( ၂၀ )

သူတို့မောင်နှမကိုထားခဲ့ပြီး ဇလပ်ဖြူ ကိုယ့်အိမ်ကိုသာ အတင်းပြန်လာခဲ့သည်။ ညရှစ်နာရီလောက်ပဲရှိသေးပြီး လပြည့်ညမို့ အရာရာသည် လင်းလင်းချင်းချင်း။

သို့သော် ချစ်သူပျောက်မလေးအတွက်တော့ ဝင်းပနေသည့်လရောင်သည်ပင် အလွမ်းတွေသင့်နေခဲ့ပေပြီ။ မြင်သမျှကြားသမျှသည် ခံစားရစရာတွေ။

ကိုယ့်အိမ်လေးကို တံခါးဖွင့်ပြီး သူမ ပြတင်းပေါက်တွေလိုက်ကာတွေပါ ဖွင့်လိုက်တော့ ညှော်ခန်းကုလားထိုင်ပေါ်မှာ တိတ်ဆိတ်စွာထိုင်နေသည့်ကိုကို့ကိုတွေ့လျှင် သူမ မျက်ရည်မဆည်နိုင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကိုကိုဟာ ချစ်သူကောင်မလေးသွားရာ လျှောက်လိုက်နေတဲ့ ဝိညာဉ်တစ္ဆေကြီးပေါ့။ သို့သော် ဒီတစ္ဆေကြီးကို သူမ မကြောက်နိုင်ပါ။ ကိုကို ကုတ်ချိုးလျှင်လည်း သေရဲပါသည်။

''ကိုကိုရေ၊ အမျှ. . . အမျှ. . . အမျှ. . . ဖြစ်လေရာဘဝမှာ ဒီလိုအဖြစ်ဆိုးတွေနဲ့ ဘယ်တော့မှမကြုံမတွေ့ပါစေနဲ့လို့ ကျွန်မဆုတောင်းပေးပါတယ်ရှင်။ ပြုပြုသမျှကုသိုလ်တွေကို အမျှပေးဝေပါတယ်နော်။ ကိုကို သာဓုခေါ်ပါတော့''

သူမ နေရာမှာရပ်ပြီး မျက်ရည်လည်ရွဲနှင့် အမျှတွေဝေနေလျှင် ကိုကိုက နေရာမှထရပ်ပြီး တရုတ်သရဲကြီးလို လက်နှစ်ဖက်ဆန့်တန်းကာ အရောင်တလက်လက်ထွက်သောမျက်လုံးနှင့် ခြေထောက်ကိုလည်းစုံခုန်ရင်း သူမထံသို့ရောက်လာခဲ့သည်။

''ဘာကုသိုလ်တွေရှိလို့ အမျှတွေ ဝေနေရတာတုန်း။ ယောကျ်ားကို ရက်လည်ဆွမ်းလေးဘာလေးတောင် လုပ်မပေးဘဲ ပြန်လာပြီး။ ဟင်း! ခွေးမလေး. . . ဒဏ်ခတ်ရမယ်''

သူမကို အကင်းဆွဲပွေ့ပစ်လိုက်ပြီး ကိုကို ခါတိုင်းလို မျက်နှာလေးအနှံ့မွှေးကြူရုံတင်မကဘဲ နှုတ်ခမ်းနုနုလေးကိုပါ ငုံခဲနမ်းစုပ်လာလျှင် ဇလပ်ဖြူ မတားဆီးနိုင်တော့ပါ။

သူမခမျာ အရှိန်အဟုန်နှင့်စီးဆင်းနေသည့် ဘောင်ကျ





ရေထဲ မျောလွင့်မသွားအောင် မနည်းကြိုးဆည်တုံ့နေရသည်။ အတန်ကြာမှ ဘောင်ကျရေလုံးကြီး အရှိန်ခေတ္တတန့်သွားတုန်း ကိုယ်သိချင်တာတွေ အူယားဖားယားမေးရသည်။

''ကိုကို မသေဘူးနော်''

''ဘာလဲ၊ သေစေချင်လို့လား''

''မဟုတ်ပါဘူးကိုကိုရယ်၊ မီးတွေ ဒီလောက်လောင်နေတဲ့ကြားထဲ မမြင်မကြားနဲ့ ကိုကိုဘယ်လိုလွတ်သွားခဲ့တာလဲဆိုတာ တွေးမရလို့ပါ''

''တွေးမနေနဲ့၊ ကိုကိုက ခေါင်မိုးဖောက်ပြီး ဈာန်နဲ့ကြွသွားတာ။ ကဲပါ၊ ခုတော့ အခြေအနေတွေအားလုံးကောင်းသွားပြီ။ ကိုကို့ဇက်ပေါ်ခွစီးနေတဲ့ မကောင်းဆိုးဝါးအုပ်ကြီးလည်း သူ့စရိတ်နဲ့သူ ရှောသွားပြီ''

''ကိုကို့မျက်စိတွေ နားတွေလည်း ပြန်ကောင်းသွားပြီနော်။ ဇလပ်ဖြူ ဝမ်းသာလိုက်တာ''

''အစကတည်းက အကောင်းပဲလေ. . . လောကကြီးအကြောင်း အမှန်အတိုင်းသိချင်လို့၊ ကောင်မလေးတစ်ယောက်ကိုလည်း အကြံအဖန်လုပ်ပြီး၊ ဖက်ချင် နမ်းချင်လို့ အယောင်ဆောင်နေတာ''



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို မကောင်းဘူးကွာ၊ လူကိုအရူးလုပ်တယ်။ ဒါဆို ကိုကို့ကို ဇလပ်ဖြူ အိမ်ခြေမရအောင် စိုးရိမ်မိချစ်မိတာတွေ"

"သိတာပေါ့၊ မမြင်ချင်မှအဆုံးပဲ။ ကဲပါ. . . ဒါတွေထား လိုက်ပါကွာ။ အရည်မရ အဖတ်မရတာတွေ ထားလိုက်တော့။ အရည့်ရ အဖတ်ရတာတွေပဲ လုပ်ရအောင်"

"အင်. . . ဘာလဲ ကိုကိုနော်"

သူမကိုပွေ့ချီပြီး လွှမ်းညီညီ အိပ်ခန်းဘက်သို့လျှောက် သွားမည်ပြင်လျှင် ဇလပ်ဖြူ အရက်တွေနှင့် ပူပြာနေလေပြီ။

"ကိုကိုမနော်နဲ့. . . ဒီက တကယ်သေသွားရင်တောင် ဇလပ်ဖြူလေး အမွေရအောင် စီစဉ်ခဲ့ပြီးသား။ အားလုံးကို ကိုယ့် ဇနီးလို့အသိပေးခဲ့ပြီးသား။ ဘာမှမူမနေနဲ့တော့။ ညီမလေး ကို ကို့ကို ဘယ်လောက်ထိချစ်တယ်ဆိုတာလည်း ကိုကိုသိနေပြီး သားကြီးနော်"

"အာ! ကိုကို. . . ကိုကို မကောင်းဘူးဗျာ"

ရှက်ရွံ့တကြီးနှင့် ပြောချင်ရာတွေပြောနေပေမယ့်လည်း လွှမ်းညီညီကလည်း သူ့စီမံကိန်းနှင့်သူ။

"ခုည ကိုကို့ရဲ့မင်္ဂလာဦးညပဲ၊ ဘတ်ချ်လာနိုက်တော့ မနက်ဖြန် ထက်ရှားလာမှ နိုက်တော့မယ်. . . ရပါတယ်နော်။





အင်း. . . သူလည်း ဂွမ်းပုံကို ချက်ချင်းပဲ လက်ထပ်ချင်ရှာမှာပဲ။ ပြီးမှ မုန်းချောင်းနံဘေးမှာ အလွမ်းရောင်ခြည်သင့်နေတဲ့ကောင် မလေးကို ကိုကို့ရဲ့အချစ်ရောင်ခြည်နဲ့ တစ်သက်လုံး ကုစားပေး ရမယ်။ သဘောတူတယ်နော်၊ သဘောတူရင် အိုကေ"

ခုမှတော့ ဇလပ်ဖြူမှာ ကိုကို့ရင်ခွင်ကျယ်ကြီးထဲ မျက် နှာအပ်ရင်း အရှက်တွေ ခဝါချကာ ကြည်နူးရင်ဖိုနေရုံမှတစ်ပါး။

ကြယ်စင်မှူးဝေ
၁၃-၇-၂၀၀၃

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




ရွှေပဒေသာစာပေ

# ကြယ်စင်မှူးဝေ

အလွမ်းသင့်ရောင်ခြည်

(အချစ်လုံးချင်းဝတ္ထုသစ်)

graphic design by Yuwa

www.burmeseclassic.com